
www.burmeseclassic.com

# သကျဝံသ

## သိသင့်သိထိုက်သည့်
## မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ(၁၀၀)


BURMESE CLASSIC .com

ဒီဇိုင်း ပန်းချီအောင်မင်းမင်း(AMM)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကြာပန်းရေးထိုးသည့် ယဉ်ကျေးမှုခလေ့ | ၁၁ |
| ၂။ | ကွမ်း၊ဆေး၊လက်ဖက်တို့ဖြင့် ဧည့်ခံသည့်ဓလေ့ | ၁၃ |
| ၃။ | ကွမ်းတောင်ကိုင်သည့် ယဉ်ကျေးမှုဓလေ့ | ၂၀ |
| ၄။ | ကိုယ်တိုင်းထည့်သည့်ဓလေ့ထုံးစံ | ၂၃ |
| ၅။ | ကူးတို့ခတစ်မတ်ထည့်ပေးသည့် မိရိုးဖလာအစဉ်အလာဓလေ့ | ၂၄ |
| ၆။ | ကြေးစည်ပြုလုပ်သည့် ယဉ်ကျေးမှုဓလေ့ | ၂၆ |
| ၇။ | ကင်ပွန်းတစ်မင်္ဂလာပြုလုပ်သည့်ဓလေ့ | ၂၉ |
| ၈။ | ကိန္နရာ ကိန္နရီ ယဉ်ကျေးမှုဓလေ့ထုံးစံ | ၃၂ |
| ၉။ | ကိန္နရီမနှင့် ဘုန်းကြီးပျံရှာပန ယဉ်ကျေးမှုဓလေ့ထုံးစံ | ၃၆ |
| ၁၀။ | ကိန္နရာ ကိန္နရီနှင့် ယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးစံ | ၃၈ |
| ၁၁။ | ကိန္နရာနှင့် မြန်မာ့ဆယ့်နှစ်လရာသီ | ၄၂ |
| ၁၂။ | ဘုရားစေတီတို့ရှေ့တွင် ကျောက်သပိတ် ပြုလုပ်သည့် ဓလေ့ထုံးစံ | ၄၄ |
| ၁၃။ | ချဉ်ဖတ်ထည့်သည့်ဓလေ့ | ၄၆ |
| ၁၄။ | ခြသေ့ရုပ်ထုသည့်ဓလေ့ | ၅၁ |
| ၁၅။ | ခြင်းခတ်သည့်ဓလေ့ | ၅၅ |
| ၁၆။ | ခေါ်စာပစ်သည့်ဓလေ့ထုံးစံ | ၅၇ |
| ၁၇။ | ချွေးအောင်းသည့်ဓလေ့ | ၅၉ |
| ၁၈။ | ချောတိုင်တက်သည့် ယဉ်ကျေးမှုဓလေ့ | ၆၂ |
| ၁၉။ | ငါးပိရည်ကျိုစားသောက်သည့်ဓလေ့ | ၆၅ |
| ၂၀။ | ငါးကြင်းမြီးဟုခေါ်ဝေါ်သည့် ရေးထုံးစဉ်လာ | ၆၆ |
| ၂၁။ | စကားထာဝှက်သည့် ရိုးရာယဉ်ကျေးမှုဓလေ့ | ၇၁ |
| ၂၂။ | စကြာတံဆိပ် ဘာသာသာသနာ အထိမ်းအမှတ်ဓလေ့ | ၇၅ |
| ၂၃။ | စေတီဘုရားတည်ထားကိုးကွယ်သည့်ဓလေ့ | ၈၁ |
| ၂၄။ | စေတီဘုရားတည်ထားကိုးကွယ်ခြင်း အထိမ်းအမှတ်များဓလေ့ | ၈၄ |
| ၂၅။ | စေတီဘုရားတည်ထားကိုးကွယ်မှုနှင့် မိသုကာ ကမ္ဘာရိုးရာဓလေ့ | ၉၀ |
| ၂၆။ | စပါးလိပ်ပြာခေါ်ကြသည့် ဓလေ့ထုံးစံ | ၉၈ |
| ၂၇။ | ဆေးမြီးတိုဓလေ့ | ၁၀၁ |
| ၂၈။ | စားမြိန်[illegible]ထုပ်သည့် ဓလေ့ထုံးစံ | ၁၀၄ |
| ၂၉။ | စိပ်ပုတ်းပြုလုပ်ခြင်းနှင့် ပုတီးစိပ်သည့်ဓလေ့ | ၁၀၅ |
| ၃၀။ | ဆင်းတုတော်ကိုးကွယ်သည့် ဘာသာသာသနာ ယဉ်ကျေးမှုဓလေ့ထုံးစံ | ၁၀၉ |


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | ဆိုင်းဖြင့်ချည့်ခံသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုခလေ့ | ၁၁၃ |
| ၂၂။ | ဆယ့်နှစ်လရာသီပွဲတော်များနှင့် မြန်မာ့ခလေ့ထုံးစံများ | ၁၁၆ |
| ၂၃။ | ဆေးလိပ်သောက်သည့်ခလေ့ထုံးစံ | ၁၁၈ |
| ၂၄။ | ဇာတာပြုလုပ်သည့်ခလေ့ထုံးစံ | ၁၂၀ |
| ၂၅။ | ညှော်ရှောင်သည့် မိရိုးဖလာအစဉ်အလာခလေ့ | ၁၂၂ |
| ၂၆။ | ညောင်ရေသွန်းသည့် ဘာသာသာသနာ ယဉ်ကျေးမှုခလေ့ထုံးစံ | ၁၂၄ |
| ၂၇။ | တံခွန်ကုက္ကားပြုလုပ်သည့်ခလေ့ | ၁၂၇ |
| ၂၈။ | တံခွန်တိုင်စိုက်ထူသောခလေ့ | ၁၃၂ |
| ၂၉။ | တံတားခင်း၊ ညောင်ထောက်သည့် ခလေ့ထုံးစံ | ၁၃၄ |
| ၃၀။ | တုံးမောင်းခေါက်သည့် ယဉ်ကျေးမှု ခလေ့ထုံးစံ | ၁၃၇ |
| ၃၁။ | ထမင်းဦးပေါင်းခလေ့ | ၁၃၉ |
| ၃၂။ | ထမနဲပွဲတော်,ထမနဲထိုးသည့်ခလေ့ | ၁၄၁ |
| ၃၃။ | နဂါးလှည့်ရွေးသည့်ခလေ့ထုံးစံ | ၁၄၃ |
| ၃၄။ | နဂါးရုပ်ထုလုပ်သည့်ခလေ့ | ၁၄၅ |
| ၃၅။ | နေတွင် ခေါင်းရုပ်တံဆိပ်ထုလုပ်ထားရှိသည့် ယဉ်ကျေးမှုခလေ့ | ၁၄၇ |
| ၃၆။ | ဒက္ခိဏာသာခါ ထုလုပ်ကိုးကွယ်သည့်ခလေ့ | ၁၅၀ |
| ၃၇။ | ဒုရတင်းဆင်သည့်ခလေ့ထုံးစံ | ၁၆၁ |
| ၃၈။ | နေ့နံရွေးသည့် အစဉ်အလာခလေ့ထုံးစံ | ၁၆၄ |
| ၃၉။ | နက္ခတ်ရွေးသည့်ခလေ့ | ၁၆၆ |
| ၅၀။ | နှမ်းထုပ်ရှူ၊ အုတ်ပူထိုးသည့်ခလေ့ | ၁၆၈ |
| ၅၁။ | နဝရတ်ကိုးပါး ဆင်မြန်းသည့်ခလေ့ | ၁၇၀ |
| ၅၂။ | ပဉ္စလောဟာဘုရားကိုးကွယ်သည့်ခလေ့ | ၁၇၂ |
| ၅၃။ | ပရိတ်ရွတ်၊ ပရိတ်နာသည့် ဘာသာ သာသနာ ခလေ့ထုံးစံ | ၁၇၄ |
| ၅၄။ | ပရိတ်အိုးပြုလုပ်သည့် ရှေ့ထုံးစဉ်လာ ခလေ့ထုံးစံ | ၁၇၇ |
| ၅၅။ | ပြောစည်သံခလေ့ | ၁၇၉ |
| ၅၆။ | ဘုရားမုခ်ဦးစေတီတို့တွင် ဘီလူးပန်းဆွဲ ထုလုပ်သည့်ခလေ့ | ၁၈၂ |
| ၅၇။ | ဘုရားစေတီတို့တွင် ဘီလူးရုပ်ထုသည့်ခလေ့ | ၁၈၄ |
| ၅၈။ | ဘုရားကိုးဆူ ပူဇော်သည့်ခလေ့ထုံးစံ | ၁၈၆ |
| ၅၉။ | ဘုရား၌ ကြိုးဟ်တိုင်ထားသည့်ခလေ့ | ၁၈[illegible] |
| ၆၀။ | ဘုရားဇင်ထားရှိသည့် ဘာသာသာသနာ ခလေ့ထုံးစံ | ၁၈၉ |
| ၆၁။ | ဘုရားပွဲတော်များနှင့် ခလေ့ထုံးစံ | ၁၉၁ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၂။ | မြေခံရက်ရွေးသည့် အစဉ်အလာဓလေ့ထုံးစံ | ၁၉၄ |
| ၆၃။ | မြေစောင့်နတ်သား (သို့) ဝသုန္ဒြေရုပ်တု ထုလုပ်သည့်ဓလေ့ | ၁၉၆ |
| ၆၄။ | မဲဇလီဖူးစားကြသည့်ဓလေ့ | ၂၀၁ |
| ၆၅။ | မနုသီဟရုပ်တု ထုလုပ်သည့်ဓလေ့ | ၂၀၃ |
| ၆၆။ | မီးနေခြင်းနှင့် ရှေးထုံးစဉ်လာဓလေ့ | ၂၀၅ |
| ၆၇။ | ရတနာဝတ်ဆင်မှုဆိုင်ရာ မြန်မာ့ဓလေ့များ | ၂၀၈ |
| ၆၈။ | ရက်ချုပ်ပြုလုပ်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံ | ၂၁၀ |
| ၆၉။ | ရေချမ်းအိုးတည်ထားသည့် ရိုးရာယဉ်ကျေးမှုဓလေ့ | ၂၁၂ |
| ၇၀။ | ရင်းစည်းသည့် ရိုးရာဓလေ့ထုံးစံ | ၂၁၅ |
| ၇၁။ | ရေအိုးခွဲသည့် အစဉ်အလာဓလေ့ထုံးစံ | ၂၁၇ |
| ၇၂။ | ရှာချသည့်ဓလေ့ | ၂၂၂ |
| ၇၃။ | ရှင်သီဝလိရုပ်တု ထုလုပ်ကိုးကွယ်သည့်ဓလေ့ | ၂၂၅ |
| ၇၄။ | ရှင်ဥပဂုတ္တမထေရ်ရုပ်တု ထုလုပ်ကိုးကွယ်သည့်ဓလေ့ | ၂၂၇ |
| ၇၅။ | လောကနတ်ရုပ် ထုလုပ်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံ | ၂၂၉ |
| ၇၆။ | လတွင် ယုန်ရုပ်ထားသည့်ဓလေ့ | ၂၃၁ |
| ၇၇။ | လမိုင်းနတ်ပူဇော်ပသသည့် ဓလေ့ထုံးစံ | ၂၃၃ |
| ၇၈။ | လက်ဖက်ဖြင့်ဧည့်ခံသည့်ဓလေ့ထုံးစံ | ၂၄၁ |
| ၇၉။ | လက်ဖက်ရည်ကြမ်းဝိုင်း မြန်မာ့ယဉ်ကျေးမှုဓလေ့ | ၂၄၅ |
| ၈၀။ | လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ မြန်မာ့ဓလေ့ထုံးစံများ | ၂၄၈ |
| ၈၁။ | လင်မယားကြိုဟ်ပြေနံ့ပြေကွာရှင်းသည့်ဓလေ့ | ၂၅၄ |
| ၈၂။ | သကြီန်ပွဲတော်ကျင်းပသည့်ဓလေ့ | ၂၅၆ |
| ၈၃။ | သာသနာ့အလံတော်အထိမ်းအမှတ်ဓလေ့ | ၂၅၉ |
| ၈၄။ | သုသာန်တိုင်သည့် မိရိုးဖလာဓလေ့ထုံးစံ | ၂၆၃ |
| ၈၅။ | သုံးဆယ့်ခုနစ်မင်းနတ် ကိုးကွယ်သည့်ဓလေ့ | ၂၆၅ |
| ၈၆။ | သို့ကြား,နဂါး,ဂဠုန်ထုလုပ်ထားရှိသည့်ဓလေ့ | ၂၆၈ |
| ၈၇။ | သုံးနှစ်သုံးမိုးဓလေ့ | ၂၇၁ |
| ၈၈။ | သစ်ကြိုသည့်ဓလေ့ | ၂၇၄ |
| ၈၉။ | သောတ္တိကအထိမ်းအမှတ်ဓလေ့ | ၂၇၆ |
| ၉၀။ | သီဟာသနပလ္လင်ထားရှိသည့်ဓလေ့ | ၂၇၉ |
| ၉၁။ | ဟပ်ချိုး အသက်တစ်ရာအနှာမရှိဟု စကားဆိုကြသည့်ဓလေ့ | ၂၈၁ |
| ၉၂။ | ဟင်းလေးအိုးတည်သည့်ဓလေ့ | ၂၈၄ |
| ၉၃။ | ဟင်္သာရုပ်ထားသည့်ဓလေ့ | ၂၈၆ |
| ၉၄။ | အသုဘဆိုင်ရာ မိရိုးဖလာဓလေ့ထုံးစံများ | ၂၈၉ |


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၅။ | အိမ်ဆောက်ရာ၌ ပန္နက်ရိုက်သည့် အစဉ်အလာ ဓလေ့ထုံးစံ | ၂၉၁ |
| ၉၆။ | အိမ်တိုင်သိပ်၊ တိုင်ထူသည့် အစဉ်အလာဓလေ့ထုံးစံ | ၂၉၃ |
| ၉၇။ | အိမ်စည်းကမ်းနှင့် လေ့ကားထူ ဆုတောင်းသည့်ဓလေ့ | ၂၉၆ |
| ၉၈။ | ဥရုတိုင်ထောင်ရာ၌ ကန်တော့ပွဲပေးသည့် ဓလေ့ထုံးစံ | ၃၀၀ |
| ၉၉။ | ဦးချသည့် ဘာသာသာသနာယဉ်ကျေးမှု ဓလေ့ထုံးစံ | ၃၀၂ |
| ၁၀၀။ | ဦးရှင်ကြီးတင်သည့်ဓလေ့ | ၃၀၄ |
| | **စာကိုးစာရင်း** | ၃၀၇ |


BURMESE CLASSIC .com

## (၁)
## ကြာပန်းရေးထိုးထုလုပ်သည့် ယဉ်ကျေးမှုဓလေ့

ဗုဒ္ဓဘာသာ အထိမ်းအမှတ်များတွင် ကြာပန်းကို အထူး အလေးထား၍ ပန်းပုထုလုပ်ခြင်း၊ ပန်းချီရေးဆွဲခြင်း ဓလေ့ထုံးစံ များ ပြုလုပ်လေ့ရှိသည်မှာ နှစ်ပေါင်း ထောင်ချီ၍ ကြာမြင့်ခဲ့လေ ပြီ။ ဗုဒ္ဓသာသနာတော် ပျံ့နှံ့ရာဒေသတို့၌ ရုပ်ပွားဆင်းတုတော် များကို ကြာပလ္လင်ပေါ်တွင် ထိုင်၍ဖြစ်စေ၊ ကြာပွင့်ပေါ်တွင် ရပ် လျက်ဖြစ်စေ ကြာချပ်ဝိုင်းရံလျက်ဖြစ်စေ ထုလုပ်လေ့ ရှိကြသည်။

စာပေကျမ်းဂန်တို့တွင် ကြာမျိုး(၅)ပါးရှိကြောင်း ဖော်ပြ ထားသည်။ ၎င်းတို့မှာ – (၁) ကြာဖြူ၊ (၂) ကြာနီ၊ (၃) ကြာညို (၄) ပုဏ္ဍရိက်ကြာနှင့် (၅) ပဒုမ္မာကြာတို့ပင် ဖြစ်သည်။ ထိုကြာနှင့် စပ်လျဉ်း၍ ဓလေ့ထုံးစံ ဖြစ်ပေါ်လာပုံကား . . . ဤကမ္ဘာကြီးသည် မီး၊ ရေ၊ လေ တစ်မျိုးမျိုးကြောင့် ပျက်စီးပြီးနောက် ကမ္ဘာသစ် ပြန်လည်ဖြစ်ပေါ်လာသည့်အခါ မာရ်ငါးပါးကိုအောင်မြင်၍ သစ္စာ လေးပါးကိုသိမြင်ရာ မြေထုမြေမြတ်ဖြစ်သည့် ဗောဓိပင်နှင့် အပရာ ဇိတပလ္လင်တော်မြေနေရာသည် ရှေးဦးစွာ ဖြစ်ပေါ်လာသည်။

ထိုရှေးဦးစွာ ဖြစ်ပေါ်လာသည့်မြေပေါ်တွင် ကြာရုံပေါက် လာသည်။ ထိုကမ္ဘာတန်ဆာဖြစ်သည့် ကြာရုံ၌ ကြာငုံငါးပွင့်ပါလာလျှင် ဤကမ္ဘာသည် ဘုရားပွင့်မည့်ကမ္ဘာဟူ၍ ဗြဟ္မာကြီးတို့သိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာတစ်ပွင့်ပါလျှင် ဘုရားတစ်ဆူပွင့်မည့် 'သာရကမ္ဘာ'၊ ကြာနှစ်ပွင့်ပါလာလျှင် ဘုရားနှစ်ဆူပွင့်မည့် 'မဏ္ဍကမ္ဘာ'၊ ကြာသုံးပွင့်ပါလာလျှင် ဘုရားသုံးဆူပွင့်မည့် 'ဝရကမ္ဘာ'၊ ကြာလေးပွင့်ပါလာလျှင် ဘုရားလေးဆူပွင့်မည့် 'သာရကမ္ဘာ'၊ ကြာငါးပွင့်ပါလာလျှင် ဘုရားငါးဆူပွင့်မည့် 'ဘဒ္ဒကမ္ဘာ' ဖြစ်၏။ ယခုကမ္ဘာသည် ဘဒ္ဒကမ္ဘာ ဖြစ်သည်။

ထို့အပြင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဖွားမြင်တော်မူပြီးလျှင်ပြီးချင်း မြောက်အရပ်သို့ ခြေလှမ်းခုနစ်လှမ်း လှမ်းကြွရာတွင် ခြေအောက်၌ ကြာပွင့်များ ပေါ်ထွက်လာခဲ့သည်ဟု ဗုဒ္ဓဝင်၌ ဖွင့်ဆိုထားသည်။ ဤသည်ကို ရည်ရွယ်လျက် ဗုဒ္ဓဝင် ဖွားတော်မူခန်း ပန်းချီ၊ ပန်းပုတို့တွင် အလောင်းတော် ကြာပန်းပေါ်၌ ရပ်တော်မူနေဟန် ထုလုပ်ရေးဆွဲလေ့ ရှိကြသည်။

အလောင်းတော် တောထွက်သည့်အခါ ကမ္ဘာဦးအစက ဖြစ်ပေါ်လာခဲ့သော ကြာရုံထဲမှ ပရိက္ခရာရှစ်ပါးတို့ကို ဗြဟ္မာကြီးက ဆက်ကပ်လှူဒါန်းသည်။ အလောင်းတော်သည် ထို 'ဃဋိကာရ' ဗြဟ္မာကြီး လာရောက်ဆက်ကပ်သည့် ပရိက္ခရာရှစ်ပါးကို အလှူခံတော်မူ၍ ရဟန်းပြုကာ တောထွက်တရားကျင့်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ အထိမ်းအမှတ်ဓလေ့ထုံးစံများတွင် ကြာသည် ကမ္ဘာဦးအစက ဖြစ်ပေါ်ခဲ့သော ပန်းထူးပန်းမြတ်ဖြစ်သည်ဟူသည့် ယုံကြည်ချက်ဖြင့် ကြာကို အမွန်အမြတ်ထားကာ ပန်းချီ၊ ပန်းပု ရေးဆွဲထုလုပ်ခဲ့ကြခြင်းသာ ဖြစ်ပါတော့သည်။

# (၂)
# ကွမ်း,ဆေး,လက်ဖက်တို့ဖြင့် ဧည့်ခံသည့်ဓလေ့

မြန်မာလူမျိုးတို့သည် ဧည့်သည်ကို အလေးအမြတ်ထားလေ့ရှိကြသည်။ ဤသို့ အလေးအမြတ်ထားသည့်အတွက် ရှေးအခါမှစ၍ ကွမ်း,ဆေး,လက်ဖက်တို့ဖြင့် ဧည့်သည်ကို ဧည့်ခံတည်ခင်းလေ့ရှိကြသည်။ မြန်မာတို့၏ အလှူမင်္ဂလာပွဲတိုင်းတွင် ကွမ်း,ဆေး,လက်ဖက်သည် မပါလျှင်မပြီးသည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတစ်ရပ် ဖြစ်သည်။

ကျေးလက်တောရွာ အလှူမင်္ဂလာပွဲများတွင် အဓိက ဧည့်ခံကျွေးမွေးသည့် ထမင်းဟင်းများအပြင် ကွမ်း,ဆေး,လက်ဖက်ပွဲများပါမှသာလျှင် ပို၍တင့်တယ်ပြည့်စုံပြီး ဧည့်ခံပွဲမျက်နှာပန်းလှသည်ဟု ယူဆကြသည်။

ဧည့်သည်တို့အား ကွမ်းအစ်ဖြင့် တည်ခင်းဧည့်ခံခြင်းသည် မြန်မာတို့၏ အရိုးစွဲလုမတတ် ခိုင်မြဲခဲ့သည့် ဓလေ့ထုံးတမ်းတစ်ခု ဖြစ်သည်။ မြန်မာမိသားစုတို့အိမ်တိုင်းတွင် ရှေးအခါက အိမ်သုံးရန် ယွန်းထည်ဖြင့်ပြုလုပ်ထားသည့် ကွမ်းအစ်၊ ဆေးလိပ်ခွက်၊ လက်ဖက်အုပ်များ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်း,ဆေး,လက်ဖက် တည်ခင်းဧည့်ခံခြင်းဓလေ့(၃)မျိုးတွင် ကွမ်းအစ်တည်ခြင်းဓလေ့ကို ရှေးဦးစွာ တင်ပြလိုပါသည်။ ဤသို့ အိမ်ရှင်က တည်ခင်းဧည့်ခံသည့် ကွမ်းကို ယာပြီး ဝါးသည်ကို ''ကွမ်းစားသည်''ဟု ခေါ်သည်။ ထိုကွမ်းစားသည့်ဓလေ့သည် ပုဂံခေတ်ကပင် ဖြစ်ပေါ်ခဲ့သည့်ဓလေ့ ဖြစ်သည်။

ကွမ်းစားသည့်ဓလေ့ ပုဂံခေတ်ကတည်းက ပေါ်ပေါက်ခဲ့သည်ကို သိရန်ကား 'ရာဇသင်္ကြန်'အမတ်ကြီးနှင့် မင်းသား 'သီဟသူ'တို့၏ ဖြစ်ရပ်သည် သက်သေပင် ဖြစ်သည်။ 'ဥဇနာ' သားတော်ကြီး သီဟသူသည် အမတ်ကြီး ရာဇသင်္ကြန် သူ့ထံသို့ အလာတွင် အကျီလက်မသိမ်းရာလေဟု ပြောဆိုပြီး အကျီလက်ပေါ်သို့ ကွမ်းသွေးထွေးလိုက်သည်။ ဤသို့ ကွမ်းသွေးထွေးသည့် မင်းသားသီဟသူအပေါ် အမတ်ကြီးရာဇသင်္ကြန်သည် နှလုံးမပြေ (စိတ်နာ)နေသည်။ ဤသည်ကို ထောက်ဆကြည့်လျှင် နရသီဟပတေ့မင်းလက်ထက် သက္ကရာဇ် (၆၁၇–၆၄၈) ပုဂံခေတ်မှ ယနေ့ထိ ကွမ်းစားသည့်ဓလေ့ ထွန်းကားခဲ့သည်မှာ နှစ်ပေါင်း ၇၀၀ ကျော်ခဲ့ပြီဟု သိရှိနိုင်ပေသည်။

ကွမ်းသည် မြန်မာမင်းများလက်ထက်က မည်မျှအရေးပါအရာရောက်ကြောင်းကို ''ရွှေဘုံနိဒါန်း''လာ မင်းခန်းမင်းနားများနှင့် တော်ဝင်အသုံးအဆောင်များကို အောက်ပါအတိုင်း ဖော်ပြထားလေသည်။ ဘုရင်မင်းတရားကြီး၏ ရာဇပလ္လင် လက်ဝဲလက်ယာတွင် ခင်းကျင်းထားသည့် လက်ယာမင်းခမ်းတော်တွင် ...



... ကွမ်းချပ်တော်
ကွမ်းလောင်းတော်ကြီး
ကွမ်းလောင်းတော်ငယ်
ခြသေ့်ခံကွမ်းခွက်တော်
နဂါးခံကွမ်းခွက်တော်
ပုံနန်းကွမ်းခွက်
ထောင့်ချိုးကွမ်းခွက်
ခိုနန်းကွမ်းခွက်
ရှစ်ထောင့်ကွမ်းခွက်
လေးထောင့်ကွမ်းခွက်တို့ ပါရှိသည်။ တစ်ဖန် လက်ဝဲမင်းခမ်းတော်၌လည်း ...
... နဂါးခံကွမ်းခွက်
ဟင်္သာရုပ်ကွမ်းအုပ်
ကရဝိက်ကွမ်းအုပ်တို့ ပါရှိလေသည်။

ကွမ်းသည် မင်းခမ်းတော်တွင် အရေးပါသကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု နယ်ပယ်၌လည်း အရေးပါလှသည်။ ကွမ်းယာထဲတွင် မည်သည့်အရာများ ပါဝင်သည်ကို သိနိုင်ရန် 'စာဆိုတော်လှုဦးမင်း'က ...

''တံတားဦးက ကွမ်းနုဝါ၊ ကမြာကဆေး၊ ကွမ်းသီးတောင်ငူနှင့်၊ ကိုင်းထုံးဖြူပြည်ရှား၊ သာဝါးလို့ထွေး''ဟူ၍ စပ်ဆိုခဲ့သည်။ ကဗျာ၏အဓိပ္ပာယ်မှာ နန်းသုံးတော်ဝင် ကွမ်းယာတွင် အကောင်းတကာ့အကောင်းဆုံးဖြစ်ကြသည် ...

www.burmeseclassic.com

www.burmeseclassic.com



တံတားဦးမှ ကွမ်းရွက်
မြောက ဆေးရွက်
တောင်ငူက ကွမ်းသီး
စစ်ကိုင်းမှထုံး

ပြည်မှ ရှားစေးတို့ကို စုပေါင်း၍ ကွမ်းယာစားသည့်အကြောင်းကို ဖော်ပြထားခြင်းပင် ဖြစ်သည်။ ဤကဲ့သို့ နန်းသုံးတော်ဝင် ကွမ်းယာအကြောင်းကို လူဦးမင်းက စာစပ်ဆိုခဲ့သလို ဖိုးသူတော်ဦးမင်းကလည်း အားကျမခံပင် ကျေးလက်တောရွာနေ ဆင်းရဲသားများ စားသည့် ကွမ်းအကြောင်းကို ဤသို့ စပ်ဆိုခဲ့ပြန်သည်။

"ကွမ်းရွက်ကယ်ညှာကြွေ၊
ရေစိမ်တဲ့ဆေး။
သန်းခေါက်လှိုင်လှိုင်နဲ့၊
ချိုင်လိုက်မယ်ထုံးဖြူခြောက်ကယ်
အာပေါက်မှထွေး" ...ဟူ၍ အညံ့စား

အညှာကြွေကွမ်းရွက်၊ ရေစိမ်ထားသည့်ဆေး၊ ထုံးခြောက်ဖြူနှင့် တန်ဖိုးကြီးမားသည့် ကွမ်းသီးကို မစားနိုင်သည့်အတွက် ကွမ်းသီးအစား တောအရပ်တွင် လှိုင်လှိုင်ပေါက်သည့် သန်းခေါက်ကိုသာ စားရသည့် တောလေ့ ကွမ်းယာအကြောင်းကို စာဖွဲ့ခဲ့ခြင်းပင် ဖြစ်သည်။

ဤသို့ နန်းသုံးတော်ဝင် ကွမ်းယာနှင့် တောလေ့ရွာသုံး ကွမ်းယာအကြောင်းကိုသိရှိရခြင်းကြောင့် ရှေးခေတ်ကတည်းကပင်



ကွမ်းယာစားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံရှိခဲ့ကြောင်း ထင်ရှားလှသည်။

ကွမ်းစားခြင်းနှင့် ပတ်သက်၍ ကွမ်းစားခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို 'ယောမင်းကြီးဦးဘိုးလှိုင်'၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

ကွမ်းကို အလွန်အကျွံ မစားအပ်ကြောင်း၊ မစားဘဲလည်း မနေအပ်ကြောင်း သင့်တင့်မျှတရုံသာစားလျှင် ကျန်းမာရေးအတွက် ဆေးတစ်လက် ဖြစ်နိုင်ကြောင်း။ ဖန်သော၊ စပ်သော၊ ခါးသော အရသာရှိသည့် ကွမ်းသီး၊ ပရုတ်၊ လေးညှင်း၊ ဇာတိပ္ဖိုလ်တို့ကိုလည်းကောင်း၊ ဖာလာ၊ ကြာဖုသီး အစရှိသည်တို့ကိုလည်းကောင်း ကွမ်းရွက်နှင့်တကွ စားမြဲကွမ်းယာတွင် ဖာလာ၊ လေးညှင်း၊ စမုန်မျိုးတို့ကို ထည့်၍ စားရာ၏။

မေထုန်မှီဝဲသောအခါ၊ အိပ်ရာထသောအခါ၊ ရေချိုးပြီးသောအခါ၊ အစာစားပြီးသောအခါ၊ အန်ပြီးသောအခါ၊ စစ်တိုက်သောအခါ၊ ပရိသတ်သို့ဝင်သောအခါ၊ မင်းရှေ့သို့ဝင်သောအခါတို့၌ ကွမ်းကို စားအပ်ကုန်၏။ ကွမ်းသည် ထက်၏။ ငန်၏။ အသံကို ကောင်းစေတတ်၏။ ကင်းတယ်၏၊ ခါး၏။ ငန်၏၊ ဖန်၏။ ကာမဂုဏ်ကို ပွားစေတတ်၏။ သွေးသည်းခြေကို ပွားစေတတ်၏။ ကြေလွယ်၏။ လေသလိပ်၊ မကောင်းသောအနံ့ အညစ်အကြေးတို့ကို ပယ်နိုင်၏။ ခံတွင်းသန့်ရှင်း၏။ ကောင်းသော အနံ့၏ နှစ်သက်ဖွယ်ရှိ၏။ နူတ်ခမ်းလှ၏။ သွားတို့၌ရှိသော အညစ်အကြေးကို ဖျက်ဆီးတတ်၏။ လည်ချောင်းနာကို နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



အသစ်ဖြစ်သော ကွမ်းအကောင်းမျိုးသည် ချို၏။ စဉ်းငယ် ဖန်၏။ ကြေခဲ၏။ ကွမ်းသီးသည် ကြေခဲ၏။ အဆီမရှိ။ သလိပ်သည်းခြေကို နိုင်၏။ မူး၏။ ဝမ်းမီးတောက်၏။ နှုတ်မြိန်၏။ ခံတွင်းအရသာပျက်ခြင်းကိုနိုင်၏။ ကွမ်းသီး၏ အလယ်အူကို ပြုတ်၍စားလျှင် ဒေါသသုံးပါးလုံးကို နိုင်၏။ ကွမ်းသီးပြုတ်သော အရည်သည် ကြေခဲ၏။ သလိပ်ကို ပွားစေတတ်၏။ အလွန် ဝမ်းမီးကို ပျက်စေတတ်၏။ ရှားစေးသည် သလိပ်သည်းခြေကို နိုင်၏။ ထုံးသည် လေသလိပ်ကိုနိုင်၏။ ဤ၀တ္ထုစုကို ပေါင်းခြင်းကြောင့် ဒေါသသုံးပါးလုံးကိုနိုင်၏။ နံနက်တွင် ကွမ်းသီးများများ၊ နေ့လယ်၌ ရှားစေးများများ၊ ညဉ့်၌ ထုံးများများထည့်၍ ကွမ်းကိုစားအပ်၏။

ကွမ်းရွက်ဖျား၌ အသက်၊ အရင်း၌ စည်းစိမ်ချမ်းသာ၊ အလယ်ကြော၌ ဘုန်းကျက်သရေတို့ တည်ကုန်၏။ ထို့ကြောင့် ထိုသုံးပါးတို့ကို ဖယ်၍စားအပ်ကုန်၏။ ကွမ်းကို အလွန်မစားရာ။ အလျှင်းမစားဘဲလည်း မနေရာ။ ကွမ်းကို အလွန်စားခြင်းကြောင့် ကိုယ်၏နိုင်ခံ့ခြင်း၊ ဆံပင်၊ သွား၊ ဝမ်းမီး၊ အရေအသင်း၊ အားခွန်တို့သည် ကုန်ခန်းတတ်၏။ သည်းခြေ၊ လေ၊ သွေးတို့သည် ခြောက်ကပ်ကုန်၏။ သွားနာသောသူ၊ အဆိပ်သင့်သောသူ၊ မူးဝေသောသူ၊ အားခွန်ကုန်ခန်းသောသူတို့သည် မစားကောင်းဟူ၍ ဖော်ပြထားလေသည်။

ကွမ်းသည် နန်းသုံးတော်ဝင်ဖြစ်သည်နှင့်အမျှ ကန်တော့ပွဲ၌လည်း ပါဝင်သည်။ မြန်မာလူမျိုးတို့သည် မိမိစားသည်ဖြစ်စေ၊ မစားသည်ဖြစ်စေ ဧည့်သည်ကို ကွမ်းတည်လေ့ရှိကြသည်။



ကွမ်းကို ယွန်းကွမ်းအစ်ဖြင့် တည်လေ့ရှိကြသည်။ ထိုယွန်းကွမ်းအစ်၌လည်း ယွန်းကွမ်းအစ်ကြီး၊ ကွမ်းအစ်သေးဟူ၍ နှစ်မျိုးရှိသည်။ ထို့အပြင် နှီးကွမ်းအစ်၊ ကြိမ်ကွမ်းအစ်၊ ကြေးကွမ်းအစ်၊ ဒန်ကွမ်းအစ်၊ သတ္တုကွမ်းအစ်များလည်း ရှိသေးသည်။

ကွမ်းယာ ယာခြင်း၌လည်း ကွမ်းရွက်နှစ်ရွက်ထပ်ပြီး ယာအံ့ လောဘကြီးသူ၊ အသုံးအစွဲ လက်ဖွာသူ ဖြစ်၏။ ငွေရေးကြေးရေး စိတ်မချရ။ ကွမ်းအစ်ထဲ၌ ကွမ်းရွက်နှစ်ရွက်ရှိလျှင် တစ်ရွက်၏ တစ်ခြမ်း၊ တစ်ရွက်ရှိလျှင် တစ်ရွက်၏ လေးပုံတစ်ပုံ(တစ်စိတ်)ကိုသာ စားအံ့၊ စိတ်ကောင်းရှိသူ၊ မျှတသူဖြစ်၏။ ပေါင်းသင်းဆက်ဆံလျှင် အကျိုးရှိ၏။ ဤသည်မှာ ကွမ်း၊ဆေး၊လက်ဖက်တို့ဖြင့် ဧည့်ခံသည့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံတို့အနက်မှ ကွမ်းစားသည့်ဓလေ့သာလျှင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# (၃)

## ကမ္မဝါတောင်ကိုင်သည့် ယဉ်ကျေးမှုဓလေ့

မြန်မာလူမျိုးတို့သည် သားရှင်ပြုအလှူပွဲ၌ ရှင်လောင်းလှည့်ရာတွင် ကမ္မဝါတောင်ကိုင်သည့်ဓလေ့လည်း ပါလေသည်။ ရှင်လောင်းလှည့်သည့်အခါတွင် ကမ္မဝါတောင်ကိုင် မိန်းမချောက ကမ္မဝါတောင်ကိုကိုင်၍ မိန်းကလေးများ ရှေ့ဆုံးမှ လိုက်ရသည်။ ကမ္မဝါတောင်ကိုင်သည့် အမျိုးသမီးကို မိန်းမချောလေးများ ပါဝင်ဖွဲ့စည်းထားသည့် ကမ္မဝါတောင်ကိုင်အဖွဲ့မှ ရွေးချယ်ရသည်။

ဤသို့ဆိုလျှင် ကမ္မဝါတောင်ဟူသည် မည်သည့်အရာမျိုးဖြစ်၍ မည်သို့ပြုလုပ်ထားသည်ကို သိရန်လိုလာ၏။ ကမ္မဝါတောင်ဆိုသည်မှာ ကမ္မဝါရွက်သုံးရွက်မှ ခုနစ်ရွက်အထိ ထောင်ပြီးထည့်ထားသည့် 'ကတော့'ဖြစ်သည်။ ထိုကတော့ကို ကလပ်ပေါ်တင်၍ လှပရွှန်းစွာ မွမ်းမံလိုက်သည့်အခါ ခမ်းနားသော အဆောင်အယောင်တစ်ခု ဖြစ်လာတော့သည်။

ကမ္မဝါတောင်၌ ပါဝင်သောပစ္စည်းများမှာ လက်ကိုင်စရာကလပ်ခြေပါသော ကလပ်တစ်ခု၊ ဝါးခြမ်းပြားတစ်ချောင်း၊ ရောင်စုံချည်မျှင်အနည်းငယ်နှင့် ငှက်ပျောလက် (၄)လက်တို့ ဖြစ်ကြသည်။



ငှက်ပျောလက်(၄)လက်မှာ စိမ်းသော အလက်(၂)နှက်နှင့် ဝါလျော်သောအလက်(၂)လက် ဖြစ်၍ ကမ္မဝါတောင်ပြုလုပ်ပုံမှာကား . . .

ငှက်ပျောလက်မှ အရွက်များကို လက်တံရိုးချည်း ကျန်အောင် ဆုတ်ယူ၍ ဖြက်(၄)လက်မအရွယ် အပိုင်းအစများဖြစ်အောင် ဖြတ်တောက်၍ ယင်းအပြတ်အတောက်များဖြင့် ကြက်တူရွေးရုပ်၊ ကြာဖတ်၊ ကတော့၊ စိန်တောင်၊ ကြာသီးနှင့် ကြာများရအောင် ချိုးရသည်။ ချည်မျှင့်ဖြင့် တွဲဆက်သည့်အခါ သက်၍နီးစ 'တည်းတံ'ဖြင့် တည်းသည့်အခါတည်းသည်။

ကလပ်ကြာ၊ ကြာသီးနှင့် စိန်တောင်တို့ကို အမြင်လှစေရန် ငှက်ပျောရွက်အဝါတစ်လှည့်၊ အစိမ်းတစ်လှည့် တပ်ဆင်ရသည်။ ကမ္မဝါရွက်များကိုလိပ်၍ ကတော့တွင်း၌ ထောင်၍ထည့်ကာ ကမ္မဝါသီးကိုမူ ပဒေသာပင်သီးပြီး ထည့်သည်။ ထို့နောက် ရောင်စုံချည်မျှင်များဖြင့် မျက်စိပသာဒဖြစ်အောင် ကလပ်ကြာမှ ပိန္နဲတိုင်(ပန်းလည်တိုင်)သို့ သွယ်တန်းခြင်းဖြင့် ခိုင်ခံ့အောင် မွမ်းမံရသည်။

ဤသို့ဖြင့် ကမ္မဝါတောင်တစ်ခုကို အောက်မှအထက်သို့ တဖြည်းဖြည်းတက်ပြီး ထိုအစိတ်အပိုင်းများကို အောက်ပါအတိုင်း ခေါ်ဝေါ်ကြသည်။

၁။ သစ်သားကလပ်

၂။ ကလပ်ကြာ

၃။ ကွေးထောက်ကုံး

၄။ ဆိုင်းကြိုးများ

၅။ စိန်တောင်အကြမ်း

www.burmeseclassic.com

www.burmeseclassic.com



၆။ ကြာသီး(ကြာဖူး)

၇။ စိန်တောင်နု

၈။ ကတော့

၉။ ပိန္နဲတိုင်

၁၀။ ပန်းလည်တိုင်

၁၁။ ကြာဖတ်

၁၂။ ထီးနှင့် ကြက်တူရွေးတို့ပင် ဖြစ်ကြသည်။ ဤကဲ့သို့ ဖြစ်ပေါ်လာစေရန် အဆင့်ဆင့် ပြုလုပ်ရသည်။ ကွမ်းတောင်ပြုလုပ်လျှင် ကျွမ်းကျင်သည့် အမျိုးသမီးကြီးတစ်ဦးက ဦးဆောင်ပြုလုပ်၍ ပညာသင်အကူအဖြစ် အမျိုးသမီး (၁၀)ယောက်ခန့် ပါဝင်ပြုလုပ်လေ့ရှိကြသည်။ ဤသည်မှာ ရှေးခေတ်က ယဉ်ကျေးမှုဓလေ့ထုံးစံဖြစ်သည့် ငှက်ပျောဖတ်ကွမ်းတောင် ပြုလုပ်ပုံပင် ဖြစ်ပါတော့သည်။

## (၄)
## ကိုယ်တိုင်းထည့်သည့် ဓလေ့ထုံးစံ

လူ့လောကအတွင်း မှီတင်းနေထိုင်ကြသည့် လူမှန်သမျှ သာရေးနာရေးကိစ္စများနှင့် မကင်းနိုင်ကြပေ။ သာရေးကိစ္စတွင် မသွားလျှင် ဖြစ်သော်လည်း နာရေးကိစ္စကိုကား မသွားမဖြစ် သွားနေကြရသည်။

နာရေးခေါ် အသုဘနှင့် ပတ်သက်၍ မိရိုးဖလာအစဉ်အလာ ဓလေ့ထုံးစံတို့သည်လည်း တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသည့်အတိုင်း အရပ်ဒေသအလျောက် တူညီသည့်အရာလည်း ရှိသကဲ့သို့ မတူညီသည့်အရာများလည်း ရှိကြသည်။

ထိုသို့ များပြားလှသည့် မိရိုးဖလာ အစဉ်အလာ ဓလေ့ထုံးစံတို့တွင် ကိုယ်တိုင်းထည့်ပေးရသည့် ဓလေ့တစ်မျိုးရှိသေးသည်။ ကိုယ်တိုင်းထည့်ပေးသည်ဆိုသည်ကား သေသူတွင် သားသမီးမြေးမြစ်၊ ငယ်ရွယ်သူများ ကျန်ရစ်ခဲ့ပါက အသုဘမချမီ ကျန်ရစ်ခဲ့သည့် သားသမီး၊ မြေးမြစ်ငယ်တို့၏ ကိုယ်ကို အပ်ချည်ကြိုးနှင့် တိုင်းထွာ၍ ခေါင်းတွင်းသို့ ထည့်ပေးရခြင်းပင် ဖြစ်သည်။ ဤသည်ကိုပင် ကိုယ်တိုင်းထည့်ပေးသည်ဟု ဆိုခြင်းဖြစ်သည်။ ဤသည်မှာလည်း အသုဘနာရေးနှင့် စပ်လျဉ်း၍ မြန်မာတို့၏ အစဉ်အလာဓလေ့ထုံးစံပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၅)

## ကူးတို့ခတစ်မတ် ထည့်ပေးရသည့် မိရိုးဖလာအစဉ်အလာဓလေ့

အသုဘနှင့် စပ်လျဉ်း၍ မိရိုးဖလာအစဉ်အလာဓလေ့အရ ပြုလုပ်လေ့ရှိကြသည့် ဓလေ့သည်ကား ကူးတို့ခတစ်မတ် ထည့်ပေးသည့် ဓလေ့ထုံးပင် ဖြစ်သည်။ ဗုဒ္ဓဝါဒအရ သတ္တဝါမှန်သမျှ သေပြီးသည့်နောက် ရောက်ရသည့် ဘဝ(၅)မျိုးရှိသည်ဟု ဟောကြားတော်မူခဲ့သည်။ ဂတိ(၅)ပါးဟုလည်း ခေါ်သည်။

သတ္တဝါမှန်သမျှ သေပြီးသည့်နောက်တွင် (၁) ဒေဝဂတိ– နတ်ဘုံ နတ်ဘဝ၊ (၂) မနုဿဂတိ–လူ့ဘုံ လူ့ဘဝ၊ (၃) နိယရဂတိ– ငရဲဘုံ ငရဲဘဝ၊ (၄) ပေတဂတိ–ပြိတ္တာဘုံ ပြိတ္တာဘဝ၊ (၅) တိရစ္ဆာနဂတိ–တိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝတို့ပင် ဖြစ်ကြသည်။ ဤသည်မှာ ဗုဒ္ဓဝါဒအလိုတော်အရ ဖြစ်သည်။ ဟိန္ဒူခေါ် ဗြဟ္မဏဝါဒ၌မူ ထိုဘဝ(၅)မျိုးသို့ တိုက်ရိုက်မရောက်သေးဘဲ ကြားတွင်



(၇)ရက်တာ အခိုက်အတန့်မျှနေသည့် ကြားဘဝတစ်ခုရှိသည်ဟု ယူဆကြသည်။ ထိုကြားဘဝ အယူအဆသည် ဗြဟ္မဏဝါဒမှ ထေရဝါဒအတွင်းသို့ ထိုးဖောက်နေရာယူခဲ့ရာမှတစ်ဆင့် ကူးတို့ခ တစ်မတ်ထည့်ပေးရသည့် ဓလေ့ထုံးစံ ပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။

ထို(၇)ရက်တာမျှ နေထိုင်သည့် ဘဝထူး၌ သွားချင်သည့် နေရာသို့ သွားလာနိုင်စေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ကူးတို့ခ တစ်မတ် ထည့်ပေးကြခြင်းပင် ဖြစ်သည်။ ဤသည်မှာလည်း အသုဘနှင့် ပတ်သက်၍ မြန်မာလူမျိုးတို့၏ မိရိုးဖလာ အစဉ်အလာ ဓလေ့ထုံးစံတစ်ရပ်ပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၆)
## ကြေးစည်ပြုလုပ်သည့် ယဉ်ကျေးမှုဓလေ့

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ကြေးစည်ကို ကုသိုလ်ကောင်းမှုပြုလုပ်၍ အမျှဝေရာ၌လည်းကောင်း၊ တရားပွဲများ၌လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဝတ်တက်ရာ၌လည်းကောင်း အသုံးပြုလေ့ရှိကြသည်။

ကြေးစည်ကို ပုဂံခေတ် အနော်ရထာမင်းလက်ထက် ထေရဝါဒသာသနာတော် ရောက်ရှိလာသည့် အချိန်မှစ၍ တီးတွင် အသုံးပြုခဲ့သည်ဟု မှတ်သားခဲ့ရဖူးသည်။ ဆရာအစဉ်အဆက် ပြောဆိုကြသည့်စကားအရ ကြေးစည်ဖြစ်ပေါ်လာပုံဇာတ်လမ်းသည်ကား အောက်ဖော်ပြပါအတိုင်းပင် ဖြစ်သည်။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ဗိမ္ဗိသာရမင်းကြီးအား ကတိကဝတ်ထားခဲ့သည့် စကားအရ ရာဇဂြိုဟ်သို့ ကြွတော်မူလာသည်။ ဘုရင်ဗိမ္ဗိသာရသည် ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းစားပင့်ဖိတ်ခဲ့သည်။ ဘုရားရှင် ရာဇဂြိုဟ်မြို့တော်တွင်းသို့ ကြွတော်မူခါနီးအချိန်တွင် ဘုရားရှင်ကို ဖူးမြင်လိုကြ



သော ရာဇဂြိုဟ်ပြည်သူပြည်သားတို့သည် ထန်းတောဥယျာဉ်တော်အတွင်းသို့ စုဝေးရောက်ရှိလာကြသည်။ သုံးဂါဝုတ် (၆)မိုင်မျှရှိသော ခရီး၌ လူများဖြင့် ပြည့်ကျပ်နေလေသည်။ လူအပေါင်းသည် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်တော်မူလှသော မြတ်ဗုဒ္ဓ၏ ရူပကာယတော်ကို ဖူးမြော်မဝအောင် ရှိနေကြသည်။

ဥယျာဉ်နှင့် လမ်းတစ်လျှောက်လုံးတွင် လူအများ ပြည့်ကျပ်စည်ကားနေသောကြောင့် ရဟန်းတော်တစ်ပါးမျှ ထွက်၍မရအောင် လမ်းက ပိတ်နေသည်။ ထိုအခြေအနေကို ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ တင်းမာသည့်အခြင်းအရာအားဖြင့် သိလိုက်သည့် သိကြားမင်းသည် လုလင်ပျိုအသွင်ဖန်ဆင်းလျက် ဘုရားရှင် ရှေ့တော်တွင်ပေါ်ယာသည်။ ဘုရားရှင်နှင့် သံဃာတော်များ ကြွနိုင်စေရန် နတ်တန်ခိုးဖြင့် လမ်းပြုပြီး ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် စပ်သော ချီးမွမ်းစကားတို့ကို သာယာနာပျော်ဖွယ် သီဆိုကျူးရင့်လျက် စည်ကိုတီးကာ ရှေ့မှ နှိုးဆော်သွားလေသည်။

ရာဇဂြိုဟ်မြို့သူမြို့သားတို့သည် လုလင်ပျိုကိုမြင်ကြရသည့်အခါ . . .

"အို . . . အချင်းတို့၊ ဤလုလင်ပျိုသည် အလွန်ပင် အဆင်းလှပပေစွတကား . . ."

"ဤလုလင်ပျိုသည် ရှုချင့်စဖွယ် တင့်တယ်ပါပေစွတကား"

"ဤလုလင်ပျိုသည် ကြည်ညိုဖွယ်ရှိပါပေစွတကား"

www.burmeseclassic.com



"ဤလုလင်ပျိုသည် အဘယ်သူ၏ အလုပ်အကျွေး ဖြစ်ပါမည်နည်း"ဟု တစ်ယောက်တစ်မျိုး ပြောကြားနေကြသည်။ သိကြားမင်း လုလင်ပျိုသည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အနန္တတို့ကို ချီးမွမ်းပြောကြားကာ ဘုရားရှင်၏ တပည့်အလုပ်အကျွေးဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဤကဲ့သို့ သိကြားမင်းလုလင် ဘုရားရှေ့မှ စည်တီးလျက် နိဗ္ဗာန်ဆော်ပြုလုပ်သည်ကိုရည်ရွယ်ကာ အထိမ်းအမှတ်အနေဖြင့် ကြေးစည်ကို တီးထွင်အသုံးပြုခဲ့ကြခြင်း ဖြစ်သည်။

ကြေးစည်ကို ဘာသာရေးအထိမ်းအမှတ်အဖြစ် တီထွင်သုံးစွဲရာ၌ ပုညကြိယာဝတ္ထုဆယ်ပါးတွင် ပါဝင်သော 'ပတ္တိဒါန' ပတ္တာနုမောဒန အင်္ဂါနှစ်ရပ်ကို ရည်ရွယ်လျက် ကြေးစည်နှစ်ဖက်တွင် အစွန်းနှစ်ခုကို ဒူးရင်တောင်ပုံသဏ္ဌာန် ပြုလုပ်ထားသည်။ တစ်ဖက်ကို တီးခတ်လျှင် ပတ္တိဒါနကုသိုလ်ဖြစ်၍၊ တစ်ဖက်ကိုတီးခတ်လျှင် ပတ္တာနုမောဒနကုသိုလ် ဖြစ်သည်ဟု ယူဆလေ့ရှိကြသည်။

ဤအထိမ်းအမှတ်နှစ်ရပ်ဖြင့် ကြေးစည်ကို တီထွင်ကာဘာသာရေးအထိမ်းအမှတ်အဖြစ် ကုသိုလ်ကောင်းမှုပြုရာ၌လည်းကောင်း၊ အမျှဝေရာ၌လည်းကောင်း၊ သာဓုအနုမောဒနာခေါ်ရာ၌လည်းကောင်း၊ ဘာသာရေးပွဲလမ်းသဘင် အခမ်းအနားတို့၌လည်းကောင်း အသုံးပြုခဲ့ကြခြင်းပင် ဖြစ်ပါတော့သည်။

(၇)

## ကင်ပွန်းတပ်မင်္ဂလာ ပြုလုပ်သည့်ဓလေ့

မြန်မာလူမျိုးတို့သည် လောကအကျိုးစီးပွား ဖြစ်ထွန်းရန်အလို့ငှာ လောကီမင်္ဂလာ ၁၂ ပါးကိုလည်း ယုံကြည်လက်ခံခဲ့ကြသည်။ ထိုလောကီမင်္ဂလာ ၁၂ ပါးတို့သည်ကား ...

၁။ ဖွားမြင်ခြင်း = ဝိဇာတမင်္ဂလာ

၂။ ဖွားမြင်သည်မှ ၃ ရက်မြောက်နေ့၌ ရတနာမြတ်သုံးပါးနှင့် မိဘဘိုးဘွားတို့အား ရှိခိုးပူဇော်ခြင်း မုခဒဿနမင်္ဂလာ။

၃။ ဖွားမြင်သည်မှ ၇ ရက်မြောက်နေ့၌ ဆံချခြင်း ကေသစ္ဆေဒနမင်္ဂလာ။

၄။ ကမ္ဘာဦးပညတ် ရှေးသူဟောင်းတို့အမှတ်ဖြင့်ကောင်းမြတ်တင့်တယ်သည့်နေ့ရက်၌ ပုခက်ယောဉ်တင်ခြင်း ဒေါလာကရဏမင်္ဂလာ။

၅။ မွေးဖွားသည်မှနောက် ၇၅ ရက်မြောက်သည့်နေ့၌ ကွမ်းဦးခွံ့ခြင်း တမ္ဗူလပဋ္ဌမင်္ဂလာ။

www.burmeseclassic.com

www.burmeseclassic.com



၆။ ဖွားမြင်သည်မှ ၃ လမြောက်သည့်နေ့၌ နေလတို့ကို ပြသခြင်း ရဝိန္ဒုဒဿနမင်္ဂလာ။

၇။ ဖွားမြင်သည်မှ ရက်ပေါင်း ၁၀၀ မြောက်သည့်နေ့၌ အမည်သညာမှည့်ခြင်း၊ နာမကရဏမင်္ဂလာ။

၈။ ဖွားမြင်သည်မှ ၆ လမြောက်သည့်နေ့၌ ထမင်းဦးခွံ့ခြင်း ပထမဘတ္တမင်္ဂလာ။

၉။ သင့်တင့်လျောက်ပတ်သည့်အရွယ်သို့ ရောက်သည့်အခါ ဆံထုံးဥသျှောင် ဖွဲ့ထုံးခြင်းတည်းဟူသော ကေသဗန္ဓနမင်္ဂလာ။

၁၀။ သင့်တင့်လျောက်ပတ်သည့် အချိန်အရွယ်သို့ ရောက်သည့်အခါ နားထွင်းခြင်းတည်းဟူသော ကဏ္ဏဝိဇ္ဈမင်္ဂလာ။

၁၁။ သင့်တင့်လျောက်ပတ်သည့်အရွယ်သို့ ရောက်သည့်အခါ သာသနာတော်အတွင်းသို့ သွတ်သွင်းချီးမြှင့်ခြင်းတည်းဟူသော သာသနာနုဂ္ဂဟမင်္ဂလာ ပဗ္ဗဇ္ဇမင်္ဂလာနှင့်

၁၂။ သင့်တင့်လျောက်ပတ်သည့် အချိန်အရွယ်သို့ ရောက်သည့်အခါ မျိုးနွယ်ဇာတ်ဂုဏ်တူညီသည့် သတို့သားအား၊ သတို့သမီးနှင့် စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားခြင်းတည်းဟူသော အာဝါဟဝိဝါဟမင်္ဂလာတို့ပင် ဖြစ်ကြသည်။

ထိုမင်္ဂလာ ၁၂ ပါးထဲ၌ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်း



စဉ်လာအရ ကလေးမွေးဖွားမြင်ပြီးနောက် ၇ ရက်မြောက်သည့်နေ့တွင် မီးထွက်သည်။ ထို့နောက် ကလေးအတွက် အထူးသတ်မှတ်ရွေးချယ်ထားသည့် နာမည်ပေးခြင်းဖြစ်သည့် ကင်ပွန်းတပ်မင်္ဂလာဆင်ယင်ကျင်းပပြုလုပ်သည်။ ဤတွင် ယနေ့ကာလ နာမည်ပေးကင်ပွန်းတပ်မင်္ဂလာပြုလုပ်ကြရာ၌ သင့်လျော်သည့် အချိန်အခါ၌ ပြုလုပ်လေ့ရှိကြပြီး မင်္ဂလာ ၁၂ ပါး၌ ဖော်ပြထားသည့် ကလေးရက်ပေါင်း ၁၀၀ ပြည့်သည့်နေ့တွင် ပြုလုပ်ကြဟန်မတူချေ။ မည်သို့ပင်ဖြစ်စေ မြန်မာလူမျိုးတို့သည် မိမိတို့၏ ရင်သွေးရတနာတို့အား ကင်ပွန်းတပ်မင်္ဂလာ ဆင်ယင်ကျင်းပပြုလုပ်သည့် အစဉ်အလာဓလေ့ထုံးစံကိုမူ ယနေ့တိုင် လက်ခံပြုလုပ်နေဆဲသာ ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (ဂ)

## ကိန္နရာ ကိန္နရီ ယဉ်ကျေးမှုဓလေ့ထုံးစံ

ဗုဒ္ဓဘာသာ သာသနိကဆိုင်ရာ စေတီဘုရားပုထိုးများ အတွင်းရှိ နံရံဆေးရေးပန်းချီနှင့် ရုပ်လုံးရုပ်ကြွများတွင် ကိန္နရာ ကိန္နရီရုပ်များကို ရေးထိုးထားလေ့ရှိကြသည်။ ပုဂံရှိ 'အပါယ ရတနာ'ဘုရား၊ 'နန္ဒမည်ာ'ဘုရား၊ 'အာနန္ဒာ'ဘုရား အုတ်ကျောင်း နံရံတို့တွင် ကိန္နရာ ကိန္နရီ ပန်းချီတို့ကို တွေ့ရှိနိုင်ပါသည်။

အိန္ဒိယနိုင်ငံ ဆန်ချီထူပါရုံအမှတ်(၁) တုရင်တိုင်တွင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဓာတ်တော်မွေတော်တို့ကို ကုသိနာရုံ မလ္လာမင်းများ ပူဇော်သည့်နေရာတွင် ကိန္နရာ ကိန္နရီတို့က ပန်းများသယ်ဆောင်ကာ စေတီပုထိုးကို ပူဇော်နေပုံအား ရေးထုထားသည်ကိုလည်း တွေ့ရှိကြရသည်။ ကိန္နရာ ကိန္နရီဟူသည့် ပါဠိ၏အဓိပ္ပာယ်မှာ "လူလား နတ်လား ယုံမှားလောက် အောင် လူတို့၏ အသွင်ကို ဆောင်နေခြင်းကြောင့် ကိန္နရာ ကိန္နရီ" ခေါ်သည်ဟု ဆိုသည်။



ကိန္နရာ ကိန္နရီတို့၏ ပုံသဏ္ဌာန်နှင့်ပတ်သက်၍ 'အမရ ကောသ'၊ 'ရူပသိဒ္ဓိဋီကာ'၊ 'မုံရွေးမှတ်စု'၊ 'မဃဒေဝလင်္ကာသစ်' တို့၌ မိန့်ကြားထားသည်တို့ကို ထောက်ဆ၍ . . .

၁။ ငှက်ကိုယ်နှင့် လူခေါင်း

၂။ လူကိုယ်နှင့် မြင်းခေါင်း

၃။ မြင်းကိုယ်နှင့် လူခေါင်းဟူ၍ သုံးမျိုးခွဲခြားနိုင်ပြီး လူလိုလို၊ နတ်လိုလို၊ တိရစ္ဆာန်လိုလို ထူးဆန်းသည့် သတ္တဝါ တစ်မျိုး ဖြစ်ကြောင်း သိရှိကြရသည်။

ထိုကိန္နရာ ကိန္နရီ အမျိုးအစားတို့ကိုလည်း '၅၅၀ ဇာတ်တော်'၊ 'အသီတိနိပါတ်'၊ 'မဟာကုဏာလဇာတ်တော်'တွင် အောက်ပါအတိုင်း ခွဲခြားဖော်ပြထားလေသည်။

၁။ ဒေဝကိန္နရာ = စတုမဟာရာဇ်နတ်မျိုး၌ ပါဝင်သည်။

၂။ စန္ဒကိန္နရာ = စန္ဒတောင်တွင်နေသည်။

၃။ ဒုမကိန္နရာ = သစ်ပင်တို့တွင် လှည့်လည်လျက် အသီးအပွင့်တို့ကို စားသည်။

၄။ ဒဏ္ဍမာဏဝကာကိန္နရာ = တုတ်လုံးတံကိုင်စွဲလျက် လှည့်လည်ကျက်စားတတ်ပြီး လူ့မျက်နှာသဏ္ဌာန် ရှိသည်။

၅။ ကောန္တိသကုဏာကိန္နရ = ကရဝိက်ငှက်ကြီးကဲ့သို့ သာယာစွာ တွန်မြည်တတ်သည်။

၆။ ကဏ္ဍပါဝုရဏာကိန္နရာ = နားရွက်တစ်ဖက် ခင်း၍

www.burmeseclassic.com



တစ်ဖက်ခြုံကာ နေထိုင်နိုင်လောက်အောင် နားရွက်ကြီးသည်။

၇။ အဿမုခိကိန္နရာ = မြင်းမျက်နှာသဏ္ဍာန်ရှိသည်။

၈။ နာရီပုပ္ဖကိန္နရာတို့အပြင် အခြားကိန္နရာ ကိန္နရီမျိုးကွဲများလည်း ရှိသေးကြောင်း သိရှိရလေသည်။

ဗုဒ္ဓကျမ်းဂန်စာပေတို့တွင် ဟိမဝန္တာတောင်ခြေတွင် ကိန္နရာ ကိန္နရီတို့ ကျက်စားနေထိုင်ကြပြီး ဆိုကတီးမှုတ်နေကြ၍ ဘုရားရှင်အား ပန်းကပ်ကြည်ညိုကြသူများ ဖြစ်သည်ဟု မိန့်ဆိုထားသည်။ ၅၅၀ ဇာတ်တော်တွင် ဘုရားအလောင်းတော်သည် စန္ဒကိန္နရာဖြစ်ခဲ့သလို ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့သည်လည်း အတိတ်ဘဝက ကိန္နရာ ကိန္နရီ ဖိုမမောင်နှံ ဖြစ်ခဲ့ကြောင်း 'ဘလ္လာတိယ'ဇာတ်တော်၌ ဘုရားရှင်ဟောကြားတော်မူခဲ့သည်။ တစ်ညတာကွဲကွာသည်ကို နှစ်ပေါင်းခုနစ်ရာ လွမ်းဆွတ်ငိုကြွေးခဲ့ရသည့် အချစ်သက်သေပြ ကိန္နရာချောင်းခြားဇာတ်သည် အထက်ပါ 'ဘလ္လာတိယဇာတ်'ပင် ဖြစ်သည်။

ထို့အပြင် သုဝဏ္ဏသာမဇာတ်တော်၌ 'ပါရိကာ'ဟိမဝန္တာတောထဲသို့ သစ်သီးရှာသွားစဉ် ကိန္နရာ ကိန္နရီတို့သည် နှိုထိန်းပြုကြသည်ဟူ၍လည်းကောင်း၊ ကိန္နရာမတို့သည် သုဝဏ္ဏသာမသတို့သားကို ခေါ်ဆောင်၍ နံ့သာရေတို့ဖြင့် ရေချိုးပေးပြီး ပန်းတို့ဖြင့် တန်ဆာဆင်ကာ ဆေးဒန်းမြင်းသီလာတို့ဖြင့် နဖူးပြင်ဝယ် အစက်အပြောက် အလုံးအဝိုင်းရေးထိုးစေ၍ ကျောင်းသင်္ခမ်းထဲ၌ သိပ်ထားပြီးမှ ကိန္နရာမတို့ ပြန်သွားကြသည်ဟု မိန့်ဆိုထားပြန်သည်။



တစ်ဖန် 'ဇင်းမယ်ပဏ္ဏာသ'ဇာတ်တော်လာ မနော်ဟရီ ကိန္နရာဇာတ်အား မြန်မာတို့က သုဓနု၊ ဒွေးမယ်နော်ဇာတ်လမ်းအဖြစ်လည်းကောင်း၊ မနော်ဟရီပျို့အဖြစ်လည်းကောင်း၊ သူဇာပျို့အဖြစ်လည်းကောင်း၊ ငွေတောင်ရကန်အဖြစ်လည်းကောင်း စာပေအသွင်ဖြင့် လက်ခံထားကြလေသည်။

ထိုဇာတ်တော်လာ အဖြစ်အပျက်များကို ထောက်ဆ၍လည်းကောင်း၊ ကိန္နရာ ကိန္နရီတို့သည် ဘုရားရှင် အစရှိသည့် အရိယာသူတော်ကောင်းတို့အား ပန်းများဆက်ကပ်ပူဇော်သည်ဟူသည့် အဆိုအမိန့်များအရကြောင့်သော်လည်းကောင်း မြန်မာ့ယဉ်ကျေးမှု နယ်ပယ်တွင် ကိန္နရာ ကိန္နရီရုပ်များ ထုလုပ်ရေးဆွဲသည့် အစဉ်အလာဓလေ့ထုံးစံ ဖြစ်ပေါ်လာခြင်း ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၉)

## ကိန္နရီမနှင့် ဘုန်းကြီးပျံရှာပန ယဉ်ကျေးမှုဓလေ့ထုံးစံ

ဘာသာသာသနာ ယဉ်ကျေးမှုအမွေအနှစ်အနေနှင့် ဘုန်းကြီးပျံ ရှာပနတို့၌လည်း ကိန္နရီမ ဝမ်းနည်းပူဆွေးနေပုံကို ဘုန်းကြီးပျံ တလားလောင်တိုက်တို့တွင် ကိန္နရီရုပ်များ ရေးဆွဲထုလုပ်ခဲ့ကြသည့် အစဉ်အလာဓလေ့ကိုလည်း မြန်မာလူမျိုးတို့သည် အစဉ်အလာမပျက် အသုံးပြုခဲ့ကြသည်။

ဤအစဉ်အလာဓလေ့ ဖြစ်ပေါ်လာခဲ့သည့် နောက်ကြောင်း ဖြစ်ရပ်သည်ကား မြတ်ဗုဒ္ဓ၏ လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီး၏ ရှာပနပွဲတော်တွင် ကိန္နရာတို့သည် ဂဠုန်တို့နှင့်အတူ 'သာဓုကီဠန' သဘင် ဆင်ယင်ကျင်းပခဲ့ကြသည်။

ထိုမှတစ်ပါး အသောကမင်းတရားကြီးလက်ထက် ရဟန္တာညီနောင်၏ မယ်တော်ဖြစ်သည့် ကောန္တကိန္နရီမသည် သားတော် တိဿမထေရ်မြတ်၏ ရုပ်ကလာပ်တော်ကို အန္တိမ ရှာပန သဂြိုဟ်မှု ပြုခဲ့ရာမှ အစပြု၍ ဘုန်းကြီးပျံတလား လောင်တိုက်တို့၏ ဝဲယာထောင့်လေးထောင့်တို့တွင် ကောန္တကိန္နရီရုပ်များ ထုလုပ်ခဲ့ကြသည့် ယဉ်ကျေးမှုဓလေ့ ဖြစ်ပေါ်လာခဲ့သည်ဟု သိရှိရသည်။



တိဿရဟန္တာမထေရ်မြတ်ကြီး၏ မယ်တော် ကောန္တကိန္နရီမ၏ ဝမ်းနည်းပူဆွေး ငိုကြွေးသောကရောက်ခဲ့ရပုံတို့ကို မြင်ရသူတို့က နောင်လာနောက်သားများ အမှတ်တရဖြစ်စေရန်အလို့ငှာ အသောမင်းတရားလက်ထက် တိဿမထေရ်၏ ရှာပနမှစ၍ ယနေ့တိုင် အသုံးပြုနေခြင်းဖြစ်ကြောင်း မှတ်သားသိရှိရလေသည်။

စစ်ကိုင်းတိုင်း ပင်လယ်ဘူးမြို့နယ်အတွင်းမှ ဘုန်းကြီးပျံရှာပနများတွင် ကိန္နရာခေါင်းပိုင်းနှင့် လက်နှစ်ဖက်ကို သစ်သားဖြင့် ထုလုပ်လေ့ရှိပြီး ကိုယ်ထည်ကိုမူ ကောက်ရိုးဖြင့် အစာသွတ်ကာ ဆေးရေးခြယ်လျက် တလားလောင်တိုက်တို့တွင် အသုံးပြုလေ့ရှိကြသည်။ ရခိုင်ပြည်နယ်အတွင်း၌လည်း ဘုန်းကြီးပျံရှာပနပွဲများ ပြုလုပ်သည့်အခါ ကိန္နရီပုံများ အသုံးပြုလေ့ရှိကြသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံအနှံ့ တိုင်းရင်းသားလူမျိုးတို့သည် ကိန္နရာ ကိန္နရီနှင့် ဘုန်းကြီးပျံရှာပနဓလေ့ထုံးစံ ယဉ်ကျေးမှုအမွေအနှစ်တို့ကို လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

## ကိန္နရာ ကိန္နရီနှင့် ယဉ်ကျေးမှုအမွေအနှစ်ဓလေ့ထုံးစံ

မြန်မာတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အနုပညာမြောက် လက်ရာပစ္စည်းတစ်မျိုးသည်ကား မင်းသုံးနန်းသုံး ပလ္လင်တော်ပင် ဖြစ်သည်။ နန်းသုံးပလ္လင်တော် ရှစ်ခန်းသည် ရှေးမြန်မာဘုရင်များ အစဉ်အဆက် အသုံးပြုခဲ့ကြသည့် မင်းခမ်းဝင် အနုပညာမြောက် ပစ္စည်းတစ်ခုပင် ဖြစ်သည်။ ထိုပလ္လင်တော်ရှစ်ခန်းသည်ကား . . .

၁။ ခြင်္သေ့ရုပ်ခံသည့် 'သီဟာသနပလ္လင်' = ယမနေ သားဖြင့် ထုလုပ်ထားပြီး လွှတ်တော်တက်သည့် အခါ၌ စံမြန်းသည်။

၂။ ပိတုန်းရုပ်ခံသည့် 'ဘမယာသနပလ္လင်' = ကရဝေး သားဖြင့် ထုလုပ်ထားပြီး စက်တော်ခေါ်သည့်အခါ သုံးသည်။

၃။ ဆင်ရုပ်ခံသည့် 'ဂဇာသနပလ္လင်' = စကားဝါသား ဖြင့် ထုလုပ်ထားပြီး လက်ဆောင်တော် ခံယူရာတွင် အသုံးပြုသည်။



၄။ ခရုသင်းရုပ်ခံ 'သင်္ခါသနပလ္လင်' = တောင်ပိန္နဲသား ဖြင့် ထုလုပ်ထားပြီး တရားစီရင်သည့်အခါ အသုံးပြု သည်။

၅။ ဟင်္သာရုပ်ခံ 'ဟံသာသနပလ္လင်' = သက်န်းသား ဖြင့် ထုလုပ်ထားပြီး ရှိခိုးပူဇော်ဝတ်ပြုသည့်အခါ အသုံးပြုသည်။

၆။ သမင်ရုပ်ခံ 'မိဂါသနပလ္လင်' = ရေသဖန်းသား ဖြင့် ထုလုပ်ထားပြီး အလှူတော်ရေစက်ချသည့် အခါ အသုံးပြုသည်။

၇။ ပဒုမ္မာကြာပွင့်ခံ 'ပဒုမာသနပလ္လင်' = သရက်သား ဖြင့် ထုလုပ်ထားပြီး မိဖုရားများပူဇော်ခံသည့်အခါ အသုံးပြုသည်။

၈။ ဥဒေါင်းရုပ်ခံသည့် 'မယူရာသနပလ္လင်' = ပေါက် သားဖြင့် ထုလုပ်ထားပြီး ကန်တော့ပန်းသိမ်းသည့် အခါ အသုံးပြုသည်။

အထက်ဖော်ပြပါ မြန်မာရှင်ဘုရင်များ စံမြန်းတော်မူခဲ့ သည့် ရာဇပလ္လင်တော်ရှစ်ခန်းဝယ် တင့်တယ်သိုက်မြိုက်စွာ ပန်း ပြောက်ပန်းခက်တို့နှင့်တကွ ခြင်္သေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်းမြီးယပ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္ဘ ဒေဝ၊ ခြူး၊ ကြာနှင့် ဦးဆောက်ပန်းဟူ၍ ၁၂ နေရာကို ပလ္လင် တော်ထုလုပ်တိုင်း ထည့်သွင်းရမြဲဖြစ်သည်။ ထို့ကြောင့် မုံရွေး ဆရာတော်ဘုရားကြီး ရေးသားစပ်ဆိုတော်မူခဲ့သည့် 'ကုသဇာတ်

www.burmeseclassic.com



၌ အောက်ပါအတိုင်း စပ်ဆိုတော်မူခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

“သီရိနန္ဒာ၊ ဒေဝကိန္နရာ၊ မြူးလာပျော်ပါး၊ တိုင်တံခါးက၊ ဆင်နားဇာပေါက်၊ ကျောက်သည်ဘီလူး၊ ခြူးပန်းခြူးနွယ်” စသည်ဖြင့် ရေးဖွဲ့တော်မူခဲ့လေသည်။ ရာဇပလ္လင်တော်၏ ဥကင် လက်ဝဲလက်ယာတို့တွင် ကိန္နရာကဟန်ဖြင့် ထုလုပ်ခဲ့ကြသည်။ ပလ္လင်တော်ထုလုပ်ရာ၌ ကိန္နရာရုပ်ထည့်ရခြင်းသည်ကား ကိန္နရာတို့သည် နူးညံ့သည့်အမူအရာရှိခြင်း၊ ပန်းဝတ်ဆံများကိုသာ စားသောက်လေ့ရှိခြင်း၊ မြတ်စွာဘုရားပွင့်တော်မူသည့်နေ့တွင် ကခုန်ပျော်ရွှင်ကြခြင်း . . . အစရှိသည့် ရှေးနိမိတ်ကိုစွဲ၍ ထည့်သွင်းကြခြင်းဖြစ်ကြောင်း သိရှိရလေသည်။

အချို့က ကိန္နရာရုပ်များ ထားရှိရခြင်းမှာ ဘုရင်အဖြစ်သို့ရောက်ရှိလာသည့်အတွက် ဝမ်းသာရွှင်မြူးကခုန်နေကြသည်ကို မင်္ဂလာအဖြစ် မှတ်ယူထားရှိခြင်း ဖြစ်သည်ဟု ဆိုကြသကဲ့သို့ အချို့ကမူ ဘုရားရှင်အနီးဝယ် ကြည်ညိုပူဇော်နေခြင်းအဓိပ္ပာယ်ကို ဆောင်နေသည်ဟုဆိုကြသည်။ အချို့ကလည်း အလှအပအဆောင်အယောင်သဘောမျိုး ထားခြင်းဖြစ်သည်ဟု ဆိုကြပြန်သည်။

မည်သို့ပင် ဆိုစေကာမူ ရှေးရှေးက မြန်မာပညာရှင်တို့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီ မြင်ရသူတိုင်းရဲ့စိတ်ရဲ့မာန်အပြည့်အဝဖြင့် တက်ကြွသောစိတ်ဓာတ်ကို ဖြစ်ပေါ်စေသည့် ရာဇပလ္လင်တော်များ ထုလုပ်ရာတွင် ကိန္နရာရုပ်ကိုလည်း



အလေးမူ၍ ထည့်သွင်းခဲ့သည်ကား အမှန်ပင် ဖြစ်သည်။ ထိုအပြင် သီဟာသနပလ္လင်တော်သည် ဘိသိက်ခံရာ၊ တရားစီရင်ရာ၊ ကန်တော့ခံရာတို့၌ အသုံးပြုခဲ့သည့် အရေးအပါဆုံး ပလ္လင်တော်လည်း ဖြစ်သည်။ သီဟာသနပလ္လင်တော်ရှစ်ခု ပြုလုပ်ရမြဲဖြစ်၍ ပလ္လင်ကိုးရပ်ဟုလည်း ခေါ်ဆိုကြသည်။ ပလ္လင်ကိုးရပ်ထုလုပ်ရာ၌ ကိန္နရာရုပ် ခြောက်ရုပ်ပါဝင်သည်။

ဘိုးတော်ဘုရားလက်ထက်မှသည် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် (၁၈၈၆)ခုနှစ်တိုင်အောင် အသုံးပြုခဲ့သည့် သီဟာသနပလ္လင်တော်ကြီးသည် နှစ်ပေါင်း ၁၇၁ နှစ် ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း မြန်မာတို့ ဂုဏ်ယူဝင့်ကြွားနိုင်ကြစေရန် ရန်ကုန်မြို့၊ အမျိုးသားပြတိုက်အတွင်းဝယ် တင့်တယ်ခမ်းနားစွာ တွေ့မြင်နိုင်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

## ကိန္နရာနှင့် မြန်မာ့ ၁၂ လ ရာသီ

ကိန္နရာရုပ်သည် မြန်မာတို့၏ ၁၂ လရာသီခွင်၌လည်း ပါရှိလေသည်။ ဗေဒင်နက္ခတ်ကျမ်းများအရ ၁၂ ရာသီခွင် မေထုန် ရာသီတွင် ကိန္နရာ ကိန္နရီ ဖိုမရုပ်ဖြင့် သရုပ်ဖော်ထားသည်ကို တွေ့ရှိနိုင်သည်။ ထို့ကြောင့် သဘောတော်အုပ်၊ စားတော်ဆက် ဦးဘိုးမင်းဆို ၁၂ ရာသီဘွဲ့ ရတုပိုဒ်စုံ ပထမပိုဒ်တွင် ...

"ရာသီမေထုန်၊ လနယုန်ဝယ်

သရဂုဏ်ဥတြ၊ နေနှင့်မျှလျက်

ဖိုမကိန္နရီ၊ စာပွဲချီ" ...ဟူ၍ စပ်ဆိုထားသည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။

မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ ၂၊ ဆ–န၊ နှာ–၃၈ တွင် ၁၂ ရာသီရုပ် နယုန်လ မေထုန်ရာသီကို သရုပ်ဖော်ရာ၌ ကိန္နရာဖိုမရုပ်ကို အောက်ပါအတိုင်း သရုပ်ဖော်ထားသည်။ ၁၂ လရာသီ မေထုန်ရာသီ နယုန်လကို သရုပ်ဖော်ရာ၌ ယောက်ျားနှင့် မိန်းမ၊ သို့မဟုတ် ကိန္နရာနှင့် ကိန္နရီရုပ်ပုံကို ရေးဆွဲထားကြောင်း



တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ ၁၂ လရာသီခွင်သည် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံအမွေအနှစ် စစ်စစ်ပင် ဖြစ်သည်။

ထို့အပြင် လန်ဒန်မြို့က ဆက်သလာသည့် ၁၂ လရာသီ အရုပ်တွင်ပါရှိသည့် ကိန္နရာဖိုမအကြောင်းကို တင်ပြပါဦးမည်။ လန်ဒန်မြို့ (သို့) ဗြိတိန်နိုင်ငံတွင် ခရစ်နှစ် ၁၈၃၇ ခု၊ မြန်မာ သက္ကရာဇ် ၁၁၉၉ ခုနှစ်၌ မင်းပြုသည့် ကွင်း(န်)ဝိတိုရိယ အမည် ရှိသည့် ကေရီဘုရင်မကြီး၏ ခမည်းတော် စတုတ္ထဝီလျံမင်းလက် ထက်အခါ အရေးပိုင် 'မယ်စက်ဘော်ရနီ' ဆောင်ယူဆက်သလာ သည့် လုံးပတ်သုံးတောင်ကျော် ကမ္ဘာမြေလုံးပုံသဏ္ဌာန် ၁၂ လ ရာသီအရုပ်တွင် မေထုန်ရာသီ ကိန္နရာဖိုမအရုပ်မှာ လူရုပ်သဏ္ဌာန် ရှိ၍ ဆံပင်နောက်လှန် ယမ်းဆံနှင့် လက်ဝဲလက်ယာ ငှက်တောင် တပ်ဆင်ရေးသားထားသည့် ရုပ်ပုံသဏ္ဌာန်ရှိကြောင်း သိရှိရလေ သည်။ ဤသည်မှာ ကိန္နရာ ကိန္နရီနှင့် ၁၂ လရာသီ ဆက်စပ်မှု မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် စပ်လျဉ်း၍ တင်ပြလိုက် ခြင်းသာ ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဘုရားရှင်၌ အလှူခံရန် သပိတ်မရှိတော့ချေ။ ဃဋိကာရဗြဟ္မာမင်းလှူဒါန်းခဲ့သော သပိတ်သည် နေရဉ္ဇရာမြစ်ထဲ မျှောလိုက်သည့်အတွက် ကွယ်ပျောက်သွားပြီ ဖြစ်သည်။ ထိုခဏမှာပင် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် ဘုရားရှင်၏ စိတ်အကြံကိုသိရှိကြသောကြောင့် ဣန္ဒနီလာ ကျောက်ညို အဆင်းရှိသည့် နီလာသပိတ်တို့ကို တစ်ဦးလျှင်တစ်လုံး လာရောက်လှူဒါန်းကြသည်။ ထိုသပိတ်များသည် မအပ်စပ်သောကြောင့် ဘုရားရှင်အလှူမခံသည့်အခါ နတ်မင်းကြီးလေးပါးသည် ပဲနောက်စေ့အဆင်းရှိသည့် ကျောက်သပိတ်လေးလုံးကို အသီးသီးလှူဒါန်းကြပြန်သည်။

မြတ်ဗုဒ္ဓသည် ထိုသပိတ်လေးလုံးကို အလှူခံတော်မူပြီးနောက် သပိတ်လေးလုံးကို ထပ်ကာ တစ်လုံးတည်းဖြစ်အောင် အဓိဋ္ဌာန်တော်မူလိုက်ပြီး လက်တော်နှင့် နှိပ်လိုက်ရာ သပိတ်လေးလုံးသည် အနားလေးရစ်ဖြင့် တစ်လုံးတည်း ဖြစ်သွားတော့သည်။ ဘုရားရှင်သည် ထိုသပိတ်ဖြင့် တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်လှူဒါန်းသည့် ပျားမုန့်ဆွမ်းကို အလှူခံတော်မူခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ အထိမ်းအမှတ်အနေနှင့် ဘုရားစေတီများရှေ့တွင် ကျောက်သပိတ်တို့ကို ထုလုပ်လှူဒါန်းကြသည့် ဘာသာသာသနာယဉ်ကျေးမှုဓလေ့ ဖြစ်ပေါ်လာခဲ့ခြင်းသာ ဖြစ်ပါတော့သည်။

# (၁၂)
# ဘုရားစေတီတို့ရှေ့တွင် ကျောက်သပိတ်ပြုလုပ်သည့်ဓလေ့ထုံးစံ

မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဘုရားစေတီများ၏ ရှေ့တွင် ကျောက်သပိတ်များကို ပြုလုပ်ထားလေ့ရှိကြသည်။ ဤသို့ ဘုရားစေတီတို့ရှေ့၌ ကျောက်သပိတ်ပြုလုပ်ထားရှိသည့် ဓလေ့သည် ‘တဖုဿ ဘလ္လိက’ ကုန်သည်ညီနောင်နှစ်ယောက် မြတ်ဗုဒ္ဓအား မုန့်ကြွပ်လှူသည့်မှုအစပြု၍ အထိမ်းအမှတ်အနေနှင့် ထုလုပ်ပူဇော်ခဲ့ကြခြင်းပင် ဖြစ်သည်။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ၇ ဌာနတို့၌ ၇ ရက်စီ ၄၉ ရက် သတ္တာ သတ္တာဟစံတော်မူနေရာမှ နောက်ဆုံးသတ္တာဟ လင်းလွန်းပင်၌ သီတင်းသုံးတော်မူနေစဉ် မြန်မာနိုင်ငံ၊ ဥက္ကလာပ ဇနပုဒ်မှ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးတို့ ရောက်ရှိသွားကြပြီး မုန့်ကြွပ်တို့ကို ပျားရည်ထောပတ်တို့ဖြင့် စီမံကာ ဘုရားရှင်အား ဆက်ကပ်လှူဒါန်း၍ ရှိသေစွာ ရှိခိုးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)
## ချဉ်ဖတ်ထည့်သည့်ဓလေ့

မြန်မာလူမျိုးတို့၏ ရိုးရာအစားအစာများတွင် အသီးအရွက်များ ကြာရှည်ခံပြီး အရသာပါပြောင်းလဲသွားစေရန် ချဉ်ဖတ်ထည့်ပြီးစားသည့် အလေ့လည်း ရှိကြသည်။ ပုံစံအားဖြင့် ခံတက်ချဉ်၊ တမာချဉ်၊ သရက်သီးဆားရည်စိမ်၊ တညင်းသီးဆားရည်စိမ်တို့ပင် ဖြစ်ကြသည်။

ခံတက်ရွက်နုနုလေးများကို ရာသီချိန်တွင် ခူး၍လည်းကောင်း ဝယ်ယူ၍လည်းကောင်း ဆန်ဆေးရေဖြင့် တစ်နေ့စိမ်ထားပြီးနောက် နောက်တစ်နေ့ ဆန်ဆေးချိန်တွင် ရေဟောင်းသွန်ပစ်ကာ ရေသစ်ထည့်သည်။ ထိုကဲ့သို့ သုံးရက်ပြုလုပ်ပြီးနောက် ထမင်းအနည်းငယ်နှင့် ဆားအနည်းငယ်ထည့်ကာ ဖုံးထားသည်။ နှစ်ရက်ကြာလျှင် ခံတက်ချဉ်ဖြစ်သွားတော့သည်။ ဆန်ဆေးရည်မဟုတ်ဘဲ ရိုးရိုးရေကိုသုံး၍ စိမ်လျှင်လည်း ခံတက်ချဉ်ဖြစ်သည်။

တမာကို အချဉ်ထည့်၍မရသော်လည်း တမာချဉ်ဟုခေါ်ကြသည်။ တမာဖူးနှင့်တကွ တမာရွက်၊ တမာခက်များကို ရေဖြင့်ပြုတ်ရသည်။ ရေဆူလာလျှင် သွန်ပစ်ပြီး ရေအသစ်လဲလိုက်နှင့် သုံးရေခန့်ပြုတ်ရသည်။



လေးကြိမ်မြောက်ပြုတ်သည့်အခါ အနံ့နှင့် အရောင်အတွက် နံနွင်းမှုန့်ထည့်သည်။ အချဉ်အရသာအတွက် ဆီးသီးဖြစ်စေ၊ မန်ကျည်းသီးမှည့်ဖြစ်စေ ထည့်ပြီးပြုတ်သည်။ ဤသို့ လေးကြိမ်မျှ ပြုတ်ပြီးလျှင် အသင့်စားသုံးနိုင်သည့် တမာချဉ် ဖြစ်လေတော့သည်။

သရက်သီးဆားရည်စိမ် ပြုလုပ်မည့် သရက်သီးသည် ကြွေကျသည့်သရက်သီး မဖြစ်ရပေ။ သရက်သီးများကို ရေစင်စွာဆေးပြီး ရေလဲလိုက် စိမ်ထားလိုက်ဖြင့် နွမ်းသည်အထိ ပြုလုပ်ရသည်။ ထို့နောက် ဆားသင့်ရုံထည့်ကာ ဖုံးအုပ်ထားရသည်။ သရက်သီးဆားရည်စိမ်သည် နှစ်လုံးပေါက်ခံသည့် တို့စရာပင် ဖြစ်သည်။

သရက်သီးပိုးတီဟုလည်း ရှိသေးသည်။ သရက်သီးများကို ဓားဖြင့်မွှန်းထားပြီး ရေစင်ကြယ်အောင် ဆေးရသည်။ ရေဆေးပြီးနောက် ဆားဖြင့် ပုံမပျက်အောင်ဆုပ်ရသည်။ ထို့နောက် အိုးထဲထည့်ပြီး သိပ်ထားရသည်။ သရက်သီးအလုံးတစ်ရာလုပ်လျှင် ဆားတစ်ပိဿာလိုသည်။

တညင်းသီးဆားရည်စိမ်ဟုသာ ခေါ်ကြသော်လည်း အမှန်မှု တညင်းသီးချဉ်ဖတ်သာ ဖြစ်သည်။ တညင်းသီးဆားရည်စိမ်သည် နုမှ တို့၍ကောင်းသည်။ ရင့်လျှင် ပျင်းတွဲမာဆတ်နေတတ်ပြီး ဆားရည်စိမ်မဖြစ်မီ တို့လျှင်လည်း 'ပအား'လေသည်။

ဆားရည်စိမ်ပြုလုပ်နည်းကား ... တညင်းသီးများကို ရေဆေးပြီး ဆန်ဆေးရည်တွင် ဆားထည့်ကာ တညင်းသီးနူးသည်အထိ စိမ်ထားရသည်။ တညင်းသီးအလုံးငါးဆယ်လျှင် ဆား

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ်သားကုန်ပြီး ဆယ်ရက်ခန့်ကြာလျှင် စားနိုင်ပေပြီ။ မြန်မာလူမျိုးတို့သည် တို့စရာအဖြစ် ကန်စွန်းရွက်၊ ဟင်းဂလာ၊ ဆီးဖြူသီးအစရှိသည်တို့ကိုလည်း ချဉ်ဖတ်ထည့်ခြင်း၊ ဆားရည်စိမ်ခြင်းပြုလုပ်ကာ စားသောက်ကြသည်။

ဤတွင် အသီးအရွက်မဟုတ်သည့် အမှုန့်ချဉ်ဖတ်တစ်မျိုးလည်း ရှိသေးသည်။ ဤသည်မှာ နှမ်းဖတ်ချဉ်ပင်ဖြစ်သည်။ မြေပဲနှင့်နှမ်း အလျှံပယ်ပေါများသည့် အညာဒေသတွင် ဆီကြိတ်ဖတ်များသည် ပေါများလှ၏။ ဆီထွေးအဖြစ်တစ်ဖုံ၊ ဆီထွေးကြော်အဖြစ်တစ်နည်း ကြံဆ စားသောက်ခဲ့ရာမှတစ်ဆင့် နှမ်းဖတ်ချဉ်ဟု တီထွင်စားသောက်လာခဲ့ကြသည်။

နှမ်းကို ဆီကြိတ်ရာမှ ကျန်ရှိသည့် ဆီကြိတ်ဖတ်ကို 'နှမ်းဖတ်'ဟုခေါ်၍ ပဲကိုကြိတ်ပြီး ကျန်သည့် ဆီကြိတ်ဖတ်ကို 'ပဲဖတ်'ဟုခေါ်သည်။ သို့သော် အချဉ်တည်ရာမှ ဖြစ်ပေါ်လာသည့် ချဉ်ဖတ်ကိုမူ 'နှမ်းဖတ်ချဉ်'ဟုသာ စုပေါင်းခေါ်ခဲ့ကြသည်။ စင်စစ်မှာမူ နှမ်းဖတ်ချဉ်နှင့် ပဲဖတ်ချဉ်သာ ဖြစ်သည်။

နှမ်းဖတ်ချဉ်ပြုလုပ်ပုံမှာကား နှမ်းဖတ်ခဲ၊ ပဲဖတ်ခဲများကို ရေစင်စွာဆေးပြီးနောက် ကြွေပန်းကန်ထဲတွင် ရေသန့်သန့်ဖြင့် မြုပ်အောင်လောင်းထည့်ပြီး ဆန်ခါခုံးနှင့် အုပ်ထားရသည်။ ၂၄ နာရီပြည့်လျှင် နှမ်းဖတ်ချဉ်အဖြစ် စားသုံးနိုင်ပေပြီ။ ကြွေပန်းကန်စစ်စစ်မဟုတ်သည့် ကြွေရည်သုတ်ပန်းကန်၊ သံပန်းကန်၊ မြေပန်းကန်တို့ကို အသုံးပြုလျှင် နှမ်းဖတ်ချဉ်ဖြစ်သော်လည်း အရောင်မလှပေ။



နှမ်းဖတ်ချဉ်ကို ရေတ်သီးစိမ်း၊ ကြက်သွန်နီ၊ ရှောက်ရွက်၊ နှမ်းဆီ၊ ဆားတို့ဖြင့် သုပ်စားကြသလို အသားအမျိုးမျိုးနှင့်လည်း ချက်စားကြသည်။ မုန်လာဥ၊ ကန်စွန်းရွက်၊ ဟင်းဂလာ၊ ညံ့ရွက်၊ ဘူးရွက်၊ ဖရုံရွက်၊ သခွားနှင့် ပဲပင်ပေါက် စသည်တို့သည် ချဉ်ဖတ်ထည့်၍ ချဉ်ဖတ်တည်၍ရသည့် အသီးအရွက်များဖြစ်ပါသည်။

ခံတက်ရွက်ချဉ်ဖတ်တည်ပုံနှင့် အထက်ပါ အသီးအရွက်များ ချဉ်ဖတ်တည်ပုံမှာ တစ်မျိုးတည်း၊ တစ်သဘောတည်း ဖြစ်သည်။ ချဉ်ဖတ်ထည့်သည်ဆိုခြင်းမှာ ချဉ်ဖတ်ပြုလုပ်ခြင်းဖြစ်ပြီး ချဉ်ဖတ်တည်သည်ဆိုခြင်းကား အလျှင်ရနေပြီဖြစ်သည့် ချဉ်ဖတ်အိုးထဲမှ အရည်များကို သွန်မပစ်ဘဲ ရလာသမျှ အသီးအရွက်တို့ကို ရက်တိုတိုဖြင့် ချဉ်ဖတ်ဖြစ်အောင် ထည့်ခြင်းကို ခေါ်ခြင်းဖြစ်သည်။ ခံတက်ချဉ်ဖတ် ပြုလုပ်နည်းမှာ အောက်ပါအတိုင်းပင်ဖြစ်သည်။

ခံတက်ရွက်များကို စား၍ရမည့် ခံတက်ခက်မှချူပြီး ရေဆေးကာ နေပြရမည်။ အနည်းငယ်နွမ်းသွားသည်နှင့် သုံးလေးခက်လျှင် တစ်စီးကျ စည်းနှောင်ပြီး ရေစိမ်ရသည်။ တစ်နေ့တစ်ကြိမ်ကျ ရေလဲပြီးနောက် တတိယနေ့တွင် ချဉ်ဖတ်ထည့်သည်။

အိုးသန့်သန့်ထဲတွင် ခံတက်ရွက်များထည့်ပြီးလျှင် ဆန်ဆေးရည်၊ ထမင်း သင့်ရုံနှင့် ဆားအနည်းငယ်ထည့်ရသည်။ အချို့လည်း ထမင်းရည်ကို သုံးကြသည်။ အရွက်များ ရေမြုပ်လျှင် ငှက်ပျောဖက်နှင့်ဖုံး၍ အလေးနှင့် ဖိထားရသည်။ ဖါးခြမ်းပြားသုံးချောင်းကို ကြက်ခြေခတ် ကုပ်နှိပ်ထားလျှင်လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခံတက်ချဉ်ထည့်ပြီး နှစ်ရက်ကြာလျှင် စား၍ရပေပြီ။ ၄–၅ ရက်ဆိုလျှင် ခံတက်ချဉ်အရသာကို ပြည့်ပြည့်ဝဝ ခံစားနိုင်ပေပြီ။ ဖွန်းသန့်သန့်၊ လက်သန့်သန့်ဖြင့် ကော်၍၊ ဆယ်၍ စားသောက်ရသည်။ ၇ ရက်ကျော်လျှင် လည်စပြုပြီ။ တစ်အိုးလုံးမပျက်မီ ဖယ်ရှားပစ်ပြီး အသစ်တည်သင့်သည်။ ဤသည်မှာ တို့စရာအဖြစ် ချဉ်ဖတ်ထည့်ကာ စားသောက်ကြသည့် မြန်မာတို့၏ ရိုးရာဓလေ့ထုံးစံပင် ဖြစ်ပါတော့သည်။

## (၁၄)
## ခြင်္သေ့ရုပ်ထုလုပ်သည့်ဓလေ့

မြန်မာပြည်အနှံ့အပြားရှိ ဘုရားစေတီများ၏ ရှေ့၌လည်းကောင်း၊ သာသနိက အဆောက်အဦများ၏ ရှေ့တွင်လည်းကောင်း၊ ခြင်္သေ့ရုပ်တုများကို ထုလုပ်ထားလေ့ရှိကြသည်။ ဤသို့ပြုလုပ်ထားသည့် ဓလေ့ထုံးစံ ဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍ အဆိုအမိန့်အမျိုးမျိုး ရှိကြသည်။

သားတို့သနင်း ခြင်္သေ့မင်း ဟူသည်နှင့်အညီ သားရဲတိရစ္ဆာန်တို့၏ အကြီးအမှူးဖြစ်ပြီး မည်သည့် သားရဲတိရစ္ဆာန်သတ္တဝါမှ မယှဉ်ရဲသည့် ခြင်္သေ့မင်း၏ ရဲစွမ်းသတ္တိ ဂုဏ်ရည်(၇)ရပ် အပါအဝင် ဘုရားလောင်းခြင်္သေ့မင်းကို အကြောင်းပြု၍ ဘုရားစေတီရှေ့ဝယ် ခြင်္သေ့ရုပ်တု ထုလုပ်ထားခြင်း ဖြစ်သည်ဟု ဆိုကြသည်။ ထိုဇာတ်သည် ၅၅၀ ဇာတ်တော်လာ ဒုဒ္ဒုဘဇာတ်ပင် ဖြစ်သည်။ မြေပြိုမှုကို ကြောက်သည့် ယုန်သူငယ်ကြောင့် သတ္တဝါများ သေကျေရမည့်အရေးမှ ဘုရားအလောင်းတော် ခြင်္သေ့မင်း ကယ်တင်ပေးခဲ့သည့်ဇာတ်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့ကလည်း သီဟိုဠ်ရာဇဝင်လာ သီဟဗာဟုမင်းသည် ဖခင်ခြင်္သေ့မင်းကို ပြစ်မှားမိသည့် အကုသိုလ်ကံ ကျေစေရန် ဖခင်ခြင်္သေ့ရုပ်တုကို ဘုရားစေတီရှေ့တွင် ထုလုပ်ခဲ့ရာမှ ဖြစ်ပေါ်လာသည်ဟု ဆိုကြသည်။ ဤတွင် 'ဓမ္မရုံသီမဂ္ဂဇင်း' အမှတ်–၅၄ တွင် ဖော်ပြထားသည့် စာဆိုအရှင် ချမ်းမြေ့သာရ ခြင်္သေ့အဖြေကဗျာသည် မှတ်သားဖွယ်ကောင်းလှသည့်အတွက် ဖော်ပြပါဦးမည်။

ခြင်္သေ့အဖြေ

- ဘုရားရှေ့မှ၊ မာန်ဟုန်ထလျက်
  ခုန်ကြွမည့်သွင်၊ ဟန်ရေးပြင်လာ
  ခြင်္သေ့မင်းပုံ၊ မြင်ရတုံသော်
  အာရုံစိတ်၌ မနှစ်မြို့က်၍
  တွေးထိုက်ဖွယ်ရာ၊ စာကဗျာကို
  မေးကာဖွဲ့နွဲ့၊ စာဆိုငဲ့ ...။
- ခြင်္သေ့မင်း၏၊ ဟောက်တော့မည့်ပုံ
  ခုန်တော့မည့်လား၊ စားတော့မည့်ဟန်
  သူ့သဏ္ဌာန်သည်၊ ခက်ထန်မာန်ကြွ
  ကြမ်းလွန်းစွဟု၊ လုံးဝမထင်စေလိုပါ ...။
- အတ္တကြီးစွာ၊ မဖွံ့မ၏
  ဝါဒတွေကြား၊ ရှာမှရှားစွ
  မွေးဖွားသန့်စင်၊ ဘုရားရှင်သည်
  ဖြစ်လျှင်ပျက်မြဲ၊ လောကထဲမှ



  အစွဲအလမ်း၊ စုံလုံးကန်းသော
  ရုပ်ကြမ်းဝါဒီ၊ ပယ်အံ့ရည်၍
  သီဟနာဒ၊ အနတ္တတရား
  ဟောမြွက်ကြားဘိ၊ ကျမ်းအရှိမို့
  ဟောက်မည့်ပုံခင်း၊ ခြင်္သေ့မင်းကို
  ထင်လင်းထားရှိရခြင်းပါ ....
- ဆယ့်တစ်မီးဖြာ၊ သံသရာမှ
  မထွက်ရအောင်၊ မာရ်နတ်ထောင်ထား
  ကျော့ကွင်းများရန်၊ မဂ်လေးတန်ဖြင့်
  ပယ်လှန်ခုန်ထွက်၊ နိဗ္ဗာန်မျက်မှောက်
  ကိုယ်တော်ရောက်သို့၊ လွတ်မြောက်လိုငြား
  သတ္တဝါများတွက်၊ ခုန်ထွက်နိုင်ကြောင်း
  နည်းကောင်းလမ်းညွှန်၊ တရားမွန်မြတ်
  ပေးဝေအပ်ဘိ၊ ကျမ်းအရှိမို့
  ခုန်မည့်ပုံခင်း၊ ခြင်္သေ့မင်းကို
  ထင်လင်းထားရှိရခြင်းပါ ...။
- အချိန်များစွာ၊ ကိုယ့်ခန္ဓာကို
  ဝါးမျိုစားရင်း၊ ဝဋ်တွင်းရှည်ကြာ
  သံသရာလျှင်၊ ဆုံးမမြင်ဖို့
  တွင်တွင်ရှေ့သွား၊ အချိန်များကို
  ကိုယ်ကားတစ်ဖန်၊ စားရပြန်မှ
  ဘဝဒုက္ခ၊ တိုတောင်းရဟု

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟောကြား၊ စကားအရှိ
တရားအသိ၊ မမေ့မိအောင်
စားမည့်ပုံခင်း၊ ခြသေ့်မင်းကို
ထင်လင်းထားရှိရခြင်းပါ ...။

❖ အကျွန်ဆိုရိုး ...
အကိုးအကား၊ အထောက်ထားဖြင့်
ဘုရားရှေ့မှာ၊ ရိုကျိုးစွာနှင့်
လိမ္မာသိမ်မွေ့၊ ရွှေခြသေ့်ဟု
တွေ့မြင်သူများ၊ မေတ္တာပွားအောင်
ထားဖို့စီမံ၊ စိတ်ကူးကြံကို
ပယ်လှန်ဖျက်ရေး၊ အကြံပေးသည်
ချင့်တွေးတော်မူ၊ ကြိုက်သော်ယူ ...။ ။

(ချမ်းမြေ့သာရ)

အထက်တွင်ဆိုခဲ့သည့် အဆိုအမိန့်များအရ မြန်မာနိုင်ငံ အနှံ့အပြားရှိ စေတီဘုရား သာသနိကအဆောက်အဦများရှေ့တွင် ဘာသာသာသနာ ယဉ်ကျေးမှုဓလေ့ထုံးစံတစ်ရပ်အနေနှင့် ခြသေ့် ရုပ်တုများကို ထုလုပ်ခဲ့ကြခြင်းသာ ဖြစ်ပါတော့သည်။

# (၁၅)
# ခြင်းခတ်သည့်ဓလေ့

ကျေးလက်တောရွာများနှင့် မြို့ကြီးပြကြီး ရပ်ကွက်များ တွင် ဟိုနေရာတစ်စု၊ သည်နေရာတစ်စု ခြင်းခတ်နေကြသည်ကို တွေ့မြင်နိုင်ကြသည်။ ခြင်းလုံးတစ်လုံး ခြင်းခတ်သူ ငါးယောက်မှ ခုနစ်ယောက်အထိ ကစားနိုင်ပြီး ပေ ၄၀ ခန့် မြေပြောင်ပြောင် တစ်ကွက်ရှိလျှင် ခြင်းဝိုင်းဖြစ်လေပြီ။ မြန်မာ့ရိုးရာ အားကစားနည်း လည်းဖြစ်၊ ပျော်ရွှင်အပန်းဖြေရာလည်း ဖြစ်သည့် ခြင်းခတ် ကစား နည်းသည် မြန်မာ့ရိုးရာဟန် အစစ်ဖြစ်ပေသည်။

ကျေးလက်ခြင်းဝိုင်းတို့တွင် အပေးအယူကောင်းရုံ လောက်သာ ခြင်းသမား ငါးယောက်၊ ခြောက်ယောက် စသည်ဖြင့် ဝိုင်းလည်အောင် ကစားတတ်ကြသည်။ ဤခြင်းခတ်ကစားနည်း သည် အပျင်းပြေ၊ အညောင်းပြေစေနိုင်သည့် ကျန်းမာရေးကို အထောက်အကူပြုသည့် မြန်မာ့ရိုးရာ ကစားနည်းတစ်ရပ်ပင် ဖြစ် သည်။ ရှေးရိုးခြင်းခတ်နည်းများမှာ အောက်ပါအတိုင်းပင် ဖြစ်ကြ သည်။

(၁) ခြေပြား (၂) ခြေခွင်၊ (၃) ဒူးတိုက်၊ (၄) ဘောပေါက်၊ (၅) ဘောဖဝါး၊ (၆) ရှေ့ရင်လိမ်ဖဝါး၊ (၇) ဗီလာဖဝါး၊ (၈) နောက် ပေါက်၊ (၉) စလွယ်ပေါက်၊ (၁၀) ကုမ္ဘဏ်တိုက်နောက်ဒူး (၁၁) မဟာ၊ (၁၂) မဟာညွန့်၊ (၁၃) နဂါးပတ်၊ (၁၄) ရင်လိမ်ပတ်ဒူး

www.burmeseclassic.com

www.burmeseclassic.com



(၁၅) စားတော့ကုမ္ပဏီ၊ (၁၆) နောက်ဖဝါး

ခြင်းလုံးနှင့် စပ်၍လည်း သတ်မှတ်ချက်များ ရှိသည်။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလဖြစ်ပါက ခြင်းလုံးသည် ၁၄ လက်မခွဲမှ ၁၅ လက်မအထိ လုံးပတ်ရှိ၍ ရစ်ခွေခြင်းကို သုံးရသည်။ အလေးချိန်မှာ လေးကျပ်ရစ်ပဲသားနှင့် ငါးကျပ်သားရှိ၏။ ၎င်းရာသီတွင် လေအနည်းငယ်ထန်၍ ခြင်းကို ၁၀ ပေ ၁၅ ပေထက်ပို၍ မြင့်အောင် မခတ်ကြပေ။

နတ်တော်၊ ပြာသို၊ တပို့တွဲလများ၌မူ ခြင်းလုံး၏ လုံးပတ်သည် ၁၄ လက်မထက်ပိုပြီး ကြီးရ၏။ ထို့အပြင် ခြင်းလုံးသည် ခပ်ပွပွလည်း ဖြစ်ရမည်။ ဤသို့ပြုလုပ်ရခြင်းကား ချမ်းအေးသည့် ရာသီဖြစ်သည့်အတွက် ခြေဖျားသက်သာစေရန်ပင် ဖြစ်သည်။

တပေါင်း၊ တန်ခူး စသည့် ပူပြင်းသည့် ရာသီများ၌မူ ခြင်းလုံး၏ လုံးပတ်သည် ၁၅ လက်မခွဲရှိရပြီး အကြောအနည်းငယ် ထူအောင် ပြုလုပ်ထားရသည်။ ခြင်းအလေးချိန်ကိုလည်း ၅ ရွေးမှ ၆ ကျပ်သားအထိ ရှိလေသည်။ လေထန်သည့် ဒဏ်ကိုခံနိုင်ပြီး ငြိမ်သက်မှုကို ပေးနိုင်အောင်ပင် ဖြစ်သည်။ မိုးဥတုအခါသမယတွင် နေသာပါက နွေဥတုတွင် ကစားခဲ့သည့် တစ်ပတ်ရစ်ခြင်းလုံးကိုပင် အသုံးပြုနိုင်သည်။ ရေစိုသွားသည့်တိုင် အလေးချိန်မစီးဘဲ ခတ်ကောင်းရုံသာ ရှိသည်။ စင်စစ်မူ ခြင်းခတ်ကစားနည်းသည် မည်သည့်အခါမှ မရိုးနိုင်သည့် မြန်မာ့ရိုးရာ အားကစားနည်းတစ်ရပ်သာ ဖြစ်ပါတော့သည်။

## (၁၆)
## ခေါ်စာပစ်သည့် ဓလေ့ထုံးစံ

မြန်မာလူမျိုးတို့သည် မိမိတို့၏ရင်သွေး ကလေးငယ်များ နေထိုင်မကောင်းဖြစ်လျှင် ခေါ်စာပစ်သည့် ဓလေ့ကိုလည်း ပြုလုပ်ကြလေသည်။ အမှန်အားဖြင့်မူ ဆေးပညာအရ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါး အရင်းခံထားသည့် ဓာတ်ကြီးလေးပါးဖောက်ပြန်ခြင်း (သို့) သွေး,သည်းခြေ,လေ,သလိပ်တို့ ဖောက်ပြန်ခြင်းသာ ဖြစ်သည်။

သို့ရာတွင် မာတြာကုထုံးတစ်ရပ်နှင့် သူငယ်နာဆရာလုပ်နေသူကမူ ခေါ်စာပစ်ခိုင်းတတ်သည်။ ခေါ်စာပစ်ခြင်း၊ သို့တည်းမဟုတ် ခေါ်စာကျွေးရာ၌ များသောအားဖြင့် သူငယ်၏ မွေးနံ့အရပ်တွင် ပစ်ရလေသည်။ ခေါ်စာပစ်ရာတွင် အသုံးပြုသည့်ခွက်ကို 'ခေါ်စာခွက်' ဟူ၍လည်းကောင်း၊ 'ခေါ်ပန်းတောင်း' ဟူ၍လည်းကောင်း ခေါ်ကြသည်။

ခေါ်ပန်းတောင်း၏ ပုံသဏ္ဌာန်သည် ကလပ်ပုံဖြစ်၍ ခါးသိမ်ထိပ်နှစ်ဖက်ကားနေသည့် ထိုခေါ်ပန်းတောင်းကို နှီးဖြင့် ခပ်ကျဲကျဲရက်လုပ်ထားသည်။ ခွက်ထဲတွင် ငှက်ပျောရွက်ကို ခင်း

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ထမင်းနှင့် မုန့်ဖြူ၊ မုန့်နီများထည့်ကာ ဖွေးနုံအရပ်ရှိ မြေပြင်တွင် ချထားပြီး ဤအမည်ရှိသော မွေးနံ့နေ့သားတွင် ကပ်ငြိနေသော ရောဂါဘယများ ဖယ်ရှားပေးပါရန် ပြောဆိုရလေသည်။

ထမင်းနှင့် မုန့်ဖြူ၊ မုန့်နီများသာမဟုတ်သေး။ ထမင်းကို ဆုပ်နယ်ပြီး အရုပ်လုပ်ကာ ထည့်ရသည့်အခါလည်း ရှိသည်။ အရုပ်မှာ လူနာသူငယ်၏ကိုယ်စား လူရုပ်သက်စေ့ထည့်ရသည့် အခါ ရှိသကဲ့သို့ အခြားသတ္တဝါရုပ်နှင့် အခြားအစားအစာ ထည့်ရသည့်အခါလည်း ရှိလေသည်။

အချို့ ခေါ်စာခွက်၊ ခေါ်ပန်းတောင်းများတွင် သေးငယ်သည့် စက္ကူဖြင့် ပြုလုပ်ထားသည့် တံခွန်ကုက္ကားများခြံရံလျက် မီးထွန်းရသည်လည်းရှိသေး၏။ ထိုဓလေ့သည် မြို့ကြီးပြကြီးများတွင် မတွေ့ရသလောက် ပျောက်ကွယ်သွားပြီဖြစ်သော်လည်း အချို့ကျေးလက်တောရွာများတွင် လုံးဝပျောက်ကွယ်မသွားသေးဘဲ ကျန်ရှိနေဆဲသာ ဖြစ်ပါတော့သည်။

(၁၇)

## ချွေးအောင်းသည့်ဓလေ့

မြန်မာလူမျိုးတို့သည် နေထိုင်မကောင်းဖြစ်လျှင်၊ ဖျားလျှင် စောင်ခြုံလေ့ရှိသည်။ အဖျားကြောင့် ချမ်းသည့်ဝေဒနာကို ခံစားရသည်။ အချမ်းဝေဒနာကို ကာကွယ်လိုသည့်အတွက် စောင်ခြုံခြင်းသာဖြစ်သည့်အတွက် စောင်ခြုံခြင်းကို အပြစ်မဆိုသာပေ။

ထို့အပြင် လန်းဆန်းမှုမရှိလျှင်၊ သို့တည်းမဟုတ် ထိုင်းမှိုင်းမှိုင်းဖြစ်နေလျှင် ချွေးငုပ်နေသောကြောင့်ဟုဆိုကာ ချွေးအောင်းတတ်သည့် ဓလေ့လည်းရှိကြသည်။ ဖျားနာနေထိုင်မကောင်းဖြစ်ပြီးနောက် အဖျားပျောက်သွားချိန်တွင်လည်း ချွေးအောင်းတတ်ကြသည်။ မိးနေသည်ကိုလည်း သွေးပုပ်များစင်ကြယ်သွားသည့်တိုင် ချွေးပုပ်များထွက်သွားစေရန် ချွေးအောင်းနိုင်ပြန်သည်။

ချွေးအောင်းရန်အတွက် ချွေးအုံလုပ်ရသည်။ ချွေးအုံလုပ်ရန် တစ်လံခွဲကျော် နှစ်လံမျှ ရှည်သည့် သစ်ကိုင်း၊ ဝါးခြမ်းစသည်တို့ လိုအပ်သည်။ ထိုအချောင်းသုံးချောင်းကို အကွာအဝေးညီညီမျှမျှထားကာ ကြက်ခြေခတ်သည်။ နေသားတကျဖြစ်စေရန်

www.burmeseclassic.com

www.burmeseclassic.com



အနားကွပ်၊ အနားထိန်းလိုအပ်သည်။ ခွေးအုံထဲရှိ လူ၏ခေါင်းနှင့် ခွေးအုံအမိုး လွတ်နေလျှင် ခွေးအုံအဖြစ် အသုံးပြုနိုင်သည်။

ခွေးအုံထဲသို့ လူမဝင်မီ အခင်းကို ကောင်းကောင်းခင်းထားရ၏။ ခွေးအောင်းမည့်သူသည် စောင်ထူထူခြုံပြီး ဝင်ထိုင်ရသည်။ သူ့ရှေ့တွင် ခွက်နှင့် ရေနွေးအိုးကို သေချာစွာချထားပြီး ရေနွေးအိုးမမှောက်လဲစေရန် ကရွတ်ခုထားရသည်။ ထိုသို့ချထားပြီးသည်နှင့် လူနာကို ခွေးအုံ'ခြင်း' စွပ်လိုက်သည်။ ခြင်းပေါ်သို့ စောင်များ တစ်ထပ်ပြီးတစ်ထပ် ရစ်ပတ်ဖုံးလွှမ်းရပြီး စောင်နည်းနေလျှင် ဂုန်နီအိတ်ပါ ဖုံးကြသည်။ ဤသို့ဖြင့် အပြင်လေ လုံးဝမဝင်စေရန် အထပ်ထပ်ဖုံးအုပ်ထားသောကြောင့် သာမန်အားသော်မျှ ချွေးပြိုက်ပြိုက်ကျလောက်သည်။ ကျိုက်ကျိုက်ဆူသည့် ရေနွေးအိုးလည်း ထည့်ထားပြီး ထိုရေနွေးကို ခပ်သောက်သည့်အခါ အဘယ်မှာလျှင် ချွေးမထွက်ဘဲ နေပါမည်နည်း။

မွန်းပိတ်လှောင်ဖုံးထားသည့်အတွက် ချွေးအောင်းသူ မူးမေ့သွားသည်။ ထို့ကြောင့် အပြင်မှ လူနာစောင့်က မကြာခဏ အသံပြုကာ ခေါ်ပေးရသလို အတွင်းမှလူနာကလည်း ပြန်လှန်အသံပေးရသည်။ တော်လောက်ပြီ၊ ချွေးစုံလောက်ပြီဟု ယူဆသည့်အခါမှသာလျှင် ခွေးအုံပေါ်မှ အဖုံးအကာများကို တစ်လွှာချင်း ခွာပစ်သည်။ ခွေးအုံကို ဖယ်ရှားပြီးစေကာမူ ချွေးအောင်းသူသည် မူးမေ့လဲကျတတ်သည့်အတွက် ချက်ချင်းမထရချေ။

ချွေးအောင်းပြီးသွားသည့် မီးနေသည်သည် ချွေးတိတ်ပြီးနောက် နာရီအနည်းငယ်ကြာလျှင် ရေချိုးနိုင်ပေပြီ။ သားဖွားပြီး



သည့်အချိန်မှစ၍ ပထမဆုံး ရေချိုးခွင့်ရခြင်းပင်။ ရေချိုးပြီးနောက် တောင်နံကြီး၊ နံ့သာဖြူ၊ ကရမက်များ လိမ်းကျံရသည်။ ဤသည်ကို မီးထွက်သည်ဟု ခေါ်သည်။ မီးထွက်သည့်နေ့တွင် ကလေးကို ခေါင်းလျှော်ပေးသည်။ မီးထွက်အထိမ်းအမှတ်အနေဖြင့် ဝမ်းဆွဲသည်ကို တတ်နိုင်သမျှ အခကြေးငွေ ပေးရသည်။

ကလေးခေါင်းဆေးမင်္ဂလာပြုသည့် အထိမ်းအမှတ်အဖြစ် ကောက်ညှင်းပေါင်း၊ မုန့်ဆန်း စသည်တို့ကို အိမ်နီးချင်းများသို့ ဝေငှရသည်။ ထိုအစားအစာတို့ကို လက်ခံစားသောက်သူများက ကလေးကျန်းမာချမ်းသာစေကြောင်း ဆုပေး၍ မေတ္တာပို့ရသည်။ ဤသည်မှာ မြန်မာ့ရိုးရာ ဓလေ့ဖြစ်သည့် ချွေးအောင်းသည့် အစဉ်အလာတစ်ရပ်ပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

## ချောတိုင်တက်သည့် ယဉ်ကျေးမှုဓလေ့

ကျေးလက်ဒေသတောရွာများတွင် ရှင်ပြုရဟန်းခံ ကထိန်ခင်းသည့် ကာလများ၌ ဘုန်းတော်ကြီးကျောင်းပရိဝုဏ်အတွင်းဝယ် ချောတိုင်တက်ပွဲများကို ဆိုင်းသံတခြိမ့်ခြိမ့်ဖြင့် ဆင်နွှဲကျင်းပနေသည်ကို မြင်ဖူးကြပေသည်။ ယခုဆိုလျှင် အချို့မြို့ရွာဒေသများ၌ ဒိုဖင်ဘာအားကစားလ၊ သို့မဟုတ် လွတ်လပ်ရေးနေ့တွင် ချောတိုင်တက်ပွဲများကို ထည့်သွင်းကျင်းပတတ်ကြသည်။

ချောတိုင်တက်ကစားနည်းမှာ လူတိုင်းသိပြီး ဖြစ်သည့်အတိုင်း တိုင်ထိပ်တွင် အလံတစ်ခုရှိသည်။ အလံတွင် ဆုငွေပါပြီးဖြစ်ရာ မည်သူမဆို မိမိစွမ်းအားဖြင့်လည်းကောင်း၊ အဖွဲ့လိုက်စွမ်းအားဖြင့်လည်းကောင်း တက်ဖြုတ်ယူနိုင်သည်။ တံချူဖြင့်သော်လည်းကောင်း၊ လှေကားဖြင့်သော်လည်းကောင်း၊ ချောတိုင်ကို လှဲ၍သော်လည်းကောင်း အလံကို ဖြုတ်ယူခွင့်မရှိပေ။



ချောတိုင်အဖြစ် စိုက်ထူထားသည့်တိုင်သည် အရင်းသုံးထွာဆိုင်ခန့် ရှိရ၍ အလျား ၁၅ တောင်ခန့်ရှိသည့် ဝါးပိုးရင့်ရင့် ခပ်ဖြောင့်ဖြောင့်တစ်လုံး ဖြစ်ရမည်။ စိုက်မည့်မြေအပျော့အမာကို လိုက်၍ ၂ တောင်မှ ၄ တောင်အထိ ချောတိုင်ကို ခိုင်ခိုင်စိုက်ထူထားရသည်။ ထို့အပြင် ချောတိုင်ပြုလုပ်မည့် ဝါးပိုးဝါးအဆစ်များကိုလည်း ကျနစွာ အချောသတ်ပေးရသည်။ ဤသို့ပြုလုပ်ပြီးနောက် ချောတိုင်အထက်တွင် ချောဆီထည့်ရန် ဝါးပိုးတစ်ဆစ်ကို သီးသန့်ထားရသည်။

ထိုဝါးပိုးအဆစ်အောက်ခြေတွင် အပြင်ဘက်သို့ လက်သုတ်ရူးငယ်ဖြင့် အပေါက် ၂၀ ခန့် ဖောက်ပေးရသည်။ ဆီထွက်ကောင်းစေရန် ခပ်စောင်းစောင်း ဆင်ခြေလျှောဖောက်ပေးရသည်။ ချောဆီအဖြစ် ဝက်ဆီနှင့် ပဲဆီကို ဆတူကျိုချက်၍ ဝါးပိုးဆစ်တွင် ထည့်ထားရ၏။ ထိုဆီနှစ်မျိုးရောအစား အပဲဆီကိုလည်း အသုံးပြုလေ့ရှိသည်။

ချောတိုင်ထိပ်တွင် အလျားတစ်တောင့်ထွာခန့်ရှိသည့် တဘက်၊ သို့မဟုတ် လက်ကိုင်ပဝါ အလံတစ်ခု တပ်ထားရသည်။ ထိုအလံ၏ အရင်း၊ သို့မဟုတ် အဖျားတွင် ဆုငွေအဖြစ် ငွေသားကို ထုပ်၍ထားပေးရသည်။ ချောတိုင်တက်ခြင်းသည် ကြမ်းတမ်းလှသည့် အားကစားနည်းတစ်မျိုး ဖြစ်သည့်အတွက် ပါဝင်ကစားကြမည့်သူများသည် ကိုယ်ခန္ဓာ ကြံ့ခိုင်တောင့်တင်းပြီး လက်မောင်းလက်ရုံးအား ကောင်းသူများ ဖြစ်ဖို့လိုသည်။ ထို့အပြင် ချောတိုင်တက်ရာ၌ ဖွဲ့ကောင်းဖို့ အထူးလိုအပ်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အလံကို ရလုရခင်ရှိကာမှ အောက်ခြေမနိုင်သည့်အတွက် ပြုတ်ကျသည့်အခါများလည်း မနည်းလှချေ။ ချောတိုင်တက်သည့်အခါ တစ်ဖွဲ့က အလျှော့ပေးမှ အခြားတစ်ဖွဲ့က တက်ရသည်။ တစ်ကိုယ်တော် ချောတိုင်တက်သည့်သူလည်း ရှိသေးသည်။ ၎င်းတို့သည် လုံချည်နှစ်ထည်ကို တစ်ထည်စီ ကွင်းထိုးပြီး တဖြည်းဖြည်း ခြေဖြင့်နင်း၍ တက်သွားကာ အလံကို ဖြုတ်ယူသွားတတ်ကြသည်။ ဤသည်မှာ မြန်မာလူမျိုးတို့၏ မလျှော့သော ဖွဲလုံ့လဝီရိယကို သက်သေပြနေသည့် ရိုးရာဓလေ့ကစားနည်းတစ်မျိုးသာလျှင် ဖြစ်ပါတော့သည်။

(၁၉)

## ငါးပိရည်ကျို စားသောက်သည့်ဓလေ့

မြန်မာလူမျိုးတို့သည် အခြားလူမျိုးများ အနံ့မျှပင် မခံနိုင်သည့် ငါးပိရည်ကျိုကို ရိုးရာအစဉ်အလာအရ မြိန်မြိန်ကြီး စားသောက်လေ့ရှိကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။ ငါးပိရည်ကျိုတွင် ငါးပြေမတစ်မျိုးတည်းဖြင့်သာ ပြုလုပ်ထားသည့် ငါးပိရည်ကျို ငါးရံ့တစ်မျိုးတည်းဖြင့်သာ ပြုလုပ်ထားသည့် ငါးပိရည်ကျို ရှိသကဲ့သို့ ငါးအမျိုးအစားသုံးမျိုး ပေါင်းစပ်ပြုလုပ်ထားသည့် ငါးပိရည်ကျိုလည်း ရှိသည်။

ထိုငါးပိရည်ကျိုအမျိုးမျိုးအနက် သုံးမျိုးစပ် ငါးပိရည်ကျိုသည် လူကြိုက်အများဆုံးပင် ဖြစ်သည်။ သုံးမျိုးစပ်ငါးပိရည်ကျိုကို သူ့ထက်ငါ အလုအယက် ဈေးကြီးပေး၍ ဝယ်စားတတ်ကြသည်။ မြစ်ဝကျွန်းပေါ်သို့ အော်ဒါမှာယူပြီး နှစ်လုံးပေါက် စဉ့်အိုးတွင်သိပ်ကာ စားတတ်ကြသည်။ ဤငါးပိရည်ကျိုစားသည့်အလေ့အထသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ခုံမင်နှစ်သက်စွာ စားသောက်လာခဲ့ကြသည့် မြန်မာလူမျိုးတို့၏ အစားအသောက်ဆိုင်ရာ ဓလေ့တစ်ရပ်ပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)
## ငါးကြင်းမြီးဟု ခေါ်ဝေါ်သည့် ရှေးထုံးစဉ်လာ

နှစ်ခွဖြစ်နေသည့် ပစ္စည်းတစ်မျိုးကို တွေ့မြင်ရလျှင်၊ သစ်ပင်တစ်ပင်၌ ခွဆုံကို တွေ့မြင်ရလျှင် လူတို့သည် ငါးကြင်းမြီးဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထို့အပြင် နာရီ၌လည်း ငါးကြင်းမြီးစက်ဟု ခေါ်ခဲ့ကြသလို လက်ဝါးပြင်ပေါ်၌ရှိသော အမှတ်အသားတစ်မျိုးကိုလည်း ငါးကြင်းမြီးဟု ခေါ်ဝေါ်ခဲ့ကြသည်။ လူတို့သည် သစ်ခွဆုံဖြစ်နေသည့်အရာနှင့် နှစ်ခွဖြစ်နေသည်တို့အား တွေ့မြင်ရတိုင်း အဘယ့်ကြောင့် ငါးကြင်းမြီးဟု ခေါ်ဝေါ်ခဲ့ကြပါသနည်း။ ဤစကားသည် မည်သည့်ခေတ်အခါက စတင်ပေါ်ပေါက်သုံးစွဲခဲ့ကြပါသနည်း။ ဤသို့ ခေါ်ဝေါ်ခဲ့ကြခြင်းအကြောင်းကား အောက်ဖော်ပြပါ ဝတ္ထုဇာတ်ကြောင်းကြောင့်ပင် ဖြစ်သည်။

ကမ္ဘာဦးကာလ မဟာသမ္မတမင်းကြီး အုပ်စိုးစဉ်ကပင် ဖြစ်သည်။ မဟာသမ္မတမင်းကြီးသည် ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီးမားလှသည့်အတွက် ကုန်းသတ္တဝါ၊ ရေသတ္တဝါများနှင့် တကွ အခြေလေးချောင်း၊ အခြေနှစ်ချောင်းနှင့် အခြေမရှိသော သတ္တဝါများသည်လည်းကောင်း၊ အတောင်ရှိသော သတ္တဝါများသည်လည်းကောင်း မင်းကြီးထံသို့ အလှည့်ကျ အခစားဝင်ရောက်ကြရသည်။



တစ်နေ့တွင် ရေသတ္တဝါများအလှည့်ကျသည့် နေ့၌ ငါးကြင်းများသည် ရေသတ္တဝါများကိုယ်စား အခစားဝင်ရောက်လာကြသည်။ သူတို့အလျင် အခစားဝင်ရောက်နေကြသည့် တင်ကျီးငှက်များကို မြင်ရသည့်အခါ ငါးကြင်းများသည် ထိတ်လန့်ကြောက်ရွံ့လွန်းသည့်အတွက် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေကြသည်။ မဟာသမ္မတမင်းကြီးသည် ဤအခြင်းအရာကို မြင်ရသည့်အခါ အကြောင်းရင်းကို သိလိုသည့်အတွက် မေးမြန်းလေတော့သည်။

"အသင်ငါးကြင်းတို့ . . . အဘယ့်ကြောင့် ခိုက်ခိုက်တုန်မျှ ကြောက်ရွံ့နေကြတာလဲ။ ကျွန်ုပ်မှတစ်ပါး သင်တို့ကို အဘယ်သူတွေက ကြောက်လန့်စေတာလဲ"

"မြတ်သောအရှင်မင်းကြီး။ ကျွန်ုပ်တို့ ငါးကြင်းများကို မြင်သည့်နေရာတွင် ဖမ်းဆီးနှိပ်စက် စားသောက်လေ့ရှိတဲ့ တင်ကျီးငှက်တို့ကို ကြောက်လွန်းလို့ပါဘုရား"

"အချင်းတင်ကျီးငှက် . . . ကျွန်ုပ်ကဲ့သို့ မင်းကောင်းမင်းမြတ်တစ်ပါး ရှိပါလျက်နဲ့ သင်ဟာ ငါးကြင်းတွေကို နှိပ်စက်သတ်ဖြတ် စားသောက်နေတယ်ဆိုတာ အမှန်ပါလား"

ထိုအခါ တင်ကျီးငှက်ကသည်။ မှန်ကြောင်းဝန်ခံလိုက်သည်။ မဟာသမ္မတမင်းကြီးသည် တင်ကျီးငှက်အား . . .

"အသင်တင်ကျီး . . . မိတ်ဆွေအချင်းချင်း တစ်ဦးနှင့်တစ်ဦး ကူညီစောင့်ရှောက်ကြရမယ်လို့ ကျွန်ုပ်ဆုံးမခဲ့တာကို မမှတ်မိဘူးလား။ ဘာကြောင့် သူတစ်ပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲချင်ရတာလဲ။ ဒီကနေ့ကစပြီး မိတ်ဆွေအချင်းချင်း တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



နဲ့တစ်ဦး သွားလာဆက်ဆံရမယ်။ တစ်ဦးနဲ့တစ်ဦး အခုလို ကြောက်ရွံ့ထိတ်လန့်နေတာမျိုးကို ကျွန်ုပ်မကြိုက်ဘူး။ ဒါကြောင့် နောင်ကိုတစ်ဦးကိုတစ်ဦး နှိပ်စက်ညှဉ်းဆဲတယ်ဆိုတဲ့စကားကို ကြားရရင် ညှဉ်းဆဲသူဟာ ရာဇဝတ်ပြစ်ဒဏ်ခံစားရမယ်။ ကိုင်း . . . မိတ်ဆွေပီပီ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနေကြစေ''ဟု အမိန့်တော်ချမှတ်လိုက်လေသည်။

မင်းကြီး အမိန့်ချမှတ်ပြီးသည့်နောက်တွင် တင်ကျိုးသည် ငါးကြင်းအား တောင်းပန်လိုက်သည်။ တစ်ဦးနှင့်တစ်ဦး သင့်တင့်ညီညွတ်စွာ သွားလာဆက်ဆံနေကြလေသည်။ တစ်နေ့သ၌ ငါးကြင်းသည် တင်ကျိုးထံသို့ အလည်ရောက်သွားသည်။ တင်ကျိုးသည် အိမ်ရှင်တို့ ဝတ္တရားနှင့်အညီ အလည်ရောက်လာသည့် ငါးကြင်းအား စားကောင်းသောင်းဖွယ်များနှင့် ဧည့်ခံကျွေးမွေးလေသည်။ တင်ကျိုးကျွေးသည့် အစာသည် မူးယစ်တတ်သောကြောင့် ငါးကြင်းတို့သည် စားပြီးသည်နှင့် အိပ်ပျော်သွားကြလေတော့သည်။

ထိုအခါ တင်ကျိုးသည် အိပ်ပျော်နေသည့် ငါးကြင်းတို့၏ အမြီးကို ကိုက်ဖြတ်ယူ၍ အနီးရှိ သစ်ပင်တစ်ပင်၏ ခွဆုံပေါ်သို့ တင်ထားလိုက်သည်။ ငါးကြင်းတို့ အမူးပြေ၍ အိပ်ရာမှနိုးသည့်အခါ သူတို့၏အမြီးများ တိတိရိရိ ပြတ်နေသည်ကို တွေ့ကြရသဖြင့် တင်ကျိုးငှက်အား . . .

''အဆွေ . . . ကျွန်ုပ်တို့ အိပ်ပျော်နေခိုက်မှာ ကျွန်ုပ်တို့ရဲ့ အမြီးတွေကို သင်ဘာကြောင့် ကိုက်ဖြတ်ပစ်ရတာလဲ''ဟု စွပ်စွဲ



ပြောဆိုမေးမြန်းကြသည်။ တင်ကျိုးငှက်ကလည်း သူဘာကိုမျှမသိလေဟန်နှင့် . . .

''ကျွန်ုပ်လည်း အဆွေတို့နဲ့အတူရောပြီး အိပ်ပျော်နေတာမို့ ဘာမျှမသိပါ။ ကျွန်ုပ်ဖြတ်တာမဟုတ်ပါဘူး''ဟု ပြန်ပြောလိုက်လေသည်။ ထိုအခါ ငါးကြင်းတို့သည် မိတ်ဆွေဝတ္တရားဖောက်သည်ဟု ပြောဆိုပြီး မဟာသမ္မတမင်းကြီးရှေ့တော်မှောက်သို့ ဝင်ရောက်ပြီး တိုင်တန်းလျှောက်ကြတော့သည်။

ထိုအခါ မဟာသမ္မတမင်းကြီးသည် နှစ်ဦးနှစ်ဖက်စလုံး မမေးမြန်းမီ ငါးကြင်းတို့၏ တိုင်တန်းချက်အရ တင်ကျိုးငှက်တို့ကို ခေါ်ယူစစ်ဆေးလိုက်သည်။ တင်ကျိုးငှက်ကလည်း ကွယ်ဝှက်၍ အစစ်ခံလေသည်။ မင်းကြီးသည် တရားလို၊ တရားခံတို့အား အသီးသီး မေးမြန်းစစ်ဆေးပြီးသည်နှင့် . . .

''အသင်တင်ကျိုးငှက် နားထောင်ပါ။ ငါးကြင်းတွေက သူတို့ရဲ့အမြီးကို သင်ဖြတ်ယူတယ်လို့ ဆိုတယ်။ သင်ကလည်း မဖြတ်ပါဘူးလို့ ဆိုတယ်။ ဒါပေမယ့် ငါးကြင်းတွေရဲ့အမြီး အဖြတ်ခံရတဲ့အမှုမှာ သင်ဖြတ်သည်ဖြစ်စေ၊ မဖြတ်သည်ဖြစ်စေ ပျောက်ဆုံးတဲ့နေရာဟာ သင့်ပိုင်နက်၊ သင့်ရဲ့အိမ်ထဲမှာ ဖြစ်တယ်။ ဒါကြောင့် အိမ်ရှင်က ကျေးနပ်နှစ်သက်လက်ခံလို့ လာရောက်တည်းခိုတဲ့ ဧည့်သည်ရဲ့ တစ်စုံတစ်ခု မည်သို့သောပစ္စည်းကိုမဆို ပျောက်ဆုံးပျက်စီးခဲ့မယ်ဆိုရင် အိမ်ရှင်ဟာ မိမိရဲ့ပိုင်နက်အတွင်းမှာ ဖြစ်သွားတဲ့အတွက် ခိုးဝှက်ထားသူကို ရှာဖွေပေးပြီး ပျောက်ဆုံးသွားတဲ့ပစ္စည်းကို ပြန်အပ်ရမယ်။ မအပ်နိုင်ရင် ဧည့်သည်ဆုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ပစ္စည်းရဲ့တန်ဖိုးကို ဆတူလျော်ကြေးပေးစေရမယ်ဆိုတာ ကျွန်ုပ်ရဲ့ တရားစီရင်ထုံးမှာရှိပေတယ်''

''ဒီအတွက် အခုအမှုမှာ တာဝန်ရှိတဲ့ အသင်တင်ကျီးဟာ ခိုးဝှက်ထားသူကို ရှာဖွေမပေးနိုင်တဲ့အတွက် ညှော်သည်ငါးကြင်း ပျောက်ဆုံးသွားတဲ့ အမြီးကို ဆတူတန်ဖိုးပေးလျော်ရမယ်။ ငါးကြင်းဟာ ရေမှာနေတဲ့ သတ္တဝါဖြစ်တယ်။ သူဟာ အမြီးရှိမှသာ ရေထဲမှာ ကူးခတ်နိုင်မှာဖြစ်တယ်။ အခုလို အမြီးမရှိတော့ရင် သူဟာ ရေထဲမှာ ကျင်လည်ကျက်စားနိုင်မှာမဟုတ်တော့ဘူး။ ဒါကြောင့် ငါးကြင်းပျောက်ဆုံးသွားတဲ့ အမြီးပြတ်နေရာမှာ တင်ကျီးရဲ့အမြီးကိုဖြတ်ပြီး အမြီးအစား ပြန်ဆက်ပေးစေ''ဟု စီရင်ချက်ချမှတ်လိုက်လေတော့သည်။

ထိုအခါမှစ၍ တင်ကျီး၏အမြီးကို ယူထားရသည့် ငါးကြင်း၏ အမြီးပိုင်းသည် သဘာဝအလျောက်ဖြစ်သည့် ကိုယ်အထက်ပိုင်းနှင့်မတူဘဲ အမြီးနေရာ၌သာ အနက်ကွက်များ ဖြစ်နေလျက် အဆင်မပြေရှိလှလေသည်။

ငါးကြင်း၏အမြီးပြတ်ကို တင်ကျီးငှက်ခိုးယူဝှက်ထားသည့် သစ်ပင်ခွဆုံပေါ်တွင် ငါးကြင်းအမြီးရှိသည်ကို အစွဲပြု၍ ငါးကြင်းမြီးခွဟူ၍ ခေါ်ဝေါ်ခဲ့ကြသည့်အပြင် နှောင်းလူတို့သည် နှစ်ခွဖြစ်နေသည့် အရာဝတ္ထုတိုင်းအား တွေ့သည့်အခါတွင် ငါးကြင်းမြီးဟု ခေါ်ဝေါ်ခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်ပါလေတော့သည်။

## (၂၁)
## စကားထာဝှက်သည့် ရိုးရာယဉ်ကျေးမှုဓလေ့

မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့ဖြစ်သည့် စကားထာဝှက်ခြင်းသည် စာပေလိုက်စားသူအချို့၌သာ တည်ရှိတော့သကဲ့သို့ ကျောင်းသားထုထဲ၌လည်း ကျောင်းသားအနည်းငယ်မျှသာလျှင် စကားထာဝှက်ခြင်းကို စိတ်ဝင်စားကြတော့သည်။ ဤ၌ စကားထာဟူသည် မည်သို့သဘောအဓိပ္ပာယ်ရှိပါသနည်းဟု သိရန် လိုအပ်လာသည်။

မဟော်သဓာဇာတ်တော်၌ အလောင်းတော် မဟော်သဓာနှင့် အမရာ တွေ့သည့်အခါ အမည်ကိုမေးလိုက်သည်။ ထိုအခါ အမရာသည် ...

''ကျွန်ုပ်၏ အမည်သည် ဖြစ်ဆဲ၊ ဖြစ်ပြီး၊ ဖြစ်လတ္တံ့သော ကာလသုံးပါးတွင် မရှိသော အမည်ပါတည်း''ဟူ၍ အမည်ကို စကားထာဖြင့် ဖြေဆိုခဲ့လေသည်။ ထိုအခါ မသော်သဓာသည် ကာလသုံးပါး၌ မရှိသောအရာကား 'အမရာ'ဖြစ်၏ဟု စကားထာ၏ အဖြေမှန်ကို ဖော်လိုက်သည်။ ထို့အပြင် အမရာက သူမ၏ ဖခင်သည် သချိုင်းကုန်း၌ လယ်လုပ်ကြောင်းကို စကားဖြောင့် မဆိုဘဲ ...

www.burmeseclassic.com

www.burmeseclassic.com



"လူတို့ တစ်ကြိမ်ရောက်က တစ်ခေါက်ပြန်မလာသော အရပ်၌ လယ်လုပ်ပါသည်"ဟူ၍ စကားဖြောင့်မဆိုဘဲ စကားထာ ဝှက်၍ ပြောပြခဲ့လေသည်။ မဟော်သဓာက အမရာအား "သင် ဤယာဂုကို မည်သူ့ထံပို့ဆောင်မည်နည်း"ဟုမေးရာ အမရာက "အိမ်ရှေ့နတ်သို့ ပို့ပါမည်"ဟု ဆိုသည်။ အိမ်ရှေ့နတ်ဆိုသည် ဖခင်ကို ဆိုလိုခြင်းဖြစ်သည်။

တကောင်းခေတ်မှ မောင်ပေါက်ကျိုင်းအား "ထောင်ပေးလို့ဆုတ်၊ ရာပေးလို့ချုပ်၊ ချစ်တဲ့သူအရိုး ဆံထိုးလုပ်"ဟူ၍ မိဖုရားမေးမြန်းသည်ကလည်း စကားထာဝှက်၍ မေးမြန်းခြင်းပင် ဖြစ်သည်။ စကားထာဝှက်ခြင်းကို "ပန်းဖွက်သည်"၊ "ပန်းဝှက်သည်" ဟုလည်း ခေါ်တွင်သုံးနှုန်းခဲ့ကြသည်။ ဝှက်ထားသည့်စကားကို မဖြေနိုင်သည့်အခါ မဖြေနိုင်ပါဘူးဟု ပြောရိုးမရှိဘဲ "ပန်းပေးပြီ" ဟု ပြောရသည်။

စကားထာဝှက်သည့်ဓလေ့ ထွန်းကားသည့်အချိန်ကဆိုလျှင် အရွယ်ရောက်လာသည့် မိန်းမပျိုတို့သည် ညအခါ ဝဲလင်းဆောင်၌ ဗိုင်းငင်သည့်အခါများ၌ စကားထာဝှက်လေ့ရှိကြသည်။ ကာလသားများသည် မိန်းမပျိုများရှိရာ ဝဲလင်းဆောင်သို့ ညစဉ်သွားရောက်ကြပြီး ပန်းဝှက်ကြသည်။ ကာလသားများသည် ခါးပိုက်ထဲမှ ပန်းများကိုထုတ်၍ မိမိရှေ့တွင် ပုံလိုက်ကြသည်။ ပါဝင်လိုသူတိုင်း ပန်းထုတ်ပြီး ပုံကြသည်။ ပန်းဝှက်ရာတွင် အိမ်ရှင်ကို ဦးစားပေးကြရသည်။

မိန်းမပျိုများသည် ရောက်ရှိလာကြသည့် လုလင်ပျို



ကာလသားများအထဲ၌ မည်သူ ဗဟုသုတနှင့် ပြည့်စုံသည်ကို သိလိုကြသည့်အတွက် ဉာဏ်စမ်းသည့် စကားထာများကို ဝှက်လေ့ရှိကြသည်။

"ကျွန်အသက် သပြေခက် ရလဒ်စားခြေတူပါစေ"

အထက်ပါအမေးကို လုလင်ပျိုက မှန်ကန်စွာ ဖြေဆိုနိုင်ပါလျှင် ကာယကံရှင် မိန်းကလေးက ပန်းတစ်ပွင့်၊ သို့မဟုတ် သတ်မှတ်ထားသည့် ပန်းပွင့်များ ပေးရသည်။ လုလင်ပျို မဖြေနိုင်ပါမူ "ပန်းပေးပါပြီ နှမရယ်"ဟု ပြောဆိုပြီး မိန်းကလေးကို ပန်းများ စုပေးရသည်။ အထက်ပါစကားထာ၏ အဖြေကား အောက်ပါ အတိုင်းပင် ဖြစ်သည်။

သပြေခက်တွင် မြန်မာနာမ်ကောက်နည်းအရ နောက်ဆုံးကစပြီး ကောက်ရသည်။

'ခက်'သည် ၂၊ 'ပြေ'သည် ၅၊ 'သ'သည် ၆၊ ထို့ကြောင့် ၂၅၆ ဖြစ်လာသည်။ ၂၅၆ ၏ ကိန်းရင်းကို ကိန်းရင်းရှာနည်းဖြင့်ရှာလျှင် ၁၆ ရသည်။ မိန်းကလေး၏အသက်မှာ ၁၆ နှစ်ဖြစ်ကြောင်း သိနိုင်သည်။ ထို့အတူပင် "အလံတစ်ရာမြေတွင်းမှာခွေ၊ တစ်နေ့လက်နှစ်သစ်၊ ကျွန်မသက္ကရာဇ်"ဟူသည့် သချာဉာဏ်စမ်းစကားထာများ။ စံပယ်ဖူးစ ဆီးယောက်မ ဟူသည့် စကားလိမ်များ၊ ထိုစံပယ်ဖူးစ ဆီးယောက်မဟူသည့် စကားလိမ်မှာ စံပယ်ဖူးသည် 'ငုံ'၏၊ ဆီးယောက်မသည် 'မွှေ'၏၊ ငုံမွှေသည် စကားလိမ်သာဖြစ်၍ စကားဖြောင့်မှာ 'ငွေမှုန်'ပင် ဖြစ်သည်။

ထို့အတူပင် 'ကန်၏တန်ဆာ၊ တံငါလက်ဆွဲ'ဟူရာ၌

www.burmeseclassic.com

www.burmeseclassic.com



ကန်၏တန်ဆာသည် 'ကြာ'ဖြစ်၍ တံငါသည်တို့၏လက်စွဲမှာ 'ပိုက်'ဖြစ်သည်။ ထို့ကြောင့် 'ကြာပိုက်'၏ စကားဖြောင့်မှာ 'ကြိုက်ပါ'ဟူ၍ပင် ဖြစ်သည်။ ပင်လယ်ဓားပြဟူသည့် စကားလိမ်မှာလည်း ထိုအတူပင် ဖြစ်သည်။ စကားထာဝှက်ခြင်း၊ ပန်းဝှက်ခြင်း စသည့် ဓလေ့သည် တဖြည်းဖြည်း တိမ်ကောလာခဲ့ပြီ ဖြစ်သည်။ မှတ်သား စုဆောင်းထားသူတို့၏ ထုတ်ဖော်မှုကြောင့် စကားထာပုဒ်ရေ သုံးရာမျှသာ စာအုပ်အဖြစ်တည်ရှိနေလေတော့သည်။

# (၂၂)

# စကြာတံဆိပ် သာသနာ့အထိမ်းအမှတ်ဓလေ့

မြတ်ဗုဒ္ဓသည် ပဥ္စဝဂ္ဂီငါးပါးတို့အား မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဓမ္မစက္ကသုတ္တန်ကို ဟောကြားတော်မူခဲ့သည်။ ဓမ္မစက္ကကို ဓမ္မစကြာဟု မြန်မာစကားဖြင့် ခေါ်ကြသည်။ စက္ကမှ စကြာဟု မြန်မာမှုပြုထားခြင်း ဖြစ်သည်။ လှည့်လည်ခြင်းဟု အဓိပ္ပာယ်ရသည်။ ဓမ္မစက္ကပဝတ္တန် ဆိုသည်မှာ တရားများ လှည့်လည်မှုကို ဖြစ်စေပြီဟု ဆိုလိုသည်။ စက္က–စကြာကို မြန်မာတို့က လှည်းဘီးဟု ဘာသာပြန်ကာ အထိမ်းအမှတ်ပြု အလေး အမြတ်ထားခဲ့ကြသည်။ စကြာဆိုသည်မှာ ယခုသိရှိနေကြသည့် လှည်းဘီးမဟုတ်ချေ။

စကြာတွင် လက်တံလေးခုသည် ထောင့်မှန်အတိုင်း ဒီဂရီ ၉၀ တည်ရှိပြီး စကြာသည် ကြက်ခြေကိုမှုတည်၍ လက်ယာရစ် လက်ဝဲရစ် လှည့်ပတ်မှုပုံသဏ္ဍာန်ပေါ်ကြသည်ဟု ဆိုကြသည်။ စကြာဖြစ်ပေါ်ရာ ကြက်ခြေတွင် ကြက်ခြေ၏သဘောသဘာဝသည် . . .

www.burmeseclassic.com

www.burmeseclassic.com



... စွန့်လွှတ်ခြင်း

... အမှန်တရား

... ဥပဒေသ

... အတွေ့အကြုံ ဖြောင့်မတ်ခြင်း

... ဟန်ချက်တည်ငြိမ်ခြင်း သဘောကို ဆောင်သည်။

စကြာ၏ သဘောသည်ကား ...

... ရဲရင့်ခြင်း

... သတ္တိရှိခြင်း

... ရဲဝံ့စွန့်စားခြင်း

... ဥပဒေသများနှင့် ညီညွတ်ခြင်း

... ကောင်းမွန်မြင့်မြတ်ခြင်းတို့ကို ကိုယ်စားပြုလေသည်။

လက်ဝဲရစ် = ပြောင်းပြန်လှည့်ပတ်မှုသဘောသည် မိစ္ဆာလှည့်ပတ်ခြင်းသာဖြစ်၍ ကံဆိုးသည့်အဓောင်အယောင်သာ ဖြစ်သည်။ (ဂျာမနီတွင် အာဏာရှင်ဟစ်တလာသည် လက်ဝဲရစ်စကြာကို အသုံးပြုခဲ့သောကြောင့် ပျက်စီးဆုံးရှုံးမှုနှင့်သာ အဆုံးသတ်ခဲ့ရသည်။) ထိုစကြာကို အသုံးပြုသည့် အထိမ်းအမှတ်သည် ဘုရားရှင်ပွင့်လာပြီး ဓမ္မစကြာတရားဟောမှသာ ပေါ်ပေါက်လာသည့် အထိမ်းအမှတ်မဟုတ်ချေ။ ဤစကြာသည် မည်သည့်အချိန်အခါကတည်းက လူသားတို့ အသုံးပြုခဲ့သည်ကို ခြေရာကောက်၍ မရခဲ့ချေ။ အလွန်ရှေးကျသည့်ကာလကတည်းကပင် လူတို့အသုံးပြုခဲ့ကြသည်ဟု ယုံကြည်ခဲ့ကြသည်။



ကျောက်ခေတ်လူသားတို့ နေထိုင်ခဲ့ကြသည့် ကျောက်ဂူနံရံများ၌လည်းကောင်း၊ တရုတ်၊ အိန္ဒိယ စသည့် အာရှဒေသများ၌လည်းကောင်း၊ ရုရှား၊ ဥရောပ၊ အာဖရိကနိုင်ငံများ၌သာမက မက္ကဆီကိုနိုင်ငံနှင့် အင်ဒီးယန်း အမေရိကန် လူနီနိုင်ငံများ၌လည်း ထိုစကြာအမှတ်အသားကို တွေ့ရသည်ဟု ဆိုကြသည်။

တစ်ဖန် ရှေးဟောင်း ပီရူးလူမျိုးများ၊ အက်ဆီးနီးယန်းလူမျိုးများ၊ ခယ်(လ်)ဒီယန်လူမျိုးများ၏ အဆောက်အဦများ၊ မြေအောက်လိုဏ်ဂူများတွင်လည်း ထိုစကြာအမှတ်အသားကို တွေ့မြင်ရသည့်အတွက်ကြောင့်လည်းကောင်း၊ အာရိယန်တို့၏ မျိုးဆက်ဖြစ်သော ရှေးဟောင်း ထရိုဂျန်လူမျိုးတို့နေထိုင်ရာ ထရွိုင်မြို့ဟောင်းကို တူးဖော်ရာမှ ကြေးပြားပိုင်းများတွင် စကြာတံဆိပ်များကို တွေ့ရသောကြောင့်လည်းကောင်း၊ ရှေးဟောင်းနိုင်ငံများ၏ ကိုးကွယ်ယုံကြည်ရာ ဘာသာများနှင့် သက်ဆိုင်သည့် ရုပ်တုများ၏ အထွတ်အထိပ်တွင် စကြာတံဆိပ်ကို တွေ့ရသောကြောင့်လည်းကောင်း၊ ဤစကြာအထိမ်းအမှတ်အား ပြုလုပ်မှုသည် မည်သည့်ခေတ်က စခဲ့သည်ဟူ၍ မပြောနိုင်ချေ။

အချို့ကလည်း ဂန္ဓာရီပညာရပ်များဆိုင်ရာ သင်္ကေတဟု ဆိုကြသည်။ ဂန္ဓာရီပညာရပ်ဆိုင်ရာ သင်္ကေတအမျိုးမျိုး ရှိသည့်အနက် အထူးအရည်အချင်းရှိသော အထိမ်းအမှတ် သင်္ကေတအရုပ်သည် ဤစကြာတံဆိပ်ပင် ဖြစ်သည်။ စကြာဖြစ်ပေါ်မှုသည် စက်ဝိုင်းတစ်ခုအတွင်း၌ ကြက်ခြေ သင်္ကေတ်ခုကို ရေးဆွဲပြီး စက်ဝိုင်း၏ အနားရစ်အချိုးကို ဖျက်လိုက်လျှင် စကြာပုံရရှိသည်။ စက်ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



သည် အစအဆုံးမရှိ၊ ဗဟိုချက်မကို မတွေ့ရသော ဝိညာဉ်၏သဘောကိုဆောင်၏။ ကြက်ခြေခတ်ပုံသဏ္ဍာန်သဘောကိုဆောင်သည်။ ယင်းနှစ်ခုကို ပေါင်းစပ်၍ စကြာတံဆိပ်ကို မွေးထုတ်လိုက်သည့်အခါ ပုံသဏ္ဍာန်နှင့်ဆိုင်ရာ သဘောမှေးမှိန်သွားပြီး ပုံသဏ္ဍာန်တို့ကို ဖန်ဆင်းခြင်းသဘောကို တွေ့ရသည်။

ထို့ကြောင့် စကြာတံဆိပ်တွင် တည်ရှိသော ငုပ်လျှိုးနေသည့် အရည်အသွေးကို ဖော်ထုတ်ရာ၌ စကြာပုံသဏ္ဍာန်အပြန်အလှန် ဆက်သွယ်မှုကို လေ့လာရမည် ဖြစ်၏။ စတုရန်းပုံတစ်ပုံ၏ အဓိပ္ပာယ်ကို လေ့လာပါက စကြဝဠာတစ်ခု၊ လောကတစ်ခု သို့မဟုတ် လူဟူသည့် အသေးစား စကြဝဠာတစ်ခုဟု အဓိပ္ပာယ်ထွက်နေသည်ကို တွေ့ရှိရသည်။ အနားသတ်မျဉ်းများမှာ ကွက်တိဆုံလျက်ရှိကြပြီး ပြီးပြည့်စုံခြင်းသဘောကို ဆောင်လေသည်။ စကြာသည် မိမိ၏ ဗဟိုချက်ကို ဗဟိုပြု၍ လည်ပတ်ခြင်းက ကမ္ဘာသည် နေကိုလည်ပတ်ခြင်းသဘောကို ကိုယ်စားပြုသည်။

ထို့အတူပင် ကမ္ဘာကြီး၏ အာကာသအချိန်ဆိုင်ရာ အာရုံခံစားမှုများသည် နက္ခတ်မိုးကောင်းကင်အတွင်း၌ ဖြတ်သန်း၍ ရာသီဥတုလေးခုကိုလည်း လက်တံလေးချဖြင့်ခွဲခြားကာ နှစ်ကာလနှင့် ရာသီဥတုဆိုင်ရာ သင်္ကေတလေးခုကို ကိုယ်စားပြုသည်ဟု ဆိုကြသည်။ စကြာ၏ လည်ပတ်မှုသဘောသည် ဖြစ်တည်ပျက်ဖြင့် အစဉ်လည်ပတ်နေသည့် သဘာဝမွေသဘောကို ဆောင်သည်။ စကြာလက်တံလေးခုသည် ထောင့်မှန် ၉၀ ဒီဂရီဖြစ်နေခြင်း



သည်ကား သဘာဝ၌ မမြင်ရသော အင်အားများ အဆက်မပြတ် လှုပ်ရှားနေခြင်းကို ရည်ညွှန်းသည်ဟု ဆိုကြသည်။

စကြာ၏ ပုံသဏ္ဍာန်ကို ဖြစ်ပေါ်စေသော မျဉ်းနှစ်ကြောင်းတို့သည် ရုပ်ဒြပ်နှင့် ဝိညာဉ်ကိုယ်စားပြုနေခြင်းဖြစ်၍ အကောက်လေးခုမှာမူ လည်ပတ်လှုပ်ရှားမှုကို ကိုယ်စားပြုလေသည်။ တစ်ဖန်ဒေါင်လိုက်မျဉ်းသည် ဖခင်အင်အားစုဖြစ်ပြီး၊ အလျားလိုက်မျဉ်းသည် မိခင်အင်အားစုဖြစ်သည့်အတွက် ကြက်ခြေသည် မိခင်နှင့်ဖခင်တို့၏ ဝိညာဉ်များ ပူးပေါင်းခြင်းဖြစ်ကာ ထိုမှတစ်ဆင့်ကဲဖြစ်စဉ်အရ စကြာတည်းဟူသော သားသမီးကို မွေးဖွားခြင်းသင်္ကေတဟူလည်း ယူဆကြလေသည်။

တိဘက်တို့သည် စကြာကို အဓိကအလေးထားပြီးယင်းတို့၏ ရှေးဟောင်းမဏ္ဍလများ၌ စကြာပုံကို အဓိကရေးဆွဲထားပြီး စကြာသည် သဘာဝတရားကြီး၏ ဖန်တီးမှုတွင် အဓိကကျသည့် အချက်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ဗုဒ္ဓဘာသာမှာစကြာတွင် သံသရာလည်ရာ၌ သစ္စာလေးချက်သည် အဓိကဖြစ်သည်ဟု ခံယူထားသည်။ လောဘ(တဏှာ) သမုဒယသစ္စာကြောင့်ဆင်းရဲမှုဒုက္ခသစ္စာ ဖြစ်နေသည်။ မဂ္ဂသစ္စာကြောင့် နိရောဓသစ္စာသို့ ဆိုက်ရောက်ရသည်။ ဤသစ္စာလေးချက်သည် စကြာ၏အဓိကသင်္ကေတဖြစ်သည်ဟု ခံယူထားကြသည်။

သိပ္ပံပညာရှင်တို့၏ အယူအဆအရမူ အရာဝတ္ထုမှုန်သမှုန်အား အထပ်ထပ် ခွဲခြမ်းစိတ်ဖြာလိုက်ပါက နောက်ဆုံး 'အား' (သို့) စွမ်းအင်ကိုသာ တွေ့ရသည်ဟု ဆိုသည်။ အကြင်အခါ အရည်

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့သည် 'အက်တမ်'များဖြင့် ဖွဲ့စည်းထားပြီး ထိုအက်တမ်များအတွင်းမှ အမှုန်များကို ဆက်လက်ခွဲစိတ်သွားပါက နောက်ဆုံးတွင် အားများဖွဲ့စည်းနေသည်ကို တွေ့ရှိရသည်။ ယင်းစွမ်းအားများသည် သက်ရှိသက်မဲ့အမျိုးမျိုးကို ရုပ်လုံးပေါ်စေပြီး အစဉ်အမြဲလှည့်ပတ်လှုပ်ရှားနေကြသည်ဟု ဆိုကြသည်။ အဆိုပါ စွမ်းအားများ၏ ဖန်တီးမှု ဆင့်ကဲဖြစ်စဉ်သည် အစဉ်မပြတ် ဖြစ်ပေါ်နေခြင်းသာ ဖြစ်သည်။

ဖြစ်လာလိုက်၊ ခေတ္တမျှတည်နေလိုက်၊ ပျက်သွားလိုက်နှင့် ဗုဒ္ဓဝါဒအလိုအရ ဖြစ်တည်ပျက် ဥပါဒ် ဌီ ဘင် များသာ ဖြစ်ကြရာ အစဉ်မပြတ် လည်ပတ်နေလေသည်။ ထိုသဘောသဘာဝအရ စကြာသည် လောကရှိသက်မဲ့တို့၏ စဉ်ဆက်မပြတ် လည်ပတ်မှုသဘောကို သင်္ကေတအားဖြင့် အထိမ်းအမှတ်ပြုထားသည့် ဘာသာသာသနာ ယဉ်ကျေးမှု ရိုးရာဓလေ့ သင်္ကေတတစ်ခုသာလျှင် ဖြစ်ပါလေတော့သည်။

## (၂၃)
## စေတီဘုရား တည်ထားကိုးကွယ်သည့်ဓလေ့

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ စေတီဘုရားတည်ထားကိုးကွယ်သည့်ဓလေ့သည် ဂေါတမဘုရားမပွင့်မီ ရှေးကမ္ဘာအသင်္ချေကတည်းကပင် ရှိခဲ့သည်။ အပါဒါန်ပါဠိတော်၌ 'ပုလိနပူဇ ဒကမထေရ်'အလောင်းသည် လွန်ခဲ့သည့် ကမ္ဘာတစ်သိန်းက သဲပုံစေတီတည်၍ ပန်းများဖြင့် ပူဇော်ခဲ့သည်။ ထို့ပြင် 'ပုလိနထုပိယ' အလောင်း နာရဒရသေ့သည်လည်း ကျောင်းသခ်မ်းအနီး 'အပရိတ'မြစ်အနီး၌ သဲပုံစေတီတည်ကာ ရွှေဆည်းလည်းတို့ဖြင့် ပူဇော်ခဲ့သည်။

ဒီပင်္ကရာဘုရားရှင်မှစ၍ ကဿပဘုရားရှင်အထိ ၂၄ ဆူသော ဘုရားရှင်တို့ ပရိနိဗ္ဗာန်စံဝင်သည့်အခါ ဓာတ်တော်များကို စေတီတည်ထားကိုးကွယ်သည့်အကြောင်း ဗုဒ္ဓဝင်ပါဠိတော်၌ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်။ ကျွန်ုပ်တို့၏ ဂေါတမဘုရားရှင်လက်ထက်တော်၌လည်း အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်သည့် မဟာသက္ကရာဇ် ၉၇ ခုကတည်းကပင် ဘုရားတည်ခဲ့ကြောင်း သိရှိနိုင်သည်။

ဘုရားလောင်းတောထွက်ပြီး ဆံတော်ကို ပယ်သည့်အခါ သိကြားမင်းသည် တစ်ယူဇနာရှိသော ပန်းတောင်းဖြင့် ထိုဆံတော်

www.burmeseclassic.com

www.burmeseclassic.com



ကို မကိုဋ်နှင့်တကွ ခံယူတော်မူ၍ မိမိစံရာ တာဝတိံသာနတ်ပြည်ဝယ် ရတနာခုနစ်ပါးဖြင့် မွမ်းမံစီခြယ်အပ်သော သုံးယူဇနာဉာဏ်တော်အမြင့်ရှိသည့် စူဠာမဏိစေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။ အလားတူပင် ဃဋိကာရဗြဟ္မာမင်းသည်လည်း ဘုရားလောင်း၏ ဝတ်လဲတော်ကို ယူဆောင်ပြီး ဗြဟ္မာ့ပြည်တွင် 'ဒုဿစေတီတော်' တည်ထားကိုးကွယ်ခဲ့သည်။

ထို့ပြင် ဘုရားရှင် ရာဇာယတနသစ်ပင်အောက်တွင် လင်းလွန်းပင်၌ စံတော်မူစဉ် တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ကို ဆံတော် ၈ ဆူ ချီးမြှင့်တော်မူခဲ့သည်။ ကုန်သည်ညီနောင်တို့သည် ထိုဆံတော် ၈ ဆူကို 'ပေါက္ခရဝတီမြို့' (ယခု ရန်ကုန်မြို့) သို့ ပြန်ရောက်သည့်အခါ စေတီတည်ထားကိုးကွယ်ခဲ့ကြသည်။ ယခု ရွှေတိဂုံစေတီတော် ဖြစ်သည်။

တစ်ဖန် ဘုရားရှင်လက်ထက်တော်မှာပင် အရှင်ဓာဟိယဒါရုစရိယ ရဟန္တာ ပရိနိဗ္ဗာန်စံဝင်သည့်အခါ၌လည်းကောင်း၊ လက်ယာတော်ရံ ရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ ရှင်အဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးတို့ ပရိနိဗ္ဗာန်စံဝင်သည့်အခါ၌လည်းကောင်း ဓာတ်တော်များကို ဓာတုစေတီ တည်ထားတော်မူခဲ့သည်။

လူနတ်ဗြဟ္မာသတ္တဝါတို့ မြတ်မြတ်နိုးနိုး ကိုးကွယ်ပူဇော်ရာဌာနကို ပါဠိလို 'စေတိယ'၊ မြန်မာလို စေတီဟု ခေါ်ခြင်းဖြစ်သည်။ စေတိယသဒ္ဒါသည် ကိုးကွယ်ပူဇော်ရာမှန်သမျှ နတ်ကွန်း၊ နတ်နန်း၊ နတ်သစ်ပင်မှစ၍ စေတီအမည်ရနိုင်သည်။ သို့သော် မြန်မာဗုဒ္ဓဘာသာဝင်တို့ စေတီဟု သတ်မှတ်ခေါ်ဆိုရာ၌မူ ရတနာ



မြတ်သုံးပါးနှင့်ပတ်သက်သည့် ကိုးကွယ်ပူဇော်ရာကိုသာ စေတီဟူ၍ အသိအမှတ်ပြုထားကြလေသည်။

ထိုစေတီတော်သည်လည်း ၄ မျိုးရှိသည်။ ၎င်းတို့မှာ –

(၁) **ဓာတုစေတီ** = ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် ကျန်ရှိသော စွယ်တော်၊ ညှပ်ရိုးတော်၊ မပြိုကွဲမပျက်စီးသော ဓာတ်တော် ၇ ဆူနှင့် အစိတ်စိတ်အမြွာမြွာ ပြိုကွဲသွားသည့် ဓာတ်တော်များကို ဌာပနာသွင်း၍ တည်ထားသည့် စေတီ။

(၂) **ဓမ္မစေတီ** = ဘုရားရှင်ဟောကြားတော်မူခဲ့သည့် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ တရားတော်များကို ဓမ္မစေတီဟု ခေါ်သည်။

(၃) **ဥဒ္ဒိဿစေတီ** = ဘုရားရှင်ကိုယ်တော်အား ရည်မှန်း၍ တည်ထားအပ်သော ရုပ်ပွားဆင်းတုတော်များကို ဥဒ္ဒိဿစေတီတော်ဟု ခေါ်သည်။

(၄) **ပရိဘောဂစေတီ** = ဘုရားရှင်၏ အသုံးအဆောင်ဖြစ်သော ဗောဓိညောင်ပင်၊ ပရိက္ခရာ စသည့် ပစ္စည်းတို့ကို ဌာပနာသွင်း၍ တည်ထားကိုးကွယ်သည့် စေတီတော်ကို ပရိဘောဂစေတီဟု ခေါ်သည်။ အထက်ပါအချက်များကို ထောက်ဆကြည့်ပါက စေတီဘုရား တည်ထားကိုးကွယ်မှုသည် ဘုရားမပွင့်မီနှင့် ဘုရားရှင်လက်ထက်ပင် ပြုလုပ်ခဲ့သည့် ဗုဒ္ဓဘာသာ ရိုးရာယဉ်ကျေးမှု အထိမ်းအမှတ်ဓလေ့သာ ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)
## စေတီဘုရား တည်ထားကိုးကွယ်ခြင်း အထိမ်းအမှတ်များဓလေ့

ဘုရားရှင် ရာဇာယတနသတ္တာဟ လင်းလွန်းပင်၌ စံတော်မူနေစဉ် တဖုဿ ဘလ္လိက ကုန်သည်ညီနောင်တို့အား ဆံတော်ရှစ်ဆူ ချီးမြှင့်တော်မူခဲ့ရာ ဥက္ကလာပဇနပုဒ် (ယခု ရန်ကုန်မြို့) သို့ ပြန်ရောက်ပြီး စေတီတည်ထားကိုးကွယ်ခဲ့သည်။ ထိုစေတီတော်သည် ရွှေတိဂုံစေတီတော်ပင် ဖြစ်သည်။ ရွှေတိဂုံစေတီတော်တည်ထားကိုးကွယ်ခဲ့သည့် သိင်္ဂုတ္တရကုန်းတော်သည် ယခု ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးကြကုန်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ တည်ရှိရာ ကုန်းတော်မြတ်လည်း ဖြစ်သည်။

ဥက္ကလာပမင်းကြီးသည် သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေမတွေ့သောကြောင့် သိကြားမင်းဆင်းလာပြီး ပထမထိန်ပင်စောင့်နတ်ကိုမေးသည်။ ထိုနတ်လည်း မသိသောကြောင့် သက်တမ်းရှည်စွာနေကြရသည့် မော်ဘီနတ်ကြီး၊ ဆူးလေနတ်ကြီး၊ ရောဟိနီနတ်ကြီး၊ ဒက္ခိဏနတ်ကြီးတို့ကို မေးမြန်းရသည်။ ကမ္ဘာတည်စကတည်းက ပါလာသည့် အမြိုသခေါ် မော်ဘီနတ်ကြီးက ရှေး



ဘုရားတို့ ဓာတ်တော်မွေတော်များရှိသည့် နေရာကို ညွှန်ပြပြီး ထိုနေရာတွင် ဆံတော်ရှစ်ဆူကို ဌာပနာပြီး စေတီတည်ရန် လမ်းညွှန်ခဲ့သည်။ စေတီကို မည်သို့တည်ရမည်နည်းဟု မေးမြန်းသည့်အခါ မော်ဘီနတ်ကြီးက ရှေးဘုရားတို့၏ ဓာတ်တော်မွေတော်တို့ကို ဌာပနာ၍ စေတီတည်ပုံ၊ အထိမ်းအမှတ်ထားပုံတို့ကို လမ်းညွှန်မိန့်ကြားခဲ့လေသည်။ ထိုမော်ဘီနတ်ကြီး လမ်းညွှန်သည်နှင့်အညီ ရွှေတိဂုံစေတီတော်ကို အထိမ်းအမှတ်အဆင့်ဆင့်ဖြင့် တည်ထားကိုးကွယ်ခဲ့ကြသည်။

အချို့အဆိုသည်ကား ဘုရားတည်ရန် အထိမ်းအမှတ်အဆင့်ဆင့်တို့ကို မော်ဘီနတ်ကြီးက ဗိသုကာဆရာထံ ဝင်ရောက်ပူးကပ်ပြီး ရှေးရှေးသော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်တို့ကို မည်သို့ဌာပနာသည်၊ စေတီအား မည်သို့အထိမ်းအမှတ်ထား၍ တည်သည်ကို အကြံပြုသည်။ ထိုသို့အကြံပြုသည်နှင့်အညီ ဗိသုကာဆရာက ဆံတော် ၈ ဆူကို ဌာပနာ၍ ရွှေတိဂုံစေတီတော်ကို တည်ခဲ့ကြသည်ဟု ဆိုကြသည်။

၁။ ဖိနပ်တော် = ဘုရား၏ စိတ်အကြံဖြစ်ခဲ့သော ၇ သင်္ချေကို ရည်ညွှန်းသည်။
၂။ ခနိးတင်ခုံ = ဘုရားဖြစ်ရန် ဆုတောင်းခဲ့သော ၉ သင်္ချေကို ရည်ညွှန်းသည်။
၃။ ပထမပစ္စယာ = ဘုရားရှင်ပါရမီတော် ဖြည့်ကျင့်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကို ရည်ညွှန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဒုတိယပစ္စယာ = ဒါနအစရှိသော ဥပပါရမီ ၁၀ ပါးကို ရည်ညွှန်းသည်။

၅။ တတိယပစ္စယာ = ဒါန အစရှိသော ပရမတ္ထပါရမီ ၁၀ ပါးကို ရည်ညွှန်းသည်။

၆။ ကြည်ဝန်း ၅ ခု = ဘုရားရှင်၏စွန့်ခြင်းကြီး ၅ ပါးကို ရည်ညွှန်းသည်။

၇။ ရှစ်မြှောင့်သည် = မဂ္ဂင်ရှစ်ပါးကို ရည်ညွှန်းသည်။

၈။ ပေါင်ရန် (၃)ဆင့် = လောကတ္ထစရိယာ၊ ဉာတတ္ထစရိယာ၊ ဗုဒ္ဓတ္ထစရိယ – စရိယ ကြာပွင့်ခံ (၃)ထပ် သုံးဆင့်ကို ရည်ညွှန်းသည်။

၉။ ခေါင်းလောင်း = ဤလောက၌ ဘုရားပွင့်တော်မူမည်၊ ဓမ္မစည်ကြီး ရိုက်တီးမြည်ဟီးတော့မည်ဟူသော ကြွေးကြော်သံပေါ်လာသည်ကို ရည်ညွှန်းသည်။

၁၀။ ခါးစည်း = သီလ,သမာဓိ,ပညာ သိက္ခာသုံးရပ်ဖြင့် ဘုရားဖြစ်ရန် ဒုက္ကရစရိယ ကျင့်သည်ကို ရည်ညွှန်းသည်။

၁၁။ သပိတ်မှောက် = ကိလေသာကိုပယ်သော ပဟာန ၅ ပါးကို ရည်ညွှန်းသည်။

၁၂။ ပန်းဆွဲ (၁၆)ခု = ဘုရားရှင် ဒုက္ကရစရိယကျင့်တော်မူနေစဉ် ဝိပဿနာဉာဏ်စဉ် (၁၆)ပါးကို ရည်ညွှန်းသည်။



၁၃။ ဖောင်းရစ်(၇)ခု = ဘုရားရှင်၏ မြတ်သောကျင့်စဉ်ဖြစ်သည့် ဗောဇ္ဈင် (၇)ပါးကို ရည်ညွှန်းသည်။

၁၄။ ကြာမှောက် = ဤကမ္ဘာသည် ဘုရားပွင့်သည့်ကမ္ဘာဖြစ်၍ ကြာအထိမ်းအမှတ်ပေါ်သည်။ ယခု ဘုရားပွင့်တော်မူမည်ဖြစ်၍ ဒုက္ကရစရိယကျင့်နေဆဲကို ရည်ညွှန်းသည်။ ကြာချပ် (၁၈)ချပ်သည်ကား အဝေဏိကဂုဏ်တော် (၁၈)ပါး ရတော်မူလတ္တံ့ကို ရည်ညွှန်းသည်။

၁၅။ ရွှဲလုံး (၁၈)လုံး = အာဝေဏိကဉာဏ်တော် (၁၈)ပါး ရရှိတော်မူသည်ကို ရည်ညွှန်းသည်။

၁၆။ ကြာလန် = ဘုရားအဖြစ်ပွင့်တော်မူမည်ကို ရည်ညွှန်းသည်။ အာဝေဏိကဂုဏ်တော် (၁၈)ပါးရရှိပြီးသည်ကို ကြာချပ် (၁၈)ချပ်ဖြင့် ရည်ညွှန်းသည်။

၁၇။ ကြာနု = ဘုရားဖြစ်ခါနီးတွင် အာသဝက္ခယဉာဏ်စသည့် ဉာဏ်တော်များ သက်ဝင်ကွန့်မြူးပြီး အလင်းဓာတ်များ ရရှိလာသည်ကို ရည်ညွှန်းသည်။

၁၈။ ကြာဖူး(ငှက်ပျောဖူး) = ပွင့်ဆဲဖြစ်သော ကြာဖူးကဲ့သို့ ဉာဏ်တော်ရင့်ကျက်ပြီး ဘုရားအဖြစ်သို့ ရောက်တော့မည့်အခြေအနေကို ရည်ညွှန်းသည်။

၁၉။ ထီးတော် = ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းကို ရည်ညွှန်းသည်။ ထီးတော်တွင် ဘုံဆင့်

www.burmeseclassic.com

www.burmeseclassic.com



ဆပ်သွားဖူး၊ ဖွန်း (၄)ခု၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များ ပါဝင်သည်။ ဘုံဆင့်ထားရာ၌ (၇) ဆင့်၊ (၉)ဆင့် ထားလေ့ရှိကြသည်။

(က) ဘုံ(၇)ဆင့် = ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် သတ္တဌာနတို့၌ ဖလသမာပတ်ဝင်စားတော်မူခြင်းအား ရည်ညွှန်းသည်။

(ခ) ဘုံ(၉)ဆင့် = ဘုရားရှင်၏ ဂုဏ်တော်(၉)ပါးနှင့် လောကုတ္တရာတရား (၉)ပါးကို ရည်ညွှန်းသည်။

(ဂ) ဆပ်သွားဖူး = ဆပ်သွားဖူး၏ မွှေးရနံ့သည် ပတ်ဝန်းကျင်အားလုံး ပျံ့နှံ့သကဲ့သို့ သဗ္ဗညုတဉာဏ်တော်သည် သတ္တဝါအားလုံးအတွက် အကျိုးသက်ရောက် ပျံ့နှံ့တော်မူခြင်းကို ရည်ညွှန်းသည်။

(ဃ) ဖွန်း(၄)ခု = သစ္စာလေးပါး ထိုးထွင်းသိမြင်ခြင်းကို ရည်ညွှန်းသည်။

(င) ငှက်မြတ်နား = ငှက်များပျံသွားသည့်အခါ မိမိနားသော နေရာတွင် ဘာအနှောင်အဖွဲ့မျှ မကျန်သကဲ့သို့ ဘုရားရဟန္တာများသည် ဤလောကအတွင်း၌ မည်သို့သော အနှောင်အဖွဲ့မျှ မရှိတော့သည်ကို ရည်ညွှန်းသည်။ (အချို့ကမူ ဘုရားအလောင်းတော် ဖြစ်တော်မူခဲ့သည့် ဟင်္သာ၊ လင်းမြီးဆွဲ၊ ကြက်ဖ၊ ကြက်တူရွေး ဤငှက်လေးပါးနားရန် ရည်ရွယ်သည်ဟု ဆိုကြသည်။)



(စ) စိန်ဖူးတော် = စိန်သည် မပြိုကွဲမပျက်စီးတတ်သော သဘောရှိသကဲ့သို့ အမတဟူသည့် နိဗ္ဗာန်သည် ပြိုကွဲပျက်စီးတတ်သော သဘောမရှိသောကြောင့် စိန်ဖူးသည် နိဗ္ဗာန်ကို ရည်ညွှန်းသည်။

(ဆ) ခေါင်းလောင်းညောင်ရွက် = ဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူပြီးနောက် သတ္တဝါအားလုံးအတွက် ဓမ္မစည်ကြီး ရိုက်တီးမြည်တော့မည်ဟု ကြွေးကြော်သံပြုသည် ရည်ရွယ်၍ ခေါင်းလောင်းနှင့် ညောင်ရွက်ကို ချိတ်ဆွဲခြင်း၊ အသံမြည်စေခြင်း ဖြစ်ပါသည်။

ဤသည်မှာ ရှေးဗိသုကာပညာရှင်တို့ ဘုရားစေတီတည်ထားကိုးကွယ် တည်ဆောက်မှုနှင့် ပတ်သက်၍ အထိမ်းအမှတ်ထား တည်ဆောက်မှုပင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂၅)

## စေတီပုထိုး တည်ထားကိုးကွယ်မှုနှင့် ဗိသုကာကမ္မရိုးရာဓလေ့

စေတီပုထိုးတို့ကို ဗိသုကာပညာရှင်တို့က တည်ဆောက်ခဲ့ကြသည်။ စေတီပုထိုးတည်ထားကိုးကွယ်သည့်အခါ လိုက်နာဆောင်ရွက်ရမည့် သာသနိက ရှေးထုံးစဉ်လာ ဗိသုကာအတတ်လုပ်ထုံးလုပ်နည်းများကို ရှေးပညာရှင်များ သတ်မှတ်ထားခဲ့ကြသည်။

### ပထမအဆင့်

စေတီတည်ထားရန် ရွေးချယ်ထားသည့်နေရာကို သန့်ရှင်းစင်ကြယ်အောင် ကြိုတင်ပြင်ဆင်ရသော ပရိကမ္မကြိုတင်မင်္ဂလာအခမ်းအနားကို ကျင်းပရသည်။ ၎င်းတို့မှာ ဝတ္ထုဒေသနာကမ္မ၊ ဝတ္ထုဘူမိဝိသုဒ္ဓိကမ္မ စသော သံဃကမ္မဝိနည်းဒေသနာတော်များနှင့်အညီ မြေရွေးမြေသန့် မင်္ဂလာအခမ်းအနားကို သံဃာတော်များနှင့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများက စုပေါင်းဆောင်ရွက်ရသည်။ ဤသည်မှာ ဗိသုကာကမ္မကရဏ ပထမအဆင့်ဖြစ်သည်။



သာသနာတော် အရှည်တည်တံ့ရန်အတွက်လည်းကောင်း၊ အမြင့်မြတ်ဆုံး ဘုရားပုထိုးစေတီ၏ ဂုဏ်ကျက်သရေကို တင့်တယ်သပ္ပာယ်ရန်အတွက်လည်းကောင်း၊ နေရာကောင်းကို လူ့ပညာရှင်များက ရွေးချယ်စီစဉ် ဆုံးဖြတ်ပေးရသည်။

### ဒုတိယအဆင့်

စေတီတော် စတင်တည်ဆောက်မည့် ခုနှစ်၊ လ၊ ရက်၊ အချိန်တို့သည် ထိုဘုရားစေတီတော်၏ ကောင်းမှုမှတ်တမ်းဖြစ်သည်။ ရဟန်းလောင်းအား ဥပသမ္ပဒကံဆောင်ပေးပြီးနောက် ရဟန်းဖြစ်သည့်အချိန်ကာလ ရက်စွဲ စသည်တို့ကို တွက်ချက်မှတ်သားရသည့်ထုံးကို ယူ၍ စေတီတော်ပန္နက်တင် မဟာမင်္ဂလာအခမ်းအနားတော်ကို တွက်ချက်သတ်မှတ်ရသည်။ သတ်မှတ်ပြီးနောက် ပန္နက်(၉)ချက် တင်ရပါသည်။

၁။ စေတီတော် အလယ်ဗဟိုအချက်အချာကို ပန်းလည်တိုင် ပန္နက်တော်ဟု ခေါ်ဆိုရပါသည်။

၂။ ထိုအလယ်ပန္နက်မှနေ၍ ဓူဝံကြယ်ထွန်းပရာအရပ်ကို မြောက်ဘက်ရူးရူးအရပ် (ဥတ္တရာဒိသံ) ဟု ခေါ်သည်။ ထိုအရပ်တွင် သောကြာနံ ပန္နက်တစ်ဆူ တင်ရပါသည်။

၃။ ဗိသုကာပညာရှင်များသည် အလယ်ပန္နက်တွင် မားမားမတ်မတ် ဖြောင့်ဖြောင့်ရပ်လျက်နေထွက်

www.burmeseclassic.com

www.burmeseclassic.com



ရာဘက်သို့မျက်နှာမူကာ လက်ဝဲလက်ကို မြောက်အရပ်ဘက် ဆန့်တန်းပြီးလျှင် လက်ယာလက်ကို တောင်ဘက်တည့်တည့်သို့ ဆန့်တန်းရပါသည်။ ထိုအရပ်တွင် ဗုဒ္ဓဟူးနံ ပန္နက်တစ်ဆူတင်ရပါသည်။

၄။ မျက်နှာမူရာ နေထွက်ရာ အရှေ့အရပ်တွင် တနင်္လာပန္နက်တစ်ဆူ တင်ရပါသည်။

၅။ နေဝင်ရာ နောက်ကျောအရပ်တွင် ကြာသပတေးနံ ပန္နက်တစ်ဆူ တင်ရပါမည်။

၆။ ထို့နောက် အရှေ့မြောက်အရပ် တနင်္ဂနွေထောင့်တွင် ပန္နက်တစ်ဆူ။

၇။ အရှေ့တောင်အရပ် အင်္ဂါထောင့်တွင် ပန္နက်တစ်ဆူ။

၈။ အနောက်တောင်အရပ် စနေထောင့်တွင် ပန္နက်တစ်ဆူ။

၉။ အနောက်မြောက်အရပ်ရာဟုထောင့်တွင် ပန္နက်တစ်ဆူ။

ထောင့်လေးထောင့်အရပ်တွင် ပန္နက်လေးဆူ စုစုပေါင်း ၉ ဆူ တင်ရပါသည်။

ပန္နက်ချသည့်အခါ ရွှေပန္နက် မြေနက်မင်္ဂလာပြုသည်ဟု ခေါ်ဆိုရပါသည်။ မင်းခမ်းမင်းနား မင်္ဂလာယူသောအခါများတွင် ပန္နက်ရိုက်သည်၊ ပန္နက်ချသည်ဟူသော လောကဝေါဟာရများကို



အသုံးမပြုမိအောင် ပညာရှင်တို့က ဆင်ခြင်ရပါသည်။ ဤသည်ကား ဗိသုကာကမ္မကရဏ ဒုတိယအဆင့် ဖြစ်ပါသည်။

## တတိယအဆင့်

ဗိသုကာ ကမ္မကရဏ တတိယအဆင့်တွင်ကား စေတီတော်ရတနာအုတ်မြစ်ချ မင်္ဂလာအခမ်းအနားကျင်းပရပါသည်။ ထိုအဆင့်တွင် နဝရတ်ကိုးပါး စီခြယ်ထားသော ရတနာအုတ်၊ ရွှေအုတ်၊ ငွေအုတ်တို့ကို အစဉ်အတိုင်း ပန်းရံဆရာတို့ ကြီးကြပ်မှုဖြင့် အလှူရှင်များကသော်လည်းကောင်း၊ နေ့နံသားတို့ကလည်းကောင်း အုတ်မြစ်ချပေးရပါသည်။ အုတ်မြစ်ချပြီး နံ့သာရေအိုးဖြင့် ပက်ဖြန်းပေးရပါသည်။

## စတုတ္ထအဆင့်

ဗိသုကာကမ္မကရဏစတုတ္ထအဆင့်မှာ မြေအောက်မှာ ဌာပနာတိုက်ဖွင့်လှစ်သည့် အခမ်းအနားဖြစ်ပါသည်။ နောက်နောင်ကာလဘုရား ပုထိုးစေတီများ ပျက်စီးယိုယွင်းသည့်အခါ ပြန်လည်ပြုပြင်နိုင်ရန်အတွက်ဖြစ်စေ၊ နောင်အရိမေတ္တေယျဘုရားပွင့်သည့်အခါ သာသနိက ကျောင်းကန်ဘုရားများ တည်ဆောက်လှူဒါန်းသောအခါဖြစ်စေ အသုံးပြုနိုင်ရန် ရည်စူး၍ ထည့်သွင်းဌာပနာခြင်း ဖြစ်ပါသည်။ ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်တိုင် နှုတ်မြွက်ရေစက်ချ ဆုပန်တိုင်တည်သစ္စာပြုပြီးမှ လှူဒါန်းပူဇော်ရသည့် မင်္ဂလာအခမ်းအနားဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဌာပနာတိုက်တွင် ခွေးမြည့်ပျက်စီးတတ်သော ပစ္စည်းများနှင့် သာသနာတော်နှင့် မအပ်စပ်သည့်ပစ္စည်းများ၊ ပေါက်ကွဲအန္တရာယ်ပြုတတ်သော ပစ္စည်းများ ဌာပနာခြင်းမပြုရန် သတိထားရပါသည်။ ရှေးအခါက ဤမြေအောက်ဌာပနာပစ္စည်းများကို လှုယုတ်မာ လူဆိုးတို့ မတရားခိုးယူကြမည့် အန္တရာယ်မှ ကာကွယ်ရန် အစောင့်အရှောက် အရန်အတား ယန္တရားစက်ခလုတ်တို့ကို တပ်ဆင်ထားလေ့ရှိကြသည်။

## ပဌမအဆင့်

ထိုမြေအောက်ဌာပနာတိုက်မှာပင် သတ္တဋ္ဌာနပရိဘောဂများကို ဌာပနာတော်သွင်းခြင်း အခမ်းအနားကို ဗိသုကာကမ္မကရဏ ပဌမအဆင့်ဖြင့် ဆောင်ရွက်ရပါသည်။ ဘုရားရှင်သည် ဗောဓိပင်ရင်း အပရာဇိတပလ္လင်တွင် သီတင်းသုံးတော်မူလျက် သဗ္ဗညုတဉာဏ်တော်ကို အပြီးတိုင် ရရှိအောင်မြင်တော်မူခြင်း၊ ထို့နောက် ခုနစ်ရက် ခုနစ်လီ ၄၉ ရက်ကာလပတ်လုံး ခုနစ်နေရာတို့၌ သီတင်းသုံးခြင်းဟူသော ဗုဒ္ဓကမ္မတို့ကို နောင်လာနောက်သားတို့ မှတ်မိသိရှိ ကြည်ညိုနိုင်စေရန် ရည်သန်၍ ရုပ်ပွားဆင်းတုတော်များ၊ သတ္တဋ္ဌာန ပုံစံငယ်များ ပြုလုပ်စီရင်၍ စနစ်တကျ ဌာပနာထည့်သွင်းရပါသည်။

ထိုပုံများကို မဟာဗုဒ္ဓဝင်ကျမ်း၊ ဇိနတ္ထပကာသနီကျမ်း၊ ဝိနယမဟာဝဂ္ဂပါဠိတော်ကျမ်း စသည့် ကျမ်းဂန်တို့တွင် ဖော်ပြထားသော ဒေသနာတော်နှင့်အညီ သတ္တဋ္ဌာနကို မှန်ကန်စွာ ပုံဖော်၍ ဌာပနာထည့်သွင်းရပါသည်။



## ဒုတိယအဆင့်

စေတီပုံပေါ်လာသောအခါ ပန်းလည်တိုင်စိုက်ထူခြင်း အခမ်းအနားကို ဗိသုကာကမ္မကရဏ ဒုတိယအဆင့်ဖြင့် ဆောင်ရွက်ကြရပါသည်။ စေတီတော်၏ အလယ်ဗဟိုတည့်တည့်၌ သတ်မှတ်ထားသည့်တိုင်ကို ပလ္လင်တိုင်ဟု ခေါ်ပါသည်။ ဗိသုကာပညာရှင်တို့က စေတီတော်၏ ပုံသဏ္ဌာန်အချိုးကျစေရန်နှင့် အတိမ်းအစောင်းမရှိရလေအောင် တိုင်းထွာရာ၌ အရေးပါသော မူလအခြေခံ သတ်မှတ်ထားချက် ဖြစ်ပါသည်။ ပန်းလည်တိုင် စိုက်ထူသည့်အခါ အထက်ဌာပနာတော်တိုက်တွင် ဘုရားရှင်၏ ဓာတ်တော်မွေတော်များကို ဌာပနာသွင်းရပါသည်။ သို့မဟုတ် အထက်ဌာပနာသွင်းပွဲကို သီးသန့်ဆောင်ရွက်နိုင်ပါသည်။

## တတိယအဆင့်

စေတီတော် တည်ဆောက်ပြီးသောအခါ ထီးတော်တင်ပွဲ အခမ်းအနားကို ဗိသုကာကမ္မကရဏ တတိယအဆင့်အနေဖြင့် ပြုလုပ်ဆောင်ရွက်ကြရပါသည်။ မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတဉာဏ်တော်ကို ထီးဖြူဖွင့်လိုက်သည့်အလား ပွင့်ဖွင်းရရှိတော်မူ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို 'ဂဏာသင်္ကေတဥပစာရ'ပြု၍ ထီးတော်တင်ခြင်းဖြစ်ပါသည်။ ထီးတော်၏ အစိတ်အပိုင်းတို့မှာ ထီး၊ ငှက်မြတ်နားနှင့် စိန်ဖူးတော်တို့ ဖြစ်ကြသည်။

## အဋ္ဌမအဆင့်

ပြီးစီးသွားသော စေတီတော်ကို ထုံးသက်နှ်း၊ ရွှေသက်နှ်း ကပ်လှူပူဇော်သည့် အခမ်းအနားကို ဗိသုကာကမ္မကရဏာ အဋ္ဌမ အဆင့်အနေဖြင့် ဆောင်ရွက်ကြရပါသည်။ အလှူ့ဒါယကာ၊ ဒါယိကာမတို့၏ စေတနာသဒ္ဓါ အင်အားအလိုက် ပူဇော်ဆက်ကပ်ရသည့် အစီအမံဖြစ်ပါသည်။

စေတီတော်မြတ်ကြီးအား ထုံးဖြူဖွေးဖွေးဖြင့်ဖြစ်စေ၊ မှန်စီရွှေချအလှအပဖြင့်ဖြစ်စေ၊ ရွှေပြားကြေးပြားဖြင့်ဖြစ်စေ၊ သတ္တုပြားရွှေဆိုင်း ငွေဆိုင်းတို့ဖြင့်ဖြစ်စေ ဖုံးလွှမ်းပူဇော်ခြင်း ဖြစ်သည်။ 'တထာဂတစီဝရဒါန' ပြုခြင်းဟု ခေါ်ပါသည်။

## နဝမအဆင့်

ဘုရားရှင်၏ ကိုယ်စား တည်ထားကိုးကွယ်ပြီးသော စေတီတော်မြတ်အား ရောင်တော်ဖွင့် ဗုဒ္ဓာဘိသေက မင်္ဂလာသဘင် အခမ်းအနားကို ဗိသုကာကမ္မကရဏာ နဝမအဆင့်အနေဖြင့် ဆောင်ရွက်ရပါသည်။ ဤသည်မှာ နောက်ဆုံးပွဲသိမ်းလုပ်ငန်းလည်း ဖြစ်သည်။ ဤဖော်ပြပါ ဗိသုကာကမ္မကရဏာ (၉)ဆင့်တွင်



အခမ်းအနားတစ်ခုစီ၌ ပါဝင်ဆောင်ရွက်ကြရသော အစီအစဉ် ဓလေ့ထုံးစံများကိုမူ ဇာတ်နိပါတ်ဓလေ့ထုံးစံများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ကြရပါသည်။

ဤဗိသုကာကမ္မကရဏာ ၉ ဆင့်သည် အဓိပ္ပာယ်လေးနက်သော အစီအစဉ်တစ်ရပ် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာ မြန်မာ့ရိုးရာဓလေ့တွင် အထူးအလေးထား၍ ဆောင်ရွက်ကြမြဲသာ ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)
## စပါးလိပ်ပြာ ခေါ်ကြသည့် မလေ့ထုံးစံ

တပေါင်းလအခါသမယတွင် တောင်သူလယ်သမားဦးကြီးတို့သည် ပုန်းမကြည်ရှင်မကို တင်မြှောက်ပသတတ်လေသည်။ အချို့အရပ်၌မူ ကောက်လှိုင်းများ တလင်းပုံသော အချိန်၊ အချို့အရပ်တွင် ကောက်နယ်ပြီးသောအချိန်၊ အချို့အရပ်တွင် စပါးခြင်ဦး ပြုတော့မည့်အချိန် စသည်ဖြင့် ပြုလုပ်သည့် အချိန်ကာလချင်း အနည်းငယ်ကွာခြားကြသည်။ ထို့အတူပင် အခေါ်အဝေါ်အနေနှင့်လည်း အချို့အရပ်၌ "စပါးလိပ်ပြာခေါ်သည်"ဟုလည်းကောင်း၊ အချို့အရပ်တွင် "ပုန်းမကြည်ရှင်မ ပူဇော်သည်"ဟုလည်းကောင်း၊ အချို့အရပ်၌မူ "ဖုံလုံအော့သည်"ဟူ၍လည်းကောင်း အခေါ်ကွဲကြသည်။

ပုန်းမကြည်ဟူသည် ဓမ္မပဒတွင်လာသည့် ကာဠိယက္ခိနီဘီလူးမပင် ဖြစ်သည်။ ထိုဘီလူးမသည် ဆိတ်ငြိမ်သော နေရာတွင် ပုန်းအောင်းနေရမှသာ စိတ်ကြည်လင်လေ့ရှိသည်။ ထို့ကြောင့် "ပုန်းမှကြည်"ဟု ခေါ်ရာမှ "ပုန်းမကြည်"ဟု ပြောင်းလဲလာခြင်းဖြစ်သည်။



အချို့အဆိုအရမူ ပုန်းမကြည်ဟူသည် ပုဗ္ဗကြယ်နတ်ပင်ဖြစ်သည်ဟု ဆိုကြသည်။ ထို့ကြောင့် "ကဝိလက္ခဏာဝိသောဓနီကျမ်း"တွင် "ကိုးကိုးကွယ်ကွယ်၊ ပုဗ္ဗကြယ်၊ ရည်ရွယ်ပဏ္ဏာ"ဟူ၍လည်းကောင်း၊ အာဒိကပ္ပကမ္ဘာဦးကျမ်း၌မူ "ပုဗ္ဗကြယ်နတ်သည် လူတို့လုပ်သော လယ်ယာစပါး အပင်,အပွင့်,အသီးများကြီးထွားပွားများလာအောင် စောင့်ရှောက်မစ၏"ဟူ၍လည်းကောင်း မိန့်ဆိုထားကြသည်။

နက္ခတ်ဗေဒင်ကျမ်းများအလိုအရ တပေါင်းလတွင် ပုဗ္ဗကြယ်သည် တစ်စုံတစ်ခုသော အပင်၌ ဝပ်တတ်လေသည်။ ထိုအခါ ပုဗ္ဗကြယ်ဝပ်သောအပင်တွင် ဩဇာအဆီအနှစ် တည်လေသည်။ ထိုအပင်ကို လယ်တွင်စိုက်သော် ဩဇာအဆီအနှစ်သည် ထက်ဝန်းကျင်သို့ ပျံ့နှံ့၍ အပင်,အသီး,အပွင့်တို့ကို သန်စွမ်းစေလေသည်။ ထိုပုဗ္ဗကြယ်ကိုပင် နတ်စောင့်သည်ဟု ယုံကြည်ကြကာ ပုဗ္ဗကြယ်နတ်ဟု သမုတ်ကြပြန်သည်။ ထိုပုဗ္ဗကြယ်နတ်ကိုပင်လျှင် ပုန်းမကြည်နတ်ဟူ၍ စကားရွေ့လျော ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်ဟု မိန့်ဆိုခဲ့ကြသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း စပါးလိပ်ပြာခေါ်သည်၊ ပုန်းမကြည်နတ်ပူဇော်ပသသည်မှစ၍ အခေါ်အဝေါ်နှင့် အချိန်အခါ အနည်းငယ်ကွဲလွဲသည်မှလွဲ၍ အခမ်းအနား ပြုလုပ်ပုံပြုလုပ်နည်းကား အားလုံးတူညီကြသည်။ ပဲခူးဘက်တွင်မူကား စပါးလိပ်ပြာခေါ်သည်ဟူ၍ပင် ပြောဆိုလေ့ရှိကြသည်။

ပဲခူးနယ်ဘက်မှ ဓလေ့ထုံးစံသည်ကား စပါးမခြင်ဦး

www.burmeseclassic.com

www.burmeseclassic.com



တလင်းထဲ၌ ပုံထားသည့် ကာလတွင် ပြုလုပ်လေ့ရှိကြသည်။ တောင်ပူစာငယ်လေးများပမာ သူ့အမျိုးအစားနှင့်သူ စုပုံထားသည့် စပါးပုံများ၌ စပါးရှင်သည် သူလိုလားသည့် စပါးတင်းရေကို အမှတ်အသားပြုကာ စပါးတစ်ပုံ၌ တင်းတစ်ထောင်ဟုလည်းကောင်း၊ နောက်တစ်ပုံ၌ တင်းနှစ်ထောင်ဟူ၍လည်းကောင်း ဖွဲပြာမှုန့်များနှင့် ပေါ်လွင်ထင်ရှားအောင် ရေးသားထားလေသည်။

စပါးပုံနှင့် မျက်နှာချင်းဆိုင် တလင်း၏ ထိပ်နေရာတွင်မူ ပုန်းမကြည်ရှင်မနတ်အသွင် ဝတ်ဆင်ထားသည့် အရုပ်တစ်ခုနှင့် ကန်တော့ပွဲ၊ စားသောက်ဖွယ်ရာများ၊ လူပရိသတ်များ စုဝေးနေကြသည်။ အချိန်ကား နံနက်စောစော နေထွက်ခါစပင် ရှိသေးသည်။

ထို့နောက် စပါးပိုင်ရှင်များသည် တင်မြှောက်ပသပြီးသည်နှင့် စုဝေးနေသည့် ပရိသတ်ရှိရာသို့ မျက်နှာမူကာ . . .

"ပုန်းမကြည်ရှင်မ၊ နို့ပျဉ်းကိုးထောင်ကျ။

တို့စပါးသုံးထောင်ကျော်၊ မထွက်သင့်လား ထွက်သင့်လား"ဟု ခပ်ရွှင်ရွှင် ခပ်သောသော မေးလိုက်သည်နှင့် ပရိသတ်ကလည်း "ထွက်သင့်ပေ . . . ထွက်သင့်ပေ"ဟု ညီညီညာညာ သံပြိုင်အော်ဟစ်ကြလေတော့သည်။ ဤသည်မှာ ပုန်းမကြည်နတ်ခေါ် စပါးလိပ်ပြာခေါ်ကြသည့် ရိုးရာဓလေ့ပင် ဖြစ်ပါတော့သည်။

(၂၇)

## ဆေးမြီးတိုဓလေ့

မြန်မာလူမျိုးတို့သည် ဆေးမြီးတိုတို့ကို ဆောင်ထားလေ့ရှိကြပြီး သက်ရှည်ကျန်းမာရေးအတွက်လည်းကောင်း၊ နေထိုင်မကောင်း ဖြစ်လျှင်လည်းကောင်း ထိုဆေးမြီးတိုများဖြင့် ကုသလေ့ရှိကြသည်။ ရှေးကလူကြီးသူမ ဘိုးဘွားဘီဘင်တို့သည် ထိုဆေးမြီးတိုများဖြင့်သာ ကျရောက်ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာတို့ကို ပျောက်ကင်းအောင် ကုသခဲ့ကြသည်။

ရှေးခေတ်က ယခုခေတ်အခါကဲ့သို့ ဆေးရုံ၊ ဆေးခန်း မရှိကြချေ။ အထူးသဖြင့် ကျေးလက်တောရွာတို့တွင် ရှေးခေတ်က ဆေးရုံ၊ ဆေးခန်း မရှိကြသောကြောင့် ရှေးလူကြီးတို့သည် ဆေးမြီးတိုများကိုသာ အားကိုးခဲ့ကြရသည်။

ရှေးက အိမ်များတွင် ဆေးမြီးတိုများ ဆောင်ထားလေ့ရှိကြသည်။ ကလေးသူငယ်ရှိသည့် အိမ်ဆိုလျှင် 'ရှိန်းခိုး'ရှိသလို 'ညှော်ခံမြစ်'လည်း ရှိသည်။ ကွမ်းရွက်နှင့် လင်းနေမြစ်ကိုလည်း အသင့်ဆောင်ထားကြသည်၊ ညှော်အော်သံကြားသည်နှင့်မတော်တဆ ညှော်မိခဲ့သော် ကျောပူခေါင်းပူ မထစေရန် ယပ်ထိပ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိန်းခိုအနည်းငယ် ကပ်ထားလိုက်သည်။ ရှိန်းခိုသည် ညှော်ကိုနိုင်သည်။ သူ့အနံ့ကိုရနေလျှင် တော်ရုံတန်ရုံညှော်နံ့ကို နိုင်၏ဟု ယုံကြည်သည့်အတွက် ရှိန်းခိုကို ငယ်ထိပ်ပေါ်တွင် ကပ်ပေးထားခြင်း ဖြစ်သည်။

ကလေးငယ် ချောင်းဆိုးရင်ကျပ်ဖြစ်နေပါက ကွမ်းရွက်နှင့် ခွေးသေးပန်းရွက်ရောလျက် အရည်ညှစ်ယူပြီး ကလေးကို တိုက်ကျွေးပါလျှင် ရောဂါဝေဒနာမှ သက်သာပျောက်ကင်းလေသည်။ ကလေးငယ်ကိုယ်ပူပြီး ဖျားနေလျှင် ကြက်ဟင်းခါးရွက်နှင့် နှမ်းဆီရောနယ်ပြီး ထွက်လာသည့် သတ္တုရည်(ရွက်စိမ်းရည်)ကို တစ်ကိုယ်လုံး ပွတ်၍ လိမ်းပေးပါက အဖျားရောဂါ ပျောက်သည်။

ဝမ်းနှင့်ပတ်သက်၍ ဖောက်ပြန်လာပါက လေရစေရေးအတွက် လင်းနေမြစ်ကိုသွေးပြီး တိုက်သည်။ လူကြီးများအတွက်မူ ဇာတိပ္ဖိုလ်သီးနှင့် ပိတ်ချင်းသည် မရှိမဖြစ် ဆောင်ထားရသည့် ဆေးဖက်ဝင် ဆေးမြီးတိုများသာ ဖြစ်သည်။ ထိုဇာတိပ္ဖိုလ်သီးနှင့် ရှိန်းခို၊ ပိတ်ချင်းသီးတို့သည် ဆေးမြီးတိုများသာဖြစ်သော်လည်း အနာပေါက်ဆေးများတွင် မပါမဖြစ်သည့် ဆေးမည်များသာ ဖြစ်ကြသည်။ ထို့ကြောင့် ရှေးလူကြီးများ၏ ဆေးမြီးတိုဓလေ့သည် ကျန်းမာရေးအတွက် အဓိကကျသော မြန်မာ့ရိုးရာဓလေ့ပင် ဖြစ်ပါတော့သည်။

# (၂၈)
# စားမြိန်စာထုပ်သည့် ဓလေ့ထုံးစံ

အသုဘဟူသည့် ပါဠိဝေါဟာရသည် မတင့်တယ်ခြင်းဟူသည့် အနက်ကို ဟော၏။ အသက်မရှိတော့သည့် အလောင်းကောင်သည် မည်သို့လျှင် တင့်တယ်ပါမည်နည်း။ မြန်မာလူမျိုးတို့သည် နာရေးဖြစ်လာပြီဆိုလျှင် အသုဘရုပ်အလောင်းအား ထားမည့်ရက်ကိုလည်း သတ်မှတ်ထားကြသည်။ အသုဘထားရှိရမည့်ရက်ကို ဤသို့သတ်မှတ်ထားကြ၏။ ဥပမာ–တန်ခူးလဆန်း ည(၁၀)နာရီတွင် အသက်ပျောက်ခဲ့သည့် အသုဘသည် သန်းခေါင်ရောက်လျှင် တစ်ရက်ကြာပြီဟု သတ်မှတ်ကြ၏။

ထို့ကြောင့် တန်ခူးလဆန်း (၂)ရက်နေ့ တစ်ရက်သာ အပြည့်အဝထားရပြီး (၃)ရက်နေ့တွင် သင်္ဂြိုဟ်ရသည်။ ဤကား (၃)ရက်ထားသည့် အသုဘဖြစ်၏။ ငါးရက်ထားသည့် အသုဘ၊ ခုနစ်ရက်ထားသည့် အသုဘများလည်း ရှိကြသည်။ များသောအားဖြင့် အဝေးရောက်နေသည့် သားသမီး၊ ဆွေမျိုးညာတိတို့အား စောင့်ဆိုင်းသည့်အနေဖြင့် ၅ ရက်၊ ၇ ရက် ထားကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသုဘာပါးစပ်ထဲသို့ ကူးတို့ခထည့်ပေးရသည့် ဓလေ့ထုံးစံရှိသကဲ့သို့ အခေါင်းထဲသို့ စားမြိန်ထုပ် (ထမင်းထုပ်)ထည့်ရသည့် ဓလေ့လည်း ရှိသေးသည်။ မိရိုးဖလာ အစဉ်အလာ အစွဲအလမ်းများပင် ဖြစ်ကြသည်။ ဂ ရက်တာမျှနေသည့် ဘဝထူးတွင် သေသူစားနိုင်ဖို့အတွက် ထည့်ပေးကြခြင်းပင် ဖြစ်၏။ ဤဓလေ့တို့မှာ ရှေးလူကြီးသူမ ဘိုးဘွားဘီဘင်တို့ လက်ထပ်မှစတင်၍ ပြုလုပ်လာခဲ့ကြသည့် အစဉ်အလာဓလေ့ထုံးစံတို့ပင် ဖြစ်ပါတော့သည်။

## (၂၉)
## စိပ်ပုတီးပြုလုပ်ခြင်းနှင့် ပုတီးစိပ်သည့်ဓလေ့

ကမ္ဘာပေါ်တွင် ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာဟူ၍ ထင်ရှားသည့် ဘာသာကြီး ၄ မျိုးရှိကြသည်။ ထိုဘာသာ ၄ မျိုးစလုံးပင် ပုတီးကို အသုံးပြုလေ့ရှိကြသည်။ ပုတီးသည် မည်သည့်ခုနှစ်၊ မည်သည့်အချိန်က စ၍ ပေါ်ပေါက်ခဲ့သည်ကို သမိုင်းအထောက်အထား မည်သို့မျှ ရှာမရခဲ့ကြချေ။

အချို့က ရှေးဟောင်းကျောက်ခေတ်လူသားတို့သည် ကျောက်တုံးလေးများကို ကြိုးဖြင့်သီ၍ ဝတ်ဆင်ရာမှ ပုတီးသဘော ဖြစ်လာသည်။ နောင်ခေတ်တွင် ရတနာများကို ကြိုးဖြင့်သီ၍ အလှဝတ်ဆင်လာကြရာမှတစ်ဆင့် ဘာသာရေးသို့ ပြောင်းလဲရောက်လာခြင်းဖြစ်သည်ဟု ဆိုကြသည်။ ပုတီးကို ဘာသာရေးအသုံးအဆောင်အဖြစ် အသုံးပြုလာကြသူများသည်ကား ရှေးဟောင်း တရုတ်လူမျိုးများဖြစ်သည်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်သို့ ဗုဒ္ဓဘာသာ ရောက်ရှိလာသောအခါ ရေးတရုတ်များသည် ဘုရားဂုဏ်တော်များကို မှတ်မိစေရန်အတွက် ကြိုးထုံးပါသော ကြိုးကွင်းငယ်များဖြင့် အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။ အချို့ကမူ စိတ်ကိုစောင့်ရှောက်နိုင်စေရန် စိပ်ပုတီးကို စတင်အသုံးပြုခဲ့ကြသူများသည် အာရိယန်လူမျိုး ဗြဟ္မဏဘာသာဝင်များ ဖြစ်သည်ဟု ဆိုကြသည်။ ထို့ကြောင့်ပင် သင်္သကရိုက်ဘာသာဖြင့် ပုတီးကို 'ဇပ္ပမာလာ' ဟုခေါ်၍ အဓိပ္ပာယ်မှာ ရွတ်ဆိုခြင်း၊ သရဇ္ဈာယ်ခြင်း၊ ပန်းကုံးဟူသည့် အဓိပ္ပာယ်ရသည်။

တစ်စုံတစ်ရာ ရွတ်ဖတ်သရဇ္ဈာယ်သည့်အခါ ရွတ်ဆိုမှုအကြိမ်ကို မှတ်သားရန် သီကုံးထားသည့် အရာဝတ္ထုကို မြန်မာဝေါဟာရအားဖြင့် ပုတီးကုံးဟု ခေါ်သည်။ စိပ်ဟူသည့် ဝေါဟာရမှာ မကျဲခြင်း၊ မလပ်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ပုတီးစိပ်သည်ဟူသည့် ဝေါဟာရအဓိပ္ပာယ်သည် ပုတီးကုံး၌ပါရှိသည့် ပုတီးစေ့များကို တစ်စေ့ချင်းတစ်စေ့ချင်း ဆက်၍ဆက်၍သွားစေရန်၊ မကျဲမလပ်သွားစေရန် တစ်စေ့ချင်း တစ်စေ့ချင်း ချ၍ပေးနေသည်ကို ပုတီးစိပ်သည်ဟု ခေါ်သည်။

တစ်နည်းအားဖြင့် စိပ်ဟူသည့် ဝေါဟာရသည် ဆင်ခြင်ခြင်းဟုလည်း ဆိုကြ၍ ဤအဆိုအရ စိပ်ပုတီးဆိုသည်မှာ ဆင်ခြင်ပွားများရာ၌ မှတ်သားအပ်သော အရာပင် ဖြစ်သည်။ ပုတီးစိပ်ရာ၌ နှလုံးသွင်း ဆင်ခြင်ပွားများမှု၊ ပုတီးစေ့ချမှတ်မှု လုပ်ငန်းနှစ်ရပ်ကို တစ်ပြိုင်တည်း ပူးတွဲဆောင်ရွက်နေသည့်အတွက် အာရုံမရမိဘဲ ပုတီးစေ့လေးများကို ရေတွက်ရုံသက်သက်ဖြင့် ပုတီးစိပ်



သည်ဟု ဆိုလျှင် မပြည့်စုံနိုင်ပေ။

ဘုရားရှင်၏ ဂုဏ်တော်ထိ စိတ်ရောက်အောင် ကြိုးစားနိုင်မှသာလျှင် ပုတီးစိပ်ခြင်း၏ အနှစ်သာရကို ရယူနိုင်မည် ဖြစ်သကဲ့သို့ အဓိပ္ပာယ်ရှိသည့် ပုတီးသမားဟုလည်း ဆိုနိုင်မည် ဖြစ်သည်။ ပုတီးစိပ်ခြင်းသည် စိတ်နှင့်ပတ်သက်သည့် ဘာဝနာလုပ်ငန်းဖြစ်သည့်အတွက် စနစ်တကျ အာရုံစူးစိုက်ပြီး စိပ်နိုင်လျှင် ထိရောက်အောင်မြင်ပြီး လိုအပ်သော အကျိုးကို ရနိုင်သည်ဟု အများက ယုံကြည်လက်ခံထားကြသည်။

ပုတီးကို စတင်အသုံးပြုခဲ့စဉ်က ကြိုးထုံးနှင့်စခဲ့သော်လည်း တိုးတက်လာသည်နှင့်အမျှ သန္တာ၊ ပုလဲ၊ ပယင်း၊ ငွေ၊ ဆင်စွယ်တို့ဖြင့် ပြုလုပ်လာကြသည်။ ထို့ပြင် သစ်သား၊ သစ္စေး၊ သစ်ကနက်၊ နံ့သာနီ၊ နံ့သာဖြူတို့ဖြင့်လည်း ပြုလုပ်လာကြသည်။ ပုတီး၏အရောင်ကိုလည်း အနီရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ အနက်ရောင် စသည်ဖြင့် အရောင်အမျိုးမျိုး ပြုလုပ်လေ့ရှိကြသည်။ ပုတီးကုံး၏ အရွယ်မှာလည်း အမျိုးမျိုးရှိကြသည်။ များသောအားဖြင့် မိန်းမပျို၏ လက်သန်းဖျားအရွယ်ခန့်ကို ပမာထားယူ၍ ပြုလုပ်လေ့ရှိကြသည်။ အချို့ ဆီးဖြူသီးအရွယ်၊ ဟိန္ဒူဆာဓုကြီးများ၏ ပုတီးလုံးအရွယ်မှစ၍ အမျိုးမျိုး အသုံးပြုလေ့ရှိသည်။

ပုတီးလုံးရေ သတ်မှတ်ရာ၌မူ ဟိန္ဒူဘာသာ၌ ဗိသနိုးကို ရည်ရွယ်၍ ၁၀၈ လုံးထားသည်။ သီဝကို ရည်ရွယ်၍ ၃၂ လုံး၊ ၆၄ လုံး ထားသည်။ ခရစ်ယာန်ဘာသာ၌ ရိုမန်ကက်သလစ်ဂိုဏ်းက ပုတီးလုံးရေ ၁၅၀ ထားသည်။ အစ္စလာမ်ဘာသာကမူ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တမန် ၉၀ ကို ရည်ရွယ်၍ ပုတီးလုံး ၉၀ သတ်မှတ်ထားပြီး တစ်ဖန် ပရောဖက် ၁၀၁ ဦးကို ရည်၍ ၁၀၁ လုံး ပုတီးကုံးကို သုံးသလို ၃၃ လုံး ပုတီးကိုလည်း အသုံးပြုကြသည်။

ဂျူးဘာသာကမူ ပုတီးလုံးရေ ၃၂ လုံးနှင့် ၉၉ လုံးကို အသုံးပြုကြသည်။ မဟာယာနဗုဒ္ဓဘာသာ နိုင်ငံများဖြစ်ကြသည့် တိဘက်၊ တရုတ်၊ ဂျပန်၊ ကိုရီးယားတို့၌မူ ၁၀၈ လုံး ပုတီးနှင့် အသေးဆုံး ၂၈ လုံး ပုတီးကို အသုံးပြုလေ့ရှိကြသည်။ မြန်မာနိုင်ငံမှ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ လက်ခံသည့် ပုတီးလုံးရေသည်ကား ၁၀၈ လုံး ပုတီးပင် ဖြစ်သည်။ စက်လက္ခဏာ ၁၀၈ ကွက်ကို ရည်စူးသည်ဟု ဆိုကြသည်။

နောက်ပိုင်း ထေရဝါဒစစ်စစ်ကို အလိုရှိသူများက . . .

ဗောဓိပက္ခိယ ၃၇ ပါးကို ရည်ရွယ်၍ ၃၇ လုံး ပုတီး၊

၃၂ ကောဋ္ဌာသကို ရည်ရွယ်၍ ၃၂ လုံး ပုတီး၊

ဂုဏ်တော် ၉ ပါးကို ရည်ရွယ်၍ ၉ လုံး ပုတီး၊

မဂ္ဂင် ၈ ပါးကို ရည်ရွယ်၍ ၈ လုံး ပုတီး၊

ဗောဇ္ဈင် ၇ ပါးကို ရည်ရွယ်၍ ၇ လုံး ပုတီး၊

တရားဂုဏ်တော် ၆ ပါးကို ရည်ရွယ်၍ ၆ လုံး ပုတီး၊

အနန္တောအနန္တ ၅ ပါးကို ရည်ရွယ်၍ ၅ လုံး ပုတီး စသည်ဖြင့် ဘုရားရှင်၏ တရားဂုဏ်တော် အရေအတွက်ကိုလိုက်၍ ပုတီးစိပ်လေ့ရှိကြသည်။ ဤသည်မှာ ဗုဒ္ဓဘာသာ မြန်မာ့ရိုးရာအစဉ်အလာအရ သတ်မှတ်ထားသည့် ပုတီးလုံးရေ ပြုလုပ်ပုံနှင့် ပုတီးစိပ်ပုံပင် ဖြစ်ပါတော့သည်။

## (၃၀)

## ဆင်းတုတော် ကိုးကွယ်သည့် ဘာသာသာသနာ ယဉ်ကျေးမှုဓလေ့ထုံးစံ

ဗုဒ္ဓဘာသာဝင်တို့သည် မြတ်ဗုဒ္ဓ၏ ကိုယ်တော်စား ဥဒ္ဒိဿစေတီတော်အဖြစ် ရုပ်ပွားဆင်းတုတော်တို့ကို ထုလုပ်ကိုးကွယ်ခဲ့ကြသည်။ ထိုရုပ်ပွားဆင်းတု ကိုးကွယ်မှုသည် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က မရှိခဲ့ချေ။ အေဒီ ၁ ရာစုနောက်မှသာ ရုပ်ပွားဆင်းတုတော် ထုလုပ်ကိုးကွယ်မှု ဖြစ်ပေါ်လာခြင်းဟု သမိုင်းပညာရှင်တို့က မိန့်ဆိုခဲ့ကြသည်။

သို့သော် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် ကောသလမင်းကြီးသည် ဘုရားရှင်ကို ကြည်ညိုလှသဖြင့် စန္ဒကူးရုပ်ပွားတော် ထုလုပ်ပူဇော် ကိုးကွယ်ခဲ့ကြောင်း စကားစဉ်ရှိလေသည်။ ထိုစကားသည် မည်သည့်ကျမ်းဂန်တွင် ပါဝင်သနည်းဟု၍ မုံရွာရှင်သီရိမာလာက မုံရွေးဆရာတော်ဘုရားအား မေးမြန်းလျှောက်ထားရာ ထိုစကားမှာ 'ယွန်းပဏ္ဏာသ'ထွက် 'ဝင်္ကဝိရာဇတ်'မှလာသည့် စကားဖြစ်ကြောင်းလည်းကောင်း၊ သာသနာတင်ကျမ်းမဝင်သောကြောင့်လည်းကောင်း ပညာရှိတို့ အမြတ်ထနိုး

www.burmeseclassic.com

www.burmeseclassic.com



မပြုကုန်ဟု ဆရာတော်က ဖြေကြားတော်မူခဲ့သည်။ ဆရာတော်ကပင်လျှင် ဆက်၍ . . .

''သင်္ဂါယနာဝင်ကျမ်းစုပင် မဟုတ်သော်လည်း ဘုရားကျေးဇူးတော်ဂုဏ်တို့နှင့်စပ်၍ အလေးအမြတ်ပြုအပ်သော အရာဌာနသို့ ရောက်သောကာလ အလေးအမြတ်ပူဇော်သက္ကာရ ပြုသင့်သည်ပင် ဖြစ်သည်''ဟု မိန့်ကြားတော်မူခဲ့သည်။

ယွန်း (သို့) ဇင်းမယ် ပဏ္ဏာသကျမ်းသည် အေဒီ ၁၅-၁၆ ရာစုအတွင်း ဇင်းမယ်တွင် ဖြစ်ပေါ်ခဲ့သည့် ကျမ်းဖြစ်သည်။ ထိုကျမ်းလာ ကောသလမင်း စန္ဒကူးသား ဆင်းတုတော် ထုလုပ်ကိုးကွယ်ကြောင်း ကိစ္စသည် တရုတ်ရဟန်းတော် 'ဖာဟီယန်' မှတ်တမ်း၌ ပါဝင်လေသည်။ အေဒီ ၅ ရာစုတွင် တရုတ်ရဟန်းတော် ဖာဟီယန်သည် အိန္ဒိယနှင့် သီဟိုဠ်သို့ ဘုရားဖူးကြွရောက်ခဲ့သည်။ ထိုရဟန်းတော် ဖာဟီယန်သည် မှတ်တမ်းလည်း ရေးထားခဲ့သည်။

ထိုဖာဟီယန်မှတ်တမ်း၌ ဖော်ပြထားသည်မှာကား . . .

မြတ်စွာဘုရားသည် မယ်တော်မိနတ်သားအား တရားဟောရန် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူသည်။ ထိုစဉ် သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးသည် ဘုရားရှင်နှင့် ကွေကွင်းနေရသည်ကို သည်းမခံနိုင်သောကြောင့် စန္ဒကူးသား ရုပ်ပွားတော်ကို ထုလုပ်ကိုးကွယ်လေသည်။ သီတင်းကျွတ် ဘုရားရှင် လူ့ပြည်သို့ဆင်း၍ ဇေတဝန်ကျောင်းတော်သို့ ရောက်သော် ရုပ်ပွားတော်သည် နေရာမှထ၍ ခရီးဦးကြိုဆိုလေသည်။ ထိုအခါ ဘုရားရှင်က . . .



''အသင်ရုပ်ပွားတော်သည် နေမြဲတိုင်းနေရာ၌ နေတော်မူလော့။ ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် အသင်ရုပ်ပွားတော်သည် လောကဗ္ဗရာတရားကို ဆည်းပူးကြကုန်သော အမျိုးလေးပါး သတ္တဝါများ၏ အကျိုးငှာ ငါဘုရားကိုယ်စား ဖြစ်လိမ့်မည်''ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။ ရုပ်ပွားတော်သည်လည်း နေမြဲနေရာ၌ ပကတိအတိုင်း ပြန်၍နေတော်မူသည်။ ထိုရုပ်ပွားဆင်းတုတော်သည် ပထမဆုံး၊ အဦးဆုံးထုလုပ်သော ပုံတော်ပင်ဖြစ်သည်။ နောင်လာနောက်သားလူအများတို့သည် ထိုပုံတော်မှ ကူးယူထုလုပ်ကြရသည်။ ထိုပုံတော်သည်လည်း သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ဝယ် နှစ်ပေါင်းများစွာ စံပယ်တော်မူခဲ့လေသည်။

သို့ရာတွင် ရဟန်းတော် ဖာဟီယန်ရောက်ရှိချိန်၌ ဇေတဝန်ကျောင်းတော်သည် မီးသင့်လောင်၍ ထိုအစား ကျောင်းသစ်ဖြစ်နေခဲ့လေပြီ။ ရုပ်ပွားတော်မှာမူ မီးထဲတွင် မပျက်စီးဘဲ ပကတိအတိုင်း တည်ရှိနေသည့်အပြင် ကျောင်းတော်သစ်တွင် ပြန်လည်စံမြန်းတော်မူနေသည်။ ရဟန်းတော် ဖာဟီယန်ကိုယ်တိုင် ထိုကျောင်းသစ်သို့ ရောက်ခဲ့လေသည်။ ဤသည်မှာ ဘုရားရှင်လက်ထက်တော်၌ ရုပ်ပွားဆင်းတုတော် ထုလုပ်ခဲ့ကြောင်း ၅ ရာစုခေတ်စာပေမှတ်တမ်း အထောက်အထားပင် ဖြစ်သည်။

ထိုမှတ်တမ်းတွင် ဖော်ပြထားချက်ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် ဆင်းတုရုပ်ပွားတော် ကိုးကွယ်မှုသည် ဘုရားရှင်လက်ထက်ကပင် စတင်ခဲ့သည်ဟု ယုံကြည်လက်ခံခဲ့ကြသည်။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မှာလည်း ဘုရားရှင် ၄ ဝါမြောက်၌ ရခိုင်ပြည်၊ ဓညဝတီမြို့သို့ ကြွရောက်တော်မူပြီး 'စန္ဒသူရိယမင်း' တောင်းပန်လျှောက်ထားချက်ကြောင့် မဟာမြတ်မုနိရုပ်ပွားတော်ကို သွန်းလုပ်စေ၍ ရင်ငွေ့တော်လှူပေးခဲ့သည်ဟူသော အထောက်အထားအရလည်းကောင်း။ ရုပ်ပွားဆင်းတုတော်ကိုးကွယ်မှုသည် မဟေသရနတ်မင်းက စခဲ့သည်ဟူသည့် ယုံကြည်ချက်ကြောင့်လည်းကောင်း။ ထိုအချိန်မှစ၍ ရုပ်ပွားဆင်းတုတော် ထုလုပ်မှုနှင့် ကိုးကွယ်မှု ပေါ်လာသည်ဟု 'ဓမ္မပဒ'၌ ဖွင့်ဆိုထားသည်။

ဤသို့သော အစဉ်အလာယုံကြည်မှုများကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှင်၏ ကိုယ်တော်စား ရုပ်ပွားတော်၊ ဆင်းတုတော်များကို ထုလုပ်၍ စေတီတန်ဆောင်း ကျောင်းကန်ဇရပ်တို့၌လည်းကောင်း၊ အိမ်ဦး၌လည်းကောင်း ထားရှိပြီး ကိုးကွယ်ဆည်းကပ် ရှိခိုးပူဇော်မှု ပြုကြခြင်းပင် ဖြစ်ပါလေတော့သည်။

# (၃၁)
# ဆိုင်းဖြင့်ညှော်ခံသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များထဲ၌ ဆိုင်းဖြင့်ညှော်ခံသည့် ဓလေ့လည်း အပါအဝင်ဖြစ်သည်။ မြန်မာလူမျိုးတို့သည် ရှင်ပြုပဒွင်းခံ အလှူမင်္ဂလာပွဲများ၌ ဆိုင်းဖြင့်ညှော်ခံလေ့ရှိကြသည်။ ပုဂ္ဂလိကတစ်ဦးချင်း အလှူမှသည် နိုင်ငံတော်အဆင့်ထိတိုင် ကျင်းပသည့် အလှူမင်္ဂလာမဟာအခမ်းအနားများတွင် ဆိုင်းဖြင့်ညှော်ခံလေ့ရှိကြသည်။

ဇာတ်သဘင်နှင့် တွဲဖက်ကာ ဆိုင်းဖြင့်ညှော်ခံလေ့ရှိကြသကဲ့သို့ ရပ်ထဲရွာထဲတွင် ပြုလုပ်သည့် အလှူမင်္ဂလာပွဲတို့၌လည်း ဗလာဆိုင်းဖြင့်ညှော်ခံလေ့ရှိကြသည်။ ယုတ်စွအဆုံး ရှေးခေတ်များဆီကဆိုလျှင် အသုဘနာရေး၌ပင်လျှင် ဆိုင်းဖြင့်ညှော်ခံလေ့ရှိကြသည်။ ရပ်ဝေးဧည့်သည်များကို စောင့်ဆိုင်းနေစဉ် ဆိုင်းဖြင့်ညှော်ခံကြခြင်း ဖြစ်သည်။

မြန်မာ့ရိုးရာ မှန်စီရွှေချဆိုင်းဝိုင်းကြီးကို တွေ့ရမြင်ရသည်ကပင် အလွန်ကျက်သရေရှိလှသည်။ ရှေးကမူ ဆိုင်းဝိုင်းကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဧည့်ခံစဉ် ယခုခေတ်ကဲ့သို့ မတိုးတက်သေးသည့်အတွက် အင်ကျင်မီး၊ လျှပ်စစ်မီးများအစား ရေနံဆီမီးတိုင်များကို ထွန်းညှိ၍ ဧည့်ခံလေ့ရှိကြသည်။ ရှေးဘုရင်များခေတ်ကဆိုလျှင် ဆိုင်းဆရာကြီးများသည် ရှာစားများဖြစ်ကြသကဲ့သို့ လက်ဝဲလက်ယာ စိန်ဆိုင်း၊ မြဆိုင်းတို့ဖြင့် ဧည့်ခံဖျော်ဖြေလေ့ရှိကြသည်။

စာပေမှတ်တမ်းများအရ ၁၂၇၄ ခုနှစ် 'ရတနာဂီရိ'မြို့တွင် ပါတော်မူ သီပေါမင်းတရား၏ သမီးတော်များ နားတွင်းမင်္ဂလာအခမ်းအနားကို တက်ရောက်ရန် အနုပညာသည်စုစုပေါင်း ၃၂၈ ယောက် လိုက်သွားကြသည်ဟု သိရသည်။ ရာမ,အိနောင်ဇာတ်အဖွဲ့မှ ၁၅ ဦး၊ ဇာတ်ကြီးဆိုင်း ၈ ဦး၊ ရုပ်စုံကြိုးဆွဲ မင်းသမီး မင်းသား ၈ ဦး၊ အတီးဆရာ ၈ ဦး၊ စည်တော်ကြီးအတီး ၈ ဦး၊ ဆိုင်းဆရာ ၈ ဦး၊ အငြိမ့်သမ ၅ ဦး၊ ခြင်းလုံးခတ် ၄ ဦး၊ မန္တလေးအရှေ့ပြင် 'ထိပ်စုမြတ်ဘုရားကြီး' လက်ဖွဲ့တော်ပါ အိုးစည်အဖွဲ့ လူ ၁၂ ဦး၊ 'ပေါမဇလရပ်' တောင်မာရဘင်ရပ်ထွက် အိုးစည်တီးသူ ၂၀ ပါဝင်သည့်အဖွဲ့ကြီးသည် ရတနာဂီရိသို့ သွားရောက်ဖျော်ဖြေခဲ့ကြသည်။

ထို့အပြင် အထက်ပါအဖွဲ့ကြီးထက်စော၍ ၁၂၇၃ ခုနှစ်တွင် သီပေါဘုရင် ရတနာဂီရိတိုက်တက်မင်္ဂလာပွဲသို့ မင်းသမီးဒေါ်စိန်မေနှင့် ခင်ပွန်းဖြစ်သူ 'နေမျိုးဗလကျော်သူ'ဘွဲ့ရ 'ရှာစားစိန်ဗေဒါ ဦးမောင်ကလေး'တို့ တက်ရောက်ခဲ့ကြသည်။ ရှာစားကြီးစိန်ဗေဒါသည် ၁၂၇၂ ခုနှစ်ကလည်းတစ်ကြိမ် ရတနာဂီရိသို့ရောက်ခဲ့လေသည်။



ရှာစားကြီးစိန်ဗေဒါ၊ အလင်္ကာကျော်စွာ ဦးဘမောင်၊ အလင်္ကာကျော်စွာ ဦးဟန်ပ အစရှိသည့် ရှေးရှေးက ကျော်ကြားခဲ့ကြသည့် ဆိုင်းပညာရှင် ရှာစားကြီးများမှစ၍ ယနေ့ခေတ်ကာလ ရှာစားလေးများတိုင် ဆိုင်းပညာရှင်များစွာတို့သည် မြန်မာ့ရိုးရာ သုခုမအနုပညာစစ်စစ်ဖြစ်သော ဆိုင်းပညာဖြင့် ပြည်သူလူထုအား ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

နိုင်ငံခြားတိုင်းတစ်ပါးဖြစ် တူရိယာများကဲ့သို့ အချက်ပြခြင်း၊ ခေါင်းဆောင်ခြင်း စရိုတဲ့(conductor) မပါဘဲ တူရိယာပညာရှင်အချင်းချင်း နားလည်မှုနှင့် တီးခတ်နိုင်သော၊ ဂီတသင်္ကေတကို မကြည့်ဘဲ တညီတညွတ်တည်း မြိုင်မြိုင်ဆိုင်ဆိုင် တီးနိုင်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်စစ်စစ်သည်ကား ဆိုင်းပညာလျှင်ဖြစ်သည်။ ဤကဲ့သို့ မြန်မာ့ယဉ်ကျေးမှု အနုပညာစစ်စစ်ဖြစ်သော ဆိုင်းပညာ၊ ဆိုင်းတီးလုံးများဖြင့် ရှေးခေတ်မှ ယနေ့ခေတ်အထိ ဆိုင်းပညာရှင်တို့သည် ဆိုင်းဝါသနာရှင်ပရိသတ်တို့အား ဆိုင်းဖြင့်ဧည့်ခံဖျော်ဖြေခဲ့သည့်ဓလေ့သည် နောင်နှစ်ပေါင်းများစွာတိုင် ရိုးရာမပျက် ဆက်လက်တည်တံ့နေမည်ကား အမှန်ပင်ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃၂)
## ဆယ့်နှစ်လရာသီပွဲတော်များနှင့် မြန်မာ့ဓလေ့ထုံးစံများ

မြန်မာလူမျိုးတို့သည် ပင်ကိုအားဖြင့် ပျော်ရွှင်စွာနေတတ်၍ စေတနာသဒ္ဓါတရား ထက်သန်သူများဖြစ်ကြသည့်အလျောက် တစ်နှစ်တာ ၁၂ လပတ်လုံးတွင် ၁၂ ရာသီပွဲတော်များ ကျင်းပလေ့ရှိကြသည်။ မြန်မာတို့၏ ၁၂ ရာသီ ရိုးရာပွဲတော်များမှာ အောက်ပါအတိုင်းပင် ဖြစ်ကြသည်။

၁။ တန်ခူးလ = အတာသင်္ကြန်ပွဲတော်၊ နှစ်သစ်မင်္ဂလာ အခါတော်နေ့။

၂။ ကဆုန်လ = ကဆုန်ညောင်ရေသွန်းပွဲတော်၊ ဗုဒ္ဓအခါတော်နေ့။

၃။ နယုန်လ = စာတော်ပြန်ပွဲ၊ မဟာသမယအခါတော်နေ့။

၄။ ဝါဆိုလ = ဝါဆိုပွဲတော် (သို့) ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဓမ္မစကြာ အခါတော်နေ့။

၅။ ဝါခေါင်လ = စာရေးတံမဲပွဲတော်၊ မေတ္တာအခါတော်နေ့။

၆။ တော်သလင်းလ = လှေပြိုင်ပွဲသဘင်၊ ဂရုဓမ္မအခါတော်နေ့။



၇။ သီတင်းကျွတ်လ = မြင်းမိုရ်မီးထွန်းပွဲတော်၊ အဘိဓမ္မာအခါတော်နေ့၊ မဟာပဝါရဏာနေ့။

၈။ တန်ဆောင်မုန်းလ = တန်ဆောင်တိုင်ပွဲတော်၊ ကထိန်သင်္ကန်းကပ်လှူပွဲနှင့် သာမညဖလအခါတော်နေ့။

၉။ နတ်တော်လ=စာဆိုတော်နေ့၊ စာဆိုတော်ပွဲတော်။

၁၀။ ပြာသိုလ = မြင်းခင်းပွဲတော် (သို့) သူရဲကောင်းဘွဲ့နှင်းပွဲတော်၊ ရှင်တစ်ထောင်အခါတော်နေ့။

၁၁။ တပို့တွဲလ = ထမနဲပွဲတော်၊ ဩဝါဒပါတိမောက်အခါတော်နေ့။

၁၂။ တပေါင်းလ = သဲပုံစေတီပွဲတော် (သို့) တပေါင်းပွဲတော်၊ မြတ်ဗုဒ္ဓပြည့်တော်ဝင်အခါတော်နေ့။

အထက်ပါ ၁၂ လရာသီပွဲတော်ဇယားကိုကြည့်ပါက မြန်မာတို့၏ ၁၂ လရာသီ ပွဲတော်များသည် ဘာသာရေးနှင့် သက်ဆိုင်သည့် ပွဲတော်များဖြစ်ကြောင်း သိနိုင်ကြသည်၊ ဘာသာရေးဆိုင်ရာ ပွဲတော်ဟူရာ၌ အချို့ပွဲတော်များသည် ဘုရားရှင်အား ဦးထိပ်ထား၍လည်းကောင်း၊ အချို့ပွဲတော်များ၌ တရားတော်မြတ်အား ဦးထိပ်ထား၍လည်းကောင်း၊ အချို့ပွဲတော်များ၌ကား သံဃာတော်အား ဦးထိပ်ထား၍လည်းကောင်း ကျင်းပသည့်ပွဲတော်များသာ ဖြစ်ကြသည်။ ဤသို့ဖြင့် မြန်မာလူမျိုးတို့သည် ရာသီအလိုက် ကုသိုလ်ကောင်းမှုများ အားထုတ်ဆည်းပူးခဲ့ကြသည်ကား ကောင်းမြတ်သည့် မြန်မာ့ဓလေ့ထုံးစံများသာ ဖြစ်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)
## ဆေးလိပ်သောက်သည့် ဓလေ့ထုံးစံ

ဆေးလိပ်သောက်ခြင်းသည်လည်း မြန်မာ့ရိုးရာ အစဉ်အလာဓလေ့တစ်မျိုးပင် ဖြစ်သည်။ ရှေးအခါက ဆေးလိပ်ကို အလှူမင်္ဂလာအခမ်းအနားများတွင် တည်ခင်းဧည့်ခံတတ်သကဲ့သို့ အလှူမင်္ဂလာလက်ဆောင်အဖြစ်လည်း ကမ်းလှေ့ရှိသည်။ အချို့ အလှူမင်္ဂလာဆောင်များတွင် ဆေးလိပ်အပြင် ယွန်းဆေးလိပ်ဗန်း ငယ်များ၊ ယွန်းဆေးလိပ်သေတ္တာငယ်များကို အလှူရှင်အမည် ရေးထိုး၍ လက်ဆောင်ပေးကမ်းတတ်ကြသည်။

ဧည့်ခန်းတွင် မျက်နှာကြီးခဲ့သည့် ဆေးလိပ်သည်လည်း အိမ်၌လိပ်သော ဆေးလိပ်နှင့် ရောင်းတန်းဆေးလိပ်ဟူ၍ နှစ်မျိုး ရှိလေသည်။ ရောင်းတန်းဆေးလိပ်၌ အစီခံ၏အထက် လက်တစ် လုံးလောက်တွင် စက္ကူပတ်ထားတတ်ပြီး ဆေးလိပ်ခုံအမည်နှင့် ထုတ်လုပ်သည့် အမှတ်တံဆိပ် ရိုက်နှိပ်ထားသည်။ အချို့ အမှတ် တံဆိပ်မပါဘဲ အမည်မျှသာ ပါသည်။ အိမ်လိပ်ဆေးလိပ်မှာမူ စက္ကူဖြူနှင့်ပတ်သည်ကနည်း၍ ချည်မျှင်နှင့် နှစ်ပတ်ရစ်ချည် ထိန်းနှောင်ထားလေသည်။ ထိုဆေးလိပ်၌ ချည်မျှင်စည်းထားသည့် အကြောင်းကို "မဝယ်ဘူး၊ မယ်ရူးတဲ့ဖက်စို" အစချီ လေးဆစ် ကဗျာ၌ . . . "ပိုးမကူ စောင်မြိတ်အသာယူလို့ ဝါချည်ဖြူတစ်ပင်



ရစ်ကယ်နဲ့၊ ငယ်ချစ်မောင် ရွှေဝသွားကို၊ ပါးလိုက်ကဲ့လေး"ဟု ဖွဲ့ဆိုဖော်ပြထားသည်။

ထိုမျှမက ဆေးလိပ်ကို မိမိကိုယ်တိုင် စိတ်တိုင်းကျ လိပ်၍ ရင်းနှီးချစ်ခင်သူများအား လက်ဆောင်ပေးတတ်ပုံကိုလည်း "ရှေးခေတ်စာဆိုတော် မယ်ခွေ"က အောက်ပါအတိုင်း ဖွဲ့နွဲ့စပ်ဆို ခဲ့လေသည်။

"ဆေးလိပ်တို တည္ဟိုလောက်၊ ရော့သောက်တော့ပေး။
မယူလိုက်က မိုက်လို့ထင်၊
ယူလိုက်ပြန်က ကြိုက်လို့ထင်၊
သောက်စေချင်၊ ခုတင်တွင်ထောင်ခဲ့ကွဲ့
ညို့နွဲ့ရဲ့လေး . . ."

မြန်မာ့ရိုးရာ အစဉ်အလာဓလေ့အရ သောက်သုံးသည့် ဆေးလိပ်တွင် ဆေးရွက်ကြီးနှင့် ဆေးရိုးတို့ကို အချိုးကျရောနှော ပြီး ပြောင်းဖူးဖက် သို့မဟုတ် သနပ်ဖက်နှင့် လိပ်၍သောက်သည့် ဆေးလိပ်ပင် ဖြစ်သည်။ ဆေးရိုးသည် ဆေးရွက်ကြီးပင်၏ အရိုး မဟုတ်ဘဲ အုံးနဲ့ပင်အရိုးသာ ဖြစ်သည်။ အုံးနဲ့ပင်အရိုး၏ အရသာ သည် အနည်းငယ်ချိုသည်။ ထိုအုံးနဲ့ပင်ရိုးများကို နုပ်နုပ်စဉ်းဖြတ် ၍ မန်ကျည်းမှည့်ရေ၊ သကာရေနှင့် ဆားအနည်းငယ်ထည့်ကာ ရောမွှေလျက် နေပူထဲတွင် အခြောက်လှန်းထားကြသည်။ ဤသို့ ဆေးလိပ်လိပ်သောက်ရန် ပြုပြင်ပြီး အခြောက်လှန်းထားသည့် အုံးနဲ့ရိုးကိုပင် ဆေးရိုးဟုခေါ်ခြင်းဖြစ်သည်။ ဤသည်မှာ မြန်မာ့ ရိုးရာ ဆေးလိပ်သောက်သည့် ဓလေ့ထုံးစံပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃၄)
## ဇာတာပြုလုပ်သည့် ဓလေ့ထုံးစံ

မြန်မာလူမျိုးတို့တွင် ဇာတာပြုလုပ်သည့် ဓလေ့ထုံးစံလည်း ရှိကြသည်။ ဤ၌ ဇာတာဟူသည် လူတစ်ယောက်၏ မွေးဖွားချိန်မှ သေသည့်အချိန်ထိ ကြားကာလတွင် ဖြစ်ပျက်မည့် အကြောင်းအရာတို့ကို ဖော်ပြထားသည့် အရာဟု ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့်လည်း မြန်မာလူမျိုးတို့သည် ဇာတာဖွဲ့ရန် အလွန်လိုလားကြခြင်းပင် ဖြစ်သည်။ အလျင်အမြန် ရေးမှတ်ထားသည့် ရက်ချုပ်ကိုယူ၍ ငွေကြေးအဆင်ပြေသည့်အချိန်တွင် ဇာတာဖွဲ့တတ်သူ ဗေဒင်ဆရာထံသွားရောက်၍ ဇာတာဖွဲ့နိုင်းတတ်ကြသည်။

ဗေဒင်ဆရာသည် ရှေးဦးစွာ အသင့်စုဆောင်းပြင်ဆင်ထားသည့် ထန်းရွက်များကို ထပ်ပြီး ကြိုးဖြင့်ချုပ်သည်။ လှပသည့် ပုံပန်းရစေရန် လှီးဖြတ်ရ၏။ ထန်းရွက်များကို အထပ်ထပ်ပြုရခြင်းသည် ပေကဲ့သို့ မခိုင်မာသောကြောင့်ပင် ဖြစ်သည်။ နောင်အခါ နိုင်ခံ့၍ ကြေးကြီးသည့် ဇာတာများကို ပြုလုပ်လာကြသည်။ ဇာတာချုပ်၏ တစ်ဖက်မျက်နှာတွင် ဇာတာရှင်မွေးချိန်ကာလကို ဖော်ပြ



ထား၏။ ဖော်ပြထားပုံမှာ ရက်ချုပ်မှာထက် ပို၍တိကျလေသည်။ "ခုနစ်၊ လ၊ ရက်၊ နာရီ၊ ဖဝါ၊ ဗိဇနာများအထိ ပါဝင်ပြီး အသက် ၁၂၀ ရှည်စေသော်ဝ်"ဖြင့် အဆုံးသတ်ထားသည်။

ကျန်မျက်နှာတစ်ဖက်၌ လက်ဝဲဘက်တွင် စက်ဝိုင်းတစ်ခု၊ လက်ယာဘက်၌ ပြာသာဒ်ပုံ၊ ပန်းဆိုင်းပုံကဲ့သို့အရာများ ရေးခြစ်ထားသည့် စက်ဝိုင်းပုံကို အစိတ်များစိတ်ထားပြီး ၁၂ ရာသီခွင် ဂြိုဟ်နေဂြိုဟ်ထားများကို ဖော်ပြထားသည်။ လက်ယာဘက်ရှိ ပုံများတွင်မူ 'စင်နက္ခတ်'ဟုခေါ်သည့် ဇာတာရှင်၏ နက္ခတ်အနေအထားကို ဖော်ပြထားလေသည်။

ဇာတာဟူသည့်အရာသည် ရှေးခေတ်က မြန်မာလူမျိုးတို့၏ လူမှုရေး၊ စီးပွားရေး အစရှိသည့် အရေးပေါင်းစုံတို့တွင် ခြယ်လှယ်နေရာယူထားခဲ့သော်လည်း ယနေ့ခေတ်တွင်မူ ဇာတာထားရှိသူ ဦးရေမှာ အလွန်ပင်နည်းသွားခဲ့ပြီ ဖြစ်သည်။ ဇာတာရက်ချုပ်များအစား သားဖွားခန်း၊ ဆေးရုံများက ရေးပေးလိုက်သည့် မွေးနေ့မှတ်တမ်းကိုသာ အသုံးပြုနေကြတော့သည်။ မည်သို့ပင်ဖြစ်စေကာမူ ဇာတာပြုလုပ်သည့် ဓလေ့သည် ရှေးအခါက မြန်မာလူမျိုးတို့၏ မိရိုးဖလာ အစဉ်အလာဓလေ့တစ်ခုသာဖြစ်ကြောင်း မှတ်တမ်းတင်လိုက်ရပါပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃၅)
## ဈော်ရှောင်သည့် မိရိုးဖလာအစဉ်အလာဓလေ့

မြန်မာလူမျိုးတို့သည် ဈော်ရှောင်လေ့လည်း ရှိကြသည်။ ထို့ကြောင့်ပင် တစ်အိမ်အိမ်မှ ဈော်လုပ်တော့မည်ဆိုလျှင် "ဈော်ကြမယ်တို့"ဟု မဖြစ်မနေ အော်ဟစ်ရသည်။ မကျန်းမမာ နေထိုင်မကောင်းသူရှိပါက ဈော်ရှောင်နိုင်ရန် သတိပေးခြင်းပင် ဖြစ်သည်။

မြန်မာတို့သည် ငရုတ်သီးကင်ရာမှထွက်သည့် အနံ့ကိုပင် ဈော်ဟုသဘောထား၍ ရှောင်လေ့ရှိသည်။ ယုတ်စွအဆုံး ဟင်းအိုးတူးခြစ်ရာမှ ထွက်လာသည့် အနံ့ကိုပင် ဈော်ဟုသဘောထားကာ ဈော်ရှောင်တတ်ကြသည်။

တစ်အိမ်အိမ်မှ ဈော်ဟု အော်သံကြားသည်နှင့် ကလေးအမေများ၊ ဘွားအေများ တသီကြီးထွက်လာကာ ဈော်နံ့နှင့်ဝေးရာ လေတင်ရာအရပ်သို့ ပြေးကြတော့သည်။ သို့သော် သတိထားနေလျက်က၊ သို့မဟုတ် ပြေးရင်းလွှားရင်းက မတော်တဆ ဈော်မိခဲ့သော် ကျောပူခေါင်းပူမထစေရန် ကလေး၏ ငယ်ထိပ်ပေါ်တွင် ရှိန်းခိုအနည်းငယ် ကပ်ထားပေးလိုက်သည်။



အကြောင်းတစ်ခုကြောင့် ကလေးသော်လည်းကောင်း၊ ကလေးအမေသော်လည်းကောင်း ဈော်မိပါလျှင် ဈော်ခံမြစ်ကို သွေး၍ ရှူလည်းရှူရသလို သောက်လည်း သောက်ရသည်။ ထို့ကြောင့် ရှေးက မြန်မာလူမျိုးတို့၏ အိမ်များတွင် ရှိန်းခိုနှင့် ဈော်ခံမြစ်တို့သည် မဖြစ်မနေရှိထား၊ ဆောင်ထားရသည့် ဆေးမြစ်များပင် ဖြစ်ကြသည်။ ဤသည်မှာ မြန်မာလူမျိုးတို့၏ ဈော်ရှောင်ကြသည့် မိရိုးဖလာ အစဉ်အလာဓလေ့တစ်ရပ်သာလျှင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃၆)
## ညောင်ရေသွန်းသည့် ဘာသာသာသနာ ယဉ်ကျေးမှုဓလေ့ထုံးစံ

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များအဖို့ နေ့ထူးနေ့မြတ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဆုန်လပြည့်နေ့မှာပင် အလောင်းတော်ဖွားမြင်တော်မူခြင်း၊ ဘုရားဖြစ်တော်မူခြင်း၊ ပရိနိဗ္ဗာန် စံတော်မူခြင်း၊ ဝေဖောဓာတ်လောင်ခြင်း စသည့် ဗုဒ္ဓဝင်ဆိုင်ရာ နေ့ထူးနေ့မြတ်ကြီးများသည် ထိုကဆုန်လပြည့်နေ့မှာ ဖြစ်ပေါ်ခဲ့သောကြောင့်ပင်တည်း။ ဆရာတော်တစ်ပါးကမူ "ထူးမြတ်ကဆုန် လွမ်းဖို့ကြုံ"ဟူ၍ ဓမ္မသဘင်တွင် အများမြင်လာစေရန် ဟောကြားခဲ့လေသည်။

ထို့ပြင် ထိုကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် ဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်း၍ ကုသိုလ်အမှုပြုလုပ်လေ့ရှိကြသည်။ ထိုဗောဓိညောင်ပင်သည် ရှိခိုးသင့် ရှိခိုးထိုက်၊ ရှိသေသင့် ရှိသေထိုက်၊ ကိုးကွယ်သင့် ကိုးကွယ်ထိုက်လှသော စေတီလေးမျိုးအပါအဝင် ပရိဘောဂစေတီတော်လည်း ဖြစ်သည်။



ထိုမှတစ်ပါး ဗောဓိညောင်သည် "အာ၊ ဗော၊ ကာ၊ ယ၊ ဆန်၊ ရွှေ၊ ကန်" ဟူသည့် ဆောင်ပုဒ်အရ (၁)ညီတော်အာနန္ဒာ၊ (၂) ဗောဓိပင်၊ (၃) ကာဠုဒါယီ၊ (၄) ယသော်ဓရာ၊ (၅) ရွှေအိုးကြီး ၄ လုံး၊ (၆) ဆန္နအမတ်၊ (၇) ကဏ္ဍကမြင်း အပါ ဖွားဘက်တော် ၇ ပါးတွင် တစ်ပါးအပါအဝင်လည်း ဖြစ်သည်။

ထိုဗောဓိပင်အောက်တွင် ဘုရားရှင်သည် မာန်ငါးပါးကို အောင်မြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဤကဲ့သို့ ဘုရားဖြစ်အောင် အထောက်အပံ့ပြုခဲ့သည့် ဗောဓိညောင်ပင်အား ထာဝစဉ်ရှင်သန်စေရန်အတွက် အေးမြသည့်ရေစင်ဖြင့် ညောင်ရေသွန်းလောင်းကာ မြန်မာတို့သည် ကုသိုလ်အထူးကို ဆည်းပူးခဲ့ကြသည်။

တစ်နည်းအားဖြင့်လည်း ကဆုန်လသည် ချေပြတ်သည့်လပင် ဖြစ်သည်။ "ကဆုန်,နယုန် စွေ့စွေ့ခုန်"ဟူသည်နှင့်အညီ ပူပြင်းလှသည့် နွေလအခါလည်းဖြစ်သည်။ ဤကဲ့သို့ ပူပြင်းလှသည့် နွေအခါသမယ ကဆုန်လတွင် ဗောဓိပင် အစဉ်ရှင်သန်နေစေရန် ရေစင်ရေကောင်းဖြင့် သွန်းလောင်း၍ ကုသိုလ်ယူခြင်းဟုလည်း ဆိုနိုင်သည်။

ဘုရားရှင်လက်ထက်တော်အခါက ဇေတဝန်ကျောင်းတော် တံခါးဝတွင် ညီတော်အာနန္ဒာကိုယ်တိုင် ဗောဓိပင်စိုက်ပျိုးတော်မူခဲ့သလို သီဟိုဠ်၌လည်း ဒက္ခိဏာသာခါ ဗောဓိပင်ကို စိုက်ပျိုးတော်မူခဲ့ကြသည်။ ဒက္ခိဏာသာခါဟူသည် တောင်ဘက်

www.burmeseclassic.com

www.burmeseclassic.com



အကိုင်းဟု အဓိပ္ပာယ်ရ၍ တောင်ဘက်အကိုင်းက သစ်သားနှင့် ထုလုပ်ထားသည့် ဘုရားဆင်းတုတော်ကိုမူ ဒက္ခိဏသာခါဘုရား ဟု ခေါ်ကြသည်။

ဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာပြည်၌မူ 'နရပတိ စည်သူ'မင်းတရားလက်ထက် 'ပုဂံခေတ်'တွင် ဗောဓိပင်ကို စတင် စိုက်ပျိုးခဲ့ကြသည်။ ထိုမှ ဘိုးတော်ဘုရား၊ ဘကြီးတော်၊ မင်းတုန်း မင်းအထိ မင်းအဆက်ဆက်တို့သည် ဗောဓိညောင်ပင်တို့ကို စိုက်ပျိုး၍ ညောင်ရေသွန်းလောင်းပွဲတော်များကို စည်ကားသိုက် မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ကြသည်။

ရွှေတိဂုံစေတီတော် အဂ္ဂါထောင့်၌ စိုက်ပျိုးထားသည့် ဗောဓိပင် ညောင်ရေသွန်းပွဲတော်ကို ၁၂၈၈ ခုနှစ်က စတင်ခဲ့ သည်ဟု သိရသည်။ ဗောဓိညောင်ပင်တော်ကို လှည့်ပတ်၍ နံ့သာ ရေအိုးကိုယ်စီနှင့် ဝတ်အသင်းသူ အသင်းသားများက ရေတော် သွန်းလောင်းခဲ့ကြလေသည်။ ဤသည်မှာ မြန်မာလူမျိုးတို့၏ ဘာသာသာသနာ ယဉ်ကျေးမှုထုံးစံအရ ကုသိုလ်ယူခဲ့ကြသည့် ကဆုန်ညောင်ရေသွန်းပွဲတော်အကြောင်း အကျဉ်းချုပ်သာ ဖြစ်ပါ တော့သည်။

# (၃၇)
# တံခွန်ကုက္ကား ပြုလုပ်သည့်ဓလေ့

မြန်မာလူမျိုးတို့သည် ဘုရားရှင်ကိုယ်တော်စား ရုပ်ပွား ဆင်းတုတော်တို့အား မိမိတို့ အိမ်ဦးခန်း(ဘုရားခန်း)တွင် ကိုးကွယ် ပူဇော်ခဲ့ကြသည်။ ဤသို့ ကိုးကွယ်ကြသည့်အခါ သံဃာတော် အရှင်မြတ်တို့အား ပင့်ပြီးလျှင် ဗုဒ္ဓါဘိသေကမင်္ဂလာ-ဘုရား အနေ ကဇာသဘင် ဆင်ယင်ကျင်းပပြီးလျှင် ရတနာမြတ်သုံးပါးအား ပူဇော်လေ့ရှိကြသည်။

ဤသို့ ဘုရားအနေကဇာတင်သည့်အခါ အနေကဇာ တင်ပွဲ အထိမ်းအမှတ်အဖြစ် တံခွန်ကုက္ကား မုလေးပွား စသည့် ပစ္စည်းတို့ကို အပြည့်အစုံ ဆောင်ထားကြသည်။ သံဃာတော် အရှင်မြတ်ကလည်း တံခွန်ကုက္ကားတို့ကို လက်အုပ်ကြားတွင် ထားရှိလျက် အနေကဇာတင်လေ့ရှိကြသည်။ တံခွန်ကုက္ကား မုလေးပွား စသည့်ပစ္စည်းတို့ကို အနေကဇာတင်ရာ၌ အဘယ် ကြောင့် အသုံးပြုကြရပါသနည်း။ တံခွန်ကုက္ကားပြုလုပ်သည့် ဘာသာသာသနာ ယဉ်ကျေးမှုဓလေ့သည် မည်သည့်ကျမ်းဂန် စာပေအရ ပြုလုပ်ခြင်းဖြစ်ပါသနည်းဟု သိရန်လိုလာ၏။

www.burmeseclassic.com

www.burmeseclassic.com



၁။ မြေစာမြက် = ကမ္ဘာကြီးပျက်ပြီးနောက် အသစ်တစ်ဖန် ပြန်တည်စအခါတွင် ဦးစွာ ကမ္ဘာမြေဆီလွှာ ဖြစ်ပေါ်လာသည်။ ထိုမြေဆီလွှာတွင် ဦးစွာပေါက်သည့် မြက်သည် မြေစာမြက်ပင်ဖြစ်သည်။ ဘုရားအလောင်းတော် ဗောဓိပင်သို့ ကြွတော်မူလာသည့်အခါ လမ်းတွင်တွေ့ရသည့် သောတ္ထိယမြက်ရိတ်သမားက အလောင်းတော်ကို မြက်ရှစ်ဆုပ်လှူဒါန်းခဲ့သည်။ ဤသည်ကို ရည်မှတ်၍ ဘုရားကနေကဇာတင်ပွဲတွင် ကမ္ဘာဦးက စတင်ဖြစ်ပေါ်ခဲ့သည့် မြေစာမြက်ကို အထိမ်းအမှတ်အနေဖြင့် ထည့်သွင်းထားခြင်း ဖြစ်သည်။

၂။ ထီး = ဘုရားရှင် မာရ်နတ်ကို မအောင်မြင်ကတည်းကပင် သဟမ္ပတိဗြဟ္မာမင်းသည် သုံးယူဇနာရှိသည့် ထီးဖြူကို အလောင်းတော်အား မိုးပေးခဲ့သည်။ မာရ်နတ်ရန်အောင်မြင်ပြီးသောအခါ၌လည်း ထီးဖြူကိုမိုးပေးခဲ့သည်။ ဤသည်ကို ရည်မှတ်၍ အနေကဇာတင်သည့်အခါ ထီးတော်ကို ထည့်သွင်းထားခြင်းဖြစ်သည်။

၃။ ယပ် = အလောင်းတော်သည် ဘုရားဖြစ်တော်မူပြီး အပရာဇိတပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးစံတော်မူနေစဉ် သိကြားမင်းက ဝိဇယုတ္တရခရုသင်းကိုမှုတ်ကာ နှိုးဆော်မှုကြောင့် သုယာမနတ်မင်းသည် သုံးဂါဝုတ်ရှိသည့် သားမြီးယပ်ကို ခတ်လျက် အလောင်းတော်အနီး၌ ရပ်နေသည်ကို အကြောင်းပြု၍ အနေကဇာတင်ရာတွင် ယပ်ကိုထည့်သွင်းထားခြင်းဖြစ်သည်။

၄။ တံခွန် = ဘုရားရှင်၏ စက်တော်ရာတွင် တံခွန်



အမှတ်အသား ပါသောကြောင့်လည်းကောင်း၊ မာရ်နတ်ရန်ကို အောင်မြင်သည့်အခါ စကြဝဠာတိုက်အပေါင်းမှ နတ်တို့သည် အောင်လံတံခွန် တလူလူလွှင့်၍ ဝိုင်းရံလာသည်ကို အထိမ်းအမှတ်ပြု၍လည်းကောင်း၊ ဘုရားစင်စစ် ဖြစ်သည့်အခါတွင် စကြဝဠာတစ်သောင်း အလှဆုံးတန်ဆာဆင်ပြီး ဖြစ်နေသည်မှာ အရှေ့ဖျား စကြဝဠာအနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် အနောက်ဖျား စကြဝဠာသို့တိုင်လည်းကောင်း၊

ထို့အတူ တောင်ဖျားအနားရေး၌ စိုက်ထူထားသည့် တံခွန်ကုက္ကားတို့၏ အရောင်များသည် မြောက်ဖျားစကြဝဠာအနားရေးထိတိုင်အောင်လည်းကောင်း တည်ရှိကြကုန်သည်။ အလားတူပင် မြေပြင်၌စိုက်ထူထားသည့် တံခွန်ကုက္ကားတို့၏ အရောင်များသည် ဗြဟ္မာ့ပြည်အနားရေးထိတိုင်အောင်လည်းကောင်း၊ ဗြဟ္မာ့ပြည်၌ စိုက်ထူးထားသည့် တံခွန်ကုက္ကားတို့၏အရောင်များသည် မြေပြင်ထိနိုက်လျက် တည်ကုန်၏ဟူသော အဆိုအမိန့်ကို အထောက်အထား အထိမ်းအမှတ်ပြု၍ အနေကဇာတင်ရာ၌ တံခွန်ကို ထည့်သွင်းထားခြင်း ဖြစ်သည်။

၅။ ကုက္ကား = မာရ်နတ်မင်းသည် ဘုရားလောင်းကို လက်နက်ကိုးမျိုးတို့ဖြင့် ပစ်ခွင်းရာတွင် ပထမဆုံး ကျောက်ခဲမိုးကို ရွာချသည်။ ထိုကျောက်ခဲများသည် အလောင်းတော်အနားသို့ ရောက်သည့်အခါ နတ်ပန်းကုံးများ ဖြစ်သွားကြသည်။ မာရ်နတ်ကိုအောင်မြင်ပြီးသည့်အခါ အချို့က တံခွန်ကုက္ကားတို့ကို ကိုင်စွဲ၍ ပူဇော်ကြသည်ဟူသည့် အဖြစ်အပျက်ကို အထိမ်းအမှတ်ပြု၍

www.burmeseclassic.com

www.burmeseclassic.com



ကုက္ကားဟူသော ပန်းဆိုင်းကို အနေကဇာတင်ရာ၌ ထည့်သွင်းထားခြင်း ဖြစ်သည်။

၆။ မုလေးပွား = မာရ်နတ်မင်းသည် စတုတ္ထမြောက် လက်နက်မိုးတို့ကို ရွာချပြန်သည်။ ထိုလက်နက်တို့သည် အလောင်းတော်အနား ရောက်သည့်အခါ မုလေးပန်းအဖြစ်သို့ ရောက်သွားကြသည်။ တစ်ဖန် နံပါတ်(၅)ဖြစ်သည့် မီးကျီးမိုးသည်လည်းကောင်း ထိုအတူပင် မုလေးပန်းများ ဖြစ်သွားကြသည်။ မာရ်နတ်ရန်ကိုအောင်မြင်တော်မူပြီးသည့်အခါ နတ်တို့က နတ်ပန်းတို့ဖြင့် ပူဇော်ကြသည်ဟူသည့် အဖြစ်အပျက်ကို အထိမ်းအမှတ်ပြု၍ ဘုရားအနေကဇာတင်ရာတွင် မုလေးပွားတို့ကို ထည့်သွင်းထားခြင်း ဖြစ်သည်။

၇။ သာသနာ့အလံ = မြတ်ဗုဒ္ဓသည် ဘုရားဖြစ်တော်မူပြီးနောက် 'အနိမိသံသတ္တာဟ'၌ စံနေစဉ် နတ်ဗြဟ္မာတို့၏ ယုံမှားသံသယကို ပယ်ဖျောက်ရန်အလို့ငှာ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူ၍ နတ်ဗြဟ္မာတို့၏ ယုံမှားမှုကို ပယ်ဖျောက်တော်မူသည်။ 'ရတနာဃရသတ္တာဟ'၌ စံတော်မူနေစဉ် အဘိဓမ္မာ ၇ ကျမ်းတွင် နောက်ဆုံးဖြစ်သည့် ပဋ္ဌာန်းကျမ်းတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးထွက်ပေါ်လာသည်။ ဤသည်ကို အထိမ်းအမှတ်ပြု၍ သာသနာ့အလံကို အနေကဇာတင်ရာ၌ ထည့်သွင်းထားခြင်း ဖြစ်သည်။

၈။ သပြေပန်း = ဤကမ္ဘာတွင် ကျွန်းကြီးလေးကျွန်းရှိရာ အရှေ့ကျွန်း၏ အထိမ်းအမှတ်သည် ကုက္ကိုပင်၊ အနောက်



ကျွန်း၏အထိမ်းအမှတ်သည် ထိန်ပင်၊ မြောက်ကျွန်း၏အထိမ်းအမှတ်သည် ပဒေသာပင်၊ တောင်ကျွန်း၏အထိမ်းအမှတ်သည်ကား သပြေပင်။ ဤအထိမ်းအမှတ်များအရ သဗ္ဗညုတဘုရားတို့မည်သည် တောင်ကျွန်း၌သာ ပွင့်ရိုးထုံးစံဖြစ်သည့်အတွက် ဇမ္ဗုသပြေပင်ပေါက်ရာ တောင်ကျွန်း၌ ဘုရားပွင့်သည်ကို အထိမ်းအမှတ်ပြု၍ အနေကဇာတင်ရာတွင် သပြေပန်းကို ထည့်သွင်းထားခြင်း ဖြစ်သည်။

၉။ ဆန်ပန်းပေါက်ပေါက် = မြတ်ဗုဒ္ဓသည် ဗောဓိပင်အောက်ဝယ် မာရ်နတ်မင်းကို အောင်မြင်သောအခါ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် စုရုံးလာကြပြီး နတ်ပန်းမိုး၊ နတ်နံ့သာတို့ဖြင့် ကြဲဖြန့်ပူဇော်ကြသည်ဟူသော ကျမ်းဂန်စကားအရ အနေကဇာတင်ပြီးသည့်အခါ ရောင်စုံပန်းပမာ ဆန်တို့ကို ဆေးရောင်စုံဆိုးပြီး ရုပ်ပွားတော်မြတ်အား ဘိသိက်သွန်းကြဲ ပူဇော်ကြခြင်းဖြစ်သည်။ ဤသည်မှာ ဘုရားအနေကဇာတင်ရာ၌ ပါဝင်သည့် တံခွန်ကုက္ကား၊ မုလေးပွား အစရှိသည့် အထိမ်းအမှတ်ပစ္စည်းများဖြင့် ဘုရားရှင်အား ပူဇော်ကြသည်မှာ မြန်မာလူမျိုးတို့၏ မွန်မြတ်သည့် ဘာသာသာသနာ ယဉ်ကျေးမှုဓလေ့ထုံးစံ အစဉ်အလာတစ်ရပ်ပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# (၃၈)
# တံခွန်တိုင် စိုက်ထူသောဓလေ့

မြန်မာနိုင်ငံအနှံ့အပြားရှိ ဘုရားစေတီ ရင်ပြင်တော်တို့တွင် တံခွန်တိုင်များကို တွေ့ရှိနိုင်ပေသည်။ တံခွန်တိုင်ကို ကျွန်းသားဖြင့်လည်းကောင်း၊ အင်္ဂတေဖြင့်လည်းကောင်း၊ သံတိုင်ဖြင့်လည်းကောင်း ပြုလုပ်လေ့ရှိကြသည်။ တချို့ တံခွန်တိုင်များကို မှန်စီရွှေချထားကြပြီး ပုံအားဖြင့်လည်း ဟင်္သာရုပ်၊ ကရဝိက်ရုပ်၊ စေတီပုံ စသည်ဖြင့် အမျိုးမျိုးပြုလုပ်လေ့ရှိကြသည်။

တံခွန်တိုင်၌ ချိတ်ဆွဲထားသည့် တံခွန်လုံးများကို ရှုန်သားစ၊ သို့မဟုတ် ပိတ်စများကို ချုပ်လုပ်ထားပြီး အတွင်း၌ နီးခွေခံ အဝိုင်းခံထားသည်။ တံခွန်လုံးများကို တစ်ခုနှင့်တစ်ခု တစ်တောင်၊ နှစ်တောင် ကွာခြား၍ ပြုလုပ်ထားသောကြောင့် ဖောင်းကြွသည့် တံခွန်လုံး အရှည်ကြီးဖြစ်လာသည်။ တံခွန်လုံးတွင် ရွှေရောင်ပြား၊ ငွေရောင်ပြား ကပ်ထားခြင်းဖြင့် လှပအောင် တန်ဆာဆင်ထားလေ့ရှိကြသည်။ တံခွန်တိုင်ဖြစ်ပေါ်လာသည့် နောက်ခံသမိုင်းသည်ကား . . .

လွန်ခဲ့သည့် ကမ္ဘာတစ်သိန်းထက်၌ ဟံသာဝတီပြည်တွင် ပဒုမုတ္တရဘုရားရှင် ပွင့်ထွန်းတော်မူပြီးနောက် ထိုဘုရားရှင်သည် သက်တော်ရှစ်သောင်းနေ၍ ပရိနိဗ္ဗာန် ပြုတော်မူလေသည်။ ထိုဘုရားရှင်၏ ဓာတ်တော်တို့သည် မပြိုမကွဲ တစ်ခဲနက် တစ်စု



တည်းသာ တည်တော်မူသောကြောင့် လူနတ်ဗြဟ္မာတို့သည် ရတနာမျိုးစုံတို့ဖြင့် အချင်း (၇)ယူဇနာရှိသော စေတီတော်တည်လျက် ကိုးကွယ်ကြကုန်သည်။ ဂန္ဓဗ္ဗတ်နတ်တို့သည် ပွတ်တိုင်အရန်ကို (၇)ဆင့်ပြု၍ တံခွန်ထီးတိုင်ကို တည်ဆောက်ပူဇော်ခဲ့ကြသည်။

ထိုအချိန် ဟံသာဝတီပြည်မှ ခဝါသည် ဆင်းရဲသားတစ်ယောက်သည် ထိုဘုရားရှင်၏ စေတီတော်ကို အလွန်ကြည်ညိုလှသောကြောင့် လျှော်ဖွပ်ထားသည့် အပေါ်ရုံအဝတ်ကို တံခွန်ပြုလျက် ဝါးဖျားတွင်ဆွဲကာ ပူဇော်ခဲ့လေသည်။ ထိုတံခွန်လှူခဲ့သည့် ကောင်းမှုကံကြောင့် ယခု ဂေါတမဘုရားရှင်လက်ထက်တော်တွင် ထိုခဝါသည်ဆင်းရဲသားသည် အရှင်ဥပဝါနမထေရ်ဖြစ်တော်မူခဲ့သည်။ ထိုခဝါသည် ဆင်းရဲသား တံခွန်လှူခဲ့သည်ကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားစေတီတော်တို့၌ တံခွန်တိုင်နှင့် တံခွန်လုံးတို့ကို ပြုလုပ်လှူဒါန်းပူဇော်သည့်ဓလေ့ကို မြတ်မြတ်နိုးနိုး လှူဒါန်းကြခြင်းသာ ဖြစ်ပါသည်။

အချို့ကမူ ဘုရားရှင်လက်ထက် ရာဇဂြိုဟ်သူဌေးကြီးသည် ဝါးအဆက်ဆက်တို့ဖြင့် စိုက်ထောင်ထားသည့် အတောင်ခြောက်ဆယ်အမြင့်၌ စန္ဒကူးသပိတ်ထားသည်ကို အထိမ်းအမှတ်ပြု၍ ဘုရားစေတီတော်တို့၌ တံခွန်တိုင်ပြုကာ လှူဒါန်းကြခြင်းဟု ဆိုလေသည်။ ဤသည်ကား တံခွန်စိုက်ထူသည့် ဘာသာသာသနာ ယဉ်ကျေးမှုဓလေ့ကို သိသာရုံမျှ တင်ပြလိုက်ခြင်းသာ ဖြစ်ပါတော့သည်။

www.burmeseclassic.com

# (၃၉)
## တံတားခင်း၊ ညောင်ထောက်သည့် မလေ့ထုံးစံ

မြန်မာလူမျိုးတို့သည် ကျန်းမာရေးညံ့သည့်အခါ၊ ကံဇာတာညံ့သည့်အခါများတွင် တံတားခင်း၊ ညောင်ထောက်လေ့ရှိကြသည်။ တံတားခင်း၊ ညောင်ထောက်ခြင်းသည် ဗုဒ္ဓယတြာ၊ သို့မဟုတ် ဘုရားကု ကုခြင်းပင် ဖြစ်သည်။ ဘုရားကု ကုခြင်းသည် သမားကု မကုနိုင်တော့သည့်အတွက်ကြောင့် လက်လျှော့လိုက်ခြင်းကား မဟုတ်ချေ။ ဘုရားကုနှင့် သမားဟု ရောစပ်ကာ နှစ်မျိုးနှစ်စား ကုသခြင်းပင် ဖြစ်သည်။ လူနာသည် မီးစာကုန်ဆီခန်း စိုးရိမ်ရသည့် အခြေအနေသို့ ရောက်နေသည့်အခါမျိုးတွင် တံတားခင်းခြင်း ကုသိုလ်ကို ပြုလေ့ရှိကြသည်။ ပြတ်တောက်သွားသည့် အရာကို ကူးဆက်ပေးသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။

သတ္တဝါမှန်သမျှ ကံ၊ စိတ်၊ ဥတု၊ အာဟာရပေါ်တွင် တည်မှီနေကြရသည်။ ဥတုများ၊ အာဟာရများကာ နေထိုင်မကောင်းဖြစ်လျှင် သမားပင့်၍ ကုသသည်။ စိတ်ဓာတ်ကျဆင်းခြင်းကြောင့်ဖြစ်သည့် ရောဂါကိုလည်း သမားတော်ကိုပင့်ပြီး ကုသရသည်။ သို့သော် ကံဟောင်းကုန်ပြတ်ပြီဆိုလျှင်ကား သမားကောင်းပင် ဖြစ်သော်လည်း မည်သို့မျှ တတ်နိုင်မည်မဟုတ်ချေ။



ဤသို့သော အခါမျိုး၌ မရလျှင်လည်း ကုသိုလ်ကောင်းမှု ဖြစ်စေ၊ ရလျှင်လည်း ရပါစေဟူသည့် မျှော်လင့်ချက်ထားကာ တံတားခင်းပေးသည်။ ထိုဗုဒ္ဓယတြာခေါ် ဘုရားကု ကုခြင်းသည် လူနာ၏ အတွက်အကျိုးကို ဦးတည်ထားသည်မှာ မှန်သော်လည်း ပရအကျိုးသည်လည်း အလိုအလျောက် ပါဝင်နေလေသည်။ တံတားခင်းသည်ဆိုရာ၌ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ပြုလုပ်မှ တံတားခင်းသည်ဟု မဆိုရချေ။ ဝါးလုံးငါးလုံးကို တွဲချုပ်ကွပ်ပြီး တစ်ထွာမျှကျယ်သည့်မြောင်းကလေးကို ဖြတ်ကျော်နိုင်ရန် တံတားထိုးပေးလျှင်လည်း တံတားခင်းခြင်းပင် ဖြစ်သည်။

မည်သည့်ရောဂါဝေဒနာမျှ မကျရောက်ပါဘဲ တံတားကြီးငယ် ခင်းနေ၊ တည်ဆောက်နေသူများလည်း ရှိကြသည်။ ထိုသူများသည် လိုအပ်ချက်ကိုမြင်သောကြောင့် စေတနာအရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း တံတားခင်းနေကြခြင်းသာ ဖြစ်သည်။

ညောင်ထောက်ခြင်းသည်လည်း ဗုဒ္ဓယတြာပင် ဖြစ်သည်။ ကျိုးကျပျက်စီးနေသည့် ညောင်ပင်ကိုထောက်ပေးသည့်အတွက် ကုသိုလ်ရှင် (ဝါ) လူနာသည် တူသောအကျိုးကို ရရှိရန် ရည်စူးချက်ပါလေသည်။ ညောင်ကို ထောင်မှဖြစ်မည်လော၊ အခြားသစ်ပင်ကို ထောက်လျှင်ကော မဖြစ်ဘူးလားဟု စောဒကတက်စရာ ရှိလာသည်။ ယုတ္တိသာဓကအားဖြင့်ဆိုရပါမူ ညောင်ပင်မဟုတ်သည့် အခြားအပင်များကို ထောက်ပေးလျှင်လည်း ရမည်ဟု ထင်သည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သို့သော် ညောင်ပင်သည် မြတ်ဗုဒ္ဓပွင့်တော်မူရာဖြစ်ခြင်း၊ ပရိဘောဂစေတီတော်ဖြစ်ခြင်း၊ သာမန်သစ်ပင်ထက် မြင့်မြတ်သောကြောင့် ညောင်ပင်ကို မကျိုးမပဲ့အောင် ညောင်ထောက်ပေးပါက ပို၍အကျိုးကြီးသည်ဟု မြန်မာလူမျိုးတို့သည် လေးနက်စွာ ယုံကြည်သည့်အလျောက် ညောင်ထောက်လေ့ရှိကြခြင်းပင် ဖြစ်သည်။

တစ်ကြောင်းမှာလည်း အေးမြသည့် အရိပ်ကို ပေးစွမ်းနိုင်ပြီး စည်ပင်သာယာသော ညောင်ပင်ကြီး၏ ပျက်စီးယိုယွင်းမှုကို ကာကွယ်ပေးလျှင် လူနာနှင့်တကွ မိသားစုတွင် ကျရောက်နေသည့် ဘေးအန္တရာယ်များ ကင်းဝေးကာ ညောင်ပင်ကြီးသာယာစည်ကားသည့်ပမာ မိမိတို့မိသားစုသည်လည်း အေးချမ်းသာယာမည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ဗုဒ္ဓယတြာဖြစ်သည့် တံတားခင်းခြင်း၊ ညောင်ထောက်ခြင်း ဓလေ့တို့ကို ယုံကြည်စွာဖြင့် ပြုလုပ်ကြခြင်းသာ ဖြစ်ပါလေတော့သည်။

(၄၀)

## တုံးမောင်းခေါက်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံ

မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ ဘုန်းတော်ကြီးကျောင်းများတွင် တုံးမောင်း၊ ကြေးမောင်း၊ ကြေးစည်၊ ထိုးစည် ခေါက်၍ ထိုး၍ အချက်ပေးသည့်ဓလေ့သည် ရှေးခေတ်မှစ၍ ယနေ့ခေတ်အထိ ရှိနေကြဆဲပင် ဖြစ်သည်။

ဤတွင် တုံးမောင်းခေါက်သည်ဟု ဆိုရသော်လည်း မူရင်းဝေါဟာရအမှန်သည်ကား အုန်းမောင်းသာ ဖြစ်သည်။ ထိုတုံးမောင်း၊ သို့မဟုတ် အုန်းမောင်းကို ကုလားတက်(ကလတက်)ဟု ခေါ်ကြသေးသည်။ ကလတက်ဟုခေါ်ကြခြင်းသည်ကား မျက်နှာဖြူကုလားများ အောက်မြန်မာပြည်သို့ ရောက်လာသည့်အခါ (ဝါ) ကုလားများ တက်လာသည့်အခါ ကင်းစောင်းရင်းတီးခေါက်ကြရာမှ ကုလားတက်(ကလတက်)ဟု ခေါ်ခဲ့ကြခြင်းပင် ဖြစ်သည်။ ထို့ကြောင့်ပင် "မန္တလေးမြို့ ဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် စည်ရှည်ဆရာတော်ဘုရား"သည် "ကံမကောင်း၊ အုန်းမောင်း ကလတက်ဖြစ်ရသည်"ဟု စကားပုံပမာ မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တံုးမောင်းခေါ် ကလတက်ပြုလုပ်နည်းကို ရှေးလူကြီးများသည် ''ထိပ်ဝတစ်ပြန်၊ အနားခံ၊ ခလယ်လေးချိုးချိုး''ဟု စနစ်တကျသတ်မှတ်ထားခဲ့ကြသည်။ ထိပ်ဝတစ်တောင်ရှိသည့် ကလတက်ဆိုလျှင် ထိပ်တစ်ဖက် တစ်တောင်စီချန်ရမည်။ အလယ်မှ အရှည် ၄ တောင်ကို အခေါင်းထွင်းရမည်ဟု သတ်မှတ်ထားသည့်အတွက် ထိုကလတက်၏ အရှည်သည် (၆)တောင် ဖြစ်သည်ဟု သိရသည်။ အလယ်အခေါင်းကို ထွင်းရာ၌လည်း နှုတ်ခမ်းသည် တုံးထိပ်ဝအကျယ်၏ ၁၂ ချိုး ၁ ချိုးသာလျှင် ထွင်းရ၏။ ထိပ်ဝတစ်ပေရှိလျှင် အခေါင်း၏နှုတ်ခမ်းဝသည် တစ်လက်မသာ ကျယ်ရသည်။ ''ထိပ်ထူခေါင်းပါး၊ အဝေးကြား''ဟူ၍ မှာကြားသည့်အတိုင်း တုံးမောင်းကလတက်အသံကို အဝေးမှကြားရစေရန် အခေါင်း၏ အဝသည် ကျယ်ရမည်ဖြစ်သည်။ ဤသည်မှာ တုံးမောင်းပြုလုပ်ပုံ နည်းစနစ်ပင် ဖြစ်သည်။

ဘုန်းတော်ကြီးကျောင်းများ၌ တုံးမောင်း (ဝါ) ကလတက်ခေါက်သည့်အချိန်သည်လည်း နံနက်အရုဏ်တက် ဘုရားဝတ်ပြုချိန်၊ နေ့လယ်ဆွမ်းစားချိန်၊ ညပိုင်း ဘုရားဝတ်တက်ချိန်များ၌သာ ခေါက်လေ့ရှိကြသည်။ ဤသည်မှာ ရှေးခေတ်က တုံးမောင်းခေါက်ခဲ့ကြသည့် အစဉ်အလာယဉ်ကျေးမှု ဓလေ့ထုံးစံသာလျှင် ဖြစ်ပါတော့သည်။

# (၄၁)
# ထမင်းဦးပေါင်းဓလေ့

ထမင်းဦးပေါင်းဓလေ့သည် ယနေ့ခေတ်တွင် ကွယ်ပျောက်ခဲ့လေပြီ။ ထမင်းဦးပေါင်းဓလေ့ ကွယ်ပျောက်ခဲ့ပြီဖြစ်သော်လည်း ဦးချသည့် အလေ့မှာမူ ရှားပါးစွာ ကျန်ရှိနေဆဲပင်ဖြစ်သည်။ ဤ၌ ထမင်းဦးပေါင်းဟူသည် ထမင်းအစုအပုံ၏ထိပ်ဦးတွင်ရှိသည့် မို့မို့ခုံးခုံး ထမင်းအစုလေးပင် ဖြစ်သည်။

ယခုခေတ်ကဲ့သို့ ဒန်အိုး၊ သတ္တုအိုး၊ ထမင်းပေါင်းအိုးများ မပေါ်မီ ရှေးခေတ်က ထမင်းချက်ရာတွင် မြေအိုးကိုသာ အသုံးပြုခဲ့ကြရလေသည်။ ဤ၌ ဝမ်းပူ၍ အောက်ခြေလုံးဝန်းသည့် မြေအိုး၊ ကြေးအိုးတွင် ဖုံးအုပ်ထားသည့် စလောင်းဖုံးသည် အခုံးဖြစ်သည်။ ထမင်းကို နှပ်သည့်အခါတွင်လည်း စလောင်းဖုံးနှင့် အိုးကို မြဲမြဲစွာ ကိုင်လျက် ပြောင်းပြန်ထားကာ 'ဆောင့်'ပြီးမှ နှပ်လေ့ရှိကြသည်။ ထိုအခါ ထမင်းစု၏ထိပ်သည် စလောင်းဖုံးပုံသဏ္ဌာန်အတိုင်း ခုံးခုံးမို့မို့ကလေး ဖြစ်နေလေသည်။

ထမင်းဦးပေါင်းဓလေ့ဟူသည်မှာ အကယ်၍ အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် သားသမီးသည် မိဘထက် အလျင်ထမင်းစားရမည်ဆိုပါလျှင် မိဘအတွက် ဦးချပြီးမှ စားခြင်းပင်ဖြစ်သည်။ ထမင်းကို ဦးချရာ၌ကား ထမင်းအိုးကိုဖွင့်ပြီးနောက်ဦးစွာတွေ့ရသည့် ထိပ်မှ ထမင်းပုံ့ပုံ့မို့မို့ကလေးကို ယောက်မဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုးကော်ကာ ဖယ်ထားပြီး အောက်က ထမင်းကို ခူးယူခြင်းပင် ဖြစ်သည်။ လိုသလောက် ခူးယူပြီးသွားသည်နှင့် ကော်ယူထားသည့် ထမင်းကို အိုးထဲပြန်ထည့်ထားခဲ့ရသည်။ ဤသည်မှာ ထမင်းဦးပေါင်းဓလေ့ပင် ဖြစ်သည်။

ဤဓလေ့သည် မြန်မာတို့၏ ယဉ်ကျေးမှုနယ်ပယ်ထဲသို့ အနည်းဆုံး 'အင်းဝခေတ်' (ဒုတိယမင်းခေါင် သက္ကရာဇ် ၈၄၂–၈၆၃)တွင် ရောက်ရှိ၍ ကျင့်သုံးနေပြီဟု ယုံကြည်ရသည်။ 'ရှင်မဟာသီလဝံသ'၏ ''တိလောကဟု၊ မရနိုင်းတူ၊ ဘက်မပြုသား'' အစချီသည့် ဆုံးမစာ စာပိုဒ် ၁၅ ၌ ... ''မိဦးဖဦး ဆရာဦးကို၊ ခူး၍အလျှင် မစားနှင့်''ဟု ဆုံးမထားသည်ကို တွေ့ရသောကြောင့် ပင် ဖြစ်သည်။

အဝကျယ်သည့် ဒန်အိုးများ ပေါ်ပေါက်လာသည့်ခေတ်တွင် ထိုထမင်းဦးပေါင်းဓလေ့သည် ပျောက်ကွယ်ခဲ့ရသည်။ သို့သော် ဂါရဝတရားသည် ရှိနေဆဲဖြစ်သည့် မြန်မာလူမျိုးတို့ အဖို့မှာမူ ဦးချသည့်ဓလေ့သည် ရှိနေဆဲသာ ဖြစ်သည်။ ဆွမ်းတော် မတင်ရသေးမီ ဆွမ်းမလောင်းရပေ။ မိဘဘိုးဘွားများ မစားရသေးမီ စားသောက်လိုပါက ဦးချမြဲ ဦးချနေဆဲပင်။ ဦးချပုံမှာ ဘေးတစ်နေရာမှ ခူးယူပြီး ဦးချသည့် အထိမ်းအမှတ်အနေဖြင့် ထမင်းတစ်ဆုပ်ဖြစ်စေ၊ တစ်ခဲဖြစ်စေ ပြန်ထည့်လျှင် ဦးချသည်ပင် ခေါ်ရ၏။ ဤသည်မှာ ရှေးခေတ်က မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် လေးစားစွာ လိုက်နာကျင့်သုံးခဲ့ကြသည့် ထမင်းဦးပေါင်းဓလေ့ပင် ဖြစ်ပါတော့သည်။

# (၄၂)

## ထမနဲပွဲတော် ထမနဲထိုးသည့်ဓလေ့

မြန်မာနိုင်ငံအနှံ့အပြားတွင် တပို့တွဲလ၌ ထမနဲပွဲ ကျင်းပလေ့ရှိကြသည်။ ထမနဲဟုခေါ်ခြင်းသည်ကား ကောက်ညှင်းထမင်းကို ယောက်မနှင့် စေးပိုင်အောင် နှဲရသည့်အတွက် ထမနဲဟုခေါ်ခြင်းပင်။ ထမနဲပွဲတော်ကို တပို့တွဲလတွင် ကျင်းပ၍ စားသုံးကြခြင်းဖြစ်သည်။ ဆေးပညာရှုထောင့်မှကြည့်လျှင် အအေးဒဏ်ကို ခံနိုင်ရန်အတွက် ဆေးဝါးအဖြစ် စားသုံးကြခြင်းဟု ဆိုကြသည်။

မှန်ပေသည်။ နေ့ပူညချမ်း၍ ရာသီဥတုအကူးအပြောင်းကြမ်းလှသည့် သည်ကာလများတွင် လူတို့သည် မအီမသာ ထိုင်းထိုင်းမှိုင်းမှိုင်းဝေဒနာကို ခံစားရလေ့ရှိကြသည်။ တိုင်းရင်းဆေးပညာရှင်တို့က ''တေဇောအကျဉ်းကျနာ''ဟု သတ်မှတ်ခဲ့ကြသည်။ ထိုဝေဒနာမှ သက်သာပျောက်ကင်းစေရန် ကောက်ညှင်းဆန်နှင့် မြေပဲဆန်၊ ချင်း၊ နှမ်း၊ အုန်းသီးဆန် စသည်တို့ကိုရောပြီး ကျော်စားရသည်ဟု ဆေးညွှန်းပေးလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းတရားကြီးလက်ထက်တွင် တစ်နန်းတော်လုံး သာမက တိုင်းပြည်နှင့်အဝှမ်း ထိုဆေးခါတ်စာကို ဖော်၍ စားသောက်ကြရန် အမိန့်တော်မှတ်ခဲ့ရာမှစ၍ မြို့ထိပ်၊ ရွာထိပ်၊ လမ်းထိပ်များတွင် စုပေါင်းပြီး ထမနဲထိုးသည့် အလေ့အထပေါ်ပေါက်လာခဲ့ရသည်ဟု ပညာရှင်တို့က မိန့်ဆိုခဲ့ကြသည်။ ထမနဲထိုးရာတွင် လိုအပ်သည့် ပစ္စည်းအချိန်အဆသည်ကား အောက်ပါအတိုင်းပင် ဖြစ်သည်။

ဆီတစ်ပိဿာ၊ ကောက်ညှင်းဆန် ၄ ပြည်၊ မြေပဲဆန် ၅၀ သား၊ နှမ်း ၃၂ ကျပ်သား၊ ချင်း ၃ ကျပ်သား ပါဝင်ရမည်ဖြစ်သည်။ ထမနဲသည်ကား ရာသီစာဖြစ်သည့်အလျောက် သည်ရာသီ၌စားလျှင် အရသာပို၍ထူးကဲလေသည်။

ယနေ့ထက်တိုင် မြန်မာပြည်အနှံ့အပြား၌ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် စုပေါင်းထမနဲထိုးပွဲများ ကျင်းပလေ့ရှိကြသည်။ ထမနဲထိုးပြိုင်ပွဲကျင်းပသည့် မြို့နယ်များလည်း ရှိကြသည်။ ထမနဲကို တက်ညီလက်ညီ ပျော်ပျော်ပါးပါး စုပေါင်းထိုးကြပြီး ရဟန်းသံဃာတော်များကို လှူဒါန်းကြသည်။ မိတ်ဆွေသင်္ဂဟတို့ကို ဝေငှခြင်း၊ အချင်းချင်းဝေမျှစားခြင်းတို့ကို ပြုကြသည်။ ထို့ကြောင့် တပို့တွဲလတွင် ကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာ ထမနဲပွဲသည် ပျော်ပွဲရွှင်ပွဲ လူမှုရေးပွဲမျှသာမကဘဲ ကုသိုလ်ရေးနှင့် ဘာသာရေး ရောနှောနေသည့် အစဉ်အလာဓလေ့ကောင်းတစ်ရပ်သာ ဖြစ်ပါလေတော့သည်။

# (၄၃)
# နဂါးလှည့်ရှေးသည့် ဓလေ့ထုံးစံ

မြန်မာလူမျိုးတို့သည် မိရိုးဖလာအစဉ်အလာအရ ရက်ရာဇာရွေးချယ်ကြသကဲ့သို့ နဂါးလှည့်လည်း ရွေးလေ့ရှိကြသည်။ အထူးသဖြင့် ခရီးသွားသည့်အခါတွင် ရက်ရာဇာကိုဆောင်၊ ပြဿဒါးကို ရှောင်ကြသကဲ့သို့ပင် နဂါးလှည့်ကိုရွေးပြီးမှ သွားလေ့ရှိကြသည်။

ဗေဒင်ကျမ်းများအလိုအရ နဂါးသည် ခံတွင်းဟပြီးနေသောဟူ၏။ ထိုပါးစပ်ခံတွင်းသို့ မဝင်ရ၊ အမြီးကလျှောက် ခေါင်းကိုဖောက်ရမည်။ သို့သော် "ထုတ်ချောက်ခံတွင်း မဝင်လျှိုး" ရဟု၍ အယူရှိကြသည်။ ဤဗေဒင်လင်္ကာအရ "တပေါင်းတန်ခူး၊ ဆန်းထူးဟာသ၊ ကဆုန်လခါ၊ မြောက်မှာဝမ်းပြင်၊ တောင်တွင်ကျောထား၊ မြီးများအရှေ့၊ နေပြီး၍ကို"ဟူသည်နှင့်အညီ ထိုသုံးလတွင် နဂါးခေါင်းသည် အနောက်သို့လှည့်သည်ဟု လင်္ကာက မဆိုသော်လည်း အရှေ့တွင် အမြီးရှိသည်ဟု ဆိုသည့်အတွက် နဂါးခေါင်းအနောက်သို့လှည့်ဟု အဓိပ္ပာယ်ရသည်။

"နယုန်ဝါဆို၊ ဝါခေါင်ကိုလျှင်၊ တောင်တွင်မြီးဖွား၊ ကျောကားအနောက်၊ မြောက်သို့ခေါင်းရင်း"

www.burmeseclassic.com

www.burmeseclassic.com



"တော်သလင်းနှင့် သီတင်းကျွတ်ဆုံး၊ တန်ဆောင်မုန်းကား၊ ရှေ့ဖျားဦးခေါင်း၊ မြောက်စောင်းကျောထား၊ တောင်ကဝမ်းပေါ်၊ နေပြီးသော်မှ"

"နတ်တော်ပြာသို၊ နှင်းစိုချမ်းမြ၊ တပို့တွဲကား၊ မလွဲသိသာ၊ ဒက္ခိဏာတည့်"

ပထမသုံးလတွင် နဂါးဦးခေါင်း အနောက်သို့လှည့်၏။ ဒုတိယသုံးလတွင် နဂါးဦးခေါင်း မြောက်အရပ်သို့လှည့်၏။ တတိယသုံးလပတ်၌သော်ကား နဂါးဦးခေါင်း အရှေ့သို့လှည့်ပြီး စတုတ္ထသုံးလပတ်၌မူ နဂါးဦးခေါင်းသည် တောင်အရပ်သို့လှည့်သည်။

မည်သည့်လတွင်မဆို ညဦးအိပ်ညဉ့်နေ ခရီးသွားမည်ဆိုပါက နဂါးဦးခေါင်းနှင့် ဆန့်ကျင်ပြီး မသွားရ။ မသွား၍မဖြစ်ပါက ကန့်လန့်ဖြတ်၍ ဝမ်းကိုဖောက်သည့် အနေအထားဖြစ်အောင်သွားရမည်။ ထို့နောက် နဂါး၏အကြေးခွံကို လှန်ရာရောက်အောင် အမြီးဖျားကိုနင်း၍ ခေါင်းဘက်သို့ သွားရမည်ဟု သတ်မှတ်ထားကြသည်။ ဤသည်မှာ ခရီးသွားလာခြင်းနှင့် စပ်လျဉ်း၍ မြန်မာလူမျိုးတို့ အစဉ်အလာယုံကြည်လက်ခံခဲ့ကြသည့် နဂါးလှည့်ရွေးသည့် ဓလေ့ထုံးစံသာ ဖြစ်ပါလေတော့သည်။

# (၄၄)
# နဂါးရုပ်ထုလုပ်သည့် ဓလေ့

မြန်မာတို့၏ ကျောင်းကန်ဇရပ်၊ ဘုရားပုထိုး စေတီတို့တွင် မြန်မာမှု မှမ်းမံဆင်ယင်ကြရာဝယ် နဂါးရုပ်ကို မြတ်မြတ်နိုးနိုး လေးလေးစားစား ထုလုပ်ထားလေ့ရှိကြသည်။ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ စသည့် မြန်မာ့ရိုးရာ ပန်းလက်မှုအနုပညာတို့၌လည်း နဂါးရုပ်၊ နဂါးသဏ္ဌာန်တို့ကို ထုလုပ်ရေးဆွဲလေ့ရှိကြသည်။ စာပေကျမ်းဂန်တို့တွင် နဂါးအမျိုးပေါင်း ၁၀၂၄ မျိုး ရှိသည်ဟု ခွဲခြားမိန့်ဆိုထားကြသည်။

ဂေါတမဘုရားရှင်လက်ထက်တော်၌ ရှိကြသည့် နဂါးများအနက် ထင်ရှားသည့် နဂါးတို့မှာ –

၁။ ကာလနဂါးမင်း = သမုဒ္ဒရာအတွင်း၌နေသည်။
၂။ ပဏ္ဍုကနဂါးမင်း = အနောတတ်အိုင်၌နေသည်။
၃။ မုစ္စလိန္ဒနဂါးမင်း = မုစ္စလိန္ဒအိုင်၌နေသည်။
၄။ ဥရုဝေလနဂါးမင်း = ဥရုဝေလမြစ်၌နေသည်။
၅။ အဂ္ဂိဒတ္တနဂါးမင်း = ဂယာမြစ်၌နေသည်။
၆။ ဧရာပထနဂါးမင်း = ဂင်္ဂါမြစ်၌နေသည်။

ထို့ပြင် 'စတုက္ကနိပါတ်'၊ 'ဒွန္ဒရာဇာတ်'၌ ဟိမဝန္တာ 'ဒွန္ဒရ'

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေရင်း၌ အမြဲနေနဂါးတို့ ရှိကြောင်း ဖွင့်ဆိုထားသကဲ့သို့ 'ပါရာဇိကကဏ်အဋ္ဌကထာ' စတုတ္ထပါရာဇိက အဖွင့်၌လည်း ... 'ဝေဘာရ'တောင်အောက်တွင် ယူဇနာ ၅၀၀ ကျယ်ဝန်းသည့် နဂါးပြည်ရှိသည်ဟု မိန့်ဆိုထားသည်။ ထို့မှတစ်ပါး ယူဇနာပေါင်း ၈၄၀၀၀ နက်သည့် သီဒါခုနစ်တန်၌လည်း နဂါးတို့နေသလို မြင်းမိုရ်တောင် အာလိန်ငါးဆင့်ရှိသည့်အနက် ပထမအာလိန်တွင် အစောင့်အရှောက်အဖြစ် နဂါးတို့နေကြသည်။

နဂါးတို့သည် ဒုဂ္ဂတိအဟိတ်သတ္တဝါများ ဖြစ်ကြသော်လည်း ဒါနအမှုပြုနိုင်သလို သီလလည်း ဆောက်တည်နိုင်ကြသည်။ အလောင်းတော် 'ဘူရိဒတ္တ'နဂါးမင်း လူ့ပြည်သို့ လူယောင်ဖန်ဆင်းကာ လာရောက်၍ ဥပုသ်သီတင်းသီလ ဆောက်တည်ကြောင်း 'မဟာနိပါတ်'တွင် ဘုရားရှင်ဟောကြားတော်မူခဲ့သည်။

မုစ္စလိန္ဒနဂါးမင်းသည် ဘုရားရှင် မုစ္စလိန္ဒအိုင်၌ သီတင်းသုံးတော်မူနေစဉ် မိုးရွာချသည့်အခါ မိုး၍ အကာအကွယ်ပေးသည်ကိုလည်းကောင်း၊ ဘုရားရှင် ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ကူးသောအခါ လှေသဘော်ပြုလုပ်၍ ပို့ဆောင်ပေးခြင်း စသည့် အကြောင်းကြောင့်သော်လည်းကောင်း၊ နဂါးများသည် လူတို့အား အကူအညီပေးသည်ဟူသော 'ခမ္မယျ'ဇာတ်တော်အရသော်လည်းကောင်း၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် နဂါးရုံဘုရား တည်၍လည်းကောင်း၊ ဘုရားတွင် အစောင့်အရှောက်အဖြစ် နဂါးရုပ်ကို ရုပ်လုံးပေါ် ထုလုပ်၍ အထိမ်းအမှတ်အနေဖြင့် ထားသည့် အစဉ်အလာ ဓလေ့ထုံးစံ ဖြစ်ပေါ်လာခြင်းသာ ဖြစ်ပါတော့သည်။

# (၄၅)

# နေတွင် ဒေါင်းရုပ်တံဆိပ် ထုလုပ်ထားရှိသည့် ယဉ်ကျေးမှုဓလေ့

ဗုဒ္ဓဘာသာဝင်တို့၏ အထိမ်းအမှတ်ဓလေ့များတွင် နေ၌ ဥဒေါင်းရုပ်တု အမှတ်တံဆိပ် ခပ်နှိပ်ထုလုပ်ထားလေ့ရှိကြသည်။ ဤယဉ်ကျေးမှုဓလေ့ထုံးစံသည် 'ဒုကနိပါတ်' ဒဠှဝဂ်လာ 'မောရဇာတ်'မှ ဘုရားအလောင်း ဥဒေါင်းမင်းကို အကြောင်းပြု၍ အထိမ်းအမှတ်တံဆိပ် ပြုလုပ်ခဲ့ကြခြင်းပင် ဖြစ်သည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူနေစဉ် ဘုရားအလောင်းတော်သည် တောင်လေးလုံးတွင် စတုတ္ထတောင်တွင်မြဖြစ်သည့် 'ဒက္ခကာရွေတောင်ပြင်'၌နေသည့် ဥဒေါင်းမင်း ဖြစ်ခဲ့လေသည်။ ထိုဒဏ္ဍကာရွှေတောင်၌နေစဉ် နံနက်အရုဏ်တက်တွင် ထွက်ပြူလာသည့် နေမင်းကို ကြည့်ရှုပြီး 'ဥဒေတယံဂါထာ'တော်ဖြင့် နေမင်းကို ရှိခိုးသည်။ ဒုတိယဂါထာဖြင့် ပရိနိဗ္ဗာန်ပြုတော်မူပြီးကုန်သော ဘုရားရှင်တို့၏ ဂုဏ်တော်အနန္တတို့ကို အာရုံပြု၍ ရှိခိုးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် အလောင်းတော် ဥဒေါင်းမင်းသည် ညဉ့်အခါ၌လည်း တောင်ထိပ်မှနေ၍ ဝင်လုဆဲနေမင်းကို ကြည့်ရှုပြီး 'အပေတယ်'ဂါထာတော်ဖြင့် ရှိခိုးပြန်သည်။ ရွှေဥဒေါင်းမင်းသည် ဤသို့သဘောရှိသော ပရိတ်တော်မန္တန် အရံအတား အာနုဘော်တော်ကြောင့် ကြက်သီးမွေးညင်းထခြင်းဘေးသော်မျှ မဖြစ်ပေါ်ခဲ့ချေ။ ဗာရာဏသီမင်းကြီး၏ 'ခေမာ'အမည်ရှိသော မိဖုရားကြီးသည် ရွှေဥဒေါင်းမင်း တရားဟောသည်ဟု မြင်မက်သည့်အတွက် ရွှေဥဒေါင်းမင်းအား အရှင်ဖမ်းလာခဲ့ရန် မင်းကြီးသည် မုဆိုးအား အမိန့်ပေးတော်မူသည်။ ရွှေဥဒေါင်းမင်း၏ တရားတော်ကို နာကြားလိုသောကြောင့် ဖြစ်သည်။

မုဆိုးသည် ဒဏ္ဍကရွှေတောင်သို့သွားရောက်ပြီး ကျော့ကွင်းထောင်ဖမ်းရာ ၇ နှစ်ကြာမြင့်သော်လည်း ဖမ်းမရဘဲ မုဆိုးလည်း ထိုအရပ်မှာပင် သေဆုံးခဲ့ရသည်။ ဤသို့ဖြင့် ဗာရာဏသီမင်းအဆက်ဆက် ပြောင်းလာပြီး ယခုဆိုလျှင် (၇)ဆက်မြောက်မင်းပင် နန်းစံနေလေပြီ။ မင်းအဆက်ဆက်တို့ကား ရွှေဥဒေါင်းမင်းကို မည်သို့မျှ ဖမ်းဆီးမရခဲ့ကြချေ။

(၇)ဆက်မြောက်မင်း စေလွှတ်ထားသည့် မုဆိုးသည် ဥဒေါင်းမတစ်ကောင်ဖြင့် ဖြားယောင်းဖမ်းဆီးရာ ဥဒေါင်းမတွန်သံကို ကြားရသည့်အတွက် တပ်မက်စိတ်ဖြစ်ရာမှ ပရိတ်တော်အရံအတားကို မပြုမိစဉ်မှာပင် ဥဒေါင်းမထံ သွားရာမှ ကျော့ကွင်း၌ အမိခံရရှာတော့သည်။ မုဆိုးသည် ရွှေဥဒေါင်းမင်းကို ဖမ်းဆီးလာပြီး မင်းကြီးအား ဆက်သလိုက်သည်။ ဘုရားအလောင်းတော်



ရွှေဥဒေါင်းမင်းသည် မင်းကြီးအား တရားဟောကြားလေသည်။ မင်းကြီးသည် ဥဒေါင်းမင်းကို အလွန်ကြည်ညိုလှသောကြောင့် မင်းအဖြစ်ကို ပေးတော်မူသည်။

ရွှေဥဒေါင်းမင်းသည်လည်း မင်းအဖြစ်ကို ဗာရာဏသီမင်းတရားကြီးအား ပြန်လည်အပ်နှံပြီးနောက် (၂)ရက် (၃)ရက်မျှနေကာ 'ဒဏ္ဍက'ရွှေတောင်သို့ ပြန်သွားတော့သည်။ မင်းကြီးသည် အလောင်းတော် ရွှေဥဒေါင်းမင်း၏ အဆုံးအမခံတည်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်သည်။ ရွှေဥဒေါင်းမင်းကိုလည်း နေထွက်ရာ နေမင်းအထိမ်းအမှတ်ပြု၍ ပူဇော်လေသည်။ ထိုဘုရားအလောင်း ရွှေဥဒေါင်းမင်းအား ဗာရာဏသီမင်းကြီး ပူဇော်သည့် ဓလေ့ကို အတုယူလျက် ဗုဒ္ဓဘာသာဝင်တို့သည် နေ၌ ဥဒေါင်းရုပ်အထိမ်းအမှတ်တံဆိပ်ကို ထုလုပ်ထားရှိကြခြင်းပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၄၆)

## ဒက္ခိဏာသာခါ ထုလုပ်ကိုးကွယ်သည့်ဓလေ့

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်တို့သည် ဒက္ခိဏာသာခါ ဘုရားရုပ်ပွားတော်များကို လောကီ၊ လောကုတ္တရာ အကျိုးကို ရည်ရွယ်လျက် မိမိတို့ ဘုရားကျောင်းဆောင်ထက်တွင် ကိုးကွယ်ပူဇော်လေ့ရှိကြသည်။ ဤဒက္ခိဏာသာခါရုပ်ပွားတော် ကိုးကွယ်လာကြခြင်း၏ နောက်ခံသမိုင်းကြောင်းသည်ကား . . . မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် ၂၃၇ ခုနှစ်တွင် 'ပါဋလိပုတ်'ပြည့်ရှင် 'သီရိဓမ္မာသောက'မင်းကြီး၏ သမီးတော် 'သံဃမိတ္တာ'ထေရီမသည် မဟာဗောဓိပင်၏ လက်ယာတောင်ကိုင်းကို အဓိဋ္ဌာန်ဖြင့် ဖြတ်ယူပြီး သီဟိုဠ်သို့ ပင့်ဆောင်စိုက်ပျိုးခဲ့သည်။

ဤသို့ လက်ယာတောင်ကိုင်းကိုဖြတ်စဉ် ကြွေကျသည့် အခက်အလက်အရွက်တို့ကို စုပေါင်းလျက် မြတ်ဗုဒ္ဓကိုယ်တော်စားရုပ်ပွားတော်များ စီမံပြုလုပ်ပြီးလျှင် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုတော်မူကြသော ရဟန္တာအရှင်မြတ်တို့ကို ပေးလှူခဲ့သည်။ ထိုအချိန်မှစ၍ ဒက္ခိဏာသာခါရုပ်ပွားတော် စတင်ပေါ်ပေါက်လာခဲ့



သည်ဟု မိန့်ဆိုကြသည်။ ဗောဓိပင်၏ လက်ယာတောင်ကိုင်းကို ထုလုပ်စီမံထားသည့်အတွက် ယင်းရုပ်ပွားတော်ကို 'ဒက္ခိဏာသာခါ'ဟု ခေါ်ဝေါ်သမုတ်ကြခြင်းဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးသည် ဒက္ခိဏာသာခါရုပ်ပွားတော်ထုလုပ်ရာတွင် လောကီ၊ လောကုတ္တရာအကျိုးကို ရည်ရွယ်တော်မူလျက် . . .

၁။ သက်နိုးတော်၌ အရေး ၃ ကြောင်း ထည့်ခြင်း။

၂။ ကြာ ၉ ဖတ် ဆောင်းခြင်း။

၃။ ဂူဏ်တော် ၉ ပါးသွင်းရန် မှို ၉ ချက်ရိုက်ခြင်း။

၄။ ပလ္လင်အောက်၌ မုဋ္ဌလိန္ဒအိုင် ထည့်သွင်းခြင်း။

၅။ ကြာပင်ကြာရုံ ထည့်သွင်းခြင်း။

၆။ တံတိုင်း ၃ ထပ် ထည့်သွင်းခြင်း။

၇။ ငါးကြင်းငါးပုံ ထည့်သွင်းခြင်းတို့ကို ပြုလျက် ကောင်းစွာထုလုပ်စီရင်ပြီး သာသနာပြု ရဟန္တာအရှင်မြတ်တို့အား ပေးလှူသည်ဟုဆိုသည်။ အလားတူပင် မိဖုရားခေါင်ကြီးကလည်း မင်းကြီးကို အားကျပြီး . . .

၁။ ကြာ ၇ ရွက် ဆောင်းခြင်း။

၂။ မှို ၇ ချက်ရိုက်ခြင်း။

၃။ ပလ္လင်အောက်၌ ကြာရုံ ထည့်သွင်းခြင်း။

၄။ ငါးကြင်းငါးပုံ ထည့်သွင်းခြင်းတို့ကို ပြုလုပ်လျက် ဒက္ခိဏာသာခါဘုရားကို ထုလုပ်ခဲ့သည်ဟု ဆိုကြသည်။ ရဟန္တာအရှင်သူမြတ်တို့သည် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုကြွတော်မူရာတွင် ဒက္ခိဏာသာခါဘုရားရုပ်ပွားတော်များကို ပင့်ဆောင်တော်

www.burmeseclassic.com

www.burmeseclassic.com



မှုကြပြီး ရောက်ရာတိုင်းနိုင်ငံတို့၌ ဘုရင်မင်းတရားတို့ကို ကိုးကွယ်ပူဇော်စေခဲ့သည်။ ကြာဖက်ဆောင်းသည့် အဓိပ္ပာယ်မှာ ဘုရားရှင်မှဥလိန္ဒအိုင်၌ သီတင်းသုံးတော်မူစဉ် အိုင်အတွင်းမှ ကြာပွင့်ကြာဖက်တို့သည် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ထီးသဏ္ဌာန်မြတ်ဗုဒ္ဓ၏ ဦးခေါင်းတွင် ဆောင်းလျက် တည်သည်ကို အထိမ်းအမှတ်ပြု၍ ကြာဖက်ဆောင်းဘုရား ထုလုပ်ခြင်းဟု ဆိုကြသည်။

မှို ၉ ချက်သွင်းသည့် အဓိပ္ပာယ်သည်ကား . . . ဂုဏ်တော် ၉ ပါးကို ငွေပြားတွင်ရေးပြီး ဌာပနာသွင်းကာ ရွှေမှိုဖြင့်ပိတ်ခြင်းဖြစ်သည်။ ထိုသို့ ရွှေမှိုဖြင့်ပိတ်ရာ၌ . . .

အရဟံဂုဏ်တော်ကို မျက်မှောက်တော် ဗဟိုချက်၌လည်းကောင်း။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို လက်ယာနားထင်တော်၌လည်းကောင်း။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို လက်ဝဲနားထင်တော်၊ သုဂတဂုဏ်တော်ကို လက်ယာပခုံးစွန်း၊ လောကဝိဒူဂုဏ်တော်ကို လက်ဝဲပခုံးစွန်း၊ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်ကို လက်ယာလက်ကောက်ဝတ်၊ သတ္ထာဒေဝမနုဿာနံဂုဏ်တော်ကို လက်ဝဲလက်ကောက်ဝတ်၊ ဗုဒ္ဓဂုဏ်တော်ကို လက်ယာဒူးတော်၊ ဘဂဝါဂုဏ်တော်ကို လက်ဝဲဒူးတော်၌လည်းကောင်း ဤကဲ့သို့အသီးသီး ဂုဏ်တော် ၉ ပါးကို ငွေပြားလိပ်သွင်းပြီး ရွှေမှို သို့မဟုတ် ငွေမှိုဖြင့် ပိတ်သည်။ ဤသည်မှာ ဘုရားရှင်၏ဂုဏ်တော်ကို အထိမ်းအမှတ်အနေဖြင့် ဌာပနာသည့် အဓိပ္ပာယ်ပင် ဖြစ်သည်။

ဤကြာဖက်ဆောင်း ဗုဒ္ဓရုပ်ပွားတော်တို့ကို သီရိလင်္ကာနိုင်ငံတွင် 'ဒုဋ္ဌဂါမဏိ'မင်းလက်ထက်၌ 'အရှင်ဗုဒ္ဓရက္ခိတ'ရဟန္တာအရှင်မြတ်က ပင့်ဆောင်၍ မင်းကြီးအား ကိုးကွယ်စေခဲ့သည်။ မြန်မာပြည် 'သထုံ'နှင့် 'သရေခေတ္တရာ'သို့ ရဟန္တာမထေရ်မြတ်များ ပင့်ဆောင်လာသောကြောင့် ရောက်ရှိလာသည်ဟု ဆိုကြသည်။ ထိုမှတစ်ဆင့် ပုဂံသို့-အရဟံမထေရ်မြတ် ပင့်ဆောင်လာပြီး အနော်ရထာမင်းကြီးအား ကိုးကွယ်စေသည်။ ထို့နောက် ကျန်စစ်သားမင်းကြီးက ဆက်လက်ကိုးကွယ်တော်မူခဲ့သည်။ အလောင်းစည်သူမင်းတရားကြီးလက်ထက်တွင် ဒက္ခိဏာသာခါရုပ်ပွားတော်မြတ်ကို ဖောင်တော်တင်၍ လေးကျွန်းလုံးကို လှည့်လည်ခဲ့သည်ဟု ဆိုကြသည်။ ထိုမှ မြန်မာဘုရင်အဆက်ဆက် ကိုးကွယ်ခဲ့ကြလေသည်။



မြန်မာသက္ကရာဇ် ၇၈၈ ခုနှစ်တွင် နန်းတက်တော်မူသည့် အင်းဝမိုးညှင်းမင်းတရားကြီးလက်ထက်တွင် သီဟိုဠ်မှ ဒက္ခိဏာသာခါဘုရားအဆူ ၃၀၀ ကျော် ပင့်ဆောင်လာခဲ့ပြီး မျိုးမတ်ပြည်သူပြည်သားတို့ အမြတ်တနိုး ပူဇော်ခဲ့ကြသည်ဟု သမိုင်းမှတ်တမ်းတို့တွင် ဖော်ပြထားလေသည်။ အညာသီဟတောဘုရားသမိုင်း၌ ဒက္ခိဏာသာခါဘုရားထုလုပ်ပုံ အစီအမံကို ထည့်သွင်းရေးသားထားသည်ကို တွေ့ရှိရသည်။

မိမိမွေးနံ့သစ်ကို ပလ္လင်ပြုလုပ်ပါ။ သို့မဟုတ် (၇)နံပေါင်းသစ်ကို ပလ္လင်ပြုလုပ်ပါ။ မွေးနံ့အလိုက် သစ်များမှာ မွေးနံ့သစ်၊ ပဥ္စပွတ်သစ်၊ အမြစ်အညွန့်သစ်ဟု (၃)မျိုးရှိရာတွင် သင့်ရာကို ယူလေ့ရှိကြသည်။ ဤသည်မှာ ဗေဒင်ကျမ်းအလိုအရသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



| နေ့ | မွေးနံ့သစ် | ပဋ္ဌမှတ်သစ် | အမြစ်အညွန့်သစ် |
|---|---|---|---|
| တနင်္ဂနွေ | အင် | ပေါက် | ထောက်ကြန့် |
| တနင်္လာ | ကျွန်း | သီး | သြဇာ |
| အင်္ဂါ | ညောင် | ထိန် | ကလော |
| ဗုဒ္ဓဟူး | လင်းလွန်း | အင် | စိန်ပန်း |
| ကြာသပတေး | ပေါက် | ကျွန်း | လောက်သေ |
| သောကြာ | သီး | ညောင် | ဝိတောက် |
| စနေ | ထိန် | လင်းလွန်း | သစ်အယ် |

ပလ္လင်ပြုလုပ်ရာတွင် ပလ္လင်ကို (၃)ဆင့် (၉)ဆင့်၊ အခန်း (၉)ခန်း ပြုလုပ်ရသည်။ ပလ္လင် (၃)ဆင့်မှာ ဘုံသုံးပါးမှ လွတ်စေကြောင်း အထိမ်းအမှတ်ဖြစ်၍ အချို့က သရဏဂုံသုံးပါးကို အထိမ်းအမှတ် ပြုကြသည်။ ဘုံ(၉)ဆင့်မှာမူ ဘုရားရှင်၏ ဂုဏ်တော်(၉)ပါးကို အထိမ်းအမှတ်ပြုသည်ဟု ဆိုကြသည်။ ထိုပလ္လင် (၉)ခန်းမှာလည်း ...

၁။ ဝိဇယသာဝခရသင်း = သကြားမင်း၏ ခရုသင်းဖြစ်ပြီး ဘေးရန်ပပျောက်စေရန် အထိမ်းအမှတ်ပြုသည်။

၂။ အလောင်းတော်ငုံးမင်း = ကမ္ဘာတည်ရှိသမျှ မီးဘေးလွတ်သော ငုံးမင်း၏ သစ္စာတော်ကို အထိမ်းအမှတ်ပြုသည်။



၃။ ပစ္စေကဗုဒ္ဓါ = နိရောဓသမာပတ်ဝင်စားရာတွင် ပစ္စေကဗုဒ္ဓါဘုရားငယ်၏ တန်ခိုးတော်ဖြင့် အနှောင်အဖွဲ့မှ လွတ်ကင်းစေရန် အထိမ်းအမှတ်ပြုသည်။

၄။ အင်္ဂုလိမာလရဟန္တာ = အန္တရာယ်ကင်းစွာ၊ လွယ်ကူစွာ မွေးဖွားနိုင်ရန် အထိမ်းအမှတ်ပြုသည်။

၅။ သိကြားမင်း = မကောင်းသော ဘေးအန္တရာယ်မှ ကင်းလွတ်ရန်နှင့် လိုအင်ဆန္ဒပြည့်ဝစေရန် အထိမ်းအမှတ်ပြုသည်။

၆။ ဝိဇ္ဇာရုပ် = ဘေးအန္တရာယ်ဟူသမျှ ကာကွယ်ရန် အထိမ်းအမှတ်ပြုသည်။

၇။ ဗြဟ္မာမင်း = မေတ္တာလွှမ်းမိုးအောင်မြင်စေရန် အထိမ်းအမှတ်ပြုသည်။

၈။ နေမင်း = မကောင်းသည့် ဂြိုဟ်ဆိုး၊ ကြမ္မာဆိုး အမှောင်တို့ကို ဖြိုခွင်း၍ အလင်းဆောင်စေရန် အထိမ်းအမှတ်ပြုသည်။

၉။ လမင်း = အခါခပ်သိမ်းအေးငြိမ်းသာယာ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် အထိမ်းအမှတ်ပြုသည်။

ပလ္လင်တော် (၉)ခန်းသည် (၉)တိုင်း (၉)ဌာနသို့ သာသနာပြုစေလွှတ်ခြင်းကို အထိမ်းအမှတ်ပြုခြင်းဟု ဆိုကြသည်။ ပလ္လင်စီစဉ်ရာတွင် အဆင့်မည်မျှပင်ရှိစေ အထက်အောက် အဆင့်အား

www.burmeseclassic.com

www.burmeseclassic.com



လုံး၏ အလယ်ဗဟိုဖြစ်သည့် အလယ်ပိုင်း၌သာ အခန်းများ ဖော်ပြရသည်။ မုဋ္ဌလိန္ဒရေအိုင်ထားသည့် အစီပွာယ်သည်ကား ရေတွေ့ကြာပမာ အေးမြရွှင်လန်း ကျန်းမာစေကြောင်းနှင့် ဆန်ရေစပါးပေါ်များစေကြောင်း အထိမ်းအမှတ်ပြုသည့်သဘောဟု ဆိုကြသည်။

တံတိုင်း(၃)ရပ် ကာရန်ထားသည်ကား ဘေးအန္တရာယ်အပေါင်း မကောင်းဟူသမျှတို့ကို ကာကွယ်စေကြောင်း အထိမ်းအမှတ်ပြုခြင်းဖြစ်သည်။ ကြာရုံကြာပွင့်မှာ ယခု ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီး၊ မူလတွဲ့ဖြစ်သော ဘုရားငါးဆူ အထိမ်းအမှတ်နှင့် အေးချမ်းသာယာ၊ မင်္ဂလာကျက်သရေ စီးပွားတိုးတက်စေလိုသည့် အထိမ်းအမှတ် ဖြစ်သည်။ ကြာဖက်ဆောင်းခြင်းမှာမူ အေးချမ်းသာယာကာ ရန်သူဟူသမျှ ကင်းစင်ပ၍ သုခချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေခြင်း အထိမ်းအမှတ်ပင် ဖြစ်သည်။

ငါးကြင်းကား သာသနာ ၅၀၀၀ တည်တံ့စေရန် အထိမ်းအမှတ်နှင့် လေမိုးမုန်တိုင်း သာယာအေးချမ်းခြင်း အထိမ်းအမှတ်ကို ဖော်ပြခြင်းဖြစ်သည်။ မှို ၉ ချက်မှာ ဘုရားဂုဏ်တော် ၉ ပါးကို အထိမ်းအမှတ်ပြုသည်။ သင်္ကန်းတော်အရေးသုံးကြောင်းသည်ကား ဘုရားရှင်သည် အလောင်းတော် သိဒ္ဓတ္ထမင်းသားဘဝ၌ စလွယ်ဆင်ရပုံနှင့် ကြီးကျယ်မြင့်မြတ်ပုံတို့ကို အထိမ်းအမှတ်ပြုခြင်းဖြစ်သည်။

ထို့အပြင် ပလ္လင်ပေါ်တွင်လည်း သစ္စာလေးပါး မြတ်တရားတို့ကို ရရှိသော အထိမ်းအမှတ်အနေဖြင့် မှို ၄ ချက် ရိုက်ရသည်။



ဒက္ခိဏာသာခါရုပ်ပွားတော် ထုလုပ်ရာ၌ ဖောဓိပင် (၇)ပင်မှ အရွက် (၇)ရွက်စီနှင့် အသားအနည်းကိုယူ၍လည်းကောင်း၊ တန်ခိုးကြီးဘုရား(၇)ဆူမှ ပန်းနံ့သာမျိုး (၅)ပါး၊ ပန်းပေါင်း၊ ဂမုန်းပေါင်း၊ မင်းပေါင်း၊ နတ်ဆေးပေါင်း၊ အင်းပေါင်းပြား၊ ပိဋကတ်သုံးပုံပြား၊ ကမ္မဝါ ၉ ခန်းပြား၊ ဘုရားရှင်ဖွားတော်မူရာအရပ်မှမြေ၊ ပရိနိဗ္ဗာန်ပြုရာမြေ၊ ဓမ္မစကြာတရားဟောရာမြေတို့ကို စုပေါင်းပြီး သစ်စေးနှင့် သရိုးပြုလုပ်၍ ဒက္ခိဏာသာခါရုပ်ပွားတော် ထုလုပ်ရသည်။

ရုပ်ပွားတော်ထုလုပ်ရာတွင် အမြင့် ၄ လက်မ၊ ၇ လက်မ၊ ၁၀ လက်မ၊ ၁၃ လက်မ၊ ၁၆ လက်မ၊ ၁၉ လက်မ၊ ၂၂ လက်မ စသည်ဖြင့် ကိုးကွယ်လိုသည့် ဉာဏ်တော်အမြင့်တို့ကို သတ်မှတ်၍ ထုလုပ်ကိုးကွယ်လေ့ရှိကြသည်။ ရုပ်ပွားတော်တွင် ဌာပနာရာ၌လည်း ဂုဏ်တော် ၉ ပါး ရေးထားသည့် ငွေပြားနှင့် ရွှေမှို ၉ ချက် ပိတ်သည့်အပြင် အောက်ပါတို့ကိုလည်း ဌာပနာလေ့ရှိကြသည်။

လက်ယာမျက်လုံးတော်၌ ရွှေစင်၊
လက်ဝဲမျက်လုံးတော်၌ ငွေစင်၊
ခံတွင်းတော်၌ မိုးကြိုးသွား၊
မျက်မှောင်တော်၌ ဒန်သေတ်၊
လက်ဝဲမောင်းတော်၌ ဟင်းရိုင်းသေတ်၊
လက်ယာမောင်းတော်၌ စိန်သေတ်၊

ရင်ဘတ်တော်အလယ်၌ နဝရတ်ကိုးပါးတို့ကိုလည်း ဌာပနာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ...

နားတော်နှစ်ဆူတွင် ရေးသွင်းသည့်ဂါထာ၊
ရင်ဘတ်တော်တွင် ရေးသွင်းသည့်ဂါထာ၊
လက်ယာပခုံးတော်တွင် ရေးသွင်းသည့်ဂါထာ၊
လက်ဝဲပခုံးတော်တွင် ရေးသွင်းသည့်ဂါထာ၊
ဦးခေါင်းတော်တွင် ရေးသွင်းသည့်ဂါထာ၊
မျက်မှောင်တော်တွင် ရေးသွင်းသည့်ဂါထာ၊
ရင်ဘတ်တော်အောက်ပိုင်းတွင် ရေးသွင်းသည့်ဂါထာ ..

စသည့်ဂါထာတော်တို့ကို ရွှေပြား၊ ငွေပြားများတွင် ရေးသွင်းပြီး လိပ်လျက် ဌာပနာသွင်းလေ့လည်း ရှိကြသည်။ အချို့ကလည်း လောကီနည်းလမ်းများအရ စည်းစိမ်ဥစ္စာ၊ ရာထူးဌာနန္တရ တိုးတက်စေရန် ရည်စူး၍ အမြစ်အညွန့် နှစ်စုံတွဲသစ်တို့ဖြင့် ပြုလုပ်ပူဇော်ကြသည်။ အချို့ကမူ စီးပွားလာဘ်လာဘကို အလိုရှိသောကြောင့် ပဥ္စပွတ်သစ်ကို ယူ၍ ထုလုပ်ပူဇော်ကြသကဲ့သို့ အချို့မူကား အနာရောဂါကင်းဝေးကာ အသက်ရှည်လိုသည့်အတွက် မွှေးနံ့သစ်နှင့် ထုလုပ်ပူဇော်ကြပြန်သည်။

အချို့ကမူ လောကီအစီအမံ ပညာရပ်များနှင့်တွဲဖက်၍ "ဝိဇ္ဇာမယ ဒက္ခိဏသာခါဘုရား" ထုလုပ်ပူဇော်လေ့ရှိကြသည်။ ဝိဇ္ဇာမယ ဒက္ခိဏသာခါအစီအရင်တို့တွင် ...

နေ့နံသင့်သောသစ်ဖြင့် ဝိဇ္ဇာမယပညာတွဲဖက်စီမံခြင်း။
မောစိပေါင်းဖြင့် ဝိဇ္ဇာမယပညာကို တွဲဖက်စီမံခြင်း။
ဂမုန်းပေါင်းတို့ဖြင့် ဝိဇ္ဇာမယပညာကို တွဲဖက်စီမံခြင်း၊
အင်းပေါင်းဖြင့် ဝိဇ္ဇာမယပညာကို တွဲဖက်စီမံခြင်းတို့ကို ပြုလုပ်လေ့ရှိကြသည်။



ဤတွင် သတိပြုရမည့်အချက်သည်ကား ... ဒက္ခိဏသာခါရုပ်ပွားတော် ထုလုပ်စီရင်ရာ၌ မြတ်ဗုဒ္ဓ၏ လက္ခဏာတော်ကြီးငယ်များနှင့်အညီ 'ပါသာဒိက' ဂုဏ်တော်နှင့် ပြည့်စုံအောင်၊ ကြည်ညိုဖွယ်ရာ အသရေကို ဆောင်နေသည့်ပုံတော်မျိုးကိုသာ ထုလုပ်ရခြင်းပင် ဖြစ်သည်။

- လှပချောမွေ့စေရန် ရည်ရွယ်လျက် မိန်းမတို့၏ မျက်နှာသွင်ပြင်မျိုး မထုလုပ်ရ။
- ကြည်ညိုဖွယ်ရာကင်းမဲ့သည့် လက်တစ်ဖက်ကို ဆန့်တန်း၍ထားခြင်း၊ လယ်ကုပ်တိုနှင့် ပုအိုက်အိုက်ပုံသဏ္ဌာန်ထုလုပ်ခြင်း။
- ဝမ်းဗိုက်ပူပုံသဏ္ဌာန်ထုလုပ်ခြင်း။
- မျောက်မျက်နှာကဲ့သို့ မျက်နှာပေါက်ဆိုးစွာ ထုလုပ်ခြင်း။
- မြေဖုတ်ဘီလူးသဏ္ဌာန် မတင့်တယ်သည့် ပုံသဏ္ဌာန်တို့ကို လုံးဝမထုလုပ်ရပေ။

ဤသို့ထုလုပ်ခြင်းသည် ဘုရားရှင်၏ ကြည်ညိုဖွယ်ရာ ရူပကာယတော်ကို ဖျက်ဆီးလိုသည့်သဘော သက်ရောက်သည့်အတွက် အပြစ်ကြီးလှကြောင်း သတိချပ်သင့်၏။ အချို့သော လောကီဂိုဏ်းဆရာတို့သည် ဘုရားရှင်၏ လက္ခဏာကြီးငယ်နှင့် ပါသာဒိကဂုဏ်ကို နားမလည်ကြသောကြောင့် ဒက္ခိဏသာခါ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပွားတော် ထုလုပ်ရာတွင် ကဝေရုပ်၊ ဘီလူးရုပ်ကဲ့သို့ လယ်ကုပ်တိုတို ပုအိုက်အိုက် မျက်နှာပေါက်ဆိုးစွာ ထုလုပ်လေ့ရှိကြသည်။

ထိုကဲ့သို့ ပုံပန်းသဏ္ဌာန်မျိုး ဖြစ်လာစေရန် ပန်းပုဆရာ ထံအပ်နှံ၍ ထုလုပ်ရာမှ ပုအိုက်ကုပ်တိုနေသည့် ဒက္ခိဏသာခါ ရုပ်ပွားတော်များ ဖြစ်ပေါ်လာကြလေသည်။ ဘုရားရှင်ကို လောကီအင်းအိုင်ခလှဲ့ မန္တန်အရ စီရင်၍ ကိုးကွယ်ပူဇော်ခြင်းသည် မသင့်သော ကိုးကွယ်မှု၊ အပြစ်ရှိသော ကိုးကွယ်မှုသာ ဖြစ်သည်ဟု သတိပြုကာ ဆင်ခြင်သင့်လှတော့သည်။

သီရိခမ္ပာသောကမင်းကြီး စီမံထုလုပ် ကိုးကွယ်တော်မူ၍ ရဟန္တာမထေရ်မြတ်ကြီးတို့ကို ပေးအပ်လှူဒါန်းလိုက်သည့် ဒက္ခိဏသာခါရုပ်ပွားတော်သည် ဘုရားရှင်၏ လက္ခဏာတော်ကြီးငယ်နှင့် ညီညွတ်၍ ပါသာဒိကဂုဏ်တော်နှင့် ပြည့်စုံသည်ကို ဖူးတွေ့ရသည်။ အနော်ရထာမင်းတရားကြီးကို ရှင်အရဟံမထေရ်မြတ်ပေးတော်မူ၍ မင်းအဆက်ဆက်ကိုးကွယ်တော်မူခဲ့သည့် ဒက္ခိဏသာခါရုပ်ပွားတော်သည် ယနေ့ထက်တိုင် ရှိနေသောကြောင့် ထိုပုံတော်ကိုကြည့်ပါက မည်မျှကြည်ညိုဖွယ်ရာ ဆောင်ကြောင်း သိနိုင်ကြပေသည်။ ဤသည်မှာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ ဒက္ခိဏသာခါရုပ်ပွားတော် ကိုးကွယ်မှုဓလေ့ပင် ဖြစ်ပါတော့သည်။

# (၄၇)
# ဒုရတင်းဆင်သည့် ဓလေ့ထုံးစံ

မဟာမြတ်မုနိ အစရှိသည့် ရုပ်ပွားတော်အချို့၌ တန်ဆာဆောင်း ဒုရတင်းဆင်သည့် ဓလေ့ရှိသည်။ ထိုအစဉ်အလာဓလေ့အရ ရုပ်ပွားတော်တွင် လည်ဆွဲဘယက်၊ လက်ကောက်၊ လက်ကြပ်၊ လက်စွပ်၊ ခြေနင်း၊ ဒုရတင်းဦးစိုက် မကိုဋ်မှစိန်တော် စသည်တို့ ဆင်ယင်ထားလေသည်။ ဤသို့ ဆင်ယင်ထားခြင်းသည် ဇမ္ဗုပတိမင်းချွတ်ခန်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည်ဟု ဆိုကြပြီး အများစုက ယုံကြည်ထားခဲ့ကြသည်။

ထိုအကြောင်းနှင့် စပ်လျဉ်း၍ 'သမန္တစက္ခုဒီပနီ' ကျမ်းတွင် မုံရွေးဆရာတော်ကြီးက ဤသို့ဖြေဆိုတော်မူခဲ့လေသည်။

"အာနန္ဒာ . . . ငါဘုရားသည် များစွာသော မင်းပရိသတ်သို့ ကပ်၍နေခဲ့ဖူး၏။ စကားပြောဆိုခဲ့ဖူး၏။ ဆွေးနွေးခဲ့ဖူး၏။ ထိုမင်းတို့၏ ပရိသတ်၌ အကြင်သို့သဘောရှိကုန်သော သူတို့၏ အသံသည် ရှိ၏။ ထိုနှင့်တူသော ငါဘုရား၏ အသံသည်လည်း ဖြစ်၏။ တရားစကားကို ကောင်းစွာပြ၏။ ကောင်းစွာ ထောက်တည်

www.burmeseclassic.com

www.burmeseclassic.com



စေ၏။ ကောင်းစွာရှင်လန်းစေ၏။ စကားဆိုသော ငါတမှုကား ဤတရားကိုဆိုသောသူသည် လူသားလော၊ နတ်သားလောဟု မသိကုန်။ တရားစကားကိုပြ၍ လာခဲ့သော ငါဘုရားကို လူ့လော၊ နတ်လော မသိကြကုန်''ဟု ဆိုလိုသည်။

ပါဠိတော်အဖွင့် အဋ္ဌကထာတွင် ဖွင့်ဆိုပြထားသည်မှာကား . . .

''တစ်ပါးသော စကြဝဠာသားတို့သည် ဖြူကုန်၏။ မည်းကုန်၏။ ကြမ်းပိုးကျောက်ကုန်းအဆင်း ရှိကုန်၏။ ဘုရားသခင်ကား ရွှေအဆင်းနှင့်တူသော အဆင်းသာရှိ၏။ ဘုရားသခင်မှုကား တောသားတောင်သူ အရိုင်းအစိုင်းနှင့် တူသည်မဖြစ်။ လည်ဆွဲ တန်ဆာဆင်ယင်ခြင်းလည်းမရှိ၊ မြမြတ်ရတနာ နားတောင်းဆင်ယင်ခြင်းလည်းမရှိ။ ဘုရားအသွင်ဖြင့်သာ နေတော်မူ၏။ ထိုသို့တမူကား မိမိနှင့်တူသော သဏ္ဌာန်ကိုသာ ထင်ကြလေကုန်၏။ အကြင်သို့သဘောရှိသော ထိုသူ၏ အသံသည် ပြတ်သားသော အသံ၊ ကွဲသောအသံ၊ ကျီးအသံနှင့်တူသော အသံသည် ရှိကုန်၏။ ဘုရားသခင်၌မူ ဗြဟ္မာမင်းအသံနှင့်တူသော အသံသာလျှင် ရှိသည်ဖြစ်သည်''

ပါဠိအဋ္ဌကထာစကားရပ်တို့၌ လာသော အဓိပ္ပာယ်အရ စင်စစ်အားဖြင့် ဘုရားရှင်သည် တန်ဆာဆင်ယင်ခြင်းမရှိ၊ လည်ဆွဲ ဘယက်၊ လက်ကောက်၊ လက်ကြပ်၊ လက်စွပ်၊ ခြေနင်း၊ ဒုရတင်း ဦးစိုက်၊ မကိုဋ်သရဖူစိန်တော် ဆင်ယင်ခြင်းလည်းမရှိ။ ထိုသို့မရှိသော်လည်း အဝေးစကြဝဠာသားတို့က ငါတို့၏ မင်းသည် အခါတစ်ပါး



ဤကဲ့သို့သော စကားကို မပြောစဖူး။ ယနေ့သည်ကား အံ့ဖွယ်သရဲရှိသောစကားကို ဟောကြားပေသည်ဟု ထင်ကြကုန်သည်။

ဤသို့ မင်းဟုထင်မှတ်သည့် အခိုက်အတန့်ကာလကို ရည်၍ မင်းရုပ်၊ မင်းဝတ်၊ မင်းတန်ဆာနှင့်တကွ ထုလုပ်ကိုးကွယ်လေသည်ဟု ဆရာအဆက်ဆက်တို့ ဟောကြားသော ထုံးနည်းဥပဒေစကားကို ကြားလိုက်ဖူးသည်။ ယင်းသို့ဖြစ်၍ တန်ဆာဆောင်းဘုရားကို ထုလုပ်ကိုးကွယ်ကြသည်ဟူ၍ ငါတို့ ထင်မှတ်ပေသည်ဟု ဆရာတော်ကြီး ဖြေကြားတော်မူခဲ့သည်။

ဆရာတော့်အဖြေအရ စကြဝဠာမင်းအသီးသီးတို့သည် မိမိတို့၏ ဝတ်စားဆင်ယင်မှုအလျောက် ထင်မြင်ကြသည်ကို အတုယူ၍ ဤမင်းဝတ်တန်ဆာ ရုပ်ပွားတော်များ ထုလုပ်ကိုးကွယ်ခြင်းဖြစ်သည်ဟု ဆိုရပါမည်။ မဟာယာနကျမ်းဂန်တို့၌ ဇမ္ဗူပတိမင်း ချုတ်ခန်းတွင်မူ ဥတေနမင်းနှင့် ဇမ္ဗူပတိမင်း မသင့်မမြတ်ဖြစ်ရာ၌ ဇမ္ဗူပတိမင်းက ဘူးဆန်းသည့် လက်နက်ဖြင့် ပစ်ခတ်နှိပ်စက်ရာတွင် ဘုရားရှင်က ဥတေနမင်း ပလ္လင်တွင်နေ၍ ဇမ္ဗူပတိမင်းကို မင်းဝတ်တန်ဆာများ ဆန်းကြယ်စွာ ဆင်ယင်ပြီး တန်ခိုးပြတော်မူရာ ဇမ္ဗူပတိမင်းမာန်လျော့ပြီး ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ်လာသည်။ ဤသည်ကိုရည်စူး၍ ဘုရားရှင်ကို မင်းဝတ်တန်ဆာများ ဆင်ယင်သော ရုပ်တုကို ဆင်ယင်မွမ်းမံပြီး ကိုးကွယ်ခဲ့ကြသည့် အထိမ်းအမှတ်ဓလေ့ပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၄၈)

## နေ့နံရွေးသည့် အစဉ်အလာဓလေ့ထုံးစံ

မြန်မာလူမျိုးတို့သည် အရေးကြီးသည့် အလုပ်ကိစ္စများ လုပ်တော့မည်ဆိုလျှင် နေ့နံရွေးလေ့ရှိကြသည်။ လက်ထပ်ထိမ်းမြားခြင်းမပြုမီ၊ စေ့စပ်ကြောင်းလမ်းခြင်းမပြုမီကပင်လျှင် သတို့သားလောင်းနှင့် သတို့သမီးလောင်းအချင်းချင်း နေ့နံသင့်မသင့်၊ နက္ခတ်တည့်မတည့် ရွေးလေ့ရှိကြသည်။ ဤသို့ နေ့နံသင့်မသင့် ရွေးချယ်ရာ၌ ဗေဒင်အလိုအရ "ဓမ္မာ သောက အင်းဝ ရာဇာ" လက်ာနှင့် ရွေးကြခြင်းဖြစ်သည်။ အိမ်ထောင်ဖက်ရွေးရာ၌လည်း "ဦးသာ စိန်ပန်း ဒန်းလှ ကိုရှာ"နှင့် ရွေးလေ့ရှိသည်။ "စနေနှင့် ဗုဒ္ဓဟူး ရှူးတာတောင် ထမင်းမငတ်ဘူး"ဟူသည့် အဆိုအရ စနေနှင့် ဗုဒ္ဓဟူးသားသမီးသည် အထူးကောင်းမွန်သည့် အိမ်ထောင်ပြုသင့်သည်၊ လက်ထပ်သင့်သည်ဟု အယူရှိကြသည်။

မင်္ဂလာဆောင်သည့်ရက်ကိုလည်း ပြဿဒါးရက်ကို ရှောင်၍ ရက်ရာဇာ ရက်မြတ်ကို ရွေး၍ လက်ထပ်လေ့ရှိကြသည်။ မြန်မာပြက္ခဒိန်များတွင် ရက်ရာဇာနှင့် ပြဿဒါးရက်များကို တွက်ချက်၍ အပြည့်အစုံ ဖော်ပြထားသည့်အတွက် ရက်ရွေးရလွယ်ကူနေလေပြီ။ ပြက္ခဒိန်မရှိသေးသည့် ရှေးခေတ်ကမူ အောက်ပါ လင်္ကာကို အာဂုံဆောင်ထားကြရသည်။



"တန်ခူးသာကျော်၊ ထွန်းပေါ်ကဆုန်၊ နယုန်ညွန့်စ၊ အောင်လှဝါဆို၊ သာလိုဝါခေါင်၊ မြတောင်တော်သလင်း။ သီတင်းကျွတ်ဆီ၊ သောရီတန်ဆောင်မုန်း၊ ချမ်းတုန်းနတ်တော်၊ မိနော်ပြာသို၊ မိညိုတပို့တွဲ၊ အဲဝင်တပေါင်း"ဟူ၍ပင်။

လင်္ကာတွင်ဖော်ပြချက်အရ လအမည်၏ နောက်မှနှစ်လုံးသည် ရက်ရာဇာနေ့များပင် ဖြစ်သည်။

တန်ခူးလတွင် — သောကြာ နှင့် တနင်္လာ၊
ကဆုန်လတွင် — စနေ၊ ကြာသပတေး
နယုန်လ — အင်္ဂါ
ဝါဆို — တနင်္ဂနွေ၊ ဗုဒ္ဓဟူး
ဝါခေါင် — သောကြာ၊ ဗုဒ္ဓဟူး
တော်သလင်း — ကြာသပတေး၊ စနေ
သီတင်းကျွတ် — အင်္ဂါ
တန်ဆောင်မုန်း — သောကြာ၊ ရာဟု
နတ်တော် — တနင်္လာ၊ စနေ
ပြာသို — ကြာသပတေး၊ စနေ
တပို့တွဲ — ကြာသပတေး၊ အင်္ဂါ
တပေါင်း — တနင်္ဂနွေ၊ ဗုဒ္ဓဟူး နေ့များသည်

လအလိုက် ရက်ရာဇာနေ့များ ဖြစ်ကြသည်။ ဤသည်မှာ မြန်မာလူမျိုးတို့၏ နေ့နံရွေးသည့် အစဉ်အလာဓလေ့ထုံးစံသာ ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၄၉)
## နက္ခတ်ရွေးသည့် ဓလေ့

မြန်မာလူမျိုးတို့သည် ဗေဒင်ကိန်းခန်းတို့ကိုလည်း ယုံကြည်လက်ခံခဲ့ကြသည်။ ထိုဗေဒင်ကိန်းခန်းတို့ကို ယုံကြည်သည့် ထုံးစံသည် ဟိန္ဒူ(ဗြဟ္မဏ)ဝါဒမှတစ်ဆင့် လက်ခံကျင့်သုံးခဲ့ကြခြင်းပင် ဖြစ်သည်။ ဤသို့ လက်ခံယုံကြည်ကျင့်သုံးကြသည့် ဓလေ့ထုံးစံများထဲတွင် နက္ခတ်ရွေးသည့် ဓလေ့ထုံးစံလည်း အပါအဝင် ဖြစ်ပေသည်။

လက်ထပ်ကြမည့်သတို့သားလောင်းနှင့် သတို့သမီးလောင်းအချင်းချင်း တစ်ဦးနှင့်တစ်ဦး နက္ခတ်တည့်မတည့် ရွေးချယ်လေ့ရှိကြသည်။ လူနက္ခတ်နှင့် ဘီလူးနက္ခတ်ဖြစ်နေလျှင် လက်မထပ်သင့်၊ ဒုက္ခရောက်တတ်သည်ဟု အယူရှိကြသည်။ နတ်နက္ခတ်နှင့် ဘီလူးနက္ခတ်ဆိုလျှင် ကောင်း၏။ နတ်နက္ခတ်နှင့် လူနက္ခတ်ဖြစ်လျှင်လည်း ကောင်း၏။



သို့မဟုတ် လူနက္ခတ်အချင်းချင်း၊ နတ်နက္ခတ်အချင်းချင်း နက္ခတ်တူဖြစ်လျှင်လည်း ကောင်း၏။ လက်ထပ်သင့်သည်ဟု ယူဆကြသည်။ မည်သည့်နက္ခတ်ဖြစ်သည်ဟု သိလိုလျှင် (သို့) သင့်မသင့်သိလိုလျှင် မွေးသက္ကရာဇ်ကိုတည်၍ (၃)နှင့်စားရ၏။ (၁)ကြွင်းလျှင် နတ်နက္ခတ်၊ (၂)ကြွင်းလျှင် လူနက္ခတ်၊ (၀)ကြွင်းလျှင် ဘီလူးနက္ခတ်ဟူ၍ သတ်မှတ်ထားကြသည်။ ဤသည်မှာ လက်ထပ်ထိမ်းမြားရာတွင် မြန်မာလူမျိုးတို့ လက်ခံယုံကြည်ခဲ့ကြသည့် နက္ခတ်ရွေးသည့် ဓလေ့ထုံးစံပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၅၀)
## နှမ်းထုပ်ရှူ၊ အုတ်ပူထိုးသည့် ဓလေ့

''ယောက်ျားဖောင်စီး၊ မိန်းမမီးနေ''ဟူသည့် ဆိုရိုးစကား ရှိလေသည်။ ဖောင်စီးသည့် အလုပ်၊ မီးနေ(ကလေးမီးဖွား)ရသည့် ကိစ္စသည် အသက်အန္တရာယ်နီးလွန်းလှသောကြောင့် ဤဆိုရိုးစကားဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။ မီးနေသည်အဖြစ် ရှိနေစဉ် နှမ်းထုပ်ရှူ၊ အုတ်ပူထိုးရသည့် ဓလေ့ထုံးစံကိုလည်း မီးနေသည် မိန်းမသားတို့သည် ရှေးကလိုက်နာခဲ့ကြရသည်။

မီးနေသည် အမျိုးသမီးသည် နှမ်းထုပ်ကို ရှူရ၏။ နှမ်းထုပ်ထဲတွင် စမုန်နက်ပါသည်။ ထို့အပြင် မီးနေသည့် အမျိုးသမီးသည် အုတ်ပူထိုးရသေးသည်။ အုတ်ပူထိုးရာ၌ အုတ်ခဲကို နီရဲလာအောင် မီးဖုတ်ပြီးနောက် မီးထဲမှထုတ်ယူပြီး ရေလောင်းသည်။ အုတ်ခဲမှာ အပူငွေ့များ ထောင်းထောင်းထနေသည်။ ထိုအုတ်ခဲပူကြီးကို အဝတ်ဖြင့်ပတ်ပြီး မီးနေသည်၏ ဝမ်းဗိုက်ကိုဖိသည်။ ဤသည်ကို ''အုတ်ပူထိုး''သည်ဟု ခေါ်၏။ ရည်ရွယ်ချက်မှာ ကလေးမရှိမီကကဲ့သို့ ခါးသေးရင်ချီလျက် ဗိုက်သားချပ်စေရန် ဖြစ်သည်။



အုတ်ပူထိုးသည့် အခြားနည်းတစ်နည်း ရှိသေးသည်။ ဤနည်းတွင် ရေလောင်းလိုက်သဖြင့် အပူငွေ့ထောင်းထောင်းထနေသော အုတ်ခဲပေါ်တွင် ဆောင့်ကြောင့်ထိုင်ရသည့်နည်း ဖြစ်သည်။ ဤသည်မှာ ကလေးမျက်နှာမြင်စဉ်ကာလတွင် ရှေးခေတ်က မီးနေသည်အမျိုးသမီးများ လိုက်နာခဲ့ကြရသည့် ရှေးထုံးစဉ်လာ ဓလေ့များပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၅၁)

## နဝတ်ရတ်ကိုးပါး ဆင်မြန်းသည့် ဓလေ့

မြန်မာလူမျိုးတို့တွင် နဝရတ်ကိုးသွယ် ဆင်မြန်းသည့် ဓလေ့လည်း ရှိကြသည်။ မြန်မာတို့၏ ယဉ်ကျေးမှုတွင် နဝရတ်ကိုးပါးကို အထူးပင် တန်ဖိုးထားလေ့ရှိကြသည်။ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးသည် လောကုတ္တရာရတနာတို့တွင် အထွတ်အမြတ်ဖြစ်သကဲ့သို့ လောကီရေးတွင်လည်း နဝရတ်ကိုးပါးသည် အထွတ်မြတ်ဆုံးဟု ဗုဒ္ဓဘာသာဝင်တို့ တန်ဖိုးထား လက်ခံယုံကြည်ခဲ့ကြသည်။

နဝရတ်ဆိုသည်မှာ 'နဝရတနာ'ဟူသည့် ပါဠိစကားကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ နဝရတ်(၉)ပါးတို့မှာ . . .

၁။ ပတ္တမြား၊ ၂။ မြ၊ ၃။ စိန်၊ ၄။ ကြောင်၊ ၅။ နီလာ၊ ၆။ ဂေါ်မုတ်၊ ၇။ ဥဿဖယား၊ ၈။ သန္တာ၊ ၉။ ပုလဲတို့ ဖြစ်ကြသည်။



ဤရတနာကိုးပါးကို ဆင်မြန်းကြသောသူတို့သည် ဘုန်းကျက်သရေတိုး၍ စီးပွားဥစ္စာများသည်၊ ဘေးအန္တရာယ်ကင်းသည်ဟု ယုံကြည်ကြသည်။ ဤနဝရတ်ကိုးပါးမှ ပေးနိုင်သည့် စွမ်းအင်သတ္တိတို့ကို ပညာရှင်များက အောက်ပါအတိုင်း လင်္ကာဖြင့် ဖော်ကျူးခဲ့ကြသည်။

ပတ္တမြားဘုန်းတောက်၊ မြကျောက်အေးချမ်း၊ စိန်စွမ်းဂုဏ်ရောင်၊ ကြောင်ကားသိဒ္ဓိ၊ မဏိနီလာ၊ မေတ္တာကဲချုပ်၊ ဂေါ်မုတ်ခွန်အား၊ ဥဿဖယားကျန်းမာ၊ သန္တာကြီးကဲ၊ ပုလဲကျက်သရေ၊ ရွှန်းရွှန်းဝေသည်၊ ကိုးထွေနဝရတ်စွမ်းရည်တည်း''

လင်္ကာတွင် ဖော်ပြသည့် စွမ်းရည်များရှိသည်ဟု ယုံကြည်ကြသည့် မြန်မာလူမျိုးတို့သည် အမြတ်တနိုး တန်ဖိုးထားကာ နဝရတ်ကိုးပါးကို လက်စွပ်ပြုလုပ်၍ ဝတ်ဆင်ခဲ့ကြပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၅၂)

## ပဥ္စလောဟာဘုရားကိုးကွယ်သည့် ဓလေ့

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့သည် မြတ်ဗုဒ္ဓကိုယ်တော်စား ဥဒ္ဒိဿစေတီတိုက်တော်မူသော ရုပ်ပွားတော်၊ ဆင်းတုတော်တို့ကို ရိုသေလေးစားစွာ ပူဇော်ကိုးကွယ်ခဲ့ကြသည်။ မဟာမြတ်မုနိရုပ်ပွားတော်၊ ဒက္ခိဏသာခါရုပ်ပွားတော်၊ မဟာသုံ့သာရဘုရား၊ လာဘမုနိဘုရား၊ ဓလွန်ပြည်တော်ပြန်ဘုရား စသည်ဖြင့် မိမိကြည်ညိုနှစ်သက်ရာ ရုပ်ပွားဆင်းတုတော်တို့ကို ပင့်ဆောင်၍ အိမ်ဦးခန်းတွင် ကိုးကွယ်လေ့ရှိကြသည်။ ဤသို့ ကိုးကွယ်ပူဇော်ကြသည့် ရုပ်ပွားဆင်းတုတော်များထဲတွင် ပဥ္စလောဟာဘုရားကိုးကွယ်သည့် ဓလေ့လည်း ပါဝင်သည်။

ပဥ္စလောဟာဘုရားဟူသည်ကား သတ္တု ၅ မျိုး ပေါင်းစပ်ရောနှောကာ ထုလုပ်ထားသည့် ရုပ်ပွားတော်ပင် ဖြစ်သည်။ (ပဥ္စ= ၅။ လောဟာ = သတ္တု = ပဥ္စလောဟာ = သတ္တု ၅ မျိုးရောစပ်ထားခြင်း။) ထိုသတ္တု ၅ မျိုးမှာ ရွှေ၊ ငွေ၊ ကြေး၊ သလွဲစင်၊ သလွဲမည်းတို့ပင် ဖြစ်ကြသည်။ ထိုသတ္တု ၅ မျိုးကို 'ပဥ္စလောဟာ'ဟူ၍လည်းကောင်း၊ လောဟာ ၅ ပါးဟူ၍လည်းကောင်း ခေါ်သည်။



'သုတေသနသရုပ်ပြအဘိဓာန်'တွင် အထက်ပါ လောဟာ ၅ ပါးနှင့် လောဟာမျိုး ၇ ပါးအကြောင်းကိုလည်း တစ်ဆက်တည်း ရှင်းလင်းဖော်ပြထားပြန်သည် "ဇာတိလောဟာ" ခေါ် မူလဇာတ်အားဖြင့် ဖြစ်လာသော သတ္တုဓာတ်မျိုး ၇ ပါးဟူ၏။ ၎င်းတို့မှာ . . . သံသော၊ သံရှင်၊ ရွှေ၊ ငွေ၊ ခဲမဖြူ၊ ခဲမနက်၊ ကြေးနီတို့ ဖြစ်ကြသည်။

သတ္တုတစ်မျိုးတည်းဖြင့် ပြုလုပ်ထားသည့် ရွှေဘုရား၊ ငွေဘုရား၊ ကြေးဘုရားရုပ်ပွားဆင်းတုတော်တို့ထက် သတ္တုအမျိုးမျိုးရော၍ ပြုလုပ်ထားသော ထိုပဥ္စလောဟာဘုရား ရုပ်ပွားတော်က ပို၍တန်ခိုးကြီးကြောင်း၊ ရှေးဘုရားဖြစ်၍ ရှားပါးကြောင်း၊ ဆုတောင်းပြည့်ကြောင်း၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ထိုပဥ္စလောဟာဘုရားရုပ်ပွားမြတ်ကို ယုံယုံကြည်ကြည် တန်ခိုးထား၍ ကိုးကွယ်ကြခြင်းဖြစ်သည်ဟု ယုံကြည်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၅၃)
## ပရိတ်ရွတ်၊ ပရိတ်နာသည့် ဘာသာသာသနာဓလေ့ထုံးစံ

ဗုဒ္ဓဘာသာဝင်တို့ မြန်မာလူမျိုးသည် အန္တရာယ်ကင်း၍ ရန်အသွယ်သွယ်ရှင်း၍ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်ပြီးလျှင် ပရိတ်တရားတော်ကို နာယူသည့် ဓလေ့ထုံးစံလည်း ရှိကြလေသည်။ အထူးသဖြင့် နှစ်ဟောင်း လွန်မြောက်၍ နှစ်သစ်သို့ရောက်လာသည့် နှစ်ဆန်း တစ်ရက်နေ့၌လည်းကောင်း၊ သက်ကြီးပူဇော်ပွဲများ ကျင်းပသည့် အခါ၌သော်လည်းကောင်း၊ အိမ်သစ်ဆောက်ရန် ပန္နက်ရိုက်သည့် အခါ၊ အိမ်သစ်တက်မင်္ဂလာကျင်းပသည့်အခါများ၌လည်းကောင်း ပရိတ်နာလေ့ရှိကြသည်။

ယုတ်စွအဆုံး သာရေး၊ နာရေးကိစ္စများနှင့် ကြုံသည့် အခါများတွင် ပရိတ်တရားကို နာယူလေ့ရှိကြပေသည်။ ပရိတ်တော်ကို ရွတ်ဖတ်ချီးမြှင့်သူတို့သည် များသောအားဖြင့် သံဃာတော်များသာ ဖြစ်ကြသည်။ ဤ၌ ပရိတ်ဟူသည် 'အရံအတား'



ဟူ၍ အဓိပ္ပာယ်ရပြီး အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့မှ ကျရောက်လတ္တံ့ဖြစ်သည့် အန္တရာယ်အပေါင်းကို ကာကွယ်တားမြစ်စောင့်ရှောက်တတ်သောကြောင့် ပရိတ်ဟု ခေါ်ခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓ၏ အာဏာဒေသနာဖြစ်သည့် မင်္ဂလာသုတ်၊ မေတ္တသုတ်၊ ရတနသုတ် အစရှိသည့် ပရိတ်တရားတော်တို့သည် စကြဝဠာကုဋေတစ်သိန်းထိတိုင် အာဏာစက်ဖြန့်ကျက် ရောက်ရှိကြသည်။

စကြဝဠာကုဋေတစ်သိန်းအတွင်း၌ နေထိုင်ကြကုန်သော နတ်ဗြဟ္မာတို့သည် မြတ်ဗုဒ္ဓ၏ ပရိတ်ဒေသနာ အာဏာတော်ကို ခံယူကြပေသည်။ ဤတွင် သိထားသင့်သည့် အချက်သည်ကား ပရိတ်တရားတော်ကို ရွတ်ဖတ်ချီးမြှင့်သည့် ရဟန်းသံဃာများနှင့် နာယူသည့်သူများ နှစ်ဖက်စလုံး သတ်မှတ်ထားသည့် အင်္ဂါအချက်အလက်နှင့် ပြည့်စုံမှသာလျှင် ပရိတ်တရားတော်က အန္တရာယ်ကင်းအောင် စောင့်ရှောက်နိုင်စွမ်းရှိသည်ဟူသည့် အချက်ပင်ဖြစ်သည်။

ပရိတ်တရားတော်ကို ရွတ်ဖတ်ချီးမြှင့်သည့် ရဟန်းသံဃာတော်များဘက်မှ ပြည့်စုံရမည့် အင်္ဂါ ၃ ချက် ရှိသည်။ ၎င်းတို့မှာ ...

၁။ ပုဒ်ပါဌ်အက္ခရာတို့ကို မှန်ကန်ပီသစွာ ရွတ်ဖတ်ရခြင်း၊
၂။ အနက်အဓိပ္ပာယ်ကို သိရှိနားလည်ရခြင်းနှင့်
၃။ လာဘ်လာဘကို မငဲ့ကွက်ဘဲ မေတ္တာရှေ့ထား၍ ရွတ်ဖတ်ရခြင်းတို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရိတ်နာယူသူတို့ဘက်ကလည်း ...

၁။ ပဋ္ဌာနန္တရိယ ကံကြီး ၅ ပါးထိုက်သူ မဟုတ်ခြင်း၊

၂။ ရတနာမြတ်သုံးပါးနှင့် ကံ၊ ကံ၏ အကျိုးကို ယုံကြည်လက်ခံသည့် သမ္မာဒိဋ္ဌိ-မှန်ကန်သည့် အယူရှိခြင်းနှင့်

၃။ ပရိတ်တရားတော်တို့ကို ယုံကြည်သည့်သဒ္ဓါတရား ရှိခြင်းတို့ပင် ဖြစ်သည်။

အထက်ပါအချက်များနှင့် ပြည့်စုံပါက ပရိတ်တရားတော်သည် ကြားနာသူအပေါင်းအား အန္တရာယ်ကင်းဝေးအောင် စောင့်ရှောက်နိုင်လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ကောင်းမြတ်သည့် အစဉ်အလာဘာသာသနာဓလေ့ ရှေးထုံးစဉ်ဖြစ်သော ပရိတ်နာယူခြင်း 'ဓမ္မဿဝန်' ကုသိုလ်ထူးတို့ကို ယုံကြည်စွာဖြင့် လေးလေးနက်နက် နာယူမှတ်သားကြခြင်းသာ ဖြစ်ပါလေတော့သည်။

(၅၄)

# ပရိတ်အိုးပြုလုပ်သည့် ရှေးထုံးစဉ်လာဓလေ့ထုံးစံ

ဗုဒ္ဓဘာသာဝင်တို့ မြန်မာလူမျိုးတို့၏ ဘာသာသာသနာယဉ်ကျေးမှု ရှေးထုံးစဉ်လာ ဓလေ့များထဲတွင် 'ပရိတ်အိုး' ပြုလုပ်ခြင်းသည်လည်း ဓလေ့တစ်ရပ်ပင် ဖြစ်သည်။ ပရိတ်အိုးကို များသောအားဖြင့် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိလာသော နှစ်ဆန်းတစ်ရက်နေ့ ပရိတ်တရားနာကြားရာတွင်လည်းကောင်း၊ ရှင်ပြုရာတွင်လည်းကောင်း ပြုလုပ်လေ့ရှိကြသည်။

ရှင်ပြုရာတွင် အသုံးပြုရသည့် ပရိတ်အိုးကို 'ကံဆောင်အိုး' ဟုလည်းခေါ်၏။ သာမဏေ(ရှင်လောင်း)များကို ခေါင်းရိတ်ဆံချပြီးနောက် ရေချိုးပေးရာတွင် ဤကံဆောင်အိုးဖြင့် ရေချိုးပေးရသည်။ ထိုကံဆောင်အိုးဖြင့်ပင် သံဃာစင်ရှေ့တွင် မွမ်းမံပြင်ဆင်ထားသည့်အိုးကိုပင် 'ပရိတ်အိုး' ဟုခေါ်ခြင်း ဖြစ်သည်။

နှစ်ဆန်းတစ်ရက်နေ့ ပရိတ်တရားနာယူရာတွင် မပါမဖြစ် ပါရမည့် ပရိတ်အိုး (သို့) အတာအိုးထဲတွင် အုန်းရွက်၊ တမာရွက်၊ ဆီးခက်၊ မြရာခက်၊ သပြေ၊ ဝါးခက်များ ပါရသည်။ ရှင်ပြုရာတွင် မပါမဖြစ် ပါရသည့် ကံဆောင်အိုးခေါ် ပရိတ်အိုးကို ရှေးခေတ်က ပြုလုပ်ပုံကို ဖော်ပြပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်က ပရိတ်အိုးပြုလုပ်ပုံမှာ . . . ကွမ်းတောင်နှင့် အနည်းငယ်ဆင်တူသော်လည်း ကလပ်အကူ မပါပေ။ အိုးထဲတွင် ရေသန့်ကိုထည့်ထားသည်။ တောင်ဆုပ်ခန့်မြင့်သည့် ငှက်ပျောဖက်သုံးဖက်ကို နှုတ်ခမ်းမှအထက်သို့ ထောင်ထားပြီး ထိုငှက်ပျောဖက်သုံးဖက်နှင့် အိုးနှုတ်ခမ်း စည်းနှောင်ဆက်သွယ်သော နေရာကို ငှက်ပျောရွက်ကလပ်ကြာပုံ အမွှမ်းအမံဖြင့် ဖုံးထားသည်။

ထို့နောက် နှုတ်ခမ်းမှ ထိပ်သို့ ရောင်စုံချည်မျှင်များ စေ့နေအောင် သွယ်သည်။ အလပ်မရှိစေရ။ ထိုကြိုးမျှင်များတွင် စိန်တောင်များ ခပ်ကျဲကျဲတပ်ဆင်၍ ထိပ်တွင် ဟင်္သာကြက်တူရွေး မိမိတို့တတ်နိုင်သော မြောက်ကျွမ်းကျင်ရာအရုပ်တို့ကို တပ်ဆင်ကြသည်။ ဤသည်မှာ ရှေးခေတ်က ရှင်ပြုရာတွင် အသုံးပြုခဲ့ကြသော ကံဆောင်အိုး သို့မဟုတ် ပရိတ်အိုးပြုလုပ်သည့် ရှေးထုံးစဉ်လာဓလေ့သာ ဖြစ်ပါတော့သည်။

# (၁၅)
# ဖြောစည်သံဓလေ့

"မြို့လယ်ကမဏ္ဍပ်၊ အရပ်မှာတဲ့ကုသိုလ်၊ ကျောင်းကြီးရယ်အို၊ ရှင်လူပျိုနေကတည်းက၊ ကြမ်းစိုလို့ရွဲ" ဟူသော ကွယ်လွန်သူ ရှာစားကြီး 'စိန်ဗေဒါ'၏ 'ဖြောညွှန့်'ကို လူတိုင်းကြားဖူးမည်ဟု ထင်ပါသည်။ ဖြောသံကို မြန်မာလူမျိုးတို့သည် ရှေးယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ရှင်ပြုပဥ္စင်းခံ အစရှိသည့် အလှူမင်္ဂလာပွဲများတွင် မပါလျှင်မဖြစ်ဆိုသကဲ့သို့ သီဆိုတီးမှုတ်လေ့ ရှိကြသည်။

ထိုဖြောစည်သံကို ဖြစ်ပေါ်စေသည့် 'ဖြော'ဟူသော တူရိယာသည် အလောင်းစည်သူမင်းကြီးလက်ထက်မှ စတင်ပေါ်ပေါက်လာသည်ဟု ဆိုကြသည်။ ဗမ္ဗူဒိပ်ကျွန်းဦးတွင်ရှိသော ဗမ္ဗူသပြေပင်အား လေတိုက်ခတ်ရာမှ ထွက်ပေါ်လာသည့် အသံကို အကြောင်းပြု၍ တီထွင်ထားခြင်းဖြစ်သည်ဟု မိန့်ဆိုကြကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းစည်သူမင်းကြီးသည် ကျွန်းဦးဖမ္ဗုသပြေပင်ရှိရာအရပ်သို့ ရောက်သည့်အခိုက် တပ်စခန်းချရပ်နေတော်မူဆဲမှာပင် ဇမ္ဗုသပြေပင်ကို လေတိုက်ခတ်သည့်ရှိသော် သပြေပင်၏အခက်အရွက်ချင်း ထိခိုက်တိုးဝေ့မိကြသည့်အသံ၊ ဇမ္ဗုသပြေသီးများ ရေထဲသို့ ကြွေကျသွားသည့်အသံ၊ ဇမ္ဗုသပြေသီးကို ငါးကြီးအာနန္ဒာ ဟပ်ရာမှ ပေါ်လာသည့်အသံ စသဖြင့် အသံပေါင်းစုံတို့သည် တစ်ပြိုင်နက် မရှေးမနှောင်း တညီတညွတ်တည်း သာယာစွာ ထွက်ပေါ်မြည်လာကြလေသည်။

ဤအသံများကို မင်းကြီးကြားသိရသည့်အခါ အလွန်နှစ်သက်တော်မူလှသောကြောင့် ထိုအသံများနှင့်တူသော ဗြောသံကို တီးမှုတ်စေခဲ့သည်ဟု ဆို၏။ ထို့ကြောင့် တူရိယာအသံများအား တီထွင်ရာတွင် လေတိုက်ခတ်လာသောအခါ ပင်စည်အကိုင်းအခက်များကို ဝေ့တိုးဝေ့သည့် အသံအသွင်ဖြင့် (တံရှည်၊ တံမြှား၊ သပြေသာ၊ ခရာ၊ လင်ကွင်း)ဟူ၍လည်းကောင်း။

အကိုင်း၊ အခွ၊ အကွေ့အဝိုက်ကြားသို့ လေခတ်၍ မြည်လာသည့် အသံအသွင်ဖြင့် (တံပိုး၊ ဒုံမင်း)ဟူ၍လည်းကောင်း။

မပြင်းမပြသော လေညင်းလေညှံ့၏ အသံအနေဖြင့် (ခရသင်း)ဟူ၍လည်းကောင်း။

လေပြင်းလေဟုန်တွင် အခက်အရွက်တို့ တစ်စုတစ်ဝေးတည်း တိုက်ခတ်မိလေ၍ မမြင့်မလျော့ မြည်သော အသံအသွင်ဖြင့် (နှဲကြီး၊ နှဲငယ်)ဟူ၍လည်းကောင်း။

ရွက်ချင်း၊ ခက်ချင်း ထိခိုက်မိသော အသံအသွင်ဖြင့်



(လက်ချပ်)ဟူ၍လည်းကောင်း။

ဇမ္ဗုသပြေသီးတို့ မရှေးမနှောင်းကြွေကျလာသည့် အသံအသွင်ဖြင့် (မြောက်စည်)ဟူ၍လည်းကောင်း။

ဇမ္ဗုသပြေသီးတို့ အများအပြား တစ်ပြိုင်နက် ရေထဲသို့ ကျကြွေသော အသံအသွင်ဖြင့် (စည်ဝန်း)ဟူ၍လည်းကောင်း။

ဇမ္ဗုသပြေသီး ရေထဲမှတစ်ဖန် ပြန်၍ပေါ်လာသော အသံအသွင်ဖြင့် (စည်ဗြော)ဟူ၍လည်းကောင်း အစရှိသည့် အသံများကို သဒ္ဒသဏ္ဍာန်ပြုစေလျက် တီးမှုတ်ဆောင်ရွက် တီထွင်ခဲ့သည်ဟု မိန့်ဆိုကြကုန်သည်။ ဗြောသံ၏ တီးချက်တီးနည်းကို လေ့လာရာတွင် ''ပြုတ် ပြုတ် ဗြုံး''ဟူ၍ပင် ဖြစ်သည်။

ထိုအချိန်အခါမှစ၍ ဗြောသံဟူသည့် တူရိယာတစ်မျိုးသည် မြန်မာလူမျိုးတို့ ယဉ်ကျေးမှုရိုးရာဓလေ့သဖွယ် အလှူမင်္ဂလာပွဲများတွင် တီးခဲ့ကြ၊ မှုတ်ခဲ့ကြသည်ဟု အဆိုရှိလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## (၅၆)
## ဘုရားမှန်ဦးစေတီတို့တွင် ဘီလူးပန်းဆွဲထုလုပ်သည့်ဓလေ့

မြန်မာပြည် ဒေသအသီးသီးရှိ ဘုရားစေတီများတွင် ခေါင်းလောင်းအထက်နား၌ ဘီလူးပန်းဆွဲရုပ်တု ထုလုပ်ထားသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် မကွေးမြသလွန်ဘုရားတွင် ဘီလူးပန်းဆွဲရုပ်များ ပတ်လည်ထုလုပ်ထားသည်ကို တွေ့ရှိနိုင်ပါသည်။ အလားတူ ဂူဘုရားများ၏ နံရံနဖူးစည်းနှင့် တံခါးမုခ်တို့တွင် ဘီလူးပန်းဆွဲများ တန်းစီထုလုပ်ထားသည်ကိုလည်း တွေ့ရှိနိုင်ကြသည်။

ဘီလူးပန်းဆွဲဟူသည် ဘီလူးပါးစပ် တစ်ဖက်တစ်ချက်မှ ပုလဲလုံးများ အစီအရီတန်း၍ ထွက်လာပုံ၊ ခြူးပန်းခြူးနွယ်များ တွဲရရွဲကျလာပုံ ပြုလုပ်ထားသည့် အမွမ်းအမံအပြောက်များ ဖြစ်ကြပါသည်။ ထိုဘီလူးပန်းဆွဲ၊ ဘီလူးခေါင်းတို့ကို ထုလုပ်သည့် ဓလေ့ထုံးစံသည် အောက်ပါအဖြစ်အပျက်များပေါ်မူတည်၍ ဗိသုကာပညာရှင်များနှင့် ဘုရားစေတီ ဂူဘုရားတည်ဆောက်သူတို့၏ စိတ်ကူးဆန္ဒအရ ထုလုပ်ရေးဆွဲထားခြင်း ဖြစ်သည်ဟု ဆိုကြသည်။



ဇမ္ဗူဒီပါတောင်ကျွန်း အလယ်ဗဟိုတွင် မြင်းမိုရ်တောင်ရှိသည်။ ထိုမြင်းမိုရ်တောင်၏ လေးဘက်လေးတန်တွင် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးသည် အခြံအရံများစွာနှင့် စိုးစံနေကြသည်။ ဝေဿဝဏ်နတ်မင်းကြီးသည် နတ်ဘီလူးတစ်ကောင်ကို ဖန်ဆင်းလျက် ရတနာမြတ်သုံးပါးကို စောင့်ရှောက်ရမည်ဟု အမိန့်တော်ချမှတ်ခဲ့သည်။ ဤသည်ကို အထိမ်းအမှတ်ပြုရည်စူး၍ ဗုဒ္ဓသာသနိက အဆောက်အဦးများ ဖြစ်ကြသည့် ဘုရားမှန်ဦးစေတီ ဂူပေါက်များတွင် ဘီလူးခေါင်း သို့မဟုတ် ဘီလူးပန်းဆွဲ ထုလုပ်သည့် ယဉ်ကျေးမှုဓလေ့ ဖြစ်ပေါ်လာခဲ့ခြင်းပင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၅၇)
## ဘုရားစေတီတို့၌ ဘီလူးရုပ်ထုလုပ်သည့်ဓလေ့

ဘုရားစေတီတို့၏ရှေ့တွင် အစောင့်အရှောက် အရန်အတားအဖြစ် ဘီလူးရုပ်တုများကို ထုလုပ်ထားလေ့ရှိကြသည်။ ဤဘီလူးရုပ်ထုလုပ်သည့် ဓလေ့သည် အချို့သော ဘီလူးရုပ်တုများမှာ 'မိမိတို့ဒေသအလျောက် ဖြစ်ပေါ်ခဲ့သည့် ဘီလူးတို့ကို အကြောင်းပြု၍ ထုလုပ်လေ့ရှိကြသည်။ မကွေးမြသလွန်ဘုရားတွင် ဘီလူးရုပ်ထုလုပ်ထားခြင်းသည်ကား ဘုရားရှင် သုနပရန္တတိုင်းသို့ ကြွတော်မူလာစဉ် ဘုရားရှင်၏ ပလ္လင်တော်ကို ရယူခဲ့ကြသည့် 'ဘောကျော်၊ ဘောသော'အမည်ရှိသည့် ဘီလူးနှစ်ယောက်ကို အထိမ်းအမှတ်ပြု၍ ထုလုပ်ထားခြင်းပင် ဖြစ်သည်။

မြန်မာပြည်အနှံ့အပြားရှိ ဘုရားစေတီတို့တွင် ဘီလူးရုပ်ထုလုပ်ထားသည့်ဓလေ့သည် မြတ်ဗုဒ္ဓ မိဂဒါဝုန်တောသို့ ဒေသနာရေအေး တိုက်ကျွေးတော်မူနေစဉ် နောက်ပါဘီလူးအခြံအရံတစ်ထောင်ဖြင့် ဘုရားရှင်ထံ တရားနာလာရောက်၍ ဘုရားရှင်ကို



မေးခွန်းမေးခဲ့ကြသော 'ဟေမဝတနတ်ဘီလူး'နှင့် 'သာတာဂိရိနတ်ဘီလူး'နှစ်ယောက်ကို အထိမ်းအမှတ်ပြု၍ ထုလုပ်ထားခြင်းဖြစ်သည်ဟု ဆရာတော်အစဉ်အဆက်တို့မှ မိန့်ကြားတော်မူခဲ့ကြသည်။

အချို့ဆရာတော်ကြီးများကမူ အောင်ခြင်းရှစ်ပါးတွင် ပါဝင်သည့် အာဠာဝကနတ်ဘီလူးမင်းသည် သောတာပန်အရိယာဖြစ်သွားပြီးနောက် သာသနာကို စောင့်ရှောက်မည်ဟု ယုံကြည်ယူဆချက်ကို အကြောင်းပြုလျက် ဘုရားစေတီများရှေ့တွင် ဘီလူးရုပ်ကို အစောင့်အရှောက်အနေနှင့် ထားခြင်းပင်ဖြစ်သည်ဟု မိန့်ကြားတော်မူကြသည်။ ဤသည်မှာ ဘုရားစေတီတို့ရှေ့တွင် ဘီလူးရုပ်ထားသည့်ဓလေ့ ဖြစ်ပေါ်လာပုံပင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၅၈)
## ဘုရားကိုးဆူပူဇော်သည့် ဓလေ့ထုံးစံ

ရှေးအခါမှစ၍ ယနေ့ထိတိုင် ဗုဒ္ဓဘာသာဝင်တို့တွင် ဘုရားကိုးဆူပူဇော်သည့် ဓလေ့ထုံးစံ အလေ့အထ ရှိခဲ့ကြပေသည်။ 'ဓမ္မပဒအဋ္ဌကထာ'၊ 'အာယုဝဍ္ဎန'သတ္တုသားကိုအကြောင်းပြု၍ ဘုရားကိုးဆူပူဇော်ခြင်းဓလေ့ စတင်ဖြစ်ပေါ်လာခဲ့သည်ဟု မိန့်ဆိုကြသည်။

ဗုဒ္ဓဘာသာသည် အိန္ဒိယမှတစ်ဆင့် တရုတ်ပြည်၊ ထိုမှ ယိုးဒယား၊ ဇင်းမယ်သို့ ရောက်ရှိခဲ့သည်ဟု ပညာရှင်တို့ မိန့်ဆိုခဲ့ကြသည်။ တရုတ်ပြည်မှ ဇင်းမယ်သို့ ရောက်ရှိခဲ့သည့် ဗုဒ္ဓဘာသာသည် မြောက်ပိုင်းမဟာယာနဗုဒ္ဓဘာသာသာလျှင် ဖြစ်သည်။ မဟာယာနဂိုဏ်းနှင့်အတူ ဟိန္ဒူဘာသာ၊ ဂျိမ်းဘာသာ၊ ဗြဟ္မဏ ပုဏ္ဏားများဗေဒ အယူအဆများ၊ ဇလိနတ်စာကျွေးခြင်း၊ ဂြိုဟ် ပူဇော်သည့် ဓလေ့များ၊ ဂါထာမန္တန်၊ အင်းအိုင်ခလှဲ့ လက်ဖွဲ့အစီ အရင်များသည်လည်း ဇင်းမယ်သို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်မှစ၍ ဂြိုဟ်ကြီး ၉ လုံး ပူဇော်သည့်ဓလေ့ ထွန်းကားလာခဲ့သည်။



ကောဇာသက္ကရာဇ် ၉၁၅ ခုနှစ်တွင် နန်းတက်သည့် ဘုရင့်နောင် ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တွင် ဇင်းမယ်ကို အောင်နိုင်သဖြင့် ဂြိုဟ်ကြီး ၉ လုံး ပူဇော်သည့်ဓလေ့လည်း မြန်မာပြည်သို့ ရောက်ရှိလာခဲ့သည်ဟု ယူဆရသည်။

ထေရဝါဒဥသျှောင် ဆရာတော်ကြီးများသည် ဇင်းမယ်မှ ရောက်လာသည့် ဂြိုဟ်ကြီး ၉ လုံး ပူဇော်သည့်အလေ့အထကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် 'အာယုဝဍ္ဎန'သတ္တုသားဝတ္ထုလာ ဘုရားရှင်နှင့်တကွ ရဟန္တာရှစ်ပါးပူဇော်သည့် ဓလေ့အား အစားထိုး ပြောင်းလွဲပေးတော်မူခဲ့ကြသည်။ အကြောင်းကမူ ဝေဒကျမ်းလာ ဂြိုဟ်ကြီး ၉ လုံးပူဇော်ခြင်းဖြင့် အယူမှားနေကြသည့်သူတို့အား ရှေးသာသနာပြုဆရာတော်ကြီးများသည် "လူတို့၏ အလိုဆန္ဒလည်း ပြည့်ဝစေ၊ အယူမှားလည်းပပျောက်စေ၊ ဘုရားကိုပူဇော်ခြင်းဖြင့် အကျိုးလည်း များစွာရကြစေ"ဟူသော ရည်ရွယ်ချက်ဖြင့် ဂြိုဟ်ကြီး ၉ လုံးပူဇော်သည့်နေရာတွင် ဘုရားရှင်အား အလယ်ဗဟိုတွင် သီတင်းသုံးစေတော်မူပြီး ရဟန္တာရှစ်ပါးကိုလည်း အရပ်ရှစ်ခွင် ဂြိုဟ်အိမ်အလိုက် ထားကာ ဘုရားကိုးဆူပူဇော်နည်းကို တီထွင်ပေးခဲ့ကြခြင်း ဖြစ်ပါပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၅၉)

## ဘုရား၌ ဂြိုဟ်တိုင်ထားသည့် ဓလေ့

မြန်မာပြည်တွင် ဘုရားစေတီပုထိုးများ တည်သည့်အခါ အများအားဖြင့် အရပ်လေးမျက်နှာတို့တွင် အာရုံခံတန်ဆောင်းများ ထားရှိ၏။ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးကြကုန်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူ ရုပ်ပွားတော်များ တည်ထားပူဇော်လေ့ရှိကြသည်။ ထို့ပြင် ဘုရားစေတီထောင့် ၈-ထောင့်တွင် ဂြိုဟ်တိုင်ဂြိုဟ်ရုပ်များ ထားရှိကိုးကွယ်ပသကြပြန်သည်။

ဗုဒ္ဓဘာသာဝင်များ ဘုရားဖူးလာသည့်အခါ အာရုံခံတန်ဆောင်းအတွင်းမှ ဗုဒ္ဓဆင်းတုတော်များကို ပူဇော်ကန်တော့ကြသကဲ့သို့ မိမိတို့ မွေးနေ့မွေးနံအလိုက် ဂြိုဟ်တိုင်ဂြိုဟ်ရုပ်များ၌လည်း ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ လှူဒါန်းကာ ပူဇော်ကန်တော့ခြင်း၊ ယတြာချေခြင်းများ ပြုလုပ်လေ့ရှိကြသည်။ ဘုရားလည်းဖူးရင်း ဂြိုဟ်ပြေနံပြေ ယတြာချေရင်းနှင့် လောကီကိစ္စများကိုပါ တွဲ၍ဆောင်ရွက်ကြခြင်းပင် ဖြစ်သည်။

ဤဂြိုဟ်ပြေနံပြေ ယတြာချေသည့် အလေ့အထသည်လည်း ဗုဒ္ဓဘာသာဝင်တို့သည် ဟိန္ဒူ(ဗြဟ္မဏ)ဝါဒမှတစ်ဆင့် သက်ဆင်းလာသည့် ဂြိုဟ်တိုင်ဂြိုဟ်ရုပ် ကိုးကွယ်မှုကို ထေရဝါဒနှင့် ပေါင်းစပ်လျက် ယုံကြည်လက်ခံပြုလုပ်လာခဲ့ကြသည့် အစဉ်အလာ ဓလေ့တစ်ရပ်ပင် ဖြစ်ပါလေတော့သည်။

## (၆၀)

## ဘုရားစင်ထားရှိသည့် ဘာသာသာသနာဓလေ့ထုံးစံ

ဗုဒ္ဓဘာသာဝင်မှန်သမျှ အိမ်တိုင်းတွင် ဘုရားစင်ရှိကြစမြဲဖြစ်သည်။ အချို့အိမ်များတွင် ဘုရားခန်း၊ ဘုရားဆောင်သီးသန့်ထားရှိလေ့ရှိကြသည်။ အများအားဖြင့်မူ အိမ်ဦးခန်းတွင် ဘုရားစင်ရှိကြသည်။ ထိုဘုရားစင်များပေါ်တွင် ဘုရားဆင်းတုတော်၊ စေတီပုံတော်များနှင့် ဘုရားပန်းအိုးတွင် ဘုရားပန်းများ ဝေဝေဆာဆာနှင့် တင်လှူထားသည်မှာ ကျက်သရေရှိလှပေတော့သည်။

ဘုရားစင်ပေါ်တွင် ဘုရားရုပ်ပွားဆင်းတုတော်၊ တန်ခိုးကြီးဘုရားစေတီဂူဘုရားပုံ ကားချပ်များအပြင် ရှင်သီဝလိပုံတော်၊ ရှင်ဥပဂုတ္တပုံတော်များကိုလည်း ထားရှိကြလေသည်။ အချို့အိမ်များတွင် အန္တရာယ်ကင်းသည်၊ မီးကွင်းသည်ဟူသော ယုံကြည်ချက်ဖြင့် ဒက္ခိဏသာခါဘုရားကိုလည်း ကိုးကွယ်ထားကြလေသည်။ ထို့အပြင် သူရဿတီမယ်တော်၊ ပဒ္မမ်ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် အစရှိသည့် ထွက်ရပ်ပေါက်ဘိုးတော်ပုံများလည်း ရှိကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မှျပင်မကသေး။ ယခုခေတ် တန်ခိုးကြီးဆရာတော်များ၏ ပုံများကိုလည်း တွေ့မြင်နိုင်သေးသည်။ ဘုရားစင်နှင့် အနီးအနား၌ အိမ်တွင်းနတ် မင်းမဟာဂီရိကို အုန်းသီးဆွဲ၍ ကိုးကွယ်ကြသည်လည်း ရှိကြသည်။ မည်သို့ပင်ဖြစ်စေ၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ဘုရားစင်ပေါ်တွင် ရုပ်တု၊ ကားချပ်အမျိုးမျိုး ပန်းအိုးအမျိုးမျိုးတို့ဖြင့် တင့်တယ်လှပ ဝေဝေဆာဆာ ရှိနေပေသည်။ ဤသည်မှာ မြန်မာလူမျိုးတို့၏ မိဖရိုးရာ အစဉ်အလာမပျက် ကိုးကွယ်ခဲ့ကြသည့် ဘာသာသာသနာဓလေ့ထုံးစံသာ ဖြစ်ပါလေတော့သည်။

# (၆၁)

## ဘုရားပွဲတော်များနှင့် ဓလေ့ထုံးစံ

ဗုဒ္ဓဘာသာထွန်းကားသော မြန်မာနိုင်ငံအနှံ့အပြားတွင် ဒေသအလိုက် တန်ခိုးကြီးဘုရားများ ရှိကြသည်။ ရန်ကုန်မြို့တွင် ရွှေတိဂုံ၊ မဟာဝိဇယ၊ စွယ်တော်မြတ်စေတီ၊ ဗိုလ်တထောင်၊ ဆူးလေ၊ မိုးကောင်းဘုရား၊ ကျိုက္ကဆံဘုရား စသဖြင့် ရှိကြသည်။ ပုဂံညောင်ဦးတွင် ရွှေစည်းခုံ၊ အာနန္ဒာ၊ မန္တလေး၌ ကျောက်တော်ကြီးဘုရား၊ မဟာမြတ်မုနိဘုရား၊ မင်းဘူးရွှေစက်တော်၊ မကွေးမြသလွန်၊ ပြည်ရွှေဆံတော်၊ ပဲခူးရွှေမောဓော၊ ပခုက္ကူသီဟိုဠ်ရှင်ဘုရား၊ အင်းလေးတွင် ဖောင်တော်ဦးဘုရား၊ သီပေါတွင် ဘော်ကြိုဘုရား၊ ကျိုက်ထို၌ ကျိုက်ထီးရိုးဆံတော်ရှင်၊ ပုသိမ်တွင် မော်တင်စွန်း၊ ကချင်ပြည်နယ်၌ အင်းတော်ကြီးဘုရား စသည်ဖြင့် နေရာဒေသအနှံ့ တန်ခိုးကြီးဘုရားများ ရှိကြသကဲ့သို့ ထိုစေတီဘုရားတို့ကို ပူဇော်သောအားဖြင့် ပွင့်လင်းရာသီရောက်ပြီဆိုသည်နှင့် ဘုရားပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မြန်မာပြည်အနှံ့အပြား ဘုရားပွဲတော်များ ကျင်းပရာတွင် ရှေးအခါက ဘုရားဖူးလာ ပရိသတ်တို့သည် ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး ဆိုသကဲ့သို့ပင် ဘုရားဖူးလာရင်း မိမိတို့ဒေသထွက်ကုန်ပစ္စည်းတို့ကို သယ်ဆောင်လာကြပြီး ရောင်းဝယ်ဖောက်ကားလေ့ရှိကြသည်။ ထိုသို့ ရှေးခေတ်ကတည်းက စတင်ခဲ့သည့် ဘုရားပွဲတော်ဈေးဓလေ့သည် ယနေ့ခေတ်အထိ အရှိန်အဟုန် ဆက်လက်တည်ရှိနေပေသည်။ မြန်ပြည်အနှံ့ ဘုရားပွဲတော်ကျင်းပသည့်အခါ ဂေါပကအဖွဲ့သည် ဘုရားပွဲတော်ရက်အတွင်း ဆိုင်ခန်းများကို လေလံစနစ်ဖြင့် ရောင်းချထားပြီးဖြစ်သကဲ့သို့ ကုန်သည်များကလည်း ဘုရားပွဲဈေးဆိုင်ခန်းတို့ကို ကြိုတင်လေလံဆွဲကာ ဝယ်ယူထားကြသည်။

ကုန်သည်များသည် မိမိတို့ဒေသထွက်ကုန်အမျိုးမျိုး၊ စားကုန်သောက်ကုန်၊ အထည်အလိပ်မှစ၍ အလှအပပစ္စည်းမျိုးစုံနှင့် အိမ်ထောင်ပရိဘောဂပစ္စည်းမျိုးစုံတို့ကို ရောင်းချကြသည်။ ထို့အပြင် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ စတေ့ချ်ရှိုးပွဲများ၊ မျက်လှည့်ပွဲများ၊ ရုပ်ရှင်ရုံအသေးစားလေးများနှင့် ကလေးများအတွက် အားကစားကွင်းများနှင့် ချားရဟတ်များ၊ အခြားပျော်ပွဲရွှင်ပွဲများနှင့် စားသောက်ဆိုင်အမျိုးမျိုး စုံလင်လှသည်။

ယနေ့ခေတ်ကာလ ဘုရားပွဲတော်များတွင် ရင်ပြင်တော်၌ ဘုရားဖူးများ စည်ကားလှသကဲ့သို့ ဘုရားပွဲဈေးတန်းအတွင်း၌လည်း ဈေးရောင်းဈေးဝယ်သူများ၊ ပျော်ပွဲရွှင်ပွဲ ကြည့်သူများနှင့် ကြက်ပျံမကျ စည်ကားလှသည်။ အချို့ပြည်နယ်ဒေသမှ



ဘုရားပွဲတော်များတွင် လောင်းကစားဝိုင်းများ ပါဝင်တတ်သောကြောင့် အထူးစည်ကားသည်ဟု ကြားသိရဖူးသည်။

သို့ဖြစ်ပါသောကြောင့် မြန်မာပြည်အနှံ့အပြားတွင် ကျင်းပသည့် ဘုရားပွဲတော်များသည် ဘာသာရေးပွဲတော်များဖြစ်ကြသကဲ့သို့ စီးပွားရေး၊ လူမှုရေး ပျော်ပွဲရွှင်ပွဲများပါ ပေါင်းစပ်ပါဝင်နေလေသည်။ ဤသည်မှာ မြန်မာပြည်ဘုရားပွဲတော်များနှင့် ကျင်းပသည့် ဓလေ့ထုံးစံ အစဉ်အလာသာ ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# (၆၂)
# မြေခံရက်ရွေးသည့် ဓလေ့ထုံးစံ

မြန်မာလူမျိုးတို့သည် နေအိမ်ဆောက်လုပ်သည့်အခါ၌ အိမ်ဆောက်ကောင်းသည့်လကို ရွေးကြသကဲ့သို့ မြေခံရက်ကိုလည်း ရွေးလေ့ရှိကြသည်။ နေအိမ်ဆောက်လုပ်ရန် သင့်လျော်သည့် လများသည်ကား တန်ခူး၊ ကဆုန်၊ ဝါခေါင်၊ နတ်တော်၊ ပြာသို၊ တပေါင်းလများ ဖြစ်ကြသည်။ နေအိမ်ဆောက်ရမည့်လနှင့် မျက်နှာမူရမည့် အရပ်တို့ကို ရွေးပြီးပါက မြေခံရွေးရပါဦးမည်။ မြေခံကောင်း၊ မြေခံညံ့သည့် ရက်များကို လောကီကျမ်းများတွင်လာသည့်အတိုင်း ဖော်ပြရပါက အောက်ပါအတိုင်းပင် ဖြစ်ကြသည်။

လဆန်း ၄ ရက်၊ ၁၄ ရက်နှင့် လပြည့်ကျော် ၉ ရက် ကျားခံသည်။ လာဘ်ရသည်။ ထိုရက်များတွင် ပန္နက်ရိုက်နိုင်သည်။

လဆန်း ၃ ရက်၊ ၁၃ ရက်နှင့် လပြည့်ကျော် ၈ ရက် ခြင်္သေ့ခံသည်။ ထိုရက်များတွင် ပန္နက်ရိုက်ပါက အိမ်ရှင်ရောဂါ ရနိုင်သည်။

လဆန်း ၂ ရက်၊ ၁၂ ရက်နှင့် လပြည့်ကျော် ၇ ရက် ဆင်ခံသည်။ ငြိမ်းချမ်းအံ့။



လဆန်း ၁ ရက်၊ ၁၁ ရက်နှင့် လပြည့်ကျော် ၆ ရက် ကြွက်ခံသည်။ အောင်မြင်မည်။

လဆန်း ၁၀ ရက်၊ လပြည့်ကျော် ၅ ရက်နှင့် ၁၅ ရက်တို့တွင် ပူးခံသည်။ လာဘ်ရမည်။

လဆန်း ၉ ရက်၊ လပြည့်ကျော် ၄ ရက်နှင့် ၁၄ ရက်တို့တွင် နဂါးခံသည်။ ဆင်းရဲအံ့။

လဆန်း ၈ ရက်၊ လပြည့်ကျော် ၃ ရက်နှင့် ၁၃ ရက်တို့တွင် ဟိုင်းခံသည်။ အချုပ်အနှောင်၊ အဖမ်းအဆီးခံရတတ်သည်။

လဆန်း ၇ ရက်၊ လပြည့်ကျော် ၂ ရက်နှင့် ၁၂ ရက်နေ့များတွင် ကိတ်ဂြိုဟ်ခံ၏။ အေးချမ်းမည်။ အချို့ကမူ သိကြားပြဟ္မာခံသည်ဟုလည်း ဆိုကြသည်။

လဆန်း ၆ ရက်၊ လပြည့်ကျော် ၁ ရက်နှင့် ၁၁ ရက်နေ့များတွင် မိတ္တူခံ၏။ အမှုများမည်။ ဤသည်မှာ မြန်မာလူမျိုးတို့၏ အိမ်ဆောက်ရန် မြေခံရက်ရွေးသည့် ဓလေ့ထုံးစံတို့ပင် ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၆၃)
## မြေစောင့်နတ်သား (သို့) ဝသုန္ဒရေရုပ်တု ထုလုပ်သည့်ဓလေ့

မြန်မာပြည်အနှံ့အပြားရှိ ဘုရားစေတီများတွင် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်တော်မူပြခန်းများ ရှိကြသည်။ ထိုဗောဓိပင်နှင့် ရွှေပလ္လင်ရှေ့တွင် ဆံပင်ဖားလျားချပြီး ရေညှစ်နေသော ဝသုန္ဒရေမြေစောင့်နတ်သား (နတ်သမီး)ရုပ်တု ထုလုပ်ထားလေ့ရှိကြသည်။ ထိုဝသုန္ဒရေမြေစောင့်နတ်သားရုပ်တုနှင့် စပ်လျဉ်း၍ ထေရဝါဒကျမ်းဂန်တို့တွင်မလာ။ သင်္သကရိုက်ဘာသာဖြင့် ရေးသားထားသည့် မဟာယာနကျမ်းဖြစ်သော 'လလိတ ဝိတ္ထာရ' ကျမ်းနှင့် ဇင်းမယ် ယိုးဒယား၏ 'ပထမသမ္ဗောဓိ'ကျမ်းများ၌လည်းကောင်း၊ ဒီပဲရင်းဆရာတော်၏ 'ကထာဂတ ဥဒါနဒီပနီကျမ်း'၌ သာပါသည်ဟု ဆိုကြသည်။



'ဒီပဲရင်းဆရာတော်'သည် အင်းဝခေတ်စာဆိုတော် အဂ္ဂသမာဓိ၏ 'နေမိမဂ္ဂကိုးခန်းပျို့'၌ ပါဝင်သော 'ခြောက်ဘုံနတ်လုံး၊ လက်နက်ကြိုးလျက်၊ လက်ရုံးမာန်ထောင်၊ မုန်ဆောက်မြောင်နှင့်၊ ခေါင်ခေါင်တိုက်ချိုး၊ မာန်နတ်ဆိုးလည်း၊ ဖြိုးဖြိုးပြည့်ဟုန်၊ ကျေးရှုးဂုဏ်ကို၊ ဝသုန္ဒရေ၊ ဆိုပေယုံကြည်၊ သက်သေတည်က၊ ဆံရေစက်စက်၊ မြေကထွက်၍''ဟူသည့် ပျို့လင်္ကာကို မှီငြမ်း၍ ကြံစည်ရေးသားခြင်းဖြစ်သည်ဟု ထေရဝါဒပညာရှင်များက ထောက်ပြခဲ့ကြသည်။

ကောဇာသက္ကရာဇ် ၁၁၅၄ ခုနှစ်တွင် မုံရွေးဆရာတော်က ကျည်းကန်ရှင်ကြီးကို ဤကိစ္စနှင့် ပတ်သက်၍ ...

''ဒေဝါမာရ်စစ်၊ ရောက်လစ်ခါတုံ၊ ဝသုန္ဒရေ ဆံခွေလက်ရစ်၊ မညှစ်လေလော၊ ညှစ်လေလော''ဟူ၍ မေးမြန်းတော်မူရာ ကျည်းကန်ရှင်ကြီးက ...

''ဝသုန္ဒရေ၊ ဆံခွေလက်ရစ်၊ ညှစ်မညှစ်မှာ၊ ဋ္ဌကထာဝယ်၊ မြေချာယက္ခ၊ ပေါ်လာရဟု၊ ဤမျှသာထွက်''ဟူ၍ ဖြေဆိုကာ အဋ္ဌကထာတွင် မြေချာယက္ခ ပေါ်သည်ဟုသာ အဖြေပေးခဲ့သည်။ ဆံပင်ရေညှစ်မညှစ်သည်ကို မပြောခဲ့ချေ။ ၁၁၇၂ ခုနှစ်တွင် မုံရွာအရှင်သီရိမာလက မုံရွေးဇေတဝန်ဆရာတော်အား ဤကိစ္စနှင့် ပတ်သက်၍ မေးမြန်းလေရာ မုံရွေးဆရာတော်က ...

''မြေကြီးသည် သက်သေခံ၍ မြည်ကြောင်းသာလျှင် သာသနာဝင် ကျမ်းဂန်များမှာပါသည်။ ဆံရေသည် မြစ်ကြီး၊ မြစ်ငယ်ဖြစ်၍ မာရ်နတ်စစ်သည်များ မြစ်တွင်မျောပါကြောင်းကား

www.burmeseclassic.com

www.burmeseclassic.com



သာသနာ့ဝင်ဂန္ထဝင်ကျမ်းများတွင် မပါကြောင်း'' ဖြေကြားတော်မူခဲ့သည်။

ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင်. ဘုရားမဖြစ်က ဤနေရာမှမထတော့ဟူသော အဓိဋ္ဌာန်ဖြင့် ဗောဓိပလ္လင်ပေါ်၌ တင်ပျဉ်ခွေထိုင်နေတော်မူသည်။ ထိုအခါ မာရ်နတ်ရောက်လာပြီး ပလ္လင်တော်ကို သူပိုင်ငါပိုင် အငြင်းပွားကြသည်။ အပြန်အလှန် သက်သေအထောက်အထားပြနိုင်းကြသည်။ မာရ်နတ်က သူ၏နောက်လိုက်နောက်ပါများကို သက်သေပြသည်။ အလောင်းတော်ကမူ ... ''ငါ့တွင်သင်ကဲ့သို့ သက်ရှိသက်သေ တစ်စုံတစ်ရာမရှိချေ။ သက်မဲ့သက်သေသာရှိသည်။ အခြားသက်သေ သာမကတွေကိုထားဘိဦး၊ ဝေဿန္တရာမင်းဖြစ်စဉ်ကပင် ခုနစ်ကြိမ်၊ ခုနစ်လီ ငါအလှူကြီးပေးထားသောကာလ၌ သင်မြေကြီးသည် သက်သေဟုတ်၏လော၊ မဟုတ်၏လော''ဟု တိုင်တည်လျက် မြေကြီးကို ရှေ့ရှုကာ လက်ကိုဆန့်လေ၏။

ထိုအခါ မဟာပထဝီမြေကြီးသည် ...

''ဝေဿန္တရာမင်းဖြစ်စဉ် အလှူပေးသောအခါ၌ ငါသက်သေပင်တည်း''ဟုဆိုသည့်အလား မြည်သံပြုလေသည်။ မာရ်နတ်မင်းနှင့်တကွ စစ်သည်တို့သည် ကိုးကွယ်ရာမရ ပြေးရလေတော့သည်။ အထက်ပါကျမ်းဂန်လာတို့တွင် ဝသုန္ဒြေနတ်သမီး၊ သို့မဟုတ် နတ်သား ဆံရေညှစ်ကြောင်းမပါ။ နတ်သမီးဆံရေညှစ်သည့်အကြောင်းကား 'လလိတဝိတ္ထာရကျမ်း' နှင့် 'ပထမသမ္ဗောဓိ'



ကျမ်းလာစကားနှင့် ဖြစ်ရပ်တို့ပင် ဖြစ်ကြသည်။

ထိုကျမ်းတို့တွင် လာသည်ကား ... ''ဘုရားအလောင်းတော်၏ တိုင်တည်ချက်အရ မြေကြီးသည် နတ်သမီးအသွင်ဖြင့် ပေါ်လာပြီး ဘုရားအလောင်းတော် အလှူဒါနပြုခဲ့သည်နှင့်အမျှ သွန်ဆံပင်တွင် ရေစိုရွှဲနေပါသည်ဟု သက်သေခံသည့်အနေဖြင့် ဆံပင်ကို ရေညှစ်ပြလေသည်။ ထိုအခါ မာရ်နတ်၏ စစ်သည်တို့သည်လည်း ရေထဲတွင် မျောပါကုန်လေတော့သည်''ဟု ရေးသားထားလေသည်။

'ဒိပဲရင်းဆရာတော်' ရေးသားစီရင်သည့် ''တထာဂတ ဥဒါန ဒီပနီကျမ်း''၌ကား ဆံရေညှစ်သူသည် နတ်သမီးဟူ၍ မဆို၊ နတ်သားဟုသာ ဆိုလေသည်။ မှတ်သားစရာကောင်းသည့်အချက်သည်ကား '၁၈ ရာစု' မနောသာရဥမင်နံရံတွင် ဝသုန္ဒြေနတ်သမီးရုပ်တု ရေးသားထားသည်ကို 'တောင်ဖီလာဆရာတော်' (၁၅၇၈–၁၆၅၁ အေဒီ)တွေ့မြင်တော်မူသည့်အခါ ''ကျမ်းဂန်မလာ ဖျက်ဘိ''ဟု မိန့်တော်မူသောကြောင့် ဖျက်လိုက်ရသည့်အချက်ပင် ဖြစ်တော့သည်။

အထက်ပါ ကျမ်းဂန်အထောက်အထားများ၊ ဆရာတော်များ၏ မိန့်ဆိုတော်မူချက်အရ ဝသုန္ဒြေနတ်သမီး၊ သို့မဟုတ် နတ်သား ဆံရေညှစ်ချသည့်အတွက် မာရ်နတ်နှင့်တကွ စစ်သည်များ ဆံညှစ်ရေတွင် မျောပြီး ထွက်ပြေးရသည်ဟူသော အဆိုသည် မမှန်သကဲ့သို့ ဝသုန္ဒြေနတ်သမီးရုပ်တု ထုလုပ်ထားရှိမှုသည်လည်း မှားသည်ဟု ဆိုရပေမည်။ မြေကြီးက သက်သေပြမှုသည်

www.burmeseclassic.com

www.burmeseclassic.com



သာ ထေရဝါဒအစစ်အမှန်ဖြစ်သည်ဟု မှချမှတ်သားသင့်လှ၏။

မည်သို့ပင်ဖြစ်စေကာမူ ယနေ့မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှင်၏ မာရ်နတ်အောင်ပွဲ၌ မြေကြီးထဲက ဝသုန္ဓရေနတ်သား၊ သို့တည်းမဟုတ် နတ်သမီး ထွက်ပေါ်လာပြီး သက်သေခံသည်ဟု အခိုင်အမာ လက်ခံထားလျက် ဆံရေညှစ်နေသည့် နတ်ရုပ်တုကို ဗောဓိပင်နှင့် ပလ္လင်အောင်တော်မူသည့် ပြခန်းရှေ့တွင် ထုလုပ်ထားကြလေသည်။ ဤသည်ကား ဝသုန္ဓရေရုပ်တု ထုလုပ်မှုဓလေ့ ဖြစ်ပေါ်လာသည့် နောက်ခံသမိုင်းကြောင်းသာလျှင် ဖြစ်ပါပေတော့သည်။

# (၆၄)

## မဲဇလီဖူးစားကြသည့် ဓလေ့

မြန်မာလူမျိုးတို့သည် တန်ဆောင်မုန်းလပြည့်နေ့ညသို့ ရောက်လျှင် မဲဇလီဖူးကို ဟင်းချက်၍လည်းကောင်း၊ သုပ်၍လည်းကောင်း စားလေ့ရှိကြသည်။ ဤဓလေ့သည် မည်သည့်အရာကို အကြောင်းပြု၍ ဖြစ်လာမှန်း သိသင့်၏။ ဤသို့ မဲဇလီဖူးစားကြသည့် ဓလေ့ဖြစ်ပေါ်လာသည့် အကြောင်းသည်ကား . . .

တန်ဆောင်မုန်းလပြည့်ကို ၁၂ ရာသီခွင်၌ 'ဗြိစ္ဆာရာသီ' ဟုခေါ်သည်။ အဓိပ္ပာယ်မှာ ကင်းမြီးကောက်၊ ကင်းပုစွန်တို့ နှင့်သက်သောရာသီဟု အဓိပ္ပာယ်ရသည်။ ထိုဗြိစ္ဆာရာသီဝယ် 'ကြတ္တိကာနက္ခတ်' နှင့် ယှဉ်၍ လပြည့်သည်။ ထိုကြတ္တိကာနက္ခတ်ကို ဒဟနီမီးနတ်စောင့်သည်ဟု ဆိုသည်။ ဤတန်ဆောင်မုန်းလပြည့်နေ့ည ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်သောအချိန်တွင် ဆေးပင်အပေါင်းတို့အား စောင့်ရှောက်ရသည့် နတ်များသည် မဲဇလီပင်ကိုစောင့်ရသော နတ်မင်းထံသို့ လာရောက်ခစားကြရသည်ဟု 'သာရကောမုဒီ၊ ဓာန္ဝန္တရီ၊ ဓာတုဒီပနီ၊ သြသဓရတနာကရ၊ ကဝေသာရဆေးကျမ်းတို့တွင် ပြဆိုထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းများကြောင့် ဆေးစောင့်နတ်အပေါင်းတို့ ခစားလာကြရသည့် မဲဇလီဖူးအား တန်ဆောင်မုန်းလပြည့်နေ့ည စားသုံးရလျှင် အနာမျိုး ၉၆ ပါး ကင်းဝေးကာ သက်ရှည်ဘုန်းကြီးမည်ဟု ယုံကြည်ကြသောကြောင့် ရှေးခေတ်ကလူကြီးများသည် မဲဇလီဖူးကို စားသုံးသည့်ဓလေ့ ဖြစ်ပေါ်လာခဲ့ခြင်းသာ ဖြစ်ပါလေတော့သည်။

(၆၅)

## မနုသီဟရုပ်တု ထုလုပ်သည့် ဓလေ့

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် စေတီဘုရားပုထိုး ကျောင်းကန်၊ ဇရပ်တန်ဆောင်း စသည့် သာသနိကအဆောက်အဦတို့ကို ဆောက်လုပ်သည့်အခါ ဘုရားရှေ့တွင် ခြင်္သေ့ရုပ်တုကို ထုလုပ်သကဲ့သို့ မနုသီဟရုပ်တုကိုလည်း ထုလုပ်သည့်ဓလေ့ ရှိခဲ့လေသည်။ မနုသီဟဟူသည် ခြင်္သေ့သဏ္ဍာန် ခေါင်းတစ်လုံး ကိုယ်နှစ်ခုနှင့် ထုလုပ်လေ့ရှိကြပြီး 'မနုသီဟ ဖင်နှစ်ခွ'ဟုလည်း ပြောဆိုလေ့ရှိကြသည်။ ဤကဲ့သို့ မနုသီဟဓလေ့ထုံးစံ ဖြစ်ပေါ်လာရသည့် အကြောင်းရင်းသည်ကား . . .

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် ၂၃၇ ခုနှစ်တွင် သုဝဏ္ဏဘုမ္မိခေါ် သထုံပြည်သို့ အရှင်သောဏနှင့် အရှင်ဥတ္တရ မထေရ်နှစ်ပါး ဦးဆောင်သည့် သာသနာပြုအဖွဲ့ ကြွရောက်တော်မူလာကြသည်။ ထိုအချိန် သုဝဏ္ဏဘုမ္မိ၏ နေပြည်တော် တိုက်ကုလားမြို့တွင် 'သီရိမာသောက'မင်း နန်းစံနေသည်။ တိုက်ကုလားမြို့သည် သမုဒ္ဒရာနှင့် နီးသောကြောင့် ရေစောင့်ဘီလူးများသည် လူသားတို့ကို လာရောက်ဖမ်းစားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ရေစောင့်ဘီလူးမတစ်ကောင်သည် မင်းအိမ်၌ သားဖွားမြင်တိုင်း လာရောက်စားလေ့ရှိသည့်အတိုင်း ယနေ့လည်း မင်းအိမ်တွင် သားဖွားမြင်မှန်းသိသည့်အတွက် ဖမ်းဆီးစားသောက်ရန် ရောက်ရှိလာသည်။ ဘီလူးမနှင့် ဘီလူးအခြွေအရံ ၅၀၀ တို့ကို လူတို့မြင်ရလျှင် ကြောက်လန့်သဖြင့် အော်ဟစ်နေကြသည်။ သည့်အကြောင်းကို မထေရ်မြတ်နှစ်ပါး သိတော်မူသည့်အခါ မနုဿသီဟသဏ္ဍာန်ဖန်ဆင်းပြီး ဘီလူးတို့အား ခြောက်လှန့်လိုက်ရာ ဘီလူးတို့လည်း ကြောက်လန့်ခြင်းများစွာနှင့် သမုဒ္ဒရာထဲသို့ ထွက်ပြေးသွားကြတော့သည်။

မထေရ်နှစ်ပါးဦးဆောင်သည့် သာသနာပြုအဖွဲ့သည် ဘီလူးများ နောက်ထပ်တစ်ဖန် မလာရောက်နိုင်စေရန် ပရိတ်တော်များနှင့် အရန်အတား ပြုပေးတော်မူသည်။ ကလေးအပေါင်းကိုလည်း ဘီလူးရန်မှ ကင်းဝေးစေရန်အလို့ငှာ မထေရ်မြတ်များ ဖန်ဆင်းတော်မူခဲ့သည့် မနုဿသီဟရုပ်ကို ပေရွက်၊ ထန်းရွက်၊ သလူရွက်တို့တွင် ရေး၍ ဆောင်ထားခိုင်းကြလေသည်။

ဤမနုဿသီဟရုပ်အား သထုံမြို့၏ အရှေ့မြောက်ထောင့် တောင်ထိပ်ထက်တွင် ကျောက်ရုပ်ထုကာ ထားခဲ့သည်ကို ယခုတိုင် တွေ့မြင်နိုင်ကြပေသည်။ ထို့ကြောင့် မနုဿသီဟရုပ်တုများသည် ဘီလူးအစရှိသည့် မကောင်းဆိုးဝါးများ ကြောက်လန့်သည်ဟူသော ယုံကြည်ချက်ဖြင့် သုဝဏ္ဏဘုမ္မိ သထုံပြည် သီရိမာသောကမင်းလက်ထက်မှစ၍ တည်ထားခဲ့ကြသည့် ရှေးဟောင်းဓလေ့ထုံးစံသာလျှင် ဖြစ်ပါလေတော့သည်။

## (၆၆)

## မီးနေခြင်းနှင့် ရှေးထုံးစဉ်လာဓလေ့

မြန်မာလူမျိုးတို့၏ မိရိုးဖလာ အစဉ်အလာဓလေ့ထုံးစံများတွင် အမျိုးသမီးများ မီးနေခြင်းဓလေ့လည်း အပါအဝင်ဖြစ်သည်။ မိခင်လောင်းတစ်ယောက်သည် ကိုယ်ဝန်နေ့စေ့လစေ့ရှိလာပြီး ဒနေ့မွေးဖွားမည်လော၊ ညမွေးဖွားမည်လောဟု 'ကမ္ဘဇလေ' လှုပ်ရှားချိန်ကို စောင့်နေကြရသည့်အချိန်မှာပင် မီးနေရန် အသင့်ပြင်ဆင်ထားလေ့ရှိကြသည်။

အထူးမှာယူပြုလုပ်ထားသည့် မီးအိုးကင်းကြီးတွင် ထင်းအသင့်ထည့်ထားရသည်။ မီးအိုးကင်းဘေးတွင်လည်း ဘင်းများအရန်သင့်ထားရသည်။ အချို့အရပ်တွင် ၄က်ပျောတုံးဖောင်ကြီးများပေါ်တွင် မီးနေသည့်အတွက် မီးနေကပ်နှင့် မီးဖိုကို တွဲဖက်လုပ်ဆောင်ထားကြသည်။

မိခင်လောင်းသည် ကမ္ဘဇလေ လှုပ်ရှား၍ အော်ဟစ်နေချိန်တွင် အချို့သည် ပွေ့ဖက်ခံရ၊ နှစ်သိမ့်ခြင်းခံရလျှင် ကျေနပ်၏။ အချို့မှု ထုပ်တန်းတွင် ကြိုးတန်းလန်း ဆွဲပေးထားရသည်

www.burmeseclassic.com



ထိုကြိုးကို ဆွဲကိုင်၍ ညည်းတွားကြ၊ အော်ဟစ်ကြသည်။ အချို့သည်ကား မီးနေခန်းတွင်းရှိ ထရံကို ကုတ်ခြစ်ပြီးတက်တတ်ကြသည်။ တိုင်ကိုဖက်ပြီးတက်လား တက်တတ်ကြသည်။ အချို့ကား လင်သား၏အမည်ကို ထုတ်ဖော်ဆဲဆိုတတ်ကြလေသည်။

ကလေးမွေးဖွား မျက်နှာမြင်ပြီးသည်နှင့် တစ်ပြိုင်နက် မီးဖိုရသည်။ မီးယပ်ခေါင်းကိုက်ဖြစ်မှာစိုးသောကြောင့် ခေါင်းပေါင်းထားရသည်။ ဆန်မပါသော နန္တင်းကို ရေနွေးကို ရေနွေးဖြင့် ဖျော်ကာ သားဖွားသူ၏ တစ်ကိုယ်လုံးကို လိမ်းတော့သည်။ ဤအချိန်မှစတင်ပြီး မီးအနီးတွင် နေရသောကြောင့် 'မီးနေသည်' ဟု ခေါ်ခြင်းပင် ဖြစ်သည်။ ဤကဲ့သို့ မီးနေသည်အဖြစ်နှင့် နေထိုင်ရသည့် အချိန်ကာလအတွင်းကို 'မီးနေ'သည်ဟု ခေါ်ကြသည်။

ဤကဲ့သို့ ကလေးမီးဖွားသည့် မီးနေကိစ္စများတွင် မြန်မာ့ရိုးရာ ဆေးပညာရှင်သမားတော်များ ပါဝင်ခြင်းမရှိချေ။ လက်သည် မိန်းမနှင့် မိခင်၊ ညီမ၊ အစ်မ၊ အဒေါ်၊ ကြီးဒေါ် အစရှိသည့် မိန်းမသားများသာ မီးနေခန်းထဲတွင် နေကြရသည်။ မီးတွင်း၌ မီးနေသည် မထိတ်လန့်စေရန် အမျိုးသမီးများ မီးနေသည်ဘေးတွင် ညလုံးပေါက် စောင့်အိပ်ရသည်။

ဤကဲ့သို့ စောင့်ကြခြင်းမှာ မီးနေသည်သည် သွေးဟောင်းသွန်ပြီး သွေးသစ်လောင်းနေချိန်ဖြစ်သည်။ သွေးနုသားနု ဖြစ်သော ထိုအချိန်တွင် အသည်းငယ်တတ်သောကြောင့် ထိတ်လန့်လွယ်၊ ကြောက်လွယ်သည်။ ထို့ကြောင့် အားရှိစေရန် ဝိုင်းဝန်းစောင့်ရှောက်ပေးကြခြင်းဖြစ်သည်။



ထို့အပြင် မီးတွင်း၌ တစ်စုံတစ်ရာ ချွတ်ယွင်းချက်မဖြစ်စေရန် အထူးသတိထားကြရ၏။ မီးတွင်း၌ ဝိုလျှင် ခေါင်းကိုက်သည်။ မီးယပ်ခေါင်းကိုက်ရောဂါသည် သေရာပါသည့် ဝေဒနာ ဖြစ်သည်။ ထို့ကြောင့် အထူးသတိထားကြရခြင်းပင် ဖြစ်သည်။ ဤသည်မှာ ရှေးခေတ်က မီးနေကြသည့် ရှေးထုံးစဉ်လာဓလေ့သာ ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၆၇)

## ရတနာဝတ်ဆင်မှုဆိုင်ရာ မြန်မာ့ဓလေ့များ

မြန်မာလူမျိုးတို့တွင် ကျောက်မျက်ရတနာဝတ်ဆင်ရာ၌လည်း ဓလေ့ထုံးစံများ ရှိကြသည်။ မြန်မာနိုင်ငံသည် ပတ္တမြား၊ ကျောက်စိမ်း၊ နီလာ၊ ပုလဲ အစရှိသည့် ကျောက်မျက်ရတနာများ ထွက်ရှိသည့်နိုင်ငံ ဖြစ်သည့်အားလျော်စွာ လက်ဝတ်ရတနာဝတ်ဆင်မှု အလေ့အထများသည်ဟု ဆိုနိုင်သည်။ အလှူမင်္ဂလာဆောင်များတွင် မြန်မာအမျိုးသမီးများသည် ရတနာတို့ကို အပြိုင်အဆိုင်ဝတ်ဆင်ကြသည်။

အထူးသဖြင့် မင်္ဂလာဆောင်ရမည့် သတို့သမီးသည် ချမ်းသာလျှင် ချမ်းသာသည့်အလျောက် ကိုယ်လုံးညွတ်မျှ ဝတ်ဆင်တတ်ပေသည်။ ကျောက်မျက်ရတနာကုန်သည်များ၏ အဆိုအရ မြန်မာအမျိုးသမီး ရာခိုင်နှုန်းကိုးဆယ်ကျော်သည် စိန်ကို ကြိုက်နှစ်သက်ကြသည်ဟု သိရသည်။ အခြား ပတ္တမြား၊ နီလာ၊ မြ၊ ပုလဲ စသည့် ရတနာတို့ကို သူ့ချည်းသက်သက်ပြုလုပ်သည်ထက် စိန်ဖြင့်ရော၍ ပြုလုပ်ထားသည့် လက်ဝတ်ရတနာများကို ပိုမိုကြိုက်နှစ်သက်ကြောင်း သိရလေသည်။

မြန်မာတို့ အနှစ်သက်ဆုံး လက်ဝတ်ရတနာသည်ကား နဝရတ်ကိုးသွယ် လည်ဆွဲရတနာပင် ဖြစ်သည်။ နဝရတ်ကိုးပါး အကြောင်းကို တင်ပြခဲ့ပြီးဖြစ်၍ အခြားလက်ဝတ်ရတနာများ ဝတ်



ဆင်သည့် ဓလေ့ထုံးစံတို့ကို တင်ပြမည် ဖြစ်သည်။

မြန်မာတို့သည် လောကီပညာ ဗေဒင်ယတြာတို့ကို ယုံကြည်လက်ခံကြသောကြောင့် မကောင်းသည့် ဂြိုဟ်စီးဂြိုဟ်နင်း၊ ဂြိုဟ်စား၊ ဂြိုဟ်ပျက်၊ သက်ရောက်၊ ဒသာစား စသည့် မကောင်းသောအခါသို့ ကျရောက်မည့် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်ဟူသည့် ယုံကြည်ချက်ဖြင့် အဆောင်ရတနာများ ဝတ်ဆင်တတ်သည့် ဓလေ့ထုံးစံလည်း ရှိကြသည်။

တနင်္ဂနွေနေ့သား = ကျောက်နီ
တနင်္လာနေ့သား = ပုလဲ
အင်္ဂါမှာ = သန္တာ
ဗုဒ္ဓဟူးမှာ = မြ
ကြာသပတေး = ဥဿဖရား
သောကြာ = စိန်
စနေ = နီလာ
ရာဟုသား = ဂေါ်မုတ် ဟူ၍ နေ့နံသားအလိုက်

ဝတ်ဆင်ရမည့် အဆောင်ရတနာတို့ကိုလည်း လောကီကျမ်းတို့တွင် ဖော်ပြထားလေသည်။ ဤသို့ဖြင့် မြန်မာလူမျိုးတို့သည် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာတို့ကို ပိုင်ဆိုင်လိုသောကြောင့်လည်းကောင်း၊ မကောင်းသည့် ဂြိုဟ်စီးဂြိုဟ်နင်းတို့မှ ကင်းဝေးစေရန်အတွက်လည်းကောင်း ရတနာဝတ်ဆင်မှုဆိုင်ရာ မြန်မာ့ဓလေ့ရိုးရာထုံးစဉ်လာတို့ကို လိုက်နာလေ့ဆောင်ခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၆၈)

## ရက်ချုပ်ပြုလုပ်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံ

ရက်ချုပ်ပြုလုပ်သည့် ရိုးရာဓလေ့ထုံးစံသည် မြန်မာနိုင်ငံတွင် စက္ကူသုံးစွဲမှု မတွင်ကျယ် မပျံ့နှံ့မီက အလွန်တွင်ကျယ်ခဲ့သည်။ အစဉ်အလာ ရှေးထုံးစံဖြစ်ခဲ့သည်။ ဤသို့ ရက်ချုပ်ဟူသည် လူတစ်ယောက်မွေးဖွားသည့် ခုနှစ်၊ လ၊ ရက်၊ နေ့နှင့် အချိန်နာရီတို့ကို အတိုချုပ်ရေးမှတ်ထားသော အရာဝတ္ထုပင် ဖြစ်သည်။ ထိုရက်ချုပ်ကို များသောအားဖြင့် 'ကျီးမနား' ထန်းရွက်ပေါ်တွင် ရေးမှတ်လေ့ရှိကြသည်။

ရှေးခေတ်က ယခုခေတ်ကဲ့သို့ နာရီအသုံးပြုမှု မပေါ်များသည့်အတွက် သားသမီးမွေးဖွားသည်နှင့် နာရီရှိသော ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ သူကြီးအိမ်၊ မြေပိုင်ရှင်အိမ်သို့လည်းကောင်း အပြေးအလွှားသွားကာ အချိန်နာရီကို မေးမြန်းမှတ်သားရသည်။ ထို့နောက် စာအရေးအသား ကျွမ်းကျင်သူထံသို့ သွားရောက်လျက် မိမိမှတ်သားထားသည့် အချိန်နာရီနှင့် နေ့ရက်တို့ကို ပြောပြပြီး ရက်ချုပ်ပြုလုပ်ပေးဖို့ ပြောဆိုတောင်းပန်ရသည်။



ရက်ချုပ်ရေးတတ်သူကလည်း စေတနာဖြင့် အသင့်ထားရှိသည့် ထန်းရွက်ပေါ်တွင် ကညစ်ဖြင့်ရေးသားပေးလေ့ရှိသည်။ ထန်းပင်ပေါ်တွင်ရှိသော အလက်များသည် ဘေးသို့ ပြန့်ကားနေသောကြောင့် ကျီးနားနိုင်သည်။ အပေါ်သို့ ထောင်မတ်နေသော အညွန့်ပေါ်၌မူ ကျီးမနားနိုင်ချေ။ ထို့ကြောင့် ကျီးမနားထန်းရွက်သည် မြင့်မြတ်သည့်သဘော သက်ဝင်သည်ဟု ယုံကြည်ကြသောကြောင့် လူတစ်ယောက်၏ ထူးမြတ်သော မွေးနေ့အချိန်အခါကိုလည်း မြင့်မြတ်သည့် အရာပေါ်တွင် ရေးမှတ်ခြင်းအားဖြင့် သက်ဆိုင်သူတွင် ကျက်သရေမင်္ဂလာ တိုးတက်မည်ဟု ယူဆသောကြောင့် ကျီးမနားထန်းရွက်ပေါ်တွင် ရေးမှတ်ကြခြင်း ဖြစ်သည်။

"ဓေယျတု ။ ။ ကောဇာသက္ကရာဇ် ၁၃၀၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၃ ရက်နေ့၊ အင်္ဂါနေ့ည၊ စက်နာရီ ၁၁ နာရီ မိနစ် ၃၀၊ ၁၅ စက္ကန့်တွင် မာတာမိခင် သတို့သားကို ဖွားသန့်စင်သည်။ အမည်သညာခေါ်စရာကား မောင်စံမြင့်။ အသက် ၁၂၀ ရှည်စေသော်ဝ်" ဟူ၍ပင် ဖြစ်သည်။

ထန်းရွက်အသား နှစ်ရွက် ပူးကပ်နေသော ထိုရက်ချုပ်ကို အရိုးမှကိုင်ပြီး အိမ်ခေါင်ရင်းထရံ၊ သို့မဟုတ် အိမ်အမိုးတွင် ထိုးထားပြီး ငွေကြေးအဆင်ပြေသည့်အခါ ဇာတာဖွဲ့တတ်သူ ဗေဒင်ဆရာထံသို့သွား၍ ယိုရက်ချုပ်ကိုပေးအပ်ကာ ဇာတာဖွဲ့ခိုင်းလေ့ရှိကြသည်။ ယခုအခါ ထိုဓလေ့သည် ကွယ်ပျောက်လုဖြစ်နေချေပြီ။ ဤသည်မှာ မြန်မာ့ရိုးရာ အစဉ်အလာဖြစ်သည့် ရက်ချုပ်ပြုလုပ်သည့် ဓလေ့ထုံးစံသာ ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၆၉)

## ရေချမ်းအိုးတည်ထားသည့် ရိုးရာယဉ်ကျေးမှုဓလေ့

မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့များနှင့် ကျေးလက်တောရွာတို့တွင် လမ်းဘေးသစ်ပင်ရိပ် စသည့်တို့၌ ရေချမ်းအိုးစင် တည်ထားလေ့ရှိကြသည်။ တောရွာများတွင် ရေအိုးကို သစ်ပင်အကိုင်းမှ ကြိုးဖြင့်ဆွဲ၍သော်လည်းကောင်း၊ သစ်ပင်ခွကြား၌သော်လည်းကောင်း တင်ထားသည်ကိုလည်းကောင်း တွေ့ဖူးကြပေလိမ့်မည်။ အချို့ကမူ ဝါးဖြင့် လေးတိုင်စင်ဆောက်၍ ထန်း၊ ဓနိ၊ သက်ငယ် စသည်တို့ကို မိုးထားသည်။

ထို့နောက် အဆင့်တင်၍ အဆင့်ပေါ်တွင် သဲခင်းရေလောင်းပြီး ရေအိုးကို တင်ထားသည်။ အိုးပတ်လည်တွင် မြေစာမြက်တို့ကို စိုက်ထားလေ့ရှိကြသည်။ သဲ၏ အအေးဓာတ်၊ မြက်ပင်ကလေးများ၏ အအေးဓာတ်ကြောင့် အသင့်ထားသည့် အုန်းမှုတ်ခွက်ဖြင့် ရေခပ်သောက်လိုက်ပါလျှင် အေးမြသည့်အရသာကို ခံစားရလေတော့သည်။



မြို့အရပ်များတွင်မူ သစ်သား၊ အုတ်တို့ဖြင့် ရေချမ်းစင်ဆောက်လုပ်ကြလေသည်။ သောက်ရေခွက်မှာလည်း ဒန်သတ္တု၊ စတီးလ်ခွက်များ ဖြစ်ကြသည်။ ထို့အပြင် ရေအိုးစင်အနီး သစ်ပင်ရိပ်အောက်တွင် နားနေနိုင်စေရန် ခုံတန်းလျားကိုပင် စေတနာထက်သန်စွာဖြင့် ပြုလုပ်ပေးထားတတ်ကြသည်။

ပူအိုက်သည့်ရာသီတွင် နေပူထဲ၌ ခရီးသွားနေသောသူသည် ချွေးထွက်၍ ရေငတ်လာသည်။ ထိုအခါ ရေချမ်းစင်မှ ရေအေးကလေးကို သောက်လိုက်ရသည့် ခရီးသွား၏ ရင်ထဲတွင် အေးမြသွားလေသည်။ သူ့ရင်ထဲတွင် အေးမြသည်နှင့်အမျှ ရေချမ်းအိုးစင် လှူဒါန်းသူကိုလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေဟု အကြိမ်ကြိမ် မေတ္တာပို့သနေလေတော့သည်။

ထို့အပြင် ရေလှူရသောကြောင့်လည်း ...

ကိတ္တိသဒ္ဒေါ၊ ခြွေရံပေါ၊ လျှင်ဆောမွတ်သိပ်ကွာ။

သန့်ရှင်းဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ။

ရေကိုလှူကြ၊ ကျိုးဆယ်ဝ၊ မုချရမည်သာ။ ဟူသည်နှင့်အညီ ရေချမ်းအိုးစင်လှူသည့် အလှူရှင်သည် ရေအကျိုးဆယ်ပါးကို ရရှိမည်က သေချာလှသည်။ ဤရေချမ်းအိုးစင်တည်ထားသည့် အလေ့အထသည် စာပေအထောက်အထားများအရ အင်းဝခေတ်ထက် နောက်မကျကြောင်း သိရသည်။ 'ရှင်မဟာရဋ္ဌသာရ'၏ 'တံတားဦးမင်္ဂလာစေတီမော်ကွန်း' အပိုင် ၆ တွင် ...

''စပ်လောင်းပြည့်ဖြိုး၊ ရေခ(က)မိုးလည်း၊ ရေအိုးစင်ထက်၊ ထားတင်လျက်တည့်၊ ဟိုက်ဟက်ရှင်လူ၊ နားသသူတို့၊

www.burmeseclassic.com

www.burmeseclassic.com



ယူကာသောက်ကြ၊ အားပါးရသော်၊ ဒါနတစ်ဆူ၊ ရေချမ်းဟူသား။ အလှူပေးကျိုး၊ ရန်မီးမျိုးလျှင်၊ လိုစိုးခပ်သိမ်း၊ ငြိမ်းစေသောဟု၊ တောင်းသည့်ဆုဖြင့် . . .''

ဤသို့ဖြင့် မြန်မာတို့၏ နယ်ပယ်တွင် ချစ်စရာကောင်းသည့်ဓလေ့ဖြစ်သည့် ရေချမ်းအိုးစင်ဓလေ့သည် ယနေ့တိုင် ရှင်သန်နေဆဲသာ ဖြစ်ပါလေတော့သည်။

# (၇၀)
# ရင်းစည်းသည့် ရိုးရာဓလေ့များ

မြန်မာတို့၏ မိရိုးဖလာ အစဉ်အလာဓလေ့ထုံးစံအရ အသုဘအလောင်းကို များသောအားဖြင့် သုံးရက်သာ ထားကြလေသည်။ သို့သော် ရပ်ဝေးနေ ဆွေမျိုးသားချင်းများအား စောင့်ဆိုင်းရန်လိုအပ်ပါက ၅ ရက်လည်းထားကြသကဲ့သို့ သည့်ထက်ပို၍ စောင့်ရန်လိုအပ်လျှင် ၇ ရက်လည်းထားတတ်ကြသည်။ သို့ရာတွင် အသက်ရှင်ကျန်ရစ်သူများက မည်မျှပင်စောင့်ဆိုင်းစေချင်ကာမူ မတင်တယ်သည့် အသုဘအလောင်းက မစောင့်နိုင်ဘဲ ဇာတိပြလာသည်။ နာရီအနည်းငယ်ကြာသည်နှင့် ဝမ်းဗိုက်ဖောင်းလာပြီး အနံ့က ထွက်လာချင်သည်။

အသုဘသို့ ဝတ္တရားအရ လာရောက်မေးမြန်းကြသူများသည် လူကိုပင်ချစ်သော်လည်း အနံ့ကိုတော့ မချစ်နိုင်ကြပေ။ ဤတွင် အလောင်းမှအပုပ်နံ့များ လေထဲသို့ မပျံ့လွင့်စေရန် အလောင်းအောက်တွင် ကျောက်ဖရုံသီးများ ချထားသလို၊

www.burmeseclassic.com

www.burmeseclassic.com



အလောင်းဘေး၌လည်း ကျောက်ဖရုံသီး လေးငါးခြောက်လုံး ဝန်းရံထားသည်။ အလောင်းမှ အပုပ်နံ့သည် လေထဲသို့ မပျံ့လွင့်ဘဲ ကျောက်ဖရုံသီးထဲသို့ ဝင်ရောက်သွားသည်ဟူသည့် ယူဆချက်ကြောင့်ပင် ဖြစ်သည်။

ထိုမှတစ်ဆင့်တက်ကာ အလောင်း၏ဗိုက်ကိုခွဲ၍ အူအသည်းများကို ထုတ်ပစ်ပြီး ပြာ၊ အရက်တို့ကိုလောင်းကာ 'ရင်းစည်း'သည်။ ဝါးခြမ်းစိတ်များ ရက်လုပ်၍ အလောင်းပုပ်ပွမလာစေရန် ရစ်ပတ်ပြီး တင်းကျပ်စွာ ချည်နှောင်ထားခြင်းကို 'ရင်းစည်း' သည်ဟု ခေါ်သည်။ ဤသည်မှာ ရှေးကပြုလုပ်ကြသည် ရင်းစည်းသည့် မိရိုးဖလာ အစဉ်အလာသာ ဖြစ်တော့သည်။

(၇၁)

## ရေအိုးခွဲသည့် အစဉ်အလာဓလေ့ထုံးစံ

မြန်မာလူမျိုးများ အသုဘတွင် ပြုလုပ်ကြသည့် အစဉ်အလာဓလေ့ထုံးစံတစ်ရပ်သည်ကား ရေအိုးခွဲသည့် ဓလေ့ပင်ဖြစ်သည်။ သေသူ၏ ရုပ်ကလာပ်အား သုသာန်သို့ ထုတ်သွားသည်နှင့် တစ်ပြိုင်နက် ရေအပြည့်ပါသည့် အိုးတစ်လုံးကို အိမ်လှေကားရင်း၌သော်လည်းကောင်း၊ သို့မဟုတ် အိမ်တံစက်မြိတ်အောက်တွင် ရိုက်ခွဲပစ်ချလိုက်ခြင်းပင်ဖြစ်၏။ ဤဓလေ့ထုံးစံကို အချို့နေရာ၊ အချို့ဒေသတို့တွင် ယခုတိုင် ပြုလုပ်နေဆဲဖြစ်ရာ ဤအစဉ်အလာ ဓလေ့ထုံးစံသည် အဘယ်ကြောင့် ဖြစ်ပေါ်လာသည်ဟု လေ့လာဆန်းစစ်ကြည့်လိုက်သည့်အခါ ...

ဂေါတမရှင် ပွင့်တော်မမူမီ ကာသိတိုင်း၊ ပါဠလိနေပြည်တော်တွင် 'အသဿက'မင်း စိုးစံတော်မူစဉ် ဘုရားအလောင်းတော်သည် ဟိမဝန္တာတောတွင် ဈာန်အဘိညာဉ်သမာပတ်နှင့် ပြည့်စုံတော်မူသည့် ရသေ့ဖြစ်တော်မူနေသည်။

အသဿကမင်းကြီး၏ ဥပရိအမည်ရှိသော မိဖုရားခေါင်ကြီးသည် ရောဂါနှိပ်စက်သည့်အတွက် သေလွန်သွားသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် အလွန်စိုးရိမ် ပူဆွေးသောက ရောက်နေရှာသည်။ ဥပရိမိဖုရားခေါင်ကြီး၏ ရုပ်အလောင်းကိုလည်း မပစ်ရက် မခွာနိုင်ဘဲ ဖြစ်နေသောကြောင့် အလောင်းကို မပုပ်မသိုးစေရန် ဆေးဝါးများဖြင့် စီရင်၍ ခေါင်းတလားထဲတွင် ထည့်ကာ သူ၏အိပ်ရာညောင်စောင်းအောက်၌ ထားလေသည်။

မင်းကြီးသည် နေ့ရှိသမျှ မိဖုရား၏အလောင်းကိုသာ တစူးစိုက်စိုက် ရှုစားရင်း မအိပ်နိုင်၊ မစားနိုင် ငိုရှိုက်မြည်တမ်းနေရှာသည်။ အလောင်းတော်ရသေ့လည်း အဿကမင်းကြီး တရားမဲ့ ပူဆွေးသောကရောက်နေသည်ကို သိမြင်သည့်အတွက် မင်းကြီးကို တရားသံဝေဂရရှိစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဟိမဝန္တာမှ ဈာန်အဘိညာဉ်တန်ခိုးဖြင့် ကြွလာပြီး၊ အဿမင်း၏ဥယျာဉ်တော် မင်္ဂလာကျောက်ဖျာထက်တွင် သီတင်းသုံးနေတော်မူသည်။

ဤသို့ဖြင့် အလောင်းတော်ရသေ့နှင့် မင်းကြီးတို့ တွေ့ဆုံကြသည့်အခါ မင်းကြီးက ...

"အရှင်ရသေ့ ... ဥပရိမိဖုရားကြီးနဲ့ တွေ့ရမယ်လို့ပြောတာ မှန်ပါသလား"

"မှန်ပေတယ် ဒကာတော်မင်းမြတ်"

"မိဖုရားကြီး ဘယ်ဘဝရောက်နေတယ်ဆိုတာ သိပါရစေအရှင်ရသေ့"

"ဒကာတော်မင်းမြတ်၊ မိဖုရားကြီးဟာ မိမိရဲ့လှပတဲ့အဆင်းကို မာန်ယစ်တွဲလမ်းပြီး ဘဝတစ်ပါး ကူးပြောင်းသွားတာဖြစ်



လို့ ဟောဒီ ဥယျာဉ်တော်အတွင်းမှာပဲ နွားချေးပိုးမ ဖြစ်နေရှာပေတယ်"

"အရှင်ရသေ့ရဲ့စကားကို ဒကာတော် မယုံကြည်နိုင်ပါဘူး"

"သင်မင်းကြီး ... မယုံရင် နွားချေးပိုးမနဲ့ ကိုယ်တိုင်တွေ့ပြီးတော့ စကားပြောကြည့်မလား"

"ပြောချင်ပါသည် အရှင်ရသေ့"

မင်းကြီး၏ဆန္ဒအရ အလောင်းတော်ရသေ့ကြီးသည် တန်ခိုးအာနုဘော်ဖြင့် ဥယျာဉ်တော်ထဲတွင် ဘာသာဘာဝအလျောက် ပျော်မြူးနေကြသည့် နွားချေးပိုးမနှင့် ပိုးဖိုမောင်နှံစုံတွဲအား အဿကမင်းကြီး၏ ရှေ့တော်မှောက်သို့ လာရောက်ကာ လူတို့ဘာသာစကားဖြင့် စကားပြောကြစေသတည်းဟု အမိန့်ဒြာန်ပြုတော်မူလိုက်သည်။ ထိုအခါ ပိုးဖိုနှင့် ပိုးမ မောင်နှံတို့သည် ရှင်ရသေ့၏ အမိန့်အတိုင်း အဿမင်းကြီး၏ရှေ့သို့ တရွေ့ရွေ့နှင့် ရောက်ရှိလာကြသည်။ ရသေ့ကြီးသည် မင်းကြီးအား လက်ညှိုးညွှန်ပြလျက် ...

"ဒါယကာမင်းမြတ် ... ရှေ့က ပိုးဖိုဖြစ်ပြီးတော့ နောက်က ကပ်လိုက်လာတဲ့ ပိုးမကတော့ သင်မင်းကြီး အလွန်ပင်ချစ်မြတ်နိုးလှတဲ့ ဥပရိဒေဝီ မိဖုရားကြီးပင် ဖြစ်တယ်"

ဟု မိန့်ကြားလိုက်ရာ မင်းကြီးသည် မရွှင်ပျသည့်မျက်နှာနှင့် ...

"အရှင်ရသေ့ကြီး ... မိဖုရားခေါင်ကြီးဖြစ်ခဲ့ပါလျက် ယခု

www.burmeseclassic.com

www.burmeseclassic.com



လို နွားချေးပိုးမဘဝကို ရောက်သွားရတယ်ဆိုတာကို မယုံနိုင်သေးပါဘူးဘုရား''

''ကောင်းပြီမင်းကြီး။ မယုံလျှင် ပိုးမကိုခေါ်ပြီး စကားပြောစေရမယ်''

ဟု မိန့်တော်မူပြီးနောက် ပိုးဖိုသွားရာသို့ နောက်မှကပ်ကာ လိုက်ပါလာသည့် နွားချေးပိုးမအား . . .

''ဥပရိ''ဟု ခေါ်လိုက်သည်။ နွားချေးပိုးမသည်လည်း လူတို့၏ ဘာသာစကားဖြင့်ပင် . . .

''အရှင်ဘုရား . . . အဘယ်ကြောင့် ခေါ်တာပါလဲဘုရား''

ဟု အံ့ဩဖွယ်ရာ အသံပေး၍ လျှောက်ထားလိုက်လေလျှင် အလောင်းတော်ရသေ့ကြီးသည် . . .

''အသင် ပိုးမ၊ သင်ဟာ ဘဝကို ခုလို ရောက်မလာခင် ဘယ်ဘဝမှာ ဖြစ်ခဲ့ပြီး သင့်အမည် ဘယ်လိုခေါ်တယ်ဆိုတာ သိချင်ပါတယ်''

ဟု မေးမြန်းလိုက်ရာ ပိုးမကလည်း မဆိုင်းမတွပင် . . .

''အရှင်မြတ် . . . ဟောဒီ မင်္ဂလာဥယျာဉ်တော်ဟာ ရှေးဘဝက ချစ်ခင်ကြင်နာ စုံမက်လှတဲ့ မောင်တော် အဿကဘုရင်နဲ့အတူ လှည့်လည်ပျော်ပါး သွားလာခဲ့တဲ့ နေရာပဲ ဖြစ်ပါတယ်။ အခုဘဝမှာတော့ အသစ်ဖြစ်တဲ့ ယောက်ျားချစ်လင် ပိုးဖိုနဲ့သာ ဒီဥယျာဉ်တော်အတွင်းမှာ လှည့်လည်ကျက်စားနေရတာ ဖြစ်တဲ့အတွက် အဟောင်းဖြစ်တဲ့ အဿကမင်းကြီးထက် အသစ်ဖြစ်တဲ့ နွားချေးပိုးဖိုကိုသာ ပိုမို၍ ချစ်မြတ်နိုးပါတယ်ဘုရား''



ဟု မင်းပရိသတ်အားလုံး ကြားသိစေရန် ကျယ်လောင်သောအသံဖြင့် လျှောက်ထားဖြေဆို ပြောကြားလိုက်လေသည်။

နွားချေးပိုးမ၏စကားကို ကြားလိုက်ရသည့် အဿကမင်းကြီးလည်း နှလုံးမသာမယာဖြစ်သွားပြီး အနားတွင် ခစားနေကြသည့် မင်းချင်းတို့အား နန်းတော်တွင်းသို့ ဝင်စေကာ ခေါင်းတလားဖြင့် ဆင်ယင်ထားသည့် ဥပရိမိဖုရားကြီး၏ အလောင်းကောင်ပုပ်အား ယခုချက်ချင်း ဖယ်ထုတ်စွန့်ပစ်စေခဲ့သည်။

ထို့အပြင် အလောင်းထားရာ ခန်းမဆောင်ကိုလည်း ရေဝင်အိုးများဖြင့် ဆေးကြောသန့်စင်ကြရန် အမိန့်ထုတ်လိုက်လေသည်။ ထိုအခါမှစ၍ လူတို့သည် သေသူ၏ ရုပ်အလောင်းအား အိမ်ပေါ်မှချသွားပြီးသည့်အချိန် စတိသဘောဖြင့် ရေပြည့်အိုးတစ်လုံးအား ပေါက်ခွဲဆေးကြောကြသည့် ဓလေ့ထုံးစံတစ်ရပ်ကို ပြုလုပ်ခဲ့ကြခြင်းသာ ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# (၇၂)
## ရှာချသည့်ဓလေ့

မြန်မာလူမျိုးတို့သည် မိရိုးဖလာအစဉ်အလာ ဓလေ့ထုံးစံအရ ရှာချလေ့ရှိကြသည်။ ရှာချခြင်းဓလေ့မှာ နှစ်မျိုးရှိသည်။ တစ်မျိုးမှာ မကျန်းမာသော လူကြီးတစ်ယောက်အား ရောဂါဝေဒနာသက်သာစေရန် ရှာချခြင်းနှင့် ကြိုဟ်စီးကြိုဟ်နင်း၊ စန်းအိမ်လွန်းပြတ်၊ နက္ခတ်မကောင်းသည့်အခါ၌လည်းကောင်း၊ တစ္ဆေဖမ်းစားသည်၊ အစိမ်းပက်သည်၊ စုန်းပြုစားသည်ဟု အယူရှိကြသည့်အလျောက် ထိုအခါမျိုးတွင်လည်း ရှာချလေ့ရှိကြသည်။

ထို့အပြင် ရှာချနတ်တင်ပြီးနောက် နောက်ဆက်တွဲပြုလုပ်ခြင်းတစ်မျိုးလည်း ရှိသေးသည်။

ပထမနည်းအရ ရှာချပုံမှာကား ... ရှာချမည့်နေရာသို့ ဆန်ကောတစ်ချပ် ယူသွားပြီး ချခင်းသည်။ ဆန်ကောအလယ်တွင် မြေထမင်းအိုးဖုံးသည့် မြေစလောင်းဖုံးတစ်ချပ်ကို ပက်လက်လှန်လျက် တည်ထားရသည်။ စလောင်းထဲသို့ ထမင်းနှင့် ဟင်းဖြစ်စေ၊ အသားဟင်းကြီးဖြစ်စေ ထည့်သည်။ ထို့နောက် ဆန်ကောကို ပတ်ချာလည်လှည့်လျက် ရေစက်ရေပေါက် စက်ဝန်းစည်းတား



ရသည်။ ရေစည်းဝိုင်းအပြင်တွင် ဖြာဖြင့် စည်းဝိုင်းဝိုင်းတားသည်လည်းရှိ၏။ အားလုံးပြီးစီးသည့်အခါ ယောက်မဖြင့် သုံးချက်ခေါက်ကာ ...

"စားပါသောက်ပါ၊ မေတ္တာနဲ့ကျွေးတာပါ။ မကောင်းသောဘေးရန်များကို စောင့်ရှောက်ပါ"ဟူ၍လည်းကောင်း ...၊ "ပြုထားသည့်ပညာများကို ဖယ်ရှားပေးပါ။ ပြောမှားဆိုမှားရှိလျှင် ခွင့်လွှတ်ပါ" ဟူသည့် သဘောသက်ရောက်သော စကားတို့ကို ပြောဆိုရသည်။

ဒုတိယအမျိုးအစား ရှာချခြင်းကို မဖော်ပြမီ ရိုးရာပသခြင်းကို ရှေးဦးစွာ ဖော်ပြသင့်ပေသည်။ အောက်အရပ်ဒေသတွင် ဦးရှင်ကြီးတင်သည့်အခါ စင်ကလေး(ကျောင်းဆောင်)ပေါ်တွင် တစ်ပွဲ၊ အောက်တွင်တစ်ပွဲ တင်ကြသည်။ ဤအောက်ပွဲနှင့်ပတ်သက်၍ အချို့က ဆင်စာ၊ မြင်းစာဟု ဆိုကြသကဲ့သို့ အချို့ကလည်း ဦးရှင်ကြီး၏ နောက်လိုက်နောက်ပါအတွက်ဟု ဆိုကြသည်။ အချို့ကလည်း အဘိုးအတွက်ဟု ဖြေကြသည်။

မြန်မာလူမျိုးတို့သည် မိဆိုင်ဖဆိုင် ရိုးရာနတ်တို့ကို ပသတင်မြှောက်သည့်အခါ နောက်လိုက်နောက်ပါများအတွက်ဟူ၍လည်းကောင်း၊ အခြားနည်းဖြင့် ခေါ်၍လည်းကောင်း အပိုပစ္စည်းစားစရာများ ပါရှိတတ်သည်။ ထိုအပိုပစ္စည်းတို့ကိုလည်း နောက်ဆက်တွဲအနေနှင့် ရှာချပုံမျိုးဖြင့် ကျွေးမွေးလေ့ရှိကြသည်။ ဤသည်၌လည်း ရိုးရာ၏နောက်မှ ပါလာသည့် မှင်စာ၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေတို့ကို ကျွေးသည်ဟူ၍ မှတ်ယူထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ရည်ရွယ်ချက်ဖြင့် ရှာချသည်ဖြစ်စေ ရှာချသူသည် မကောင်းသည့် ဆန်ခါနှင့် စလောင်းဆိုးကိုသာ အသုံးပြုကြသည်။ စလောင်းသစ်ကိုသုံးလျှင် ထမင်းဟင်းချက်ပြုတ်ရာတွင် မသင့်လျော်သောကြောင့်ပင်။ မသင့်လျော်ဟု ဆိုရခြင်းကား ရှာချသည့် စမဲဟင်းလျာ၊ မုန့်ဖြူ၊ မုန့်နီတို့ကို ခွေးများ ဝိုင်း၍စားကြသောကြောင့်ပင် ဖြစ်သည်။ ဤသည်မှာ မိရိုးဖလာအစဉ်အလာ၏ ထုံးစံအရ ရှေးက ပြုလုပ်ကြသည့် ရှာချပုံ ဓလေ့ပင်ဖြစ်ပါလေတော့သည်။

# (၇၃)
# ရှင်သီဝလိရုပ် ထုလုပ်ကိုးကွယ်သည့်ဓလေ့

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားစေတီ၊ ကျောင်းကန်၊ ဇရပ်များနှင့် မိမိတို့နေအိမ်များတွင် ယပ်ထမ်း၊ သပိတ်လွယ်သည့် ပုံသဏ္ဌာန်တော်ဖြင့် ရှင်သီဝလိရုပ်တုကို ထုလုပ်ကိုးကွယ်လေ့ရှိကြသည်။ ရှင်သီဝလိမထေရ်မြတ်သည် လာဘ်လာဘအရာတွင် ဧတဒဂ်ရသည့် ရဟန္တာမထေရ်မြတ်ဖြစ်သည်။ ရှင်သီဝလိမထေရ်အလောင်းသည် ဝိပဿီဘုရားရှင်လက်ထက်တော်၌ ဘုရားရှင်အား ပျားရည်နှင့် နို့ဆွမ်းဆက်ကပ်လှူဒါန်းကာ လာဘ်လာဘအရာတွင် ဧတဒဂ်ရလိုပါကြောင်း ဆုတောင်းခဲ့သည်။

ပဒုမုတ္တရဘုရားရှင်လက်တော်၌လည်း ခုနစ်ရက်အလှူကြီးပေးလျက် သည်ဆုကိုပင် တောင်းခဲ့သည်။ ဘဝတစ်ခုတွင် မင်းဖြစ်သည့်အခါ အခြားနိုင်ငံသို့ သွားရောက်တိုက်ခိုက်ခဲ့ပြီး မြို့သူမြို့သားများ ဝေါ်မွတ်စေရန် မြို့ကို ခုနစ်နှစ်ပတ်လုံး ပိတ်ဆို့တိုက်ခိုက်ခဲ့သည့် မကောင်းမှုကိုလည်း ပြုခဲ့မိလေသည်။

ယခု ဂေါတမဘုရားလက်ထက်တွင် ကောလိယသာကီဝင် 'သုပ္ပဝါသာ'မင်းသမီး၏ ဝမ်းကြာတိုက်တွင် ပဋိသန္ဓေယူခဲ့သည်။ သတို့သား ပဋိသန္ဓေရှိစဉ်ကပင် နေ့စဉ် နံနက်ည လက်ဆောင်ပဏ္ဏာ ၅၀၀ ဆက်သခြင်း ခံယူရခဲ့သလို၊ မိခင်၌လည်း လာဘ်လာဘ အလွန်ပေါ်များခဲ့သည်။ အတိတ်ဘဝက မြို့ကို ခုနစ်နှစ်ပတ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆို့ခဲ့သည့် ဝဋ်ကြွေးကြောင့် ခုနစ်နှစ် ပဋိသန္ဓေယူခဲ့ရသည်။

သီဝလိသတို့သားကို ဖွားမြင်ပြီးနောက် သံဃာတော်များကို ခုနစ်ရက်ပတ်လုံး ဆွမ်းလှူဒါန်းခဲ့သည်။ ဆွမ်းအလှူနောက်ဆုံးနေ့တွင် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက သီဝလိသတို့သားအား ၇ နှစ်ဆင်းရဲခံခဲ့ရသည့် ဆင်းရဲကို ပြောပြီး ရဟန်းမပြုချင်ဘူးလားဟု မေးရာ မိဘများက ခွင့်ပြုသည်ဆိုပါက ရဟန်းပြုပါမည်ဟု ပြန်လည်လျှောက်ထားသည်။

မိဘနှစ်ပါးက ခွင့်ပြုခဲ့သည့်အတွက် သီဝလိသည် ခုနစ်နှစ်အရွယ်မှာပင် ရဟန်းဖြစ်ခဲ့သည်။ သီဝလိသည် ဆံချနေဆဲမှာပင် မိခင်ဝမ်းတွင်းခံစားခဲ့ရသည့် ဆင်းရဲဝိပဿနာဉာဏ်တင်ပြီး ဆင်ခြင်ရာ ဆံရိတ်ပြီးသည့်အခါ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည့် ရဟန္တာဖြစ်လေတော့သည်။ ရှင်သီဝလိ ရဟန်းပြုသည့်နေ့မှာပင် ရဟန်းသံဃာတော်များ ပစ္စည်းလေးပါး ပေါများကြလေသည်။

တစ်နေ့တွင် ဘုရားရှင်သည် အလွန်ခေါင်သည့် တောလမ်းခရီးဖြင့် ဒေသစာရီ ကြွချီတော်မူခဲ့သည်။ ရှင်သီဝလိမထေရ်၏ တန်ခိုးတော်ကြောင့် ရောက်လေရာအရပ်တွင် ရုက္ခစိုးအစရှိသည့် နတ်များက ဆွမ်းကပ်လှူဒါန်းကြသည်။ ရှင်သီဝလိမထေရ်သည် လာဘ်လာဘ ပေါများသကဲ့သို့ ထိုမထေရ်မြတ်ကို ကိုးကွယ်ပါက မိမိတို့လည်း လာဘ်လာဘပေါများမည်ဟူသည့် ယုံကြည်ချက်ဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ရှင်သီဝလိရုပ်တုကို ထုလုပ်ကိုးကွယ်ကြခြင်းသာ ဖြစ်ပါတော့သည်။

## (၇၄)

## ရှင်ဥပဂုတ္တမထေရ်ရုပ်တု ထုလုပ်ကိုးကွယ်သည့်ဓလေ့

ဗုဒ္ဓဘာသာဝင်တို့သည် ရှင်သီဝလိမထေရ်မြတ်ကို ကိုးကွယ်ကြသည့်နည်းတူ ရှင်ဥပဂုတ္တမထေရ် နေကိုကြည့်ပြီး ဆွမ်းဘုဉ်းပေးတော်မူနေသည့်သဏ္ဌာန် ရုပ်တုကိုလည်း ထုလုပ်ကိုးကွယ်လေ့ရှိကြသည်။ ရှင်ဥပဂုတ္တမထေရ်မြတ်သည် တတိယသင်္ဂါယနာတင်စဉ်က ထင်ရှားခဲ့၍ တန်ခိုးကြီးသော ရဟန္တာမထေရ်တစ်ပါးဖြစ်ပြီး ယနေ့ထက်တိုင် တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ်နှင့် သက်ရှိထင်ရှား သီတင်းသုံးစံနေတော်မူသည်ဟု ယုံကြည်ထားကြသည်။

တစ်နေ့ တောင်သမုဒ္ဒရာ ကြေးပြာသာဒ်မှနေ၍ ဆွမ်းခံကြွတော်မူရာ အပြန်ခရီးတွင် နေမွန်းတည့်ကာ ဆွမ်းစားချိန်ကျော်လုလုဖြစ်နေသည့်အတွက် နေကို တန်ခိုးဖြင့် တန့်ရပ်ထားပြီး ဆွမ်းဘုဉ်းပေးတော်မူသည်။ ဤသည့်အထိမ်းအမှတ်အဖြစ် ယနေ့ ရှင်ဥပဂုတ္တရုပ်တုကို ထုလုပ်ရာတွင် နေကိုမော့ကြည့်၍ ဆွမ်းဘုဉ်းပေးနေဟန် ထုလုပ်ကြခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သီရိဓမ္မာသောကမင်းကြီး၏ အလှူတော်ပွဲတော်၊ မာရ်နတ်၏ရန်ကို တားဆီးပေးပြီး ဆုံးမတော်မူခဲ့သည်။ နတ်ပြည်ခြောက်ထပ်တွင် တန်ခိုးအကြီးဆုံးဖြစ်သည့် မာရ်နတ်မင်းကိုပင် ရှင်ဥပဂုတ္တမထေရ်မြတ်က ဆုံးမနိုင်သည်။ ထိုမထေရ်မြတ်သည် ရှင်လေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး ယနေ့ထက်တိုင် တောင်သမုဒ္ဒရာထဲတွင် ကြေးပြာသာဒ်နှင့် သီတင်းသုံးနေဆဲဖြစ်သည်ဟု ဗုဒ္ဓဘာသာဝင်များက ယုံကြည်ထားကြလေသည်။

ထို့ကြောင့် မိမိတို့ အလှူပြုလုပ်သည့်အခါ မိုးလေစသည့်ရန်အပေါင်းမှ ကာကွယ်နိုင်ရန် ရှင်ဥပဂုတ္တပွဲထိုးလေ့ရှိကြပြီး ရှင်ဥပဂုတ္တရုပ်တုရှေ့တွင် အန္တရာယ်ကင်းစေရန် ပူဇော်ပသဆုတောင်းလေ့ရှိကြသည်။ ရှင်ဥပဂုတ္တမထေရ်သည် အရုပ်ဆိုးအကျည်းတန်သည် ရဟန္တာဖြစ်သော်လည်း တန်ခိုးကြီးကာ အန္တရာယ်အပေါင်းမှ ကာကွယ်ပေးနိုင်သည့် စွမ်းရည်ရှိသော မထေရ်တစ်ပါးဟု ယုံကြည်ကြသည့်အလျောက် ရှင်ဥပဂုတ္တရုပ်တုထုလုပ်ကာ ကိုးကွယ်ကြခြင်းသာ ဖြစ်ပါတော့သည်။

## (၇၅)
## လောကနတ်ရုပ်ထုလုပ်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံ

မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာနှင့် အဆောက်အဦတို့တွင် လောကနတ်ရုပ်တုပါသည်။ ရှေးမြန်မာဘုရင်များ လက်ထက်၌လည်း ရာဇပလ္လင်တွင် လောကနတ်ရုပ်ကို မင်္ဂလာယူ၍ ထုလုပ်ခဲ့ကြသည်။ လောကနတ်ကို ပါဠိဘာသာဖြင့် 'လောကဗျူဟာနတ်' ဟု ခေါ်သကဲ့သို့ 'ကာမာဝစရနတ်' ဟုလည်း ခေါ်သည်။

ဤကမ္ဘာကြီးပျက်တော့မည်ဆိုလျှင် မပျက်မီ အနှစ်တစ်သိန်းခန့်က ကြိုတင်၍ သတိပေးကြွေးကြော်ကြသည့်မှာလည်း ဤလောကဗျူဟာနတ်များပင် ဖြစ်ကြသည်။ တစ်နေ့သောအခါ၌ လောကနတ်သည် တိမ်ညွန့်စားသည့် ဆင်ပျံနှင့် ခြင်္သေ့ပျံတို့ တိမ်ညွန့်အစာကြည်းဟူသော အကြောင်းကြောင့် တစ်ဦးနှင့်တစ်ဦး ရန်စောင်နေကြသည်ကို တွေ့မြင်ရလေသည်။

ဆင်ပျံ၏ဦးကင်းကို ခြင်္သေ့က နင်းလျက် ဦးနှောက်ကို ဖောက်ရန် ကြိုးစားနေသကဲ့သို့ ဆင်ပျံကလည်း ခြင်္သေ့ကို အစွယ်ဖြင့်ထိုးသတ်ရန် အားယူနေသည်။ သူတို့နှစ်ဦးတို့၏ အမျက်ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ရန်ပွားမှုကို ဖျန်ဖြေပေးလိုသည့် လောကနတ်သည် ခြေဖြင့် စည်းစုပ်ကိုတီး၍ သာယာသောအသံဖြင့် သီချင်းဆိုလေတော့သည်။

လောကနတ်၏ သာယာသောအသံနှင့် စည်းရုပ်သံကို ခြင်္သေ့နှင့် ဆင်ပျံတို့ ကြားရသည့်အခါ ဒေါသများငြိမ်း၍ ငြိမ်းချမ်းရေး ရသွားကြလေသည်။ ဤကဲ့သို့ လောကနတ်၏ စွမ်းရည်ဖြင့် ခြင်္သေ့မင်းတို့၊ ဆင်ပျံတို့ ရန်ငြိမ်းကြသည့်ဟူသည့် နိမိတ်ကိုယူပြီး ရှင်ဘုရင်တို့သည် တရားစီရင်ရာ ရာဇပလ္လင်၌ လောကနတ်ခြေဖြင့် စည်းစုပ်တီးဟန်နှင့် ကနေဟန်၊ ဆင်ပျံဦးကင်းအား ခြင်္သေ့မင်းကနင်းလျက် နှာမောင်းကို စုပ်ဟန်အရုပ်များကို ထုလုပ်ထားကြခြင်းဖြစ်သည်။

ထို့အပြင် လောကနတ်သည် ရန်အပေါင်းကို ငြိမ်းအေးစေသည်။ လောဘ၊ ဒေါသ၊ မောဟ၊ အဂတိတရားများကို ဖယ်ရှားပစ်သည်၊ ဂီတအနုပညာစွမ်းအားကြောင့် ရန်သူနှစ်ဦး ငြိမ်းချမ်းမှုရသည်။ ဤသည်ကို ထောက်ဆ၍ လောကနတ်သည် ငြိမ်းချမ်းရေး၏သရုပ် အဂတိတရားကို ဖယ်ရှားမှု၊ ဂီတအနုပညာစွမ်းအားကောင်းမှု သရုပ်တို့တွင် အထိမ်းအမှတ်ပြုသည့်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အဆောက်အဦတို့တွင် ဤရုပ်တုကို ထုလုပ်ထားရှိခြင်းပင် ဖြစ်ပါပေတော့သည်။

(၇၆)

## လတွင် ယုန်ရုပ်ထားသည့် ဓလေ့

မြန်မာနိုင်ငံ ဒေသအနှံ့အပြားရှိ ဘာသာရေးအဆောက်အအုံ၊ ဓမ္မာရုံ၊ ဘုရားခန်းဆောင်ရှေ့၊ ဘုရားစေတီ စသည်တို့၌ လဝန်းပုံသင်္ကေတ၊ နေဝန်းပုံသင်္ကေတများကို အထိမ်းအမှတ်ပြုသည့်အနေဖြင့် ရေးဆွဲထုလုပ်ထားလေ့ ရှိကြသည်။ ထိုလဝန်း၊ နေဝန်းပုံသင်္ကေတတို့တွင် လဝန်းထဲ၌ ယုန်ရုပ်ကို ရေးထုထားလေ့ ရှိကြသည်။

ဤကဲ့သို့ လဝန်းထဲ၌ ယုန်ရုပ်ရေးထားသည့် ဓလေ့သည် '၅၅၀ဇာတ်တော်' 'စတုက္ကနိပါတ်' ပုစိမန္ဒဝဂ်၊ သသပဏ္ဍိတဇာတ်လာ ဘုရားအလောင်းတော် ယုန်မင်းကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် ထုလုပ်ထားခြင်းဖြစ်သည်။ ဤဇာတ်တော်လာ အဖြစ်အပျက်ဇာတ်ကြောင်းကို အဆိုတော်ကြီး 'ကိုထွန်းရွှေ' ဇာတ်ပြားသွင်းထားသည့်အတွက် အားလုံးကြားဖူးကြပေသည်။

ဤပဉ္စမဇာတ်လမ်း အဆုံးသတ်ခါနီးတွင် ပုဏ္ဏားအိုယောင် ဆောင်လာသည့် သိကြားမင်းက အလောင်းတော်ယုန်မင်းအား ...

www.burmeseclassic.com

www.burmeseclassic.com



''ယုန်ပညာရှိ . . . သင်၏ ဂုဏ်ကျေးဇူးကို ကမ္ဘာတည်သမျှ ကာလပတ်လုံး ထင်ရှားသည်ဖြစ်ပါစေ''ဟု ပြောဆိုပြီး တောင်ကိုညှစ်၍ တောင်ဆီကိုယူပြီးလျှင် လဝန်းတွင် ယုန်ရုပ်အမှတ်တံဆိပ်ကို ရေးထိုးခဲ့နှိပ်ထားခဲ့လေသည်။

ဤဇာတ်တော်ကို အကြောင်းပြုလျက် လပေါ်တွင် ယုန်ရုပ်ရှိသည်ဟု ယုံကြည်ကြသည့် ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားစေတီ၊ ဘုရားခန်း စသည်တို့၌ ယုန်ရုပ်ကို အထိမ်းအမှတ်အနေဖြင့် ရေးထိုးထုလုပ်ထားကြခြင်းသာ ဖြစ်ပါတော့သည်။

## (၇၇)

## လမိုင်းနတ်ပူဇော်ပသသည့် ဓလေ့ထုံးစံ

အနုပညာလောကဟုဆိုရသည့် ရုပ်ရှင်၊ ဗီဒီယို၊ ဇာတ်သဘင်လောကတွင် သရုပ်ဆောင်ကောင်းသူကို ''လမိုင်းကပ်သည်''ဟူ၍လည်းကောင်း၊ သရုပ်ဆောင်မှု မပီပြင်သူကို ''လမိုင်းမကပ်ဘူး''ဟူ၍လည်းကောင်း ပြောဆိုသုံးနှုန်းကြသည်ကို များသောအားဖြင့် ကြားဖူးကြပေလိမ့်မည်။ ဤသို့ဆိုလျှင် လမိုင်းဟူသည့် စကားသည် အဘယ်အရာကို အကြောင်းပြု၍ ဖြစ်ပေါ်လာရသည်ကို သိရန် လိုအပ်ပေသည်။

ထို့အပြင် တောင်သူလယ်သမားဦးကြီးတို့သည် ထွန်ရေးငင်စ လယ်ယာလုပ်ငန်းခွင် ဝင်ပြီဆိုသည်နှင့် ထွန်တုံး၊ ထွန်တံး၊ လှည်း၊ တံပိုးကြိုးတုတ် အစရှိသည့် လယ်ယာသုံး ပစ္စည်းကိရိယာတို့ကို စောင့်ရှောက်သည်ဟု ယုံကြည်ကြသည့်အတွက် 'လမိုင်းနတ်'ကို ပူဇော်ပသလေ့ရှိကြသည်။

ထိုနည်းတူစွာပင် သစ်ခုတ်သမား၊ ဖောင်သမား၊ ရေလုပ်သား၊ ရေလမ်းခရီးသွားကြသည့် လှေ၊ သမ္ဗန်သမားသည်လည်း ထမင်းနှူးခပ်သည့်အခါတိုင်း လမိုင်းနတ်ပူဇော်ကြရသည်။ ဤသည်

www.burmeseclassic.com

ကို 'ဝန်ကြီးပဒေသရာဇာ'၏ 'တစ်ဆုပ်ကပ်နေ့တိုင်း လမိုင်းရှိ ပူဇော်'ဟူ၍ ပိန်းကောလေ့ဖွဲ့ တျာချင်းတွင် စပ်ဆိုထားသည်ကို သိရှိရလေသည်။

ရှေးခေတ်က ရုပ်သေးလောက၊ ရုပ်ကြီးစင်လောကနှင့် ဇာတ်သဘင်လောကတို့၌လည်း လမိုင်းနတ်ကို ပူဇော်ပသသည့် ဓလေ့ထုံးတမ်းများ ရှိခဲ့ကြောင်းကို တွေ့ရှိရသည်။ 'ဦးစိန်ကတုံးကြီး'ခေတ်က ဦးစိန်ကတုံးကြီး၏ ဇာတ်၌ကသည့် အပျိုတော် အမေမှုံဆိုလျှင် လမိုင်းရှင်မနတ်ကို ပူဇော်သည့် နတ်ကတော်အကတွင် နာမည်ကြီး၍ အထူးထင်ရှားလှကြောင်း လေ့လာမှတ်သားခဲ့ရလေသည်။ နတ်ကတော်အကဆိုသည်မှာ ပွဲဦးထွက်ပထမည့်၌ ကပြရစမြဲဖြစ်သော 'မင်္ဂလာရယ်မှမဏ္ဍိုင်'အစရှိသည့် သီကြား နတ်သံဖြင့် သီဆိုပူဇော်ရသည့် အကပင်ဖြစ်သည်။

ဤသို့ သီကြားနတ်မင်းကို အစထား၍ နယ်တော်ရှင်၊ မယ်တော်ရှင်၊ မြို့တော်ရှင်တို့အား ပွဲဦးထွက်နတ်ကတော်သည် ပူဇော်ပြီးသည့်နောက်၌ ''တစ်ကြိမ်ရယ်မှ နှစ်ကြိမ်၊ သုံးကြိမ်ငယ်မှ တင်တင်၊ နယ်တော်ရှင် မယ်လျှင်ကန်တော့ပါ၏''ဟု ဆိုပြီးမှ တစ်ဖန် ''ကူညီကာ ... အိုလေလေ့ စောင်မကြောင်း ... လက်ဆယ်ဖြာ''ဟူသည့် နတ်သံမြူးမြူးဖြင့် အဆိုအကရောကာ နတ်ကတော်အက ကပြကြရလေသည်။

ဆိုင်းဆရာကြီးများ၏ကိုယ်စား၊ ရုပ်သေးဆရာကြီးများ၏ ကိုယ်စား၊ ဇာတ်အဖွဲ့ကြီး၏ကိုယ်စား ပူဇော်ကပြရသော အဆိုပါ ပွဲဦးထွက်နတ်ကတော်၏ အကအဆိုများသည် အခြားမဟုတ်။



လ(မ)ကလေးခေါ်၊ လမင်းရှင်မခေါ်၊ လမိုင်းရှင်မနတ်ကို ပူဇော်သည့် အဆိုအကများသာဖြစ်သည် ဟူသည့် ဓလေ့ထုံးစံတစ်ရပ်သည် ထိုအနုပညာနယ်ပယ်တွင် ရှိခဲ့သည်။ ဤတွင် အနုပညာလောကသားများ ပသပူဇော်၊ သီဆိုကပြကြသည့် လမိုင်းရှင်မနတ်ဖြစ်လာရခြင်း၏ အကြောင်းသည်ကား ...

ရှေးသရောအခါက မဏိညာဏက အမည်ရှိသော ရသေ့တစ်ပါးသည် အထူးထူးသော ဗေဒင်ပညာများကို တတ်မြောက်ပြီး ကောင်းကင်ခရီးဖြင့် လာစဉ် မိမိကိုယ်ကိုမိမိ သေရတော့မည်ဟု သိမြင်ခဲ့သည်။ ထိုအချိန်လမ်းခရီး မြေပြင်ပေါ်တွင် 'ကဝိလမိုင်း' ဟုခေါ်သည့် ယောက်ျားသည် ဇနီးသည်နှင့်အတူ လမ်းလျှောက်လာသည်ကို ရှင်ရသေ့ မြင်တွေ့လိုက်ရသည်။

ရှင်ရသေ့လည်း မကြာမီ ကဝိလမိုင်း မြွေကိုက်(ပိုးထိ) သေတော့မည်မှန်းသိသည့်အတွက် ကောင်းကင်မှဆင်းသက်လာသည်။ သည်အခိုက်မှာပင် ကဝိလမိုင်းအား ပိုးထိသည့်အတွက် မြေပြင်၌ လဲကျသွားသည်။ ရသေ့သည် ကဝိလမိုင်းကို ဆေးကုသပေးမည့်အသွင်ဖြင့် အနီးသို့ ကပ်လာပြီး ကဝိသမိုင်း၏ ဝိညာဉ်ကို ထွက်သွားစေပြီး သူ၏ဝိညာဉ်ကို ကဝိလမိုင်း၏ ခန္ဓာကိုယ်အတွင်းသို့ 'သက်ပြောင်း ကိုယ်ခွာ'အတတ်ဖြင့် သွတ်သွင်းလိုက်သည်။

ကဝိလမိုင်း၏ ဝိညာဉ်ကိုမူ သူရသေ့၏ ခန္ဓာကိုယ်ထဲသို့ သွတ်သွင်းလိုက်ကာ တောထဲသို့ ဆေးမြစ်ရှာမည့်အသွင်ဖြင့် ထွက်ခွာသွားစေသည်။ ဤတွင် ကဝိလမိုင်းခန္ဓာကိုယ်နှင့် ရသေ့ဝိညာဉ် ဖြစ်သွားလေသည်။ ဤသို့ စနစ်တကျ စီးပြီးသည့်အခါ

www.burmeseclassic.com



ရသေ့သည် သူ၏ခန္ဓာကိုယ်ကို တောထဲတွင်ရှာဖွေပြီး ကောင်းမွန်စွာ သဂြိုဟ်လိုက်လေသည်။

ကဝိလမိုင်းကိုယ်နှင့် ရသေ့စိတ်ဝိညာဉ်ဖြစ်နေသောသူသည် ကဝိလမိုင်းအမည်နှင့်ပင် နေထိုင်လျက် ကဝိလမိုင်း၏ ဇနီးသည်နှင့် ပေါင်းသင်းနေသည်။ ဤသို့ဖြင့် ကဝိလမိုင်းသည် ဗေဒင်ပညာရပ်ဖြင့် ထင်ရှားကျော်ကြားလာကာ လူတို့အား နေ့ကောင်းရက်သာ အခါမင်္ဂလာ ရွေးချယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလေသည်။

ဤသို့ကျော်ကြားနေသည့် ကဝိလမိုင်းဆရာကြီးထံ ပညာစမ်းရန် သိကြားမင်းရောက်ရှိလာပြီး . . .

"ဆရာကြီး . . . အခုအချိန်မှာ သိကြားမင်းဟာ နတ်ပြည်မှာရှိသလား၊ မရှိဘူးလားဆိုတာ သိချင်ပါတယ်"

ဟု မေးမြန်းလေသည်။ ကဝိလမိုင်းဆရာကြီးသည် သေချာစွာ တွက်ချက်ကြည့်ရှုပြီး . . .

"သိကြားမင်း နတ်ပြည်မှာမရှိဘူး"

"နတ်ပြည်မှာမရှိရင် သိကြားမင်း အခု ဘယ်မှာရှိပါသလဲ"

"သိကြားမင်း လူ့ပြည်ကိုရောက်နေပြီ"

"လူ့ပြည်ဘယ်နေရာမှာ သိကြားမင်းဟာ ဘယ်လိုအသွင်နဲ့ နေတယ်ဆိုတာကိုလဲ သိပါရစေ"

"သိကြားမင်းဟာ လူ့အသွင်နဲ့ သစ်တုံးတစ်တုံးပေါ်မှာ ထိုင်ပြီး ခြေတစ်ဖက်ကိုကွေး၊ ခြေတစ်ဖက်ကိုဆန့်လို့ လက်တစ်



ဖက်ကို ခါးထောက်ပြီး၊ ကျန်လက်တစ်ဖက်က နှုတ်ခမ်းကိုပိတ်ပြီး ရယ်တော့မလို၊ ပြုံးတော့မလိုအသွင်နဲ့ ထိုင်နေတယ်"

"ဆရာကြီးအခုနေတဲ့နေရာနဲ့ သိကြားမင်းနေတဲ့နေရာဟာ ဝေးသနား၊ နီးသလားဆိုတာ ပြောပါဦး"

ဟု ထပ်မံမေးမြန်းကြည့်လိုက်ရာ ကဝိလမိုင်းဆရာကြီးသည် လူ့အသွင်ဖန်ဆင်းထားသည့် သိကြားမင်းကို မော့ကြည့်လိုက်ပြီး . . .

"ဟာ . . . သင်ဟာသိကြားမင်းပဲ"

ဟု အတပ်ဟောလိုက်လေတော့သည်။

သိကြားမင်းသည် ကဝိလမိုင်းဆရာကြီးအား အမျိုးမျိုးပညာစမ်းပြီးနောက် နတ်ပြည်သို့ပြန်သွားပြီး ကဝိလမိုင်း၏ ပညာစွမ်းကို နတ်ဗြဟ္မာ ပရိသတ်တို့အား ပြောဆိုပြလျက် ချီးမွမ်းလေသည်။ ဤသို့ သိကြားမင်းပြောဆိုချီးမွမ်းသည်ကို 'ပရမိဿာ' နတ်ကြီး၏ သားဖြစ်သူ 'အာသိ'ဟု အမည်ရသည့် ဗြဟ္မာမင်းကြားလိုက်ရလေရာ "တစ်နှစ်အတွင်းမှာ ဘယ်အရပ်ဟာ သုဉ်းသလဲ"ဟု သိကြားမင်းကို မေးမြန်းလိုက်သည်။ ထိုအခါ သိကြားမင်းက . . .

"ရောက်ဆဲသက္ကရာဇ်ကိုတည် ၇ ခုနဲ့စား၊ အကြွင်း ၃ ရင် တစ်နှစ်ပတ်လုံး လူတို့ မင်္ဂလာမဆောင်သင့်တဲ့ ရက်သုဉ်းလို့ ခေါ်တယ်"

ဟု ဖြေလေသည်။ ထိုအဖြေကို ဗြဟ္မာမင်းက မှားသည်ဟု ငြင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွပ်အဖြေမှားတယ်ဆိုရင် ဘယ်ရက်ဟာ ရက်သုည်းဖြစ်တယ်ဆိုတာ သင်ဗြဟ္မာမင်းကော သိလို့လား"

"သိပါတယ်ဗျ။ ရောက်ဆဲသက္ကရာဇ်ကိုတည်၊ ၁၂ ခုနဲ့မြှောက်၊ ၈ ခုနဲ့စား၊ အကြွင်း ၃ ရှင် အဲဒီရက်ဟာ ရက်သုည်းပဲဖြစ်တယ်"

ဤသို့ သိကြားမင်းနှင့် ဗြဟ္မာမင်း အငြင်းအခုန်ဖြစ်သည့်အခါ ကပိလမိုင်းဆရာကြီးထံ အဆုံးအဖြတ်ခံယူမည်၊ ရှုံးသူသည် လည်ကိုဖြတ်စတေမ်းဟု ကတိပြုကာ ကပိလမိုင်းဆရာကြီးထံသို့ ရောက်ရှိလာကြသည်။ ကပိလမိုင်းဆရာကြီးက သိကြားမင်းပြောသည့်အတိုင်း မှန်သည်ဟု အဆုံးအဖြတ်ပေးလိုက်သည့်အခါ ဗြဟ္မာမင်းသည် ကတိအတိုင်း လည်ဖြတ်ခံရလေတော့သည်။

ထိုအခါ ပြတ်သွားသည့် ဗြဟ္မာမင်း၏ကိုယ်တွင် 'ပိဂ်လ' အမည်ရှိသော ဆင်ပြောင်ကြီး၏ဦးခေါင်းကို ဖြတ်ယူ၍ ဆက်ထားလိုက်သည်။ ဗြဟ္မာကိုယ်နှင့် ပိဂ်လဆင်ဦးခေါင်းကို ဆက်စပ်ပြီးသောအခါ သိကြားမင်းက နတ်ရေစင်ဖျန်းပေးလိုက်၍ အသက်ပြန်လာသည်။ ဗြဟ္မာကို မဟာဟူသည့် ဝေါဟာရသို့ ပြောင်းလွဲပြီး 'မဟာပိဂ်လ' သို့မဟုတ် 'မဟာပိန္နဲ'ဟု ခေါ်ကြကာ ဟိန္ဒူ (ဗြဟ္မဏ)ဘာသာဝင်များ အလေးထား၍ ပူဇော်ပသ ကိုးကွယ်ခဲ့ကြလေသည်။

ပြတ်သွားသည့် ဗြဟ္မာကြီး၏ဦးခေါင်းကို သိကြားမင်း၏ အမိန့်တော်အရ နတ်သမီးခုနစ်ဖော်က အလှည့်ကျ ကိုင်ထားရသည်။ ဤသို့ကိုင်ထားရခြင်းသည်ကား ဗြဟ္မာကြီး၏ ဦးခေါင်းကို



ကောင်းကင်တွင်ထားက မိုးခေါင်မည်၊ သမုဒ္ဒရာထဲသို့ချက ရေများခန်းခြောက်မည်၊ လူ့ပြည်၌ထားသော် မြေပြင်အလုံး မီးဟုန်းဟုန်းတောက်၍ သစ်ပင်များခြောက်သွေ့ပျက်စီးမည်ကို စိုးသောကြောင့်ပင် ဖြစ်သည်။

နတ်သမီးခုနစ်ဖော် တစ်ဦးလက်မှ တစ်ဦး၏လက်သို့ ပြောင်းချိန်သည် လူတို့ပြည်၌ တစ်နှစ်ပြည့်ချိန် ဖြစ်သောကြောင့် လူတို့သည် သင်္ကြန်ဟူသော အထိမ်းအမှတ်ဖြင့် သက္ကရာဇ်ပြောင်းကြလေသည်။ ထို့အပြင် ဦးခေါင်းလျှော်ခြင်း၊ သန့်စင်ခြင်းတို့ကိုလည်း ပြုလုပ်ကြသည်။

ကပိလမိုင်းဆရာကြီးတွင် ပထမသေဆုံးသွားသည့် လင်ယောကျ်ားနှင့် သားလေးယောက်ရသည်။ ရသေ့၏ဝိညာဉ်ဖြစ်သော ဒုတိယကပိလမိုင်းဆရာကြီးနှင့် သမီးတစ်ယောက်ထွန်းကားခဲ့သည်။ သားလေးယောက်စလုံး ရသေ့ပြုကြရာ သားအကြီးဆုံး၏ ဘွဲ့အမည်ကို 'မဟာကဿပစက္ခု'၊ ဒုတိယသား၏ဘွဲ့သည် 'မဟာကဿပဂုတ္တမသီလ'၊ တတိယသား၏ဘွဲ့မည်ကို 'မဟာသတ္တသီလ'ဟုခေါ်၍ သားအငယ်ဆုံး၏ ဘွဲ့မည်ကိုကား 'မဟာဥတ္တမပဒ'ဟု ခေါ်လေသည်။

သားရသေ့လေးပါးစလုံး ဈာန်သမာပတ်ကို ရရှိခဲ့ကြသည့်အပြင် နတ်တို့၏ မျက်စိကိုလည်း ပိုင်ဆိုင်ခဲ့ကြသည်။ ထိုအခါ ခါတ်လေးပါးကို ခွဲဝေပိုင်းခြားမည်ဟု တိုင်ပင်ကြသောအခါ 'ဝိရုဠက၊ ဓတရဋ္ဌ၊ ဝိရူပက္ခ၊ ကုဝေရ'အမည်ရှိသော စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ ရောက်လာပြီး လောကီပဒေသာကျမ်းတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ငိမ့်ကြလေသည်။

သမီး၏အမည်ကိုကား လမင်း၏ အရောင်အဆင်းကဲ့သို့ ကြည်လင်နှစ်လိုဖွယ် အရောင်အဆင်းနှင့် ပြည့်စုံသည့်အတွက် လမင်းဟု အမည်မှည့်ခေါ်ခဲ့ကြသည်။ ယိုသတို့သမီးသည် နတ်မျက်စိကို ရလေသောကြောင့် သစ်ဝါးတို့၏ အပျက်အကြောင်းကို ကောင်းစွာသိမြင်လေသည်။ ထို့ကြောင့် သစ်ဝါးနှင့်ဆိုင်သော အတတ်ပညာရှင်တို့သည် 'လမင်း'ကို ဆည်းကပ်ပူဇော်ကြသည်။ ပသာတင်မြှောက်ကြကုန်သည်။

ထို'လမင်း'ကိုပင် 'လမင်းရှင်မ'ဟု အမည်ပေးသမုတ်ကြကုန်သည်။ ထိုနောက် လမင်းရှင်မအမည်တွင် ခမည်းတော်ဖြစ်သူ 'ကဝိလမိုင်း'အမည်နှင့် တွဲစပ်ကာ 'လမိုင်းရှင်မ'ဟု ခေါ်ဆိုခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ဤသည်မှာ 'မဟာသကြိန်လက်ရိုး' အဆိုအရ 'လမိုင်းရှင်မ'ပူဇော်ပသသည့် ဓလေ့ဖြစ်ပေါ်လာပုံ သမိုင်းဒဏ္ဍာရီဇာတ်လမ်းသာ ဖြစ်ပါလေတော့သည်။

(၇၈)

## လက်ဖက်ဖြင့် ဧည့်ခံသည့် ဓလေ့ထုံးစံ

လက်ဖက်သည် မြန်မာ့ရိုးရာအစားအစာတစ်မျိုးဖြစ်၍ ရှေးမြန်မာမင်းများလက်ထက်ကပင် နန်းသုံးတော်ဝင် ရိုးရာအစားအစာ တစ်မျိုးဖြစ်ခဲ့သည်။ မင်းခမ်းမင်းနား ပွဲသဘင်များတွင် လက်ဖက်ပါလေ့ရှိသည်။ ထို့အပြင် လက်ဖက်သည် တရားရုံး၌ အရာရောက်ခဲ့သလို ကန်တော့ပွဲထဲတွင်လည်း ထည့်ဝါစွာ ပါဝင်၍ မေတ္တာသဘောကိုလည်း သင်္ကေတပြုလေသည်။

တရားရုံးတွင် တရားလို၊ တရားပြိုင်နှစ်ဦးတို့သည် မိမိအနိုင်ရဖို့အတွက် ရှေ့နေရှေ့ရပ်များဖြင့် ကြိုးစားကြသည်။ သို့ရာတွင် တရားရုံး(ခုံတော်)က ဖျန်ဖြေပေးသည်ဖြစ်စေ၊ တစ်ဦးဦးကို အနိုင်ပေးသည်ဖြစ်စေ တစ်စုံတစ်ရာ အဆုံးအဖြတ်ပေးလိုက်ပါက လက်ဖက်ကမ်းလှမ်းစားကြသည်။ ပြီးသည်များ ပြီးခဲ့ပြီ၊ အာဃာတမထားပါ၊ ရန်ငြိုးမသိုပါ ဟူသည့် မေတ္တာသဘောကို ကိုယ်စားပြုခြင်းဖြစ်သည်။

ထို့အပြင် လက်ဖက်ကမ်းလှမ်း၍ စားလျှင် ကျေအေး၍ လက်ဖက်ကမ်းလှမ်းစားရန် ငြင်းဆန်လျှင် မကျေအေးကြောင်း လက်ဖက်ဖြင့် တုံ့ပြန်သက်သေထူလေ့ရှိကြသည်။ ထိုမေတ္တာ သင်္ကေတဖြစ်သော လက်ဖက်သည် နန်းသုံးတော်ဝင်ဖြစ်ပုံကြောင်းကို 'စလေဦးပုည'၏ လက်ဖက်မေတ္တာစာတွင် ...

www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ဆိုရာမှာ ပေါ်ကြာရာမ နန်းစံထီးဆောင်း မင်းကောင်းတို့လက်ထက်က ဆင်းသက်ပွားများ၍ ရှည်လျားကြာနှောင်းလျှင် မကောင်းတချို့ ကောင်းတချို့ အဆို့ဆို့ အငန်းငန်း၊ တောင်လမ်းငါးဆယ်ကျော်၊ အခေါ်ကွဲပြားခြင်း၊ အတွင်းခုနစ်သွယ်၊ အလယ်လေးရပ်၊ တောင်လတ်ရှစ်တန်၊ မြစ်ရံတစ်ဆယ့်ရှစ်မျိုး၊ တောင်ရိုးပေါင်း သုံးဆယ့်ခုနစ်တွေ၊ ရှိလေသည့်အနက်၊ အလယ်ချက်ပြင်ဆုံး၊ တောသုံးဆယ်လမ်း၊ ဇယမ်းတောင်မ၊ အစရှိသောနေရာက ကျလာသောလက်ဖက်"

"အရွက်အကင်း၊ အဆင်းအနု၊ ယုတ်ညံ့အရသာ၊ ပဏာမဂုဏ်၊ မစုံမလင်၊ ဖြစ်စဉ်မြို့ရွာတစ်တန်း၊ ကူးသန်းလဲလှယ်၊ ကုန်သည်ငယ်တို့ ရောင်းဝယ်ပြုလုပ်သော၊ 'ထန်းစေ့မှုတ်သွင်း' လက်ဖက်ဖျင်းများလည်း၊ ကောင်းခြင်းသို့မဝင်။

ဘုရင်ကေရာဇ်၊ သရေခတ္တရာမြို့တည်၊ စည်သူမင်းဖျား၊ စားတော်ခေါ်ချိန်၊ မိန်ရာဇါအပြောင်း၊ တပေါင်းလပြည့်နေ့ ဥတ္တရာဘဒြပုဏ္ဏနက္ခတ်၊ သုံးပါဒ်တြွင်း၊ နဝင်းဦးအခါတွင်၊ ပဒုမ္မာပွင့်ချပ်မှ၊ ဥပပါတ်ကြာပွင့်သူ၊ ဟန်ယူ၍ထွက်သကဲ့သို့ သန္တာခက် သန္တာညွှန့်၊ တွန့်ရွန့် စီရရီ၊ တညီတညွတ်၊ တစ်သမတ်တည်းထွက်လာသော လက်ဖက်ကို၊ ကိုးမြွတ်ရတနာ၊ ခြယ်ဖြာစီခက်၊ ရွှေကလပ်နှင့်တင်၍၊ ပြည့်ရှင်မင်းတို့ကို၊ မပြတ်နှစ်စဉ်၊ ဆက်တင်ပို့သရကြောင်း၊ ထုံးဟောင်းကိုရည်၍၊ မိုးမမီ ရွှေဖီဟုခေါ်သော၊ လက်ဖက်ကိုသာ၊ နှစ်သက်အံ့သြ၊ ပြောပလောက်ကြောင်း၊ စာဟောင်းသမိုင်း ထွက်ရှိသည်"



ဟူ၍ လက်ဖက်ထွက်ရှိရာဒေသကို ဖော်ပြသည်။

ကဗျာကဝေ ဆရာစလေဦးပုည ရှုံ့ချရေးသားထားသည့်အတိုင်း လက်ဖက်ကို 'ထန်းစေ့မှုတ်'ဖြင့်ထည့်သူ၊ အုန်းမှုတ်၊ ဝါးကျည်တောက်တို့ဖြင့် ထည့်သူများ ရှိကြသည်။ ရှေးမြန်မာမင်းများလက်ထက်တွင် လက်ဖက်ရည်တော်သား၊ လက်ဖက်အိုးကိုင်ဟူသည့် နန်းတွင်းအမှုတော်သားများပင် ရှိခဲ့ကြောင်း 'ဦးမောင်မောင်တင်'၏ 'ရွှေနန်းသုံးအဘိဓာန်'တွင် ဖတ်ရှုသိရှိနိုင်ပေသည်။ လက်ဖက်သည် မြန်မာ့လူ့ဘောင်လောကတွင် သည့်မျှထိပင် အရေးပါအရာရောက်ခဲ့လေသည်။

လက်ဖက်ဓလေ့သည် မင်းခမ်းမင်းနားမှစ၍ ပုခက်တင်၊ ကင်ပွန်းတပ်၊ ရှင်ပြုနားသမင်္ဂလာ၊ အလှူမင်္ဂလာ၊ လက်ထပ်မင်္ဂလာပွဲများတွင်မျှမကဘဲ ရိုးရာနတ်ပူဇော်ပွဲများ၌လည်း ပါဝင်ခဲ့ပေသည်။ လက်ဖက်ကို ပုဂံခေတ်ကပင် စတင်စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ အထူးသဖြင့် နိုင်ငံခြားရောက် မြန်မာတို့အတွက် မပါလျှင်မဖြစ်သည့် လက်ဆောင်သည် လက်ဖက်နှင့် အကြော်စုံသာလျှင်ဖြစ်သည်။

မည်သည့်နိုင်ငံတွင်မဆို လက်ဖက်ရည်ကြမ်း(ရေနွေးကြမ်း)သောက်ရန် လက်ဖက်ခြောက်တင်မျိုးမဟုတ်တစ်မျိုး ဝယ်ယူရရှိနိုင်ပါသည်။ သို့သော် မြန်မာတို့ စားလေ့စားထရှိသည့် လက်ဖက်စိုနှင့် အကြော်စုံကိုမူ မြန်မာပြည်မှလွဲ၍ အခြားမည်သည့်တိုင်းပြည်တွင်မှ ဝယ်ယူ၍ မရနိုင်ပေ။ အကြောင်းကမူ လက်ဖက်ကို လက်ဖက်ခြောက်ပြုလုပ်ပြီး လက်ဖက်ရည်ကြမ်း လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ရည်အချိုအဖြစ်သာ အခြားနိုင်ငံများတွင် သောက်သုံးကြသောကြောင့်ပင်ဖြစ်သည်။ အထူးသဖြင့် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် လက်ဖက်ရည်ကြမ်း သောက်သုံးလေ့ရှိကြသည်။

မြန်မာတို့သည် လက်ဖက်ကို ကိုယ်တိုင်စိုက်ပျိုး၍ လက်ဖက်ခြောက်ထုတ်လုပ်ပြီး ရေနွေးကြမ်းအဖြစ် သောက်သုံးကြသကဲ့သို့ လက်ဖက်စို၊ လက်ဖက်နှပ်ကို သုံ့ချည်းသက်သက်လည်း စားတတ်ကြသည်။ ထို့အပြင် လက်ဖက်အစိုကို နှမ်း၊ မြေပဲလှော်၊ ကြက်သွန်ဖြူကြော်၊ ကုလားပဲခြမ်း,လုံးကြော်၊ ပဲကြီးခြမ်းကြော်၊ မြေပဲကြော်၊ ပဲစိမ်းကြော် စသည့် ပဲအမျိုးမျိုးတို့ဖြင့်လည်းကောင်း၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်း၊ ပုစွန်ခြောက်၊ နှမ်းဆီတို့ဖြင့် အစိမ့်သုပ်၍လည်းကောင်း၊ သံပရာသီး၊ ရှောက်သီးညှစ်၍ ချဉ်စပ်သုပ်၍လည်းကောင်း၊ ချင်းနှပ်ပါရော၍ ချင်းလက်ဖက်သုပ်အဖြစ်လည်းကောင်း အမျိုးမျိုးစားလေ့ရှိကြသည်။

မြန်မာတို့အိမ်တွင် ဧည့်သည်များလာလျှင် အဆင်သင့်တည်ခင်းဧည့်ခံနိုင်ရန် ယွန်းလက်ဖက်အုပ်ကိုလည်း ဆောင်ထားကြသည်။ ထိုလက်ဖက်အုပ်ထဲတွင် လက်ဖက်တစ်ကန့်၊ ကြက်သွန်ဖြူတစ်ကန့်၊ နှမ်းလှော်တစ်ကန့် ထည့်ပြီး ဧည့်ခံလေ့ရှိကြသည်။ နောင်အခါတွင် ပုစွန်ခြောက်၊ ပဲခြမ်းကြော်၊ ပဲလုံးကြော်များကိုပါ လက်ဖက်အုပ်ထဲတွင် သီးသန့်ထည့်ပြီး ဧည့်ခံလာကြသည်။ ဤသည်မှာ လက်ဖက်စားသည့်ဓလေ့၊ လက်ဖက်ဖြင့်ဧည့်ခံသည့် ရှေးမြန်မာတို့၏ မိရိုးဖလာ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံသာလျှင် ဖြစ်ပါလေတော့သည်။

## (၇၉)
## လက်ဖက်ရည်ကြမ်းဝိုင်း မြန်မာ့ယဉ်ကျေးမှုဓလေ့

မြန်မာလူမျိုးတို့သည် မိမိအိမ်သို့ အလည်အပတ်ရောက်လာကြသည့် ဧည့်သည်တို့အား ကွမ်း၊ ဆေး၊ လက်ဖက်ရည်ကြမ်းဝိုင်းတို့ဖြင့် ဧည့်ခံလေ့ရှိကြသည်။ ဤကဲ့သို့ ဧည့်သည်တို့ကို လက်ဖက်ရည်ကြမ်းဝိုင်းဖြင့် ဧည့်ခံခြင်း၊ ကိုယ်တိုင်သောက်သုံးခြင်းသည် မြန်မာ့ရိုးရာအလေ့အထ ဖြစ်သကဲ့သို့ ဤဓလေ့ကို မြန်မာ့ရိုးရာ လက်ဖက်ရည်ကြမ်းဝိုင်းယဉ်ကျေးဟုလည်း ခေါ်ဆိုနိုင်ပေသည်။

မြန်မာလူမျိုးတို့သည် ဧည့်သည်ပင်မရှိသော်လည်း အလုပ်နားချိန်တွင် မိသားစုများ ဝိုင်းဖွဲ့စကားပြောရင်း လက်ဖက်ကြမ်း သောက်လေ့ရှိကြသည်။ ဤကဲ့သို့ လက်ဖက်ကြမ်းသောက်ရာတွင် ပဲပြုတ်၊ ထန်းလျက်ခဲ၊ ငါးပိကင်၊ ငါးကြော်၊ လက်ဖက်သုပ်၊ ချင်းသုပ်၊ ပဲလှော်၊ အကြော်စုံတို့သည်လည်း အမြည်းအဖြစ် ပါဝင်တတ်ကြသည်။

လက်ဖက်ရည်သောက်သုံးရသည့် အကျိုးကျေးဇူးနှင့်ပတ်သက်၍ “လက်ဖက်ရည်အဖန်သောက်လျှင်ဖြင့် ကျက်သရေ

www.burmeseclassic.com

www.burmeseclassic.com



အမှန်ရောက်ပေလိမ့်၊ ကျသလောက်ပြီးသည့်အရည်''ဟူသည့် စာချိုးဖြင့်ပင် သိရှိနိုင်ကြပေသည်။ ထိုအပြင် လက်ဖက်ကြမ်းဝိုင်း မြင်ကွင်းကို ခေတ်ဟောင်းအဆိုတော် 'မောင်ပွကြီး'၏ သီချင်း တစ်ပုဒ်ဖြစ်သည့် 'လက်ဖက်ရည်ကြမ်းဝိုင်း'အမည်ရှိသည့် ခေတ် ဟောင်းသီချင်းတွင် အောက်ပါအတိုင်း ရေးဖွဲ့သီဆိုထားလေသည်။

''နေအရုဏ်လင်း၍ နံနက်လင်းချိန်တွင် ... အိမ်ကပြင် ကွပ်ပျစ်ကလေးမှာ ဝိုင်းဖွဲ့လို့ပင် ... လက်ဖက်ရည်ကြမ်းနှင့် စကားကို အချေအတင်ပြောဆိုကာ ... နေ့စဉ်အလွန်ပျော်ရွှင် ... ကျွန်ုပ်တို့ရွာတွင် ဘာသာဘာဝ နေ့ညထာဝစဉ် ... ငါးပိကင် ဆီဆမ်း ... လက်ဖက်ရည်ကြမ်းနှင့်ပင် ... ပျော်ပျော်ရွှင်ရွှင် စားသောက်နေရရင် ... ဗိမ်ရှိတယ်တကယ်ပဲထင် ... ဘယ်မလဲ ချင်အောင် ရှာပေါ်ဝဲ စွဲတဲ့မျှင်ငါးပိကင် ...

(သံပြိုင်) ။ ။ (လက်ဖက်၊ ပဲလှော်၊ အကြော်စုံလင် ... ထန်းလျက်ခဲနဲ့ ပဲပြုတ်ကိုပြင် ...)၂ လက်ဖက်ရည်ကြမ်းဝိုင်း နေ့တိုင်းပင် ... အမြဲတမ်းမမေ့အောင် ကျွန်တော်ကျွေးချင် ... လျှာပေါ်ဝဲ စွဲတဲ့ငါးပိကင် ...

(လက်ဖက်ရည်ကြမ်းပန်းကန်ထဲတွင် ... ပယင်းရောင် အသွေး ရေနွေးပင် ... ကိုယ်စီကိုယ်င မှုတ်ကာ ကြိုက်လို့ပျော် ပျော်ရွှင်ရွှင် ... လက်ဖျားကလေး ငါးပိသာရွေးလျက် လျှာပေါ် တင် ... အသာပျော်လျှင် ခံတွင်းရှင်းပြီး အရသာပေါ်ထင် ..) အကြမ်းသောက်နည်း အမြည်းဟာ ငါးပိကင် ... (သံပြိုင်) လက်ဖက်၊ ပဲလှော်၊ ငါးပိကင် ....



(မြို့ကြီးများမှာ ပျော်ပွဲဆင် တီးပါတီသာစည် ... ဇိမ်ဖာ ကျယ်တယ်ထင် ... ပတ်မလိုင်များ စတိုင်ထွားဖို့ပင် ... အစားမျိုး စုံ ငွေကုန်ခံရာတွင် ... ရာချီပလိန်းကိတ် ဆိတ်သားပါတင် ... ကျုပ်ကိုဖိတ်ခေါ်ကျွေးလျှင် ... ကျေးရွာတင် ... ဘဲရိုးသိုင်းကျူး ခင်မင်)၂ ဒါပေမယ့်လည်း ... အမြဲပဲ အသည်းစွဲ ... လျှာပေါ်ဝဲ တဲ့ ငါးပိကင် ရှေးနည်းမှာမျှင် ...

(သံပြိုင်) လက်ဖက်၊ ပဲလှော်၊ ငါးပိကင် ...။ ။

အထက်ဖော်ပြပါ ခေတ်ဟောင်းသီချင်းသည် မြန်မာ လူမျိုးတို့၏ ရိုးရာလက်ဖက်ရည်ကြမ်းဝိုင်း ယဉ်ကျေးမှုဓလေ့ကို အပီပြင်ဆုံး ဖော်ကျူးထားခြင်းသာ ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

## လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ မြန်မာဓလေ့ထုံးစံများ

မြန်မာတို့၌ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဓလေ့ထုံးစံများရှိကြသည်။ ထိုဓလေ့ထုံးစံများသည် ရှည်လျားခဲ့ပြီဖြစ်သော မြန်မာလူမျိုးတို့၏ သမိုင်းကြောင်းကို အခြေပြု၍ တဖြည်းဖြည်း ရှင်သန်ကြီးထွားလာခဲ့ခြင်းသာ ဖြစ်ပေသည်။ ဓမ္မသတ်ကျမ်းများ၏ အဆိုအမိန့်အရသော်လည်းကောင်း၊ သမိုင်းမှတ်တမ်းများအရ ဖော်ပြရလျှင်လည်းကောင်း ...

အင်းဝနေပြည်တော်၌ မိုးညှင်းမင်းတရား နန်းစံတော်မူစဉ် ခရစ်နှစ် ၁၄၃၅ ခုနှစ်၌ အီတလီနိုင်ငံ၊ ဗင်းနစ်မြို့ 'ဒိုကိုလိုဒီကွန်တီ'သည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ဖူးသည်။ သူသည် မြန်မာတို့၏ ဓလေ့ထုံးတမ်းတို့ကို မှတ်တမ်းတင်ခဲ့ရာ 'တစ်လင် တစ်မယားစနစ်'လည်း ပါဝင်ခဲ့သည်။ တစ်လင် တစ်မယားစနစ်ဟူသည် မိန်းမတစ်ယောက်သည် တစ်သက်သာ၌ လင်တစ်ယောက်သာယူခြင်း၊ ယောက်ျားတစ်ယောက်သည် မယားတစ်ယောက်သာ ယူခြင်းပင် ဖြစ်သည်။



လူကြီးသူမများသည် ဖန်းမောင်နှံတို့ကို ဆုပေးသည့်အခါ၌လည်း "သည်လင်သည်မယား အိုအောင်းမင်းအောင် ပေါင်းရပါစေ၊ ထင်းပုံခေါင်းချပေါင်းရပါစေ၊ ရိုးမြေကျပေါင်းရပါစေ"ဟူ၍ ဆုပေးလေ့ရှိကြသည်။ ဤတွင် ထင်းပုံခေါင်းချဟူသည်မှာ အလောင်းကို ထင်းပုံပေါ်တင်ပြီး သင်္ဂြိုဟ်သည့်တိုင် ပေါင်းသင်းပါမယ်ဟု ဆိုလိုရင်းဖြစ်ပြီး၊ ရိုးမြေပြာကျ ဆိုသည်ကလည်း အလောင်းမီးသင်္ဂြိုဟ် (ဝါ) ပြာကျသွားသည့်တိုင် တည်တံ့နိုင်မြဲသော ချစ်ခြင်းမေတ္တာ သစ္စာတို့ဖြင့် ပေါင်းသင်းပါမည်ဟု ဆိုလိုရင်းပင် ဖြစ်သည်။

မြန်မာလူမျိုးတို့၌ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာများ ရှိကြသည်။ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာဥပဒေအရ လက်ထပ်ထိမ်းမြားရာ၌ တရားဝင်စေရန် အောက်ပါအချက်များနှင့် ပြည့်စုံရသည်။

၁။ သတို့သားလောင်းသည် အိမ်ထောင်ပြုရန်အတွက် ကျန်းမာသန်စွမ်းရမည်။

၂။ သတို့သမီးလောင်းသည် အသက်နှစ်ဆယ်ပြည့်ရမည်။ သို့တည်းမဟုတ် မိဘအုပ်ထိန်းသူ၏ သဘောတူညီချက်ရရှိရမည်။

၃။ သတို့သားလောင်းနှင့် သတို့သမီးလောင်းတို့သည် အကြင်လင်မယားအဖြစ် ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းနေထိုင်ရန် ရည်ရွယ်ချက်ဖြင့် လက်ထပ်ထိမ်းလိုကြောင်း နှစ်ဦးသဘောတူ ကတိ

www.burmeseclassic.com

www.burmeseclassic.com



ပရိုညာဉ်ပြုပြီး လွတ်လပ်စွာ ဆန္ဒပေးရမည်။

၄။ သတို့သားလောင်းနှင့် သတို့သမီးနှစ်ဦးစလုံးသည် စိတ်ပေါ့သွပ်များ မဖြစ်စေရ။

၅။ သတို့သမီးလောင်းတွင် မပြတ်စဲသော တရားဝင် ယောကျ်ား မရှိစေရ။

၆။ အထင်အရှား ထိမ်းမြားလက်ထပ်မှုတစ်ခု မပြုလုပ်ခဲ့ပါလျှင် လင်မယားအဖြစ် လူသိရှင်ကြား ပေါင်းသင်းနေထိုင်မှု ရှိရမည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ထိမ်းမြားလက်ထပ်ခြင်း တရားဝင်စေရန်အတွက် ထိုအချက်(၆)ချက်သာ လိုအပ်၍ မည်သည့်အခမ်းအနားမျှ ကျင်းပပြုလုပ်ရန် မလိုအပ်ကြောင်း ဓမ္မသတ်နှင့် တရားစီရင်ထုံးများတွင် တညီတညွတ်တည်း ပြဆိုထားသည်ကို လေ့လာတွေ့ရှိရသည်။

ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာများ၌ ထိုဘာသာဝင်များကို အခြားဘာသာဝင်များနှင့် ထိမ်းခြားလက်ထပ်ခြင်းကို ဘာသာတရားကပင် ကျပ်တည်းစွာ တားမြစ်ပိတ်ပင်ထားသည်။ ဟိန္ဒူဘာသာတွင် ဟိန္ဒူဘာသာဝင်အချင်းချင်းပင်ဖြစ်သော်လည်း ဇာတ်မတူလျှင် ထိမ်းမြားလက်ထပ်ခြင်းမပြုနိုင်။ အခြားဘာသာဝင်တို့နှင့် လက်ထပ်ရန်ကား လုံးဝမဖြစ်နိုင်ပေ။

မြန်မာ့ဓမ္မသတ်ကျမ်းများနှင့် မြန်မာ့ဓလေ့ထုံးတမ်းများအရကား ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဘာသာခြားနှင့် ထိမ်းမြား



လက်ထပ်ခြင်းမပြုရဟု တားမြစ်ထားခြင်း လုံးဝမရှိချေ။ ထို့ကြောင့် ဗုဒ္ဓဘာသာနှင့် ဘာသာခြားတို့ ထိမ်းမြားလျှင် ထိမ်းမြားမှု တည်မြဲနိုင်မခြင်း ရှိ မရှိဆိုသည့် ပြဿနာမှာ ဘာသာခြားဥပဒေအပေါ်၌သာ တည်နေသည်။ ဘာသာခြား၏ ဥပဒေက ဗုဒ္ဓဘာသာဝင်တစ်ယောက်နှင့် ထိမ်းမြားခြင်းကို အသိအမှတ်မပြုလျှင် ထိုထိမ်းမြားခြင်းသည် တရားမဝင်ဟု ရှေးခေတ် စီရင်ထုံးများတွင် တွေ့ရ၏။ ထို့ကြောင့် ထိမ်းခြားလက်ထပ်ရေးနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ဓလေ့ထုံးတမ်းများက အချုပ်အချယ်မရှိ လွတ်လပ်ခွင့်ပေးထားသည်နှင့်အမျှ ဘာသာခြားတို့၏ ဓလေ့ထုံးတမ်းများက ကျပ်တည်းလှသည်။

မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ လက်ထပ်ပြီးသော ဇနီးမောင်နှံများသည် ကွာရှင်းရန် အကြောင်းရှိ၍ လင်မယားကွာရှင်းလိုလျှင် နှစ်ဦးသဘောတူ ကွာရှင်းခွင့်ရှိသည်။ ထို့အပြင် လက်ထပ်ပြီး တရားဝင် လင်ယောကျ်ားရှိသူ အမျိုးသမီးတစ်ယောက်သည် အခြားအမျိုးသားတစ်ဦးနှင့် ပေါင်းသင်းလက်ထပ်ခွင့် မရှိပေ။ ''မိန်းမကောင်းပန်းပန် တစ်ပွင့်တည်း''ဆိုရိုးစကားရှိလေသည်။

သို့သော် တရားဝင်မယားရှိသူ အမျိုးသားတစ်ယောက်သည် အခြားအမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ယူခြင်းကိုမူ တားမြစ်ခြင်းမရှိပေ။ ''ယောကျ်ားကောင်း မောင်းမတစ်ထောင်'' ဟု ဆိုရိုးရှိခဲ့သည်။ ထို့ကြောင့် မယားတစ်ယောက်မက ရှိသော လင်ယောကျ်ားကွယ်လွန်သည့်အခါ မယားကြီး၊ မယားငယ် အမွေခွဲဝေမှုပြဿနာ ပေါ်ပေါက်ခဲ့ရသည်။ ထို့ကြောင့် မယားပြိုင်လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဥပဒေသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် ပေါ်ပေါက်လာခဲ့ရသည်ဟု ဆိုကြသည်။

ထို့အပြင် ထိမ်းမြားလက်ထပ်ခြင်း တရားဝင်ဖြစ်စေရန် အသက်နှစ်ဆယ်ပြည့်ရမည်။ သို့မဟုတ် မိဘအုပ်ထိန်းသူ၏ သဘောတူညီမှုကို ရရှိရမည်ဟု မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် ပါရှိသည်။ ဤအချက်အရ အသက် ၂၀ ပြည့်ပြီးသူ အမျိုးသမီးတစ်ယောက်သည် မိဘအုပ်ထိန်းသူများ သဘောမတူသည့် အမျိုးသားတစ်ယောက်ကို မိမိတို့ဆန္ဒအလောက် နှစ်ဦးသဘောတူ တရားဝင်လက်ထပ်ယူခွင့်ရှိသည်။ ထို့ကြောင့် တရားရုံးသို့ သွားရောက်ပြီး သက်ဆိုင်ရာတရားသူကြီး၏ ရှေ့မှောက်တွင် သက်သေများထား၍ မိမိတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပါမည်ဖြစ်ကြောင်း ကတိသစ္စာဆိုပြီး နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးခြင်းတည်းဟူသော တရားရုံးလက်ထပ်ခြင်းအစဉ်အလာသည် ပေါ်ပေါက်ခဲ့ရပေသည်။

လင်မယားဇနီးမောင်နှံတို့သည် မိမိတို့ဆန္ဒအရ ကွာရှင်းပြတ်စဲခဲ့ကြပြီးနောက်တစ်ဖန် ပြန်လည်ပေါင်းသင်းလိုလျှင်လည်း မိမိတို့ဆန္ဒအလျောက် လွတ်လပ်စွာ လူသိရှင်ကြား အထင်အရှား ပြန်လည်ပေါင်းသင်းနိုင်ကြသည်။ ထိမ်းမြားခြင်းနှင့် ပတ်သက်၍ ထိမ်းခြားခြင်း ၁၀ မျိုးရှိရာ ၎င်းတို့မှာ ...

၁။ ပုဆိုးတန်းတင် ထိမ်းမြားခြင်း၊

၂။ လက်ဆုံစား၍ ထိမ်းမြားခြင်း၊

၃။ လက်စွပ်လဲ၍ ထိမ်းမြားခြင်း၊



၄။ အဝတ်လဲ၍ ထိမ်းမြားခြင်း၊

၅။ လက်ထပ်၍ ထိမ်းမြားခြင်း၊

၆။ ဒါလီဖွဲ့၍ ထိမ်းမြားခြင်း၊

၇။ စုလျားရစ်ပတ်၍ ထိမ်းမြားခြင်း၊

၈။ ပန်းကုံးစွပ်၍ ထိမ်းမြားခြင်း၊

၉။ ရေဖလားထဲ လက်ချ၍ ထိမ်းမြားခြင်း၊

၁၀။ ဦးထိပ်တွင် ရေစင်သွန်း၍ ထိမ်းမြားခြင်းတို့ ဖြစ်ကြသည်။ ယနေ့ခေတ်တွင် အထက်ပါထိမ်းမြားခြင်း (၁၀)မျိုးအပြင် တရားရုံးတွင် ထိမ်းမြားလက်ထပ်ခြင်းက ပို၍ ခေတ်စားလာလေသည်။ အမျိုးသားနှင့် အမျိုးသမီးသည် ယနေ့ခေတ်၌ နှစ်ဦးသဘောတူ တရားရုံးတွင် လက်ထပ်နိုင်ကြသည်။ ဤသို့ တရားရုံး၌ လက်ထပ်ခြင်းသည် ဥပဒေအရ တရားဝင်ထိမ်းမြားလက်ထပ်မှု ဖြစ်သည့်အပြင် ငွေကုန်ကြေးကျလည်းသက်သာ၊ အချိန်ကုန်လူပန်းလည်း သက်သာကြောင်း ယနေ့ခေတ်တွင် ရေပန်းစားသော ထိမ်းမြားမှုပင် ဖြစ်သည်။ ဤသည်မှာ ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာ အကျဉ်းချုပ်သာလျှင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၈၁)

## လင်မယားဂြိုဟ်မြေန်မြေကွာရှင်းသည့်ဓလေ့

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဓာတ်ရိုက်ဓာတ်ဆင် ဗေဒင်ယတြာတို့ကိုလည်း များစွာယုံကြည်အားထားကြလေသည်။ ဤဗေဒင်ကိန်းခန်းကို ယုံကြည်ချက်ကြောင့်ပင်လျှင် လင်မယား ဂြိုဟ်မြေန်မြေ ကွာရှင်းသည့်ဓလေ့ ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်း ဖြစ်သည်။ ဤသို့ ကွာရှင်းရာတွင် ထာဝရကွာရှင်းရန် မဟုတ်ဘဲ ဟန်ဆောင်ကွာရှင်းခြင်းသာ ဖြစ်ပေသည်။

လင်မယား ဇနီးမောင်နှံတို့သည် ဗေဒင်ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်တို့ကို ယုံကြည်သည့်အားလျော်စွာ ဗေဒင်ဆရာ၏ ဟောပြောချက်ကြောင့် မကောင်းသည့် ဘေးဥပဒ်အန္တရာယ်များမှ လွတ်ကင်းကြစေရန် ရည်ရွယ်ချက်ဖြင့် ဂြိုဟ်မြေန်မြေဟု သဘောထားကာ လင်မယားနှစ်ယောက် ရက်အပိုင်းအခြားနှင့် ခွဲခွာနေထိုင်ကြလေသည်။ ထိုရက်အပိုင်းအခြားကို 'ကွာ'သည်ဟု သဘောထားပြီး ဓာတ်ရိုက်ဓာတ်ဆင်၊ ယတြာချေသည့်အလုပ်များကို ပြုလုပ်တတ်ကြသည်။



ထိုသတ်မှတ်ထားသည့် ရက်အပိုင်းအခြားပြည့်သည့်အခါ ပြန်လည်ပေါင်းသင်းနေထိုင်ကြသည်။ ဤကဲ့သို့ ဗေဒင်အလိုအရ ခေတ္တခွဲခွာနေထိုင်ခြင်းကို ဂြိုဟ်မြေန်မြေ ကွာရှင်းသည်ဟု ခေါ်သည်။ ဤသို့ ဂြိုဟ်မြေန်မြေဟုခေါ်သည့် ဟန်ဆောင်ကွာရှင်းမှုမျိုးကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေက အသိအမှတ်ပြုထားကြောင်း ရှေးဟောင်းစီရင်ထုံးများတွင် တွေ့ရှိရသည်ဟု 'မြန်မာ့ထုံးတမ်းဥပဒေများ'စာအုပ်တွင် မှတ်သားလေ့လာခဲ့ရလေသည်။ ဤသည်မှာ လင်မယားဇနီးမောင်နှံတို့ ဂြိုဟ်မြေန်မြေကွာရှင်းသည့် ဓလေ့သာ ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၇၂)
## သင်္ကြန်ပွဲတော် ကျင်းပသည့်ဓလေ့

မြန်မာတို့၏ ၁၂ လရာသီ ပွဲတော်များတွင် တန်ခူးလတွင် ကျင်းပဖြစ်သော အတာသင်္ကြန်ရေသဘင်ပွဲတော်သည် အစည်ကားဆုံးပင် ဖြစ်ပေသည်။ ဤ၌ သင်္ကြန်ဟူသည် ပါဠိ 'သင်္ကန္တ'၊ 'သင်္ကတ'ဘာသာ၊ 'သင်္ကြန္တ'ဟူသော ပုဒ်ကို မြန်မာမှုပြုထားခြင်း ဖြစ်ပြီး 'ကူးပြောင်းခြင်း'ဟု အဓိပ္ပာယ်ရသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် သင်္ကေတဖြင့် သင်္ကြန်ပွဲတော်ကို ကျင်းပကြခြင်းဖြစ်သည်။ (သင်္ကရာဇ် ဦးခေါင်းပြောင်းသည့်အကြောင်းကို အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။)

ထို့အပြင် နှစ်သစ်ကူးချိန်သို့ရောက်တိုင်း သကြားမင်း လူ့ပြည်ဆင်းကာ ကောင်းသူများကို ရွှေပုရပိုက်တွင် ရေးမှတ်၍ မကောင်းသူများကို ခွေးသားရေပုရပိုက်တွင် ရေးမှတ်ယူသွားကြောင်း ရှေးက လူကြီးသူမများ ပြောပြ၍ သိရှိခဲ့ရသည်။ သင်္ကြန် ၄ ရက်တွင် သကြားမင်း လူ့ပြည်သို့ ဆင်းလာသည်ဟူသည် ယုံကြည်ယူဆချက်တို့ကြောင့် မြန်မာတို့သည် သင်္ကြန်အကြိုနေ့ကတည်းက အတာအိုးထဲတွင် ပန်းအမျိုးမျိုး၊ အညွန့်အမျိုးမျိုး စိုက်ကာ သိကြားမင်းကို အတာအိုးဖြင့် ကြိုဆိုလေ့ရှိကြသည်။



သင်္ကြန်တွင်း၌ ကာလသား၊ ကာလသမီး၊ လူငယ်လူရွယ်တို့သည် ရေပက်ကစားလေ့ရှိကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးတို့ကို ပါမသွားစေရန် အတာရေစင်ဖြင့် သန့်ရှင်းစင်ကြယ်အောင် ဆေးကြောသည့်အဓိပ္ပာယ်နှင့် ရေပက်ကစားကြခြင်းပင်ဖြစ်သည်။ ရှေးအခါကမူ ဖလားတွင် ရေထည့်ပြီး တစ်ဦးနှင့်တစ်ဦး အချင်းချင်း သပြေခက်နှင့် အတာရေစင် ဖျန်းပက်ခဲ့ကြသည်။

ယခုခေတ်တွင်မူ မဏ္ဍာပ်များထိုး၍ ရေပိုက်များဖြင့် ရေကစားခြင်း၊ အဆိုအက၊ အလှသဘင်များဖြင့် ဖျော်ဖြေခြင်း၊ သင်္ကြန်ထမင်း၊ မုန့်လုံးရေပေါ်၊ စတုဒိသာကျွေးမွေးခြင်းများကို ပြုလုပ်ကြသည်။ လူငယ်များက ရေပက်ကစားကြသော်လည်း လူကြီးများကမူ အတာသင်္ကြန် အခါကြီးရက်ကြီးထဲ၌ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ကို ပြုလုပ်ကြသည်။

ထို့အပြင် နှစ်ဆန်းတစ်ရက်နေ့တွင် မင်္ဂလာယူသည့်အနေနှင့် အလှူဒါနပြုလေ့ရှိကြသည်။ စုပေါင်းငါးလွှတ်ခြင်း၊ သက်ကြီးပူဇော်ပွဲများ ကျင်းပခြင်း၊ ပရိတ်တရားနာယူခြင်း အစရှိသည့် ကုသိုလ်များကို ဆည်းပူးကြလေသည်။ သင်္ကြန်ကာလသို့ မရောက်မီကတည်းက ကြိုတင်ထွက်ရှိနေသည်ကား 'သင်္ကြန်စာ'ပင် ဖြစ်သည်။ မြန်မာတို့သည် သင်္ကြန်မကျမီကတည်းကပင် ထွက်ရှိနေသည့် သင်္ကြန်စာကိုလည်း အထူးပင် စိတ်ဝင်စားကြသည်။ အဘယ့်ကြောင့်ဆိုသော် သင်္ကြန်စာတွင် နှစ်သစ်အတွက် ဟောကိန်းများပါလေ့ရှိသောကြောင့်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သကြံန်စာမမှန်တာ မဟောဘူး"ဟု ဆိုသည့်စကားအရ လူတို့သည် လာမည့်နှစ်တွင် ဖြစ်ပေါ်လာနိုင်မည့် အကြောင်းတို့ကို သိချင်ကြသည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မိုးလေဝသအခြေအနေနှင့် လယ်ယာစိုက်ပျိုးရေးအခြေအနေ ဟောကိန်းများ သကြံန်စာထဲတွင် ပါသည်။

ထို့အပြင် သကြံန်စာထဲတွင်ပါသည့် သကြားမင်း လူ့ပြည်သို့ မည်သည့်သတ္တဝါစီး၍ ဆင်းလာသည်၊ ဘယ်ညာလက်နှစ်ဖက်တို့တွင် မည်သည့်အရာတို့ကို ကိုင်ဆောင်၍ဆင်းသည်ကိုကြည့်ပြီး လာမည့်နှစ်အဆိုးအကောင်းကို ခန့်မှန်းကြသည်။ နိမိတ်ဖတ်ကြသည်။ ထို့မှတစ်ပါး သကြံန်စာထဲတွင် ပုဂ္ဂိုလ်တစ်ဦးချင်း၏ ဟောစာတမ်းလည်းပါသည်။ နှစ်သစ်တွင် မည်သည့်နေ့နံ သားသမီးများ ကံကောင်း၍၊ မည်သည့်နေ့နံ သားသမီးများ ကံဇာတာညံ့သည်၊ မည်သို့ယတြာချေရမည်၊ မည်သည့်အရာကိုဆောင်၊ မည်သည့်အရာတို့ကို ရှောင်ရမည်ဟု ဖော်ပြထားလေသည်။ ဤသည်မှာ မြန်မာ့ရိုးရာသကြံန်ပွဲတော် ကျင်းပသည့် ဓလေ့ထုံးစံများပင် ဖြစ်ပါလေတော့သည်။

# (၈၃)

# သာသနာ့အလံတော် အထိမ်းအမှတ်ဓလေ့

ယနေ့ မြန်မာနိုင်ငံတွင်သာမက ဗုဒ္ဓဘာသာ နိုင်ငံအသီးသီးတွင် ဗုဒ္ဓဘာသာအခမ်းအနားများ ကျင်းပသည့်အခါတိုင်း ရောင်ခြည်တော်ခြောက်သွယ်ပါသည့် သာသနာ့အလံတော်ကို ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူလေ့ရှိကြသည်။

ထိုအလံတော်ကို စတင်တည်ထွင်ရန် အကြံပြုသူမှာ အမေရိကန်နိုင်ငံသား 'ကာနယ်အော(လ်)ကော့'ဆိုသူပင်ဖြစ်သည်။ သူ့ကို ၁၈၃၂ ခုနှစ်၌ 'အမေရိကန်ပြည်ထောင်စု'၊ 'နယူးဂျာစီပြည်နယ်'၊ 'အော်ရိန်းမြို့'၌ ဖွားမြင်ခဲ့သည်။ အသက်(၂၉)နှစ်အရွယ်တွင် အမေရိကန် ငွေဝယ်ကျွန်စနစ်တိုက်ဖျက်ရေး စစ်ပွဲကြီးတွင် ပါဝင်အမှုထမ်းခဲ့ပြီးနောက် စစ်ပြီးပြီးသောအခါ အစိုးရအမှုထမ်းအဖြစ် ဆောင်ရွက်ရင်း ရုရှားလူမျိုး စိတ်ပညာရှင် မဒမ်ဘလာဗက်စကီး(၁၈၃၁–၁၈၉၁)၏ စာပေများကို ဖတ်ရှုလေ့လာမိသည်။

၁၈၇၅ ခုနှစ်၌ နယူးယောက်မြို့တွင် သီအိုဆိုဖီအသင်းကို တည်ထောင်ခဲ့သလို ၁၈၇၉ ခုနှစ်၌လည်း သီအိုဆိုဖီအသင်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို အိန္ဒိယနိုင်ငံ၊ မဒရပ်ပြည်နယ်၊ အာဒယာမြို့သို့ ပြောင်းရွှေ့ပြီး နိုင်ငံ ၇၀ ကျော်မှ အသင်းသားများ ပါလာအောင် စည်းရုံးနိုင်ခဲ့သည်။ ထို့နောက် သီဟိုဠ်ကျွန်းတွင် 'အနာဂါရိကဓမ္မပါလ'နှင့် သီအိုဆိုဖီအသင်းတွင် တွေ့ဆုံမိကြပြီး ဗုဒ္ဓဘာသာကို လေ့လာကြသည်။

သီဟိုဠ်ကျွန်းတွင် ဗုဒ္ဓဘာသာ အင်္ဂလိပ်စာသင်ကျောင်း ၃၀၀ ကျော်၊ ကောလိပ်ကျောင်း ၃ ကျောင်း။ ကလေးများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးမှု အင်္ဂလိပ်အမေးအဖြေစာအုပ်တို့ကို ပြုစု ထုတ်ဝေခဲ့ပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ သီဟိုဠ်တွင် ဗုဒ္ဓ၏ သီအိုဆိုဖီအသင်းကို တည်ထောင်ခဲ့သလို မြန်မာနိုင်ငံသို့ လာရောက်၍လည်း သီအိုဆိုဖီအသင်းတို့ကို တည်ထောင်ခဲ့သေးသည်။

၁၈၈၉ ခုနှစ်တွင် အနာဂါရိကဓမ္မပါလနှင့်အတူ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီး ထေရဝါဒနှင့် မဟာယာနချစ်ကြည်ရေးဆိုင်ရာ တိုးတက်မှုအတွက် ဟောပြောစည်းရုံးခဲ့သည်။ ကာနယ်အော(လ်)ကော့ သီဟိုဠ်၌ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်နေစဉ် သီဟိုဠ်တွင်ကျင်းပသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ အခမ်းအနားများ၊ ဗုဒ္ဓစွယ်တော်ပူဇော်ပွဲများတွင် သာသနာ့ဆိုင်ရာ အလံများ လွှင့်ထူမှုနှင့်ပတ်သက်ပြီး လွှင့်ထူစရာအလံမရှိသည်ကို သူသတိပြုမိခဲ့သည်။

ထိုသို့ သတိပြုမိခဲ့သည့် ကာနယ်အော(လ်)ကော့သည် ကိုလံဘိုကော်မတီနှင့် ဆွေးနွေးပြီး ဘုရားရှင်၏ ရောင်ခြည်တော်



ခြောက်သွယ်အလံကို ဒီဇိုင်းရေးဆွဲ တင်ပြခဲ့သည်။ ထိုဒီဇိုင်းကို သီဟိုဠ်သာသနာ့ဥသျှောင်(သာသနာပိုင်)ဆရာတော် 'သိရိသုမင်္ဂလ မဟာထေရ်'ထံ တင်ပြရာ ဆရာတော်ကြီးက အတည်ပြုတော်မူ၍ ၁၈၈၅ ခု၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျရောက်သော ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သာသနာ့အလံကို ပထမဦးဆုံး လွှင့်ထူခဲ့ကြလေသည်။

ထိုအချိန်က သာသနာ့အလံကို ဒေသအတွင်း၌သာ အသုံးပြုခဲ့ကြသေးသည်။ နောင်တွင် အနာဂါရိကဓမ္မပါလသည် ဂျပန်နိုင်ငံ စသော နိုင်ငံအသီးသီးသို့ သယ်ယူဖြန့်ချိခဲ့သည်။ သို့သော် များစွာမတွင်ကျယ်ခဲ့ချေ။ ၁၉၅၀ ခုနှစ်တွင် သီဟိုဠ်နိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာကွန်ဂရက်က ကြီးမှူး၍ နိုင်ငံပေါင်း ၂၀ ကျော်မှ ဗုဒ္ဓဘာသာကိုယ်စားလှယ်များကို ဖိတ်ကြားပြီး မေလ ၂၅ ရက်နေ့တွင် ကန္ဒီမြို့၌ ကမ္ဘာ့ဗုဒ္ဓသာသနာအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်။

ထိုအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီက ဗုဒ္ဓဘာသာနိုင်ငံများ၊ ဗုဒ္ဓဘာသာမဟုတ်သော နိုင်ငံများရှိ ဗုဒ္ဓဘာသာအသင်းအဖွဲ့များက တူညီသောအမှတ်လက္ခဏာအဖြစ် သီဟိုဠ်နိုင်ငံတွင် အသုံးပြုလျက်ရှိသော ဗုဒ္ဓသာသနာ့အလံကို တညီတညွတ်တည်း လက်ခံအသုံးပြုကြရန် နိုင်ငံပေါင်း ၂၀ မှ ကိုယ်စားလှယ်များက တိုက်တွန်းခဲ့ကြသည်။ ဗုဒ္ဓဘာသာကိုယ်စားလှယ်အားလုံးကလည်း လက်ခံကြသောကြောင့် ၁၉၅၁ ခုနှစ်၊ ဗုဒ္ဓဟူးနေ့တွင် ထိုအလံကို သာသနာ့အလံအဖြစ် အသုံးပြုကာ လွှင့်ထူခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစတင်၍ ကမ္ဘာတစ်ဝှမ်းလုံးရှိ ဗုဒ္ဓဘာသာအသင်းအဖွဲ့များသည် ဘုရားရှင်၏ ရောင်ခြည်တော်ခြောက်ပါးကို ဒီဇိုင်းပြုထားသော အလံကို သာသနာ့အလံတော်အဖြစ် အထိမ်းအမှတ်ပြုကာ အသုံးခဲ့ကြခြင်းပင် ဖြစ်ပါလေတော့သည်။

## (၇၄)
## သုသာန်တိုင်သည့် မိရိုးဖလာဓလေ့ထုံးစံ

မြန်မာလူမျိုးတို့တွင် ရှေးလူကြီးသူမ မိဘဘိုးဘွားများလက်ထက်ကတည်းကပင် အစဉ်အလာအရ ပြုလုပ်ခဲ့ကြသည့်အတွက် လက်ခံထားခဲ့ရသည့် မိရိုးဖလာဓလေ့ထုံးစံတို့ များစွာပင်ရှိကြပေသည်။ ထိုအစဉ်အလာ ဓလေ့ထုံးစံများထဲ၌ နာရေးအသုဘနှင့် ပတ်သက်သည့် အစဉ်အလာဓလေ့ထုံးစံတို့လည်း ပါဝင်ကြသည်။ ထိုအသုဘနှင့် ပတ်သက်သည့် အစဉ်အလာဓလေ့များစွာတို့ထဲတွင် သုသာန်တိုင်ခြင်းဓလေ့လည်း အပါအဝင်ဖြစ်သည်။

သုသာန်တိုင်သည်ဟူသော အဓိပ္ပာယ်မှာ . . . အသုဘချမည့်နေ့တွင် နံနက်ကတည်းက သုသာန်သို့သွားပြီး တွင်းတူးရသည်။ တွင်းမတူးမီ တူးမည့်သူက "အသင်မြေစောင့်နတ်မင်း၊ လူတစ်ယောက်စာလောက် မြေပေးပါခင်ဗျာ။ နောက်နောင်ဘယ်တော့မှ မလာပါဘူး အသင်နတ်မင်း"ဟု ပြောဆိုရသည်။ ဤသည်ကိုပင် သုသာန်တိုင်သည်ဟု ခေါ်ခြင်းဖြစ်သည်။ ထိုနောက်

www.burmeseclassic.com

www.burmeseclassic.com



မြေစောင့်နတ်မင်းအား လက်ဖက်ထုပ်၊ ကွမ်းယာတို့ဖြင့် ပသရလေသည်။ ဤသည်မှာ ရှေးခေတ်က သုသာန်တိုင်သည့်ဓလေ့ပင်ဖြစ်သည်။ ယနေ့ခေတ်တွင်မူ ဓလေ့ထုံးစံကား ပျောက်ကွယ်သွားချေပြီ။ ဤသို့ သုသာန်တိုင်ကြရာမှ ယနေ့ကာလ အချို့အရပ်ဒေသများတွင် အသုဘ သင်္ချိုင်းထဲသို့ရောက်သွားသည်နှင့် မြေမြှုပ်မည့်နေရာတွင် အလျင်ရောက်နှင့်နေသူများက "နောက်လာဦးမလား"ဟု အော်ဟစ်မေးမြန်းပြီး ခဲနှင့်ပေါက်ကြသည်။ အသုဘလိုက်ပို့သူများက "မလာတော့ပါဘူး"ဟု ပြန်လည်အော်ဟစ်ပြောဆိုကြရသည်။ ဤသည်မှာ ရှေးခေတ်နှင့် ယခုခေတ် သုသာန်တိုင်ပုံ အစဉ်အလာမိရိုးဖလာဓလေ့ထုံးစံပင် ဖြစ်ပါတော့သည်။

## (၇၅)
## သုံးဆယ့်ခုနစ်မင်းနတ် ကိုးကွယ်သည့်ဓလေ့

မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသော်လည်း ဗုဒ္ဓဘာသာနှင့် မည်သို့မျှ မသက်ဆိုင်သည့် နတ်ကိုးကွယ်သည့် ဓလေ့ကိုလည်း တကောင်းခေတ်၊ ပုဂံခေတ် အစရှိသည့် ခေတ်အဆက်ဆက်မှစ၍ ကိုးကွယ်လာခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်လေသည်။

မြန်မာ့ရိုးရာအစဉ်အလာအရ ကိုးကွယ်ခဲ့ကြသည့် နတ်စာရင်းမှာ ၃၇ မင်းနတ်တို့ပင် ဖြစ်ကြသည်။ တစ်ဖန် ထို ၃၇ မင်းနတ်၌လည်း အတွင်း ၃၇ မင်းနှင့် အပြင် ၃၇ မင်းဟူ၍ နှစ်မျိုးရှိလေသည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် နတ်ကိုးကွယ်မှု ပပျောက်စေရန်အတွက် တိုင်းသူပြည်သားလူအများတို့၏ အိမ်ရှေ့တွင် အထွတ်အမြတ်ထားကာ ကိုးကွယ်ထားကြသည့် နတ်ရုပ်များအား စုရုံးသယ်ဆောင်စေပြီး ရွှေစည်းခုံဘုရားတံတိုင်းအတွင်း စုပုံထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်အခါ ရွှေစည်းခုံဘုရားတံတိုင်းအတွင်း၌ရှိသော နတ်ရုပ်များအား အတွင်း ၃၇ မင်းဟုလည်းကောင်း၊ တံတိုင်းအပြင်တွင်ရှိသော နတ်ရုပ်များကို အပြင် ၃၇ မင်းဟုလည်းကောင်း ခွဲခြားသတ်မှတ်၍ ကိုးကွယ်ခဲ့ကြသည်။

ပုဂံခေတ် အနော်ရထာနှင့် ကျန်စစ်သားမင်းတို့လက်ထက်တွင် အတွင်း ၃၇ မင်း အပြည့်အစုံရှိပြီးဖြစ်သော်လည်း အပြင် ၃၇ မင်းမှာမူ ၂၂ ပါးသာ ရှိသေးသည်ဟု ဆိုကြသည်။ နောင်အခါ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်သို့ ရောက်မှသာလျှင် ၃၇ မင်း ပြည့်စုံလာသည်ဟု ဆိုကြသည်။ ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက် ပညာရှိများစုပေါင်းညှိနှိုင်း၍ အတည်ပြုခဲ့သည့် အပြင် ၃၇ မင်း နတ်စာရင်းမှာ အောက်ပါအတိုင်းပင် ဖြစ်ကြသည်။

၁။ သိကြား၊ ၂။ မဟာဂိရိ၊ ၃။ စောမိယာ၊ ၄။ သုံးပန်လှ၊ ၅။ ရှင်နဲမိ၊ ၆။ ရွှေနပေ၊ ၇။ တောင်မကြီးရှင်ညီ၊ ၈။ မြောက်မင်းရှင်ဖြူ၊ ၉။ ထီးဖြူစောင်း၊ ၁၀။ ထီးဖြူစောင်းမယ်တော်၊ ၁၁။ ပရိမ္မရှင်မင်းခေါင်၊ ၁၂။ ရွှေဖျဉ်းကြီး၊ ၁၃။ ရွှေဖျဉ်းငယ်၊ ၁၄။ မန္တလေးဘိုးတော်၊ ၁၅။ ရှင်ကွ၊ ၁၆။ ညောင်ချင်းအို၊ ၁၇။ မင်းစည်သူ၊ ၁၈။ မင်းသားဒန်းမောင်ရှင်၊ ၁၉။ မင်းကျော်စွာ၊ ၂၀။ အောင်စွာမကြီး၊ ၂၁။ မယ်တော်ရွှေစကား၊ ၂၂။ ရွှေစစ်သင်၊ ၂၃။ ငါးစီးရှင်၊ ၂၄။ မင်းတရား၊ ၂၅။ အနောက်မိဖုရား၊ ၂၆။ မောင်ဖိုးတူ၊ ၂၇။ အောင်ပင်လယ်ဆင်ဖြူရှင်၊ ၂၈။ ရှင်ကုန်း၊ ၂၉။ ရွှေနော်ရထား၊ ၃၀။ မင်းရဲအောင်ဒင်၊ ၃၁။ ရှင်တော်၊ ၃၂။ မောင်မင်း



ဖြူ၊ ၃၃။ တစ်ပင်ရွှေထီး၊ ၃၄။ မြောက်ဘက်ရှင်မ၊ ၃၅။ တောင်ငူရှင်မင်းခေါင်၊ ၃၆။ သံတော်ခံ၊ ၃၇။ ယွန်းဘုရင်တို့ပင် ဖြစ်ကြသည်။

ထို့အပြင် ၃၇ မင်းနတ်စာရင်းတွင် မပါသော ဒေသဆိုင်ရာ နတ်များလည်း ရှိကြသေးသည်။ ဥပမာ–ရေနံပိုင်ဦးရှင်ကြီးနှင့် နံကရိုင်းမယ်တော်၊ ဖျာလိပ်နတ်မအောင်ဖြူ စသည်တို့ပင် ဖြစ်ကြသည်။ ဤသည်မှာ မြန်မာလူမျိုးတို့ ခေတ်အဆက်ဆက်ကိုးကွယ်လာခဲ့ကြသည့် နတ်သမိုင်းနှင့် နတ်စာရင်းကို အကျဉ်းချုပ် တင်ပြခြင်းသာ ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (ဂ၆)

## သကြား၊ နဂါး၊ ဂဠုန် ထုလုပ်ထားရှိသည့်ဓလေ့

မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဘုရားစေတီတို့၏ တံခွန်တိုင်အနီးတွင် သိကြား၊ နဂါး၊ ဂဠုန်ရုပ်တုများ ထုထားလေ့ရှိကြသည်။ သိကြားရုပ်ထားကြခြင်းမှာ ဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဗောဓိပင်နှင့် ရွှေပလ္လင်တော်၌ စံတော်မူနေစဉ် သိကြားမင်းက လောကဓာတ်စကြဝဠာ အနန္တရှိ နတ်ဗြဟ္မာအများသိရှိကြစေရန် ခရုသင်းမှုတ်၍ ကြွေးကြော်ခဲ့သည်။ သိကြားမင်း ခရုသင်းမှုတ် ကြွေးကြော်သံကြောင့် စကြဝဠာတိုက်အပေါင်းမှ နတ်ဗြဟ္မာတို့ လာရောက်ကြပြီး မြတ်ဗုဒ္ဓကို ကြည်ညိုခဲ့ကြသည်။

ဤကဲ့သို့ သိကြားမင်း ခရုသင်းမှုတ်၍ အသိပေးကြွေးကြော်ခြင်းကို အထိမ်းအမှတ်ပြုပြီး တံခွန်တိုင်ဘောင်တွင် သိကြားမင်း ခရုသင်းမှုတ်နေသည့်သဏ္ဍာန် ရုပ်တုကို ထုလုပ်ထားခြင်းပင်ဖြစ်သည်။ တစ်ဖန် သိကြားမင်းသည် တစ်ခုသော သန်းခေါင်ယံတွင် ရောက်ရှိလာပြီး ဘုရားရှင်အား မင်္ဂလာတရားတော်ကို လျှောက်ထားမေးမြန်းခဲ့သည်။ ဤသည်ကို အထိမ်းအမှတ်ပြု၍ တံခွန်တိုင်ဘောင်တွင် သိကြားမင်းရှိခိုးပြီး ရပ်နေသောပုံကို ထုလုပ်ကြခြင်းဖြစ်သည်။



တစ်ဖန် 'အမ္ဗဋ္ဌ'လုလင်သည် သူ၏ဆရာဖြစ်သော 'ပါဠ္စရသာတိ'ပုဏ္ဏားကြီး၏ စေခိုင်းချက်အရ ဘုရားရှင်ဟုတ်မဟုတ် လက္ခဏာတော်ကို စစ်ဆေးရန် မြတ်ဗုဒ္ဓထံတော်ပါးသို့ ရောက်ရှိလာသည်။ အမ္ဗဋ္ဌလုလင်ကား အမျိုးကြီးသူဖြစ်သည်။ ဘုရားရှင်က အမ္ဗဋ္ဌလုလင်၏ မိခင်ဘက်မှ ကျွန်အမျိုးအနွယ်ဟောပြသည့် ထိုအကြောင်းကို မေးမြန်းပြီး ဝန်ခံခိုင်းသည်။ အမ္ဗဋ္ဌလုလင်က အဖြေမပေး။ သိကြားမင်းက ဘီလူးယောင်ဆောင်ပြီး သန်လျက်မိုးကာ ခြိမ်းခြောက်မှုပြုသည်။ ဤသည်ကို အထိမ်းအမှတ်ပြု၍ သိကြားမင်း သန်လျက်ကိုင်ရုပ်တုကို တံခွန်တိုင်ဘောင်တွင် ထုလုပ်ထားကြခြင်းဖြစ်သည်။

တစ်ဖန် သိကြားမင်းသည် မာရ်နတ်ကြီးစစ်ရှုံးပြီး ထွက်ပြေးရာမှ ကျန်ခဲ့သည့် 'ဗေလုဝ'နတ်စောင်းကို ကောက်ယူပြီး ပဉ္စသိခ်နတ်သားကို ပေးခဲ့သည်။ သိကြားမင်း နတ်သက်ကြွေခါနီးတွင် ပဉ္စသိခ်နတ်သားကို စေလွှတ်ပြီး ဘုရားဖူးမြော်လိုကြောင်းလျှောက်ထားခဲ့သည်။ ဘုရားဖူးခွင့်ရပြီး တရားနာရာမှ သိကြားမင်းသောတာပန်တည်သည်။ သိကြားမင်းနတ်သက်ကြွေပြီး ထိုခဏမှာပင် သကြားသစ်ပြန်ဖြစ်လာသည်။

ပဉ္စသိခ်နတ်သားက သိကြားမင်းကိုယ်စား ဘုရားရှင်ကို စောင်းနှင့်ပူဇော်ခြင်းအား အထိမ်းအမှတ်ပြုလျက် တံခွန်တိုင်ဘောင်တွင် သိကြားမင်းစောင်းပိုက်ရုပ်တုကို ထုလုပ်ထားခြင်းဖြစ်သည်။ တံခွန်တိုင်ဘောင်တွင် နဂါး၊ ဂဠုန်ရုပ်တို့ ထုလုပ်ရခြင်းသည်ကား ဘုရားရှင်သည် မိမိသကျသာကီမျိုးတို့ ရေကိစ္စအကြောင်းပြု၍ စစ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်ကို တားမြစ်တော်မူခဲ့သည်။ ထိုမှ သာကီဝင် ၅၀၀ တို့ ရဟန်းပြုခဲ့ကြသည်။ ထိုရဟန်း ၅၀၀ ခြံရံလျက် ဘုရားရှင်သည် မဟာဝုန်တောဝယ် မဟာသမယသုတ်ကို ဟောကြားတော်မူခဲ့သည်။

ထိုမဟာသမယသုတ်ကို ဟောကြားရာတွင် ယခင်က ရန်ဘက်ကြီးစွာ ဖြစ်နေကြသည့် နဂါး၊ ဂဠုန်တို့သည် မြတ်ဗုဒ္ဓ ရှေ့တော်မှောက်ဝယ် ချစ်ခင်ကြင်နာစွာ နေထိုင်ကြပြီး အတူတကွ တရားနာယူခဲ့ကြသည်။ တစ်ဦးအပေါ်တစ်ဦး မေတ္တာသက်ဝင်သွားကြလေသည်။ ဤသည်ကို အထိမ်းအမှတ်ပြုသောအားဖြင့် တံခွန်တိုင်ဘေးတွင် နဂါးရုပ်၊ ဂဠုန်ရုပ်တို့ကို ထုလုပ်ထားကြခြင်းသာ ဖြစ်ပါတော့သည်။

(၈၇)

## သုံးနှစ်သုံးမိုးဓလေ့

ရှေးက ချစ်သူသမီးရည်းစားဘဝတွင် သုံးနှစ်သုံးမိုး စောင့်ကြည့်သည့်ဓလေ့ ရှိခဲ့ကြသည်။ ယောက်ျားလေးနှင့် မိန်းကလေးတို့ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်နေကြသော်လည်း သုံးနှစ်ကြာမှသာ လက်ထပ်ပေါင်းသင်းလေ့ ရှိကြပေသည်။ ဤကဲ့သို့ သုံးနှစ်သုံးမိုးကြာမှ လက်ထပ်ကြခြင်းသည်ကား ... သူ့အသိုင်းအဝိုင်းနှင့် ကိုယ့်အသိုင်းအဝိုင်း၊ သူ့ဘက်၊ ကိုယ့်ဘက်၊ သူ့စရိုက်၊ ကိုယ့်စရိုက် တူမတူ စောင့်ကြည့်အကဲခတ်နေကြသောကြောင့်ပင် ဖြစ်ကြသည်။

သူ့ဘက်ကိုယ့်ဘက်က နှစ်ဖက်စလုံးတို့၏ အမျိုးထဲတွင် သူခိုးရှိသလော၊ ထောင်ကျဖူးသူရှိသလော၊ လောင်းကစားသမား၊ အရက်သမား၊ ဖဲသမား၊ ကြက်သမား၊ လူလိမ်လူကောက်များ ရှိသလော၊ သူတစ်ပါးအိမ်ယာကို ပစ်မှားတတ်သူ၊ မျောက်မှောလင်ငယ်နေသူ ရှိသလော စသဖြင့် အပြန်အလှန် ဂုံစမ်းကြခြင်း ဖြစ်သည်။

ဤသို့ အဝေးမှစုံစမ်းသည့်နည်းတူ ချစ်သူရည်းစားကိုလည်း အနီးကပ်စုံစမ်းကြပြန်သည်။ စိတ်နေစိတ်ထား၊ သဘော

www.burmeseclassic.com

www.burmeseclassic.com



ထားကို အဓိကထား၍ လေ့လာစူးစမ်းကြသည်။ ညဦးအချိန်တွင် ရှေးခေတ်က မိန်းမပျိုလေးများသည် ညဦးယံတွင် ရက်ဖောက်ယောက်ခြင်း၊ ချည်ငင်ခြင်း၊ ချည်ချခြင်း လုပ်ငန်းတစ်ခုခုကို လုပ်ကြရသည်။ ထိုအချိန်တွင် ခေတ္တခဏ အားလပ်နေသည့် ယောကျ်ားပျိုများသည် မိန်းကလေးများထံသို့ စကားထာဝှက်ရန်၊ ပန်းဝှက်ရန် ရောက်လာလေ့ရှိသည်။

ပန်းဝှက်တမ်း၊ စကားထာဝှက်တမ်း ကစားခြင်းသည် အပျော်သဘောပါသကဲ့သို့ ဤမိန်းကလေးနှင့် ယောကျ်ားလေး မည်မျှ ဗဟုသုတကြွယ်ဝသည်ကို အကဲခတ်ခြင်းသဘောလည်း ပါသည်။ ဤသို့အပျော်အပါး တစ်အိမ်တက်ဆင်း စကားထာဝှက်ရင်း ချစ်သူရှာသူများ ထွက်သွားသည့်အခါ ချစ်သူနှစ်ဦးတည်း ကျန်ခဲ့သည်။ သည့်အခါတွင် ချစ်သည့်စကား၊ ခန့်သည့်စကား၊ အတင်းအဖျင်းစကားများ ပါလာတော့သည်။ ဤသို့ အပြန်အလှန် ပြောဆိုနေရင်းမှပင် တစ်ဦး၏ စိတ်နေသဘောထားကို တစ်ဦးက လေ့လာအကဲခတ်ကြသည်။ လေ့လာစူးစမ်းကြသည်။

ကြင်နာတတ်သည့်စိတ်၊ နူးညံ့သည့်စိတ်၊ သိမ်မွေ့ညင်သာသည့်အပြုအမူ၊ မှန်ရည်သည့်သဘောထားများနှင့်အတူ သိမ်ဖျင်းသည့်စိတ်၊ တစ်ကိုယ်ကောင်းဆန်သည့်စိတ်၊ ခက်ထန်ရိုင်းစိုင်းသည့် စိတ်ဓာတ်များသည် "စကားထဲကဓာတ်ပြ"ဆိုသည့် ဆိုရိုးနှင့်အညီ ပြောဆိုနေရင်းမှ ပေါ်လာတတ်သည်။

လူသည် ရုပ်ပိုင်းဆိုင်ရာကိုသာ သနပ်ခါး၊ ပေါင်ဒါ၊ မိတ်ကပ်တို့ဖြင့် တန်ဆာဆင်ပြုပြင်ရနိုင်မည် ဖြစ်သော်လည်း



ယောကျ်ားမပီသခြင်း၊ မိန်းမမပီသခြင်း၊ စိတ်ထားကောက်ကျစ်ယုတ်မာခြင်း၊ အကြင်နာတရားကင်းမဲ့ခြင်း၊ ရိုင်းစိုင်းခြင်းအစရှိသည့် အတွင်းဓာတ်သဘောတို့ကိုမူ သနပ်ခါး၊ မိတ်ကပ်၊ ပေါင်ဒါတို့ဖြင့် တန်ဆာမဆင်နိုင်ကြပေ။ အတွင်းစိတ်သဘောမမှန်ပါက တစ်နေ့မဟုတ် တစ်နေ့ ပေါ်လာတတ်လေသည်။

တစ်ဦးနှင့်တစ်ဦး ချွတ်ယွင်းချက်ကိုတွေ့လျှင် ခွင့်လွှတ်နိုင်သည့်အရာလော၊ ခွင့်မလွှတ်နိုင်သည့်အရာလောဟု သေသေချာချာ တွေးတောစဉ်းစားကြသည်။ စဉ်းစားသည်ဟူရာ၌ တစ်သက်လုံးအတွက် စဉ်းစားကြခြင်းပင် ဖြစ်သည်။

မိန်းမပျိုသည် အချစ်ကို မတုံ့ပြန်မီက လေ့လာအကဲခတ်သလို အချစ်ကို တုံ့ပြန်ပြီးချိန်၌လည်း လေ့လာအကဲခတ်ကြသည်။ ထိုနည်းတူစွာပင် ယောကျ်ားပျိုကလည်း ချစ်သူမိန်းကလေးကို အကဲခတ်လေသည်။ လေ့လာရင်း၊ စမ်းစစ်ရင်း၊ အကဲခတ်ရင်းမှ သည်းခံခွင့်လွှတ်နိုင်ဖွယ်မရှိသည့် အပြစ်တွေကိုတွေ့ပါက ခွဲခွာကြလေတော့သည်။

ဤသို့ သုံးနှစ်သုံးမိုး စေ့စေ့စပ်စပ် လေ့လာအကဲခတ်ပြီးနောက် တရားဝင်လက်ထပ်ပြီးပြီဆိုလျှင်လည်း တစ်သက်တာ ရိုးမြေကျ ပေါင်းသင်းကြလေသည်။ ဤသို့ သုံးနှစ်သုံးမိုး လေ့လာအကဲခတ်ခြင်းသည် ရှေးခေတ်အိမ်ထောင်ရေးဘဝ တည်တံ့လှပသာယာခြင်း၏ အခြေခံအဓိကအချက်ပင် ဖြစ်သည်။ ဤသည်မှာ ရှေးက သုံးနှစ်သုံးမိုးဓလေ့ကို အကျဉ်းမျှ တင်ပြလိုက်ခြင်းသာ ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# (၈၈)

# သစ်ကြိုသည့် ဓလေ့

ကျေးလက်ဒေသတောရွာများတွင် သစ်ကြိုသည့်ဓလေ့ ရှိကြသည်။ သစ်ကြိုသည့်ဓလေ့ ဟူသည်မှာ အိမ်ထောင်ကျပြီးသည့်နောက် တစ်အိုးတစ်အိမ်ထူထောင်နိုင်သည့် အခြေအနေသို့ ရောက်နေကြသည့် မိဘနှင့်အတူနေကြသည့် သို့မဟုတ် ယောက္ခမနှင့်အတူ နေကြသည့်သူများသည် ကိုယ်ပိုင်အိမ် ဆောက်လုပ်လိုကြသည်။ အိမ်ဆောက်သည့်အခါ၌လည်း သစ်ဝါးပေါသည့် အရပ်မှ အိမ်များကိုဝယ်၍ ဖျက်ယူလာခြင်း၊ သစ်များဝယ်ယူလာခြင်း၊ သို့မဟုတ် ကိုယ်တိုင်ခုတ်ကာ ဆောက်ခြင်းတို့ ဖြစ်ကြသည်။

အဟောင်းကိုဖျက်၍ ဝယ်လာသည်ဖြစ်စေ၊ အသစ်ဝယ်လာသည်ဖြစ်စေ၊ တောတက်ခုတ်ယူလာသည်ဖြစ်စေ ရပ်ရွာက ဝိုင်းဝန်းကြိုဆိုကြသည်။ ဤသည်ကိုပင် 'သစ်ကြို'သည်ဟု ခေါ်သည်။ သစ်ကြိုခြင်းဓလေ့သည် မြန်မာတို့၏ စိတ်နှလုံး ဖြူစင်မြင့်မြတ်မှုကိုလည်း ဖော်ပြနေလေသည်။ ငါတို့ရပ်ရွာတွင် အိမ်သစ်တစ်လုံး တိုးပွားတော့မှာပါကလားဟူသည့် ဝမ်းမြောက်ဝမ်းသာ အားရသည့်စိတ်ဓာတ်ဖြင့် ဖြစ်ပေါ်လာမည့် အိမ်သစ်ကို ကြိုဆိုခြင်းပင်ဖြစ်သည်။

အိမ်ဆောက်မည့်သစ်များကို သယ်ဆောင်လာသည့် လှည်းများမှ နွားများ၏ ချိုများတွင် သပြေပန်းကို ချည်နှောင်ထား



သည်။ သပြေပန်းကိုချည်နှောင်ထားသည့် အဓိပ္ပာယ်သည် အောင်အတိတ်နှင့် အောင်နိမိတ်ဆောင်ခြင်းပင် ဖြစ်သည်။ ထိုသစ်တင်လှည်းများအနက် ရှေ့ဆုံးမှလှည်းတွင် မောင်းတစ်လုံးပါသည်။ ထိုမောင်းကို တစ်အောင့်ခြား တီးလာသည်။ မောင်းသံကြားရသည့် ရွာတိုင်းက သစ်သယ်လာသည့် မင်္ဂလာငွေမောင်းမှန်း သိကြသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

သို့နှင့်အမျှ "ဪ . . . သူတို့လိုပဲ အိမ်သစ်ယာသစ်ထူထောင်နိုင်အောင် အလုပ်ကြိုးစားမှ၊ အသုံးအဖြုန်းလျှော့ပြီး ချွေတာစုဆောင်းမှပဲ သတိရစေရန် လှုံ့ဆော်သည့်သဘောလည်း ပါသည်။ ထိုမောင်းသံကို အခြားခရီးသွားလှည်းများ ကြားကြသည့်အခါ မင်္ဂလာယူလာသည့် လှည်းကို အထစ်အငေါ့မရှိအောင် ကူညီကြမည်ဟု သဘောပေါက်ကြသည်။ သဘောပေါက်သည့်အလျောက် လမ်းကျဉ်းလမ်းကျပ်ထဲသို့မဝင်ဘဲ စောင့်ဆိုင်းပေးကြသည်။ သစ်လှည်းများ ဖြတ်သန်းသွားစဉ် လူချင်းမသိသော်လည်း ရွှင်ပျအားရစွာ ပြုံးကြည့်နေကြလေသည်။

မောင်းသံကြားလျှင် သစ်ကြိုမည့်သူများသည် မိမိတို့အိမ်ရှေ့သို့ အသင့်ထွက်ကြိုနေကြသည်။ အိမ်ရှင်မသည် ရွာဦးမှစောင့်ကာ နံ့သာရည်တို့ကို သပြေခက်နှင့် တို့၍ နွားကို ဖျန်းပေးသည်။ လှည်းသမားကိုပက်သည်။ သစ်လုံးစေ့ နံ့သာရည်ဖြင့် ဆွတ်သည်။ ဤသည်မှာ ရပ်ရွာများတွင် ပြုလေ့ရှိကြသည့် သစ်ကြိုသည့် ဓလေ့ပင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၇၉)

## သောတ္တိက အထိမ်းအမှတ်ဓလေ့

သောတ္ထိကပုံကို အထိမ်းအမှတ်ဓလေ့ဖြင့် ရှေးခေတ်လူသားများသည် သုံးစွဲခဲ့ကြသည်။ 'သောတ္ထိက'ဟူသည့် သသက်ရိုက်မှ အသံဖလှယ်ထားသည့် ပါဠိဘာသာစကားဖြစ်ပြီး ... (သောတ္ထိက၊ သု+အတ္ထိ+က = ချမ်းသာခြင်းရှိသောအရာ)ဟူ၍ အဓိပ္ပာယ်ရသည်။ အနည်းငယ်ချဲ့၍ ဆိုပါဦးမည်။

နေသည် အလင်းရောင်ကိုပေးသည်။ နေသည် သတ္တလောက၊ ဩကာသလောကကို ဖန်တီးသည်။ ထို့ကြောင့် ရှေးခေတ်မှ လူသားများသည် နေကို တန်ခိုးရှင်အဖြစ် သတ်မှတ်၍ ကိုးကွယ်ခဲ့ကြသည်။ ရှေးလူတို့သည် နေကို ကောင်းခြင်းမင်္ဂလာရှိသည့်အရာဟူ၍ သတ်မှတ်ခဲ့ကြသည်။ ထိုမင်္ဂလာအထိမ်းအမှတ်ပုံသည်ပင်လျှင် 'သောတ္ထိက' ချမ်းသာကိုဆောင်တတ် ပေးတတ်သည့် အရာဖြစ်လာသည်။

ထိုသောတ္ထိကအထိမ်းအမှတ်ပုံကို အဦးဆုံး သုံးစွဲသူများသည်ကား အာရိယန်လူမျိုး ဖြစ်လေသည်။ အိန္ဒိယသို့ ဝင်ရောက်လာခဲ့ကြသည့် အာရိယန်လူမျိုးတို့သည် နေရင်းတိုင်းရင်းသားတို့



ကို အောင်နိုင်၍ မြို့ရွာတည်ထောင် မင်းပြုခဲ့ကြသည်။ နောင်အခါ အာရိယန်ယဉ်ကျေးမှုတွင် 'ဝေဒယဉ်ကျေးမှု' ဗုဒ္ဓအယူဝါဒ၊ ဇိန ခေါ် မဟာဝီရ(ယခုခေတ် ဂျိမ်း)ဝါဒနှင့် ဟိန္ဒူအယူဝါဒများ တိုးပွားလာကြသည်။ အာရိယန်အများလည်း ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် အစကနဦးတွင် ဗုဒ္ဓကိုယ်စားထူပါရုံပုံ၊ ခြေတော်ရာပုံ၊ ဗောဓိပင်ပုံ၊ ဓမ္မစကြာပုံတော်တို့ကို ကိုးကွယ်ခဲ့ကြသည်။ ထိုမှတစ်ဖန် ရုပ်ပွားဆင်းတုတော်များကို ထုလုပ်ကိုးကွယ်ခဲ့ကြပြန်သည်။ ထိုအခါ သောတ္ထိကပုံကို မင်္ဂလာအထိမ်းအမှတ်အဖြစ် အထက်ဖော်ပြပါ ကိုးကွယ်ရာများနှင့် တွဲစပ်၍ သုံးလာကြသည်။

အိန္ဒိယအလယ်ပိုင်း 'ဗိုပါး'စီရင်စုတွင် ဘီစီ ၂၀၀-၃၀၀ စုနှစ်က တည်ထားကိုးကွယ်ခဲ့ကြသည့် 'ဆန်ချီထူပါရုံ' စေတီတော် အမှတ်(၁) အခြေ၌ ပစ္စယာအဆင့်ဆင့်ခံ၍ စက်ဝန်းတစ်ခြမ်း သဏ္ဌာန် တည်ထားလေသည်။ ထိုသဏ္ဌာန်၏ ညီညာပြန့်ပြူးသည့် ထိပ်ပေါ်တွင် လေးထောင့်ဌာပနာတိုက်ရှိ၍ ထိုဌာပနာတိုက်အလယ်တွင် ပိန္နဲတိုင် စိုက်ထူကာ ထီးတော်တင်ထားသည်။

ထိုထူပါရုံစေတီတော်ကြီးကို အရံတံတိုင်း လေးဘက်လေးတန် ပတ်ရံထားပြီး ထိုတံတိုင်း၌ ဆယ့်ရှစ်ပေရှိသော မုခ်ပေါက် လေးပေါက်ရှိရာ ထိုမုခ်ပေါက်ဝများသည် သောတ္ထိကပုံသဏ္ဌာန် ဖြစ်နေကြသည်။ ထို့အပြင် အိန္ဒိယအလယ်ပိုင်း 'အန္ဓရဒေသ' 'အမရဝတီ'အရပ်တွင် အေဒီ ၂ ရာစုခန့်က ထုံးကျောက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ထားသည့် ခြေတော်ရာပုံ ရှိသည်။ ခြေတော်ရာ၏ ခြေဖနောင့်တွင် 'သီရိဝစ္ဆပုံ' နှင့် 'သောတ္တိက'ပုံများ ပါရှိသည်။

ထို့အတူ ဗုဒ္ဓသာသနာပျံ့နှံ့ရာ တိဘက်ပြည်၌ သောတ္တိကပုံသည် ဘုရားဆင်းတုတော်သီတင်းသုံးရာ ပလ္လင်တော်၌ ပါတတ်၏။ တရုတ်၊ ဂျပန်တို့တွင် ဘုရားဆင်းတုတော်၏ ရင်ဘတ်တော်တွင် ပါတတ်လေသည်။ မြန်မာနိုင်ငံ၌လည်း ဟန်လင်းပျူဒင်္ဂါးမျက်နှာဘက်ရှိ သီရိဝစ္ဆပုံအစွန်းတွင် သောတ္တိကပုံကို အစောဆုံးတွေ့ရှိရလေသည်။

ယခုခေတ်တွင်ကား 'ဝိုင်အမ်ဘီအေ'ခေါ် 'ဗုဒ္ဓဘာသာကလျာဏယုဝ'အသင်းသည် သောတ္တိကပုံကို အသင်း၏ အမှတ်တံဆိပ်အဖြစ် အသုံးပြုကြသည်။ ဤသည်မှာ 'နေ'ကို ချမ်းသာမှုရှိသည့်အရာ 'သောတ္တိက'အထိမ်းအမှတ်အနေဖြင့် သုံးစွဲခဲ့ကြသည့် ရှေးခေတ်ဓလေ့ထုံးစံပင် ဖြစ်ပါတော့သည်။

## (၉၀)
## သီဟာသနပလ္လင်ထားရှိသည့် ဓလေ့

ရန်ကုန်မြို့ ဦးဝိစာရလမ်းတွင်တည်ရှိသော အမျိုးသားပြတိုက်ထဲသို့ ဝင်လိုက်သည်နှင့် သီဟာသနပလ္လင်ကို မြင်တွေ့ရပေလိမ့်မည်။ ဤသည်မှာ မြန်မာရှင်ဘုရင်တို့၏ နန်းတော်တွင် ရှိခဲ့သည့် ပလ္လင်ကိုးခုအနက် ယခုတိုင် ကျန်ရှိနေသေးသည့် ပလ္လင်သာ ဖြစ်သည်။

ရှေးက နန်းတော်တွင် ရာဇပလ္လင် ၉ ခု ရှိခဲ့သည်။ ပလ္လင်ရှိရာအရပ်များကို အစွဲပြု၍ . . .

၁။ ဟံသာသနပလ္လင်၊

၂။ ဘမရာသနပလ္လင်၊

၃။ အဇာသနပလ္လင်၊

၄။ သီဟာသနပလ္လင် စသည်ဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။ (ထိုပလ္လင်ကိုးခန်းအကြောင်းကို အထက်တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။) ယခုဆိုအံ့သော သီဟာသနပလ္လင်သည် ခြင်္သေ့ခံပလ္လင်ဖြစ်သည်။ ခြင်္သေ့သည် ရဲရင့်ခြင်း၊ အကြီးအကဲဖြစ်ခြင်းသဘောကို ဆောင်သည်။ ထိုသီဟာသနပလ္လင်သည်လည်း နှစ်ခုရှိ၍ တစ်ခုသည် မြေနန်းပြာသာဒ်တွင် တည်ရှိပြီး ကျန်တစ်ခုသည် လွှတ်တော်တွင် တည်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေနန်းပြာသာဒ်ရှိရာ သီဟာသနပလ္လင်တွင် မင်းမိဖုရားနှစ်ပါး စံမြန်းပြီး လွှတ်တော်ရှိ သီဟာသနပလ္လင်သည်ကား တရားစီရင်ရာ ပလ္လင်ပင် ဖြစ်သည်။ မြေနန်းပြာသာဒ်ရှိ ရာဇပလ္လင်တွင် စံနေသည့်အခါ နှစ်သစ်ကူးကာလ၊ ဝါဝင်ကာလ၊ ဝါထွက်ကာလများ၌ မင်းညီမင်းသား၊ စော်ဘွားများ၊ မှူးမတ်တို့၏ ကန်တော့ခံ၍ လွှတ်တော်ရှိ ပလ္လင်တွင်မူ တရားစီရင်တော်မူလေသည်။

ထို့ကြောင့် မြေနန်းပြာသာဒ်နှင့် လွှတ်တော်ရှိ သီဟာသနပလ္လင်နှစ်ခုသည် မင်း၏ အချုပ်အချာ အာဏာတည်သည့် သဘောကိုဆောင်လေသည်။ ထိုသီဟာသနပလ္လင်သည် အင်္ဂလိပ်တို့ သိမ်းယူသွားပြီး အိန္ဒိယနိုင်ငံ 'ကာလကတ္တား'ပြတိုက်တွင် ထားခဲ့သည်။ မြန်မာပြည် လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ထိုသီဟာသနပလ္လင်ကို 'လတ်မင်းကြီးမောင့်ဘက်တန်'သည် နိုင်ငံတော်သမ္မတကြီး စပ်ရွှေသိုက်ထံသို့ အခမ်းအနားနှင့် ပေးအပ်ခဲ့လေသည်။

ထိုအချိန်မှစ၍ သီဟာသနပလ္လင်သည် သမ္မတအိမ်တော်တွင် ရှိနေခဲ့ရာမှ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် အများပြည်သူတို့ ကြည့်ရှုလေ့လာနိုင်ကြစေရန် သမ္မတအိမ်တော်မှ သီဟာသနပလ္လင်ကို အမျိုးသားပြတိုက်သို့ ပေးပို့ခဲ့လေသည်။ ဤသည်မှာ သီဟာသနပလ္လင်ထားရှိသည့် အထိမ်းအမှတ်ဓလေ့ပင် ဖြစ်ပါတော့သည်။

(၉၁)

## ဟပ်ချိုး အသက်တစ်ရာ အနာမရှိဟု ကောဆိုကြသည့်ဓလေ့

မြန်မာလူမျိုးတို့သည် ကလေးသူငယ်၊ သို့မဟုတ် တစ်စုံတစ်ယောက်က 'ဟပ်ချိုး'ချေဆတ်လိုက်သည့်အသံကို ကြားလိုက်ရသည့်အခါတိုင်း ကြားလိုက်ရသည့်အသံနှင့်အတူ ပွဲတင်လိုက်ကာ "ဆိတ်ဖွား အသက်တစ်ရာ အနာမရှိ"ဟု ဆိုလေ့ရှိသော ထုံးတမ်းစဉ်လာတစ်မျိုးရှိခဲ့သည်။ ဤသို့ ဟပ်ချိုးဟူသည့်အသံကို ကြားလိုက်လေတိုင်း "ဆိတ်ဖွား အသက်တစ်ရာ အနာမရှိ"ဟု လိုက်ဆိုရသည့် ရှေးအကြောင်း ဖြစ်ရပ်သည်ကား ...

လွန်လေပြီးသောအခါ ဗာရာဏသီပြည်အနီး ရွာကြီးတစ်ရွာတွင် ကုန်သည်အလုပ်နှင့် အသက်မွေးသည့် ပုဏ္ဏားကြီးတစ်ဦးရှိလေသည်။ ထိုအခါ ဘုရားအလောင်းတော်သည် ပုဏ္ဏားကြီး၏သားဖြစ်၍ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သည့်အခါ ဖခင်ပုဏ္ဏားကြီးနှင့်အတူ အရောင်းအဝယ်လိုက်သွားရလေရာ ဗာရာဏသီရွှေမြို့တော်သို့ ရောက်ရှိသွားကြသည်။

ပုဏ္ဏားကြီးသားအဖရောက်သွားချိန်တွင် မြို့တံခါးပိတ်သွားပြီ ဖြစ်သည့်အတွက် တံခါးမှူးထံခွင့်တောင်းကာ မြို့ပြင်ရှိ အရိပ်အာဝါသကောင်းလှသော ညောင်ပင်ကြီးအနီးမှ ဘီလူးစောင့်သော ဇရပ်တွင် တစ်ညတာ တည်းခိုကြသည်။ သို့သော် ထိုဇရပ်

www.burmeseclassic.com



တွင် စောင့်နေသည့် ဘီလူးသည် ချေဆတ်သောအခါတွင် ''အသက်ရှည်စေသော်''ဟု တုံ့ပြန်မပြောဆိုသည့်သူအား စားသောက်ခွင့်ကို ဝေဿဝဏ်နတ်မင်းကြီးထံမှ ရရှိထားလေသည်။

သို့ဖြစ်သောကြောင့် ဇရပ်စောင့်ဘီလူးသည် ဇရပ်ခေါင်တိုင်ထိပ်တွင် တက်နေပြီး ဇရပ်သို့ တည်းခိုရန်ရောက်လာကြသူများ ချေဆတ်သည်၊ မဆတ်သည်ကိုလည်းကောင်း၊ ချေဆတ်လျှင်လည်း အသက်ရှည်စေသော်ဟု တုံ့ပြန်ပြောသည်၊ မပြောသည်ကိုလည်းကောင်း စောင့်ကြည့်နေခဲ့သည်။

သားအဖနှစ်ယောက် ဇရပ်သို့ရောက်လာပြီး မကြာမီမှာပင် ဖခင် ပုဏ္ဏားကြီးသည် လူကြီးပီပီ မောပန်းလာသည့်အတွက် အိပ်ပျော်လုနီးနီး ဖြစ်သွားတော့သည်။ ဘီလူးသည် သူ၏အစွမ်းဖြင့် ပုဏ္ဏားကြီးချေဆတ်စေရန် သိမ်မွေ့သည့် နှာချေမှုန့်တို့ကို ပုဏ္ဏားကြီးနှာခေါင်းဝမှ မှုတ်သွင်းလိုက်လေသည်။ အိပ်ပျော်လုနီးပါး ဖြစ်နေသည့် ပုဏ္ဏားကြီးသည် နှာမွှန်လာသည့်အတွက် 'ဟပ်ချိုး'ဟု ချေလိုက်မိလေတော့သည်။ အလောင်းတော် ပုဏ္ဏားလေးသည် ဖခင်ချေဆတ်လိုက်သံကို ကြားလိုက်ရသည်နှင့် ''အသက်ရှည်ပါစေသော်''ဟု ဆုတောင်းစကားဆိုလိုက်သည်။

ဘီလူးသည် ပုဏ္ဏားကြီးဘာမျှ တုံ့ပြန်မပြောသောကြောင့် ပုဏ္ဏားကြီးကိုစားရန် ဇရပ်ခေါင်တိုင်ထိပ်မှ ဆင်းလာသည်။ ထိုသို့ ဘီလူးဆင်းလာသည်ကို အလောင်းတော်ပုဏ္ဏား မြင်လိုက်ရလျှင် အကြောင်းစုံကို ရိပ်မိသည့်အတွက် ...

''ဖခင် ... ဖခင်သည် အသက်တစ်ရာ့နှစ်ဆယ်ရှည်ပါစေသော်။ သားကိုလည်း ဘီလူးမစားနိုင်တဲ့ကိုယ် ဖြစ်ပါစေသော်'' ဖခင်ဖြစ်သူ သတိပြုမိလာစေရန် အသံပြုဆုတောင်းလိုက်လေသည်။ သားဖြစ်သူ၏ သတိပေးစကားသံကြောင့် ဖခင်ပုဏ္ဏားကြီးလည်း ဘီလူးကိုမြင်တွေ့လိုက်လေသည်။ ထို့ကြောင့် အလျင်အမြန်ပင် ဘီလူးအစားမခံရစေရန် ...



''ချစ်သား ... ချစ်သားသည်လည်း အသက်တစ်ရာ့နှစ်ဆယ် ရှည်ပါစေသော်။ ဘီလူးလည်း ချက်ချင်းသေစေနိုင်တဲ့ အဆိပ်ကို စားမိပါစေသော်''ဟု ပြန်ပြောလိုက်လေတော့သည်။

ဤသို့ဖြင့် ခေါင်တိုင်ထိပ်မှ ဆင်းလာသည့် ဘီလူးနှင့် ဘုရားအလောင်းတော် ပုဏ္ဏားတို့ အပြန်အလှန် မေးမြန်းပြောဆိုကြလေသည်။ အလောင်းတော် ပုဏ္ဏားလေးသည် ဘီလူးအား ငါးပါးသီလစောင့်ထိန်းရကျိုးနှင့် ငါးပါးသီလဖောက်ဖျက်လျှင် ရရှိခံစားရမည့် ဆိုးကျိုးတို့ကို ဆုံးမဟောကြားလိုက်လေသည်။ ဘီလူးလည်း နူးညံ့ပျော့ပျောင်းလာပြီး ဘုရားအလောင်းတော်ထံတွင် ငါးပါးသီလခံယူဆောက်တည်ကာ တပည့်တစ်ဦးပမာ လုပ်ကျွေးပြုစုလေတော့သည်။

ဤအဋ္ဌုပ္ပတ္တိဇာတ်လမ်းကို ထောက်ဆ၍ လူတို့သည် တစ်စုံတစ်ယောက်က ''ဟပ်ချိုး''ဟူ၍ ချေဆတ်လိုက်သည်နှင့် ''ဆိတ်ဖွား''ဟူသည့် အာမေဋိတ်သံနှင့်တကွ ''အသက်တစ်ရာ အနာမရှိ''ဟူ၍ စကားဆိုကြသည့် အစဉ်အလာဓလေ့ထုံးစံတစ်ခု ဖြစ်ပေါ်လာခဲ့ခြင်းပင် ဖြစ်ပါလေတော့သည်။

၅၅၀ ဇာတ်တော်။ ဒုကနိပါတ်။ ဘဂ္ဂဇာတ်။

www.burmeseclassic.com

www.burmeseclassic.com

# (၉၂)
## ဟင်းလေးအိုးတည်သည့် ဓလေ့

'ဟင်းလေးအိုး' တည်သည့်ဓလေ့သည် ဘုန်းတော်ကြီးကျောင်းများမှ အစပျိုးခဲ့သည့် ဓလေ့ဖြစ်သည်။ ထိုဟင်းလေးအိုးဟူသည့် ဝေါဟာရသည် ယနေ့တိုင် တွင်ကျယ်နေသည့် ဝေါဟာရလည်းဖြစ်သည်။ စာပေထုတ်ဝေသည့် တိုက်တစ်ခုအမည်ကို "စာပေဟင်းလေးအိုး"ဟူ၍လည်းကောင်း၊ မြန်မာမှုနယ်ပယ်၌ အရာရာနှံ့စပ်သိမြင်သည့်သူများကို "ဗဟုသုတဟင်းလေးအိုးကြီး" ဟုလည်းကောင်း တင်စားခေါ်ဝေါ်နေဆဲပင် ဖြစ်သည်။

အဆိုပါ ဟင်းလေးအိုးကို ကျောင်းအိပ်ကျောင်းစား ဘုန်းကြီးကျောင်းသားများအတွက် တည်ထားရသည်၊ ရုတ်တရက် မကွဲနိုင်သည့် အိုးထူထူကို အသုံးပြုကာ ပိုလျှံသည့် ဟင်းလျာများကို နေ့စဉ်ထည့်၍ နေ့စဉ်နွှေးပေးရသည်၊ ထို့ကြောင့် ဟင်းလေးအိုးထဲတွင် သားငါးအစုံ၊ အသီးအရွက်မျိုးစုံ ပါဝင်သည့်အတွက် အင်မတန်မှပင် အရသာထူးကဲလှလေသည်။



ရွာဦးဘုန်းတော်ကြီးကျောင်းသားများတွင် ဝါတွင်းလပြည့်လကွယ် ဥပုသ်နေ့ဆိုလျှင် ဥပုသ်သည် ပေါများသည်နှင့်အမျှ ဆွမ်းဟင်းမျိုးစုံ အဖုံဖုံတို့ဖြင့် စားမကုန်လောက်အောင်ပင် အလျှံပယ် ဖြစ်နေတတ်သည်။ ဤကဲ့သို့ ပိုလျှံသည့် ဆွမ်းဟင်းအမျိုးမျိုးကို စုပေါင်းရောနှော၍ အရဏ်ဆွမ်းဘုဉ်းပေးရန်နှင့် ကျောင်းသားများစားရန် ချက်ပြုတ်ထားလေ့ရှိသည်။ ဤသို့ အသားပေါင်းစုံ၊ ဟင်းသီးဟင်းရွက်ပေါင်းစုံ ရောနှောချက်ပြုတ်သည့် အိုးကို 'ဟင်းလေးအိုး' ဟုခေါ်ခြင်း ဖြစ်သည်။ စာသင်တိုက်များတွင် ယခုတိုင် 'ဟင်းလေးအိုး' စနစ် ရှိနေဆဲဟု သိရလေသည်။

ထိုဟင်းလေးဟင်း၏ အရသာသည် အလွန်ထူးခြားကောင်းမွန် အရသာရှိလွန်းလှသည်။ မြန်မာလူမျိုးမှန်သမျှ ဘုန်းကြီးကျောင်းမှ ဟင်းလေးဟင်းကို နှစ်သက်ကြသကဲ့သို့ စားလည်းစားခဲ့ဖူးကြသည်။ တချို့ဆိုလျှင် ဟင်းလေးချက်သည့်နည်းကို နမူနာယူ၍ မိမိတို့အိမ်တွင် ချက်စားတတ်ကြလေသည်။ ဤသည်မှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ၌ ဟင်းလေးအိုးတည်သည့် ဓလေ့ပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၉၃)

## ဟင်္သာရုပ်ထားသည့်ဓလေ့

ဘုရားစေတီရင်ပြင်ပေါ်တွင် တံခွန်တိုင်စိုက်ထူထားလေ့ရှိပြီး ထိုတံခွန်တိုင်ထိပ်တွင် ဟင်္သာရုပ်ထုလုပ်ထားလေ့ရှိကြသည်။ ထိုဓလေ့သည် 'တေရသနိပါတ်'၊ 'ဇဝနဟံသ'ဇာတ်လာ ဘုရားအလောင်းတော် ဟင်္သာမင်းကို ဂုဏ်ပြုပူဇော်သည့်အနေဖြင့် အထိမ်းအမှတ်ပြုကာ ထုလုပ်ထားရှိခြင်းပင် ဖြစ်သည်။ ဇာတ်လမ်းအကျဉ်းချုပ်သည်ကား ...

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံအုပ်ချုပ်၊ မင်းလုပ်နေစဉ် ဘုရားအလောင်းသည် ဇဝနဟင်္သာမျိုး၌ ဖြစ်၍ ဟင်္သာကိုးသောင်းခြံရံကာ စိတ္တကုဋ်တောင်တွင် နေလေသည်။ တစ်နေ့သ၌ ဟင်္သာမင်းသည် ဟင်္သာကိုးသောင်းခြံရံလျက် ဗာရာဏသီမြို့ ကောင်းကင်ယံမှ ပျံသန်းလာစဉ် မင်းကြီးမြင်တော်မူကာ မေတ္တာသက်ဝင်လာသောကြောင့် ပန်းနံ့သာများကို ကိုင်ဆောင်စေပြီး တူရိယာတို့ကို တီးမှုတ်စေလျက် ဟင်္သာမင်းကို ဂုဏ်ပြုလေသည်။



မင်းကြီးမိတ်ဖွဲ့လိုသည့်ကိုသိသည့် ဟင်္သာမင်းသည် ...ာစ်နေ့သောအခါ အနော်တတ်အိုင်မှ ရေစင်နှင့် စန္ဒကူးမှုန့်တို့ကို ယူဆောင်လာပြီး မင်းကြီးကို ရေချိုးစေသည်။ နံ့သာမှုန့်တို့ကို လိမ်းကျံစေသည်။ ထို့နောက် အခြံအရံဟင်္သာကိုးသောင်းနှင့်အတူ စိတ္တကုဋ်တောင်သို့ ပျံသွားတော့သည်။

ဘုရားအလောင်းတော်တွင် ညီငယ်နှစ်ဦးရှိသည်။ ထိုညီငယ်နှစ်ဦးသည် နေနှင့်ယှဉ်ပြိုင်ပျံသန်းလိုကြသော်လည်း နောင်တော်က အကြိမ်ကြိမ်တားမြစ်သဖြင့် နောက်ဆုံးတွင် နောင်တော်ဟင်္သာမင်းမသိအောင် နေနှင့် ယှဉ်ပြိုင်ရန် ကြံစည်လျက် နေမထွက်မီကပင် 'ယုဂန္ဓိုရ်'တောင်ထိပ်မှ အသင့်စောင့်နေကြသည်။

နေနှင့်ယှဉ်ပြိုင်ပြေးရန် အတောင်ပန်းနေသည့် ညီငယ်နှစ်ပါးကို အလောင်းတော်ဟင်္သာမင်း ကယ်တင်ပြီးနောက် သူကိုယ်တိုင် နေနှင့်အပြိုင်ပြေးလေရာ ဟင်္သာမင်းအနိုင်ရခဲ့သည်။ နေနှင့်ပြိုင်အနိုင်ရပြီးသည့်နောက် မိတ်ဆွေဖြစ်သူ ဗာရာဏသီမင်းကြီးအား တရားဟောရန် ဗာရာဏသီမြို့တော်သို့ ပျံသန်းသွားပြန်သည်။ ဗာရာဏသီသို့ မပျံမီ စကြာဝဠာတိုက်နှင့် ဇမ္ဗူဒိပ်ကျွန်းတို့အတွင်းမှ လှည့်ပတ်ပျံသန်းခဲ့သေးသည်။ မင်းကြီးအား ညီငယ်နှစ်ယောက် နေနှင့်ပြိုင်၍ ပြေးပုံမှစ၍ အကြောင်းစုံကို ဟင်္သာမင်းက ပြန်ပြောခဲ့သည်။ မင်းကြီးသည် ဟင်္သာမင်းအစွမ်းကိုသိချင်သောကြောင့် လေးသမားတို့ဖြင့် စမ်းသပ်ခဲ့သည်။ မင်းကြီးသည် ဟင်္သာမင်း၏ လျင်မြန်သည့် အားအစွမ်းတို့ကို ချီးမွမ်းတော်မူလေ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ အလောင်းတော် ဟင်္သာမင်းသည် သူ၏လျှင်မြန်ခြင်းထက် ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုသည် ပို၍လျှင်မြန်ကြောင်း၊ ရုပ်နာမ်တို့ မတည်မြဲသည့်သဘောတို့ကို ဟောကြားသည်။ တရားစကား ဟောကြားပြီးနောက် ဟင်္သာလည်း စိတ္တကူဋ်တောင်သို့ ပျံသွားလေတော့သည်။

ဗာရာဏသီမင်းကြီးသည် ဟင်္သာမင်းကို ကြည်ညိုမြတ်နိုးလွန်းသောကြောင့် ရွှေဟင်္သာရုပ်ကို ပြုလုပ်ကာ ကျောက်တိုင်ထိပ်တွင် ထားလေသည်။ ဤကဲ့သို့ အလောင်းတော် ရွှေဟင်္သာမင်း အားအစွမ်းပြသည်ကို ရည်ရွယ်လျက် တံခွန်တိုင်ထိပ်တွင် ရွှေဟင်္သာမင်းရုပ်တုကို ထုလုပ်ကာ အထိမ်းအမှတ်ပြုထားခြင်းပင် ဖြစ်ပါတော့သည်။

## (၉၄)
## အသုဘဆိုင်ရာ မိရိုးဖလာဓလေ့ထုံးစံ

မြန်မာလူမျိုးတို့တွင် နာရေးနှင့်ပတ်သက်၍ ပြုလုပ်ကြသည့် အသုဘဆိုင်ရာ မိရိုးဖလာဓလေ့ထုံးစံများ ရှိကြသည်။ ၎င်းတို့မှာ ...

၁။ သက်ပျောက်ဆွမ်းသွတ်ခြင်း၊
၂။ ရက်လည်ဆွမ်းသွတ်ခြင်း၊
၃။ အလောင်းကို သရဏဂုံတင်ခြင်း၊
၄။ လလည်၊ နှစ်လည် ဆွမ်းသွတ်ခြင်းတို့ပင် ဖြစ်ကြသည်။ ထိုအပြင် ကျန်ရှိသည့်ဓလေ့ထုံးများလည်း ရှိကြသေးသည်။ ၎င်းဓလေ့တို့သည်ကား ...
၅။ အလောင်းကို ရေချိုးသန့်စင်ပေးခြင်း၊
၆။ ခြေမ၊ လက်မတို့ကို ကြိုးဖြင့်ချည်နှောင်ခြင်း၊
၇။ အလောင်းကို ပိတ်ဖြူစတို့ဖြင့် ပဝါ၌ထုပ်ထားခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၈။ အလောင်းကို သင့်တော်သည့် ခုတင် (သို့) ကွပ်ပျစ်ပေါ်၌တင်ပြီး အပေါ်မှ အကျႌ၊ လုံချည်၊ တိုက်ပုံများလွှမ်းခြုံလျက် ဖာစများဖုံး၍ အလောင်းပြင်ထားခြင်း၊

၉။ ရေအိုးကို ရိုက်ခွဲခြင်း၊

၁၀။ ကျန်ရစ်သူ သားသမီး၊ မြေးမြစ်တို့၏ ကိုယ်တိုင်းကြိုးများထည့်ခြင်း၊

၁၁။ အသုဘချအပြီး၌ ကနားဖျင်းလှန်ခြင်း/ဖျက်ခြင်း၊

၁၂။ ကွယ်လွန်သူ၏ အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အစားတို့ကို သင့်လျော်သူတို့အား ပေးကမ်းခြင်း၊

၁၃။ အသုဘကိစ္စတွင် အသုံးပြုခဲ့သည့် ခုတင်စသည်တို့ကို ဘုန်းကြီးကျောင်းသို့ လှူဒါန်းခြင်း၊

၁၄။ ကူးတို့ခထည့်ပေးခြင်း၊

၁၅။ လိပ်ပြာခွဲခြင်း၊

၁၆။ လိပ်ပြာခေါ်ခြင်း (သို့) သင်္ချိုင်းတဲမှ ခဲလုံး၊ သို့မဟုတ် သစ်ကိုင်း၊ သစ်ခက်တို့ကို ယူလာခြင်းတို့ပင် ဖြစ်ကြသည်။

ဤသည်မှာ မြန်မာတို့၏ ရှေးထုံးစဉ်လာအရ ပြုလုပ်ခဲ့ကြသည့် အသုဘဆိုင်ရာ မိရိုးဖလာအစဉ်အလာဓလေ့ထုံးစံများသာ ဖြစ်ပါပေတော့သည်။

# (၄၅)

# အိမ်ဆောက်ရာ၌ ပန္နက်ရိုက်သည့် အစဉ်အလာဓလေ့ထုံးစံ

ရှေးမြန်မာလူမျိုးတို့သည် အိမ်ဆောက်ရာ၌ သတ်မှတ်ထားသည့် ဓလေ့ထုံးစံ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောက်လုပ်လေ့ရှိကြသည်။ နေအိမ်ဆောက်ရန် သင့်လျော်သည့် လ၊ အိမ်မျက်နှာမူရမည့်အရပ်နှင့် မြေခံတို့ကို ရွေးချယ်ရသည်။ အချို့ကမူ ပန္နက်မချမီကပင် ကြိုတင်၍ မြေကြီးကို ထွန်ယက်ပစ်ကြသည်။ စုန်းတိုက်၊ နတ်တိုက်၊ နာမ်မြှုပ်၊ အင်းမြှုပ်ထားသည်များ ရှိပါက ပေါ်ပေါက်လွင့်ပျက်စေရန် ရည်ရွယ်ချက်ဖြင့် ဤသို့ ပြုလုပ်ခြင်းဖြစ်သည်။ ထို့အပြင် သံဃာတော်များကို ပင့်ဖိတ်၍ မြေသန့်ကမ္မဝါနှင့် ပရိတ်တရားကို နာယူကြရသေးသည်။ ဤသို့ ကိစ္စဝိစ္စအားလုံး ပြီးပြည့်စုံမှသာလျှင် ပန္နက်ရိုက်လေ့ရှိကြသည်။

လက်သမားဆရာသည် ပန္နက်ရိုက်မင်္ဂလာ မစတင်မီကတည်းက ပန္နက်ငုတ်ကလေးများကို အသင့်စီစဉ်ထားရသည်။ မည်သည့်နေရာတွင် မည်သည့်တိုင်အတွက် မည်သို့ ပန္နက်ရိုက်မည်ဟု ကြိုတင် 'လျာ'ထားပြီးလည်းဖြစ်သည်။ ပန္နက်ရိုက်ရာတွင် တိုင်းတာသည့်ကြိုးကို 'တံမျဉ်းကြိုး'ဟုခေါ်၍ ပန္နက်ငုတ်ကို 'ပန္နက်သည်း'ဟု ခေါ်သည်။ တံမျဉ်းကြိုးကိုင်သူ၊ ပန္နက်ရိုက်သည့်သူကို အောက်ပါအတိုင်း သတ်မှတ်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) တနင်္ဂနွေသားနှင့် တနင်္ဂနွေသမီးတို့ အိမ်အတွက် ကြာသပတေးသားနှင့် သောကြာသားတို့က တံမျဉ်းကြိုးကိုင်၍ စနေသားက ပန္နက်သည်းရိုက်လျှင် ချမ်းသာမည်။

(၂) တနင်္လာသားသမီးအိမ်ဆောက်သည့်အခါ သောကြာသားနှင့် စနေသားက တံမျဉ်းကြိုးကိုင်၍ တနင်္ဂနွေသားက ပန္နက်သည်းရိုက်ရမည်။

(၃) အင်္ဂါသားသမီး အိမ်ဆောက်မည်ဆိုလျှင် စနေနှင့် တနင်္ဂနွေက ကြိုးကိုင်၍ တနင်္လာသားက ပန္နက်ရိုက်ရမည်။

(၄) ဗုဒ္ဓဟူးသားသမီး အိမ်ဆောက်မည်ဆိုလျှင် တနင်္ဂနွေ တနင်္လာသားတို့က ကြိုးကိုင်၍ အင်္ဂါသားက ပန္နက်ရိုက်ရမည်။

(၅) ကြာသပတေးသားသမီး အိမ်ဆောက်မည်ဆို တနင်္လာ၊ တနင်္ဂနွေသားတို့က ကြိုးကိုင်၍ ဗုဒ္ဓဟူးသားက ပန္နက်ရိုက်ရမည်။

(၆) သောကြာသားသမီး အိမ်ဆောက်မည်ဆိုလျှင် အင်္ဂါသား၊ ဗုဒ္ဓသားတို့က ကြိုးကိုင်၍ ကြာသပတေးသားက ပန္နက်ရိုက်ရမည်။

(၇) စနေသားသမီး အိမ်ဆောက်မည်ဆိုလျှင် ဗုဒ္ဓဟူးသားနှင့် ကြာသပတေးသားတို့က ကြိုးကိုင်၍ သောကြာသားက ပန္နက်ရိုက်ရမည်။

ဤသည်မှာ အိမ်ဆောက်ရာတွင် ပန္နက်ရိုက်သည့် ရှေးမြန်မာတို့၏ အစဉ်အလာ ဓလေ့ထုံးစံသာလျှင် ဖြစ်တော့သည်။

## (၉၆)
## အိမ် တိုင်သိပ်၊ တိုင်ထိပ်သည့် အစဉ်အလာ ဓလေ့ထုံးစံ

စနစ်တကျသုတ်သင်ပြီးသည့် အိမ်ဆောက်မည့် မြေကွက်တွင် ပန္နက်ရိုက်ပြီးပြီဆိုပါက တိုင်ထူမည့်နေ့ကို ရွေးချယ်သတ်မှတ်ရသည်။ ရွေးချယ်သတ်မှတ်ပြီးလျှင် တိုင်များကို အဆင်သင့်ဖြစ်စေရန်၊ တညီတညွတ်တည်း ဖြစ်စေရန် စီစဉ်ထားရသည်။ ဤကဲ့သို့ထားခြင်းကို 'တိုင်သိပ်သည်' ဟုခေါ်သည်။ ထိုတိုင်များပေါ်တွင် ကပ်ဖျာ၊ သို့မဟုတ် ဖျာများခင်းပြီး သံဃာတော်များပင့်ကာ ပရိတ်ရွတ်သည်၊ ကမ္ဗဝါဖတ်သည်။ ထို့နောက် တိုင်များပေါ်သို့ ခွေးမတက်စေရန် လုံခြုံအောင် ကာရန်ထားရသည်။

သည့်နောက်တွင်ကား တိုင်ထူရတော့မည်။ တိုင်တူရန်တွင်းတူးရမည်။ တိုင်ထူသည့်အခါ နဂါးလှည့်ပါလာသည်။ နဂါးလှည့်အတွက်မမှားစေရန်၊ အမှတ်မမှားစေရန် အထူးဂရုပြုရသည်။ (နဂါးလှည့်ရွေးနည်းကို အထက်တစ်နေရာတွင် တင်ပြခဲ့ပြီးဖြစ်သည်။) နဂါးလှည့်မှန်ပြီဆိုလျှင် တွင်းတူးနိုင်ပေမည်။ တွင်းတူးမည်ဆိုလျှင် မည်သည့်တိုင်ကို ဦးစွာတူးရပါမည်နည်း။ 'ဥရုတိုင်' ကို ဦးစွာတူးရသည်။ ဤဥ ဥရုတိုင်ဟူသည် အဘယ်တိုင်ပါနည်း။ ခေါင်းရင်းတိုင်လော၊ ခေါင်တိုင်လော၊ ဤသို့မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဥရှုတိုင်ကို သတ်မှတ်ရာ၌ အိမ်မျက်နှာလှည့်ရာ (သို့) မျက်နှာမူရာ အရ သတ်မှတ်ထားခြင်းဖြစ်သည်။ 'သုတသန္နိစယမူကျယ်ကျမ်း' အဆိုအရ တိုင်(၆)လုံးရှိသည်။ ၎င်းတို့မှာ . . .

(၁) ဥရှုတိုင် = အရှေ့တောင်အရပ်တွင် ရှိသည်။
(၂) ကြငှန်းတိုင် = အရှေ့မြောက်အရပ်တွင် ရှိသည်။
(၃) ညောင်ရမ်းတိုင် = အနောက်တောင်အရပ်တွင် ရှိသည်။
(၄) သပြေတိုင် = အရှေ့မြောက်အရပ်တွင် ရှိသည်။
(၅) ရဝေတိုင် = တောင်ဘက်အရပ်တွင် ရှိသည်။
(၆) ကုမ္ဘီးတိုင် = မြောက်ဘက်ရှိတိုင်တို့ပင် ဖြစ်ကြသည်။

ထို့အပြင် 'မနုကျယ်ဓမ္မသတ်'တွင်မူ "ဥရှုတိုင်၊ ကြငှန်းတိုင်၊ သပြေတိုင်၊ ကုက္ကိုတိုင်၊ မဟာဂီရိတိုင်"ဟူ၍ တိုင် ၅ လုံး ရှိသည်ဟူ၏။ အရပ်မျက်နှာကား မပါရှိချေ။

တိုင်ထူရန် တွင်းများ တူးပြီးပြီဆိုသည်နှင့် ဥရှုတိုင်က စတင်ထူရပါမည်။ သို့သော် မထူပါနှင့်ဦး။ သပြေပန်း၊ နေစာမြက်၊ ကြံရွက်၊ ကေရာဖ်ရွက်များကို တိုင်တိုင်းစေ့ တိုင်ထိပ်များတွင် ချည်နှောင်ရပါသည်။ ဥရှုတိုင်တွင်ကား အုန်းသီးနှင့် ငှက်ပျောဖီး ဆိုင်ကိုပါ ချိတ်ဆွဲထားရပါမည်။ ဤကိစ္စပြီးလျှင်လည်း အလုအယက် မထူရသေးပါ။

"တိုင်ထူရာတွင် စည်မတည်းစေနှင့်"ဟူ၍ ပညတ်ချက် ရှိသောကြောင့် တိုင်ချင်း မထိစေရ။ အသံမမြည်စေရပါ။ ဦးစွာ ဥရှုတိုင်မှ စတင်ထူရပါမည်။ မယိုင်မလဲပါစေနှင့်။ တိုင်လုံးကြီးမား



သည့်အတွက် ကြိုးကူရလျှင်လည်း ကြိုးမပြတ်ပါစေနှင့်။ ဥရှုတိုင် ထူပြီး၍ သေချာစွာ တည့်မတ်ပြီးသည့်နောက်တွင် အစဉ်အတိုင်း ညောင်ရမ်း၊ ကြငှန်း၊ သပြေနှင့် ရဝေတိုင်တို့ကို ထူရပါမည်။ နောက်ဆုံးကျန်သည့်တိုင်မှာ ကုမ္ဘီးတိုင်ပင် ဖြစ်သည်။

တိုင်ထူသူများ ထိုင်နေကြသည်။ အိမ်ရှင်က "ကျန်သေးတယ်၊ ဘာလုပ်နေကြသလဲ"ဟု မေးလျှင် "တိုင်လေးလို့"ဟု ဖြေကြသည်။ ထိုအခါ အိမ်ရှင်က "တိုင်ဖိုး"ဟုဆိုကာ တတ်စွမ်းသမျှ တိုင်ပေါ်သို့ လာရောက်တင်ထားမှ "ခုမှ တိုင်ပေါ့သွားတယ်။ ထကြ . . . ထကြ"ဟု အော်ဟစ်ကာ နောက်ဆုံးကျန်သည့် ကုမ္ဘီးတိုင်ကို စိုက်ထူကြသည်။ ဤသည်မှာ ရှေးကပြုလုပ်ခဲ့ကြသည့် တိုင်သိပ်ပုံ၊ တိုင်ထူပုံ အစဉ်အလာ ဓလေ့ထုံးစံပင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၉၇)

## အိမ်စည်းကမ်းနှင့် လေ့ကားထူဆုတောင်းသည့် ဓလေ့

အိမ်တိုင်ထူပြီးနောက် လိုက်နာရန်သတ်မှတ်ထားသည့် အချက်များ ရှိသေးသည်။ ၎င်းတို့မှာ ...

(၁) **ထီးမဆောင်းစေရ** ။ တိုင်ပေါ်တွင် စွပ်သော၊ တင်သော ထုပ်၊ သို့မဟုတ် လျှောက်၏ ဖြက်အကျယ်သည် တိုင်ထက်ကြီးနေလျှင် 'ထီးဆောင်း'သည်ဟု ခေါ်သည်။ ထို့ကြောင့် မကြီးစေရပေ။

(၂) **မှိုမပေါက်စေရ** ။ အိမ်အခင်း၏အောက်၌ ဆင့်ရှိသည်။ ပို၍တောင့်တင်းခိုင်ခံ့စေရန် ဒေါက်ထောက်သည်။ ထိုဒေါက်သည် ကြမ်းပြင်ပေါ်သို့ ငေါငေါကြီး ဖောက်ထွက်နေခြင်းကို 'မှိုပေါက်'သည်ဟု ခေါ်သည်။ ထို့ကြောင့် မှိုမပေါက်စေရပါ။

(၃) **စို့မရိုက်စေနှင့်** ။ ပန်းခုံ၊ သစ်ပင်စသည်တို့ကို အိမ်၏ကြမ်းပြင်ပေါ် ဖောက်ပြီး ထားတတ်သည့်အတွက် မထားကောင်းသည်ကို 'စို့မရိုက်စေနှင့်'ဟု ဆိုသည်။

(၄) **လျှာမထွက်စေနှင့်** ။ အိမ်နှင့် အခန်းဖွဲ့၍ အခန်းကာသည့်အခါ ထိုခန်းဆီးသည် ထုပ်ဆီးထက် ရှည်မထွက်နေစေရ။ ရှည်ထွက်နေလျှင် 'လျှာထွက်'သည်ဟု ခေါ်သည်။



(၅) **ရင်မခွဲစေနှင့်** ။ ခေါင်လျှောက်အတိုင်း တစ်လျှောက်တည်း ခန်းဆီးမကာရပေ။ ဤကဲ့သို့မကာရခြင်းကိုပင် 'ရင်မခွဲစေနှင့်'ဟု ဆိုခြင်းဖြစ်သည်။

(၆) **ကျိုးမနားစေနှင့်** ။ အိမ်သစ်တက်မင်္ဂလာမပြုလုပ်ရသေးမီ အိမ်ရှင်ပင် အိမ်ပေါ်တွင် မနေရသေးမီ အခြားသူများလာ၍ 'ကာယသံသဂ္ဂ'မပြုလုပ်ရခြင်းကိုပင်လျှင် 'ကျိုးမနားစေနှင့်'ဟု ဆိုလိုခြင်းဖြစ်သည်။ ထုပ်မစွပ်မီ ယက်မမတင်ကောင်းမှာကား အဓိပ္ပာယ်ပင်ရှင်းရန် မလိုတော့ပြီ။

ရှေးကအိမ်များသည် ၁။ ၄က်ကြီးတောင်ခေါင်၊ ၂။ မဒရပ်ခေါင်နှင့် ၃။ အိမ်တော်ရာခေါင်ဟူ၍ ခေါင်မိုးထားပုံကို အကြောင်းပြုပြီး အိမ်သုံးမျိုး ခွဲခြားထားကြလေသည်။ အိမ်တစ်လုံး၏ အစိတ်အပိုင်းနှင့်ပတ်သက်၍ အခေါ်အဝေါ်များမှာ ...

ရှေးကတက်လှေကား၊ လှေကားဆန့်၊ ခါးပန်း၊ ယက်မ၊ ပေါင်းကွပ်၊ ဓဲတိုင်၊ သို့မဟုတ် အုန်းလက်တိုင်၊ မြင်းမိုရ်ပိတ်၊ အိမ်လျှာ၊ ဆီဘူးဆွဲ၊ အိမ်အူ၊ အခြင်၊ ရနယ်၊ ထုပ်၊ လျှောက်၊ ကြွက်လျှောက်၊ ပန်းဆွဲ၊ သက်ငယ်မိုးဖြစ်ပါက လေဒဏ်ကြောင့် မလန်မလွင့်စေရန် အုပ်ရသည့် ကြက်နင်း၊ သို့မဟုတ် ကျစ်နင်း။

ထို့အပြင် ... ဝမ်းဘဲတောင်၊ ခေါင်အုပ်၊ မျက်နှာကြက်၊ သဘော်ကြမ်း၊ နှိမြီး၊ ကြပ်ခိုးစင်၊ လက်ရန်း၊ ဓဲလင်း၊ ဝရန်တာ၊ ဆောင်ပန်း၊ လက်တီး၊ ဆင်ဝင်၊ ဆင်ကပ်၊ ကားချည်၊ မင်းတုပ်၊ ကျည်းရှင်၊ ကျီးအက်၊ ကဲလား၊ ပြတင်း၊ တံခါးတို့ ဖြစ်ကြသည်။

အိမ်သည် အရေးကြီးသကဲ့သို့ ထိုအိမ်ပေါ်သို့တက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ပေါ်မှဆင်းရာဖြစ်သည့် လှေကားသည်လည်း အရေးကြီး၏။ လှေကားကို မည်သို့လုပ်ရမည်၊ မည်သို့တပ်ဆင်ဆောက်ရမည်ဟူ၍ သတ်မှတ်ချက်များရှိလေသည်။

အိမ်၏အမြင့်သည် ၆ ပေရှိပါက လှေကားသည် 'အိမ်ရပ်၏ တစ်ပြန်ခွဲ' ၉ ပေ ရှည်ရသည်။ လှေကားထစ်များသည်လည်း ၇ ထစ်၊ ၉ ထစ်၊ ၁၁ ထစ် စသည်ဖြင့် 'မ'ဂဏန်းသာ ရှိရမည်။ လှေကားထစ်များ၏အောက်တွင် အပိတ်တပ်ထားရမည်။ လှေကားကိုအသုံးပြုသော မိန်းမသားများ၏ ခြေသလုံးသားတို့ကို အိမ်အောက်ရှိ ယောကျ်ားသားများ မမြင်ရစေရန်အတွက်ပင် ဖြစ်သည်။

လှေကားလုပ်၍မပြီးသေးမီ တော်မတော်၊ အဆင်ပြေမပြေသိရန် လှေကားကို အိမ်တွင် ထောင်မကြည့်ရ၊ ကပ်မကြည့်ရပါ။ အလုံးစုံပြီးမှ ကပ်ထောင်ရသည်။ ထောင်ပြီးသည့်လှေကားမှ လူတက်မသွားမီ၊ လူဆင်းမလာမီ ပရိတ်ရေကို အိုးသစ်ဖြင့်ထည့်ကာ အပေါ်သို့ ပင့်လှန်ပက်ဖျန်းပေးရမည်။

ထို့နောက် အောက်ပါဆုတောင်း လင်္ကာဖြင့် ဆုတောင်းရမည်။ ဆုတောင်းသည့်အခါ၌ ကန်တော့ပွဲပါရသည်။ လှေကားလက်ရန်းတွင် သပြေခက်ဖြင့်ချည်နှောင်၍ နံ့သာရည်ပက်ဖျန်းရသည်။

''အို . . . နှစ်တောင်ရပ်ဝန်း၊ လေးမည်ကျွန်းတွင်၊ ထူးဆန်းလှစွာ၊ မြကျွန်းသာခက်၊ တေဇာတန်ခိုး၊ ဖြိုးဖြိုးမောက်မောက်၊ ရှေ့နောက်ပတ်လည်၊ ရပ်ဆယ်မည်တွင်၊ မည်သည့်ရေမြေ၊ မွှေးမွှေးညက်ညက်၊ ညှံ့သက်ကျွန်မြေ၊ ရွှေရွှေဝင်းဝါ၊ နဝင်္ဂါလျှာဟု၊ မေတ္တာတိုးပွား၊ လူအများကို၊ စီးပွားဆော်ဆော်၊ မကောင်းမျှော်က၊ မပေါ်မလွှား၊ မစေသားဟု၊ လှေကားဦးမှာ . . နိုတ်ဒေဝိ''

''ချမ်းသာသုခ၊ နေ့တိုင်းရ၍၊ သောကကွာလန့်၊ မဆက်ဆံသား၊ ဘေးဒဏ်ရန်မက်၊ ပယ်ပျက်စင်ကြယ်၊ ပြည်မလယ်၌၊ လနှယ်ပေါ်ထွန်း၊ နေ့တိုင်းသမ်းလျက်၊ ဘုန်းတန်းတေဇာ၊ လန်းလန်းဖြာ၍၊ ချမ်းသာရိပ်ငြိမ်၊ စည်းစိမ်မြင့်မြတ်စေသတည်း . . .''

ဤသည်မှာ ရှေးကပြုလုပ်မြဲဖြစ်သော အိမ်စည်းကမ်းနှင့် လှေကားထစ်ဆု ဆုတောင်းသည့် ဓလေ့ထုံးစံပင် ဖြစ်ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၉၈)

## ဥရုတိုင်ထောင်ရာ၌ ကန်တော့ပွဲပေးသည့်ဓလေ့ထုံးစံ

အိမ်ဆောက်သည့်ခါ ဥရုတိုင်ကို ပထမဆုံးထူရကြောင်း အထက်တွင်ဆိုခဲ့ပြီး ဖြစ်သည်။ ထိုသို့ ဥရုတိုင်ထောင်ရာတွင် ကန်တော့ပွဲပေးရသည့် ဓလေ့ထုံးစံဖြစ်ပေါ်လာခြင်းသည်ကား –

ဘုရားရှင်လက်ထက်တော်အခါ မြတ်ဗုဒ္ဓ ဒေသစာရီ ကြွချီတော်မူစဉ် မာဂဓတိုင်းရှင် ဘုရင်အဇာတသတ်၏ အမတ်ကြီးများဖြစ်ကြသည့် သုနီပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် ဝေသာလီပြည်နှင့် မာဂဓတိုင်း နယ်ခြားတွင် ပါဋလိပုတ်မြို့တော် တည်ဆောက်နေသည်။ ဘုရားရှင်သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် တန်ခိုးကြီးသည့်နတ်များ၊ တန်ခိုးအလတ်စားရှိသည့်နတ်များ၊ တန်ခိုးငယ်သည့်နတ်တို့သည် သူ့အဆင့်အတန်းအားလျော်စွာ ပါဋလိပုတ်နေပြည်တော်ရှိ အိမ်ရာတို့ကို သူ့အစုနှင့်သူ သိမ်းပိုက်နေကြသည်ကို တွေ့မြင်တော်မူလေသည်။

ထိုအကြောင်းကို ဘုရားရှင်သည် ညီတော်အာနန္ဒာအား ဟောကြားတော်မူခဲ့သည်။ ဤသည်ကိုအကြောင်းပြု၍ လူတို့



အိမ်ဆောက်သည့်ခါ နတ်တို့သည် သူတို့တုန်းက်အလျောက် နေရာယူလေ့ရှိသည်ဟု ဗုဒ္ဓဘာသာဝင်တို့က ယုံကြည်ကြသည်။ မိမိတို့ အိမ်ဆောက်သည့်အခါ မိမိတို့ခြံဝင်း၊ မြေနေရာကို လာရောက်ယူကြသည့် နတ်ကောင်းနတ်မြတ်တို့က မိမိတို့ကို ကူညီစောင့်ရှောက်မည်။ ထိုနတ်များကို မိမိတို့ကလည်း ပူဇော်ပသသင့်သည်ဟု ယုံကြည်ထားကြလေသည်။

ဤယုံကြည်ချက်ကို အခြေခံ၍ အိမ်ရာမြေသန့်စင်ပြီးနောက် စတင်ထူထောင်သည့်အခါ မိမိတို့ဆောက်လုပ်မည့်အိမ် အန္တရာယ်မရှိစေရန်၊ အနောင့်အယှက်ကင်းဝေးစေရန် ရည်ရွယ်လျက် ဥရုတိုင်ထိပ်ဝယ် ငှက်ပျော၊ အုန်း ချိတ်ဆွဲ၍ တိုင်ထူရသည်။ ငှက်ပျောအုန်းပွဲတွင် ငှက်ပျောသီး(၃)ဖီး၊ အုန်းသီး(၁)လုံး၊ အောင်သပြေ၊ ကွမ်း၊ ဆေး၊ လက်ဖက် အစုံညှပ်ထည့်ပေးပြီး ကြိုးနှင့် သီကာ တိုင်တွင် ချိတ်ဆွဲရသည်။

အိမ်တွင် ဥရုတိုင်သည် အဓိကကျသောတိုင်ဖြစ်သည်။ အိမ်စောင့်နတ်များသည် ထိုတိုင်တွင် ဘုံဗိမာန်ဖန်ဆင်း၍ နေလေ့ရှိ၍ လူတို့က ကုသိုလ်ကောင်းမှုများ ပြုလုပ်၍ အမျှပေးဝေသည့်အခါ သာဓုအနုမောဒနာ ခေါ်ဆိုကြသလို၊ လူတို့ကိုလည်း ပြန်လည်စောင့်ရှောက်ကြသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာခဲ့သည့်အချိန်မှစ၍ အိမ်ဆောက်သည့်လက်သမား(ဗိသုကာ)ပညာရှင်တို့သည် ဤအစဉ်အလာဓလေ့ကို ယနေ့တိုင် လက်ခံကျင့်သုံးနေကြခြင်းသာ ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၉၉)

## ဦးချသည့် ဘာသာသာသနာ ယဉ်ကျေးမှုဓလေ့ထုံးစံ

မြန်မာလူမျိုးတို့သည် မိဘဘိုးဘွားတို့၏ အလျင်စားသောက်သည့်အခါတိုင်း ဦးချသည့်အလေ့လည်း ရှိကြလေသည်။ ဤဓလေ့သည် ပြုသင့်ပြုထိုက်သည့် ဘာသာသာသနာ ယဉ်ကျေးမှု ဓလေ့ထုံးစံကောင်းတစ်ရပ်သာလျှင် ဖြစ်ပေသည်။

ထမင်းစားသည့်အခါ အကြောင်းကြောင်းတို့ကြောင့် မိဘထက်အရင် စားသောက်ရမည်ဆိုပါက ဦးချပြီးမှ စားလေ့ရှိကြသည်။ ဦးချပုံမှာကား ထမင်းအိုးကိုဖွင့်ပြီးနောက် ဦးစွာတွေ့ရှိရသော ထိပ်မှ ထမင်းပုံပုံကလေးကို ယောက်မဖြင့် ထိုးကော်ကာ ဖယ်ထားလျက် အောက်ကထမင်းကို ခူးယူခြင်းပင် ဖြစ်သည်။ လိုသလောက်ခူးယူပြီးလျှင် ကော်ယူထားသည့်ထမင်းကို အိုးထဲ ပြန်ထည့်ထားခဲ့ရသည်။ ဤသည်မှာ ထမင်းကို ဦးချပုံပင် ဖြစ်သည်။



ဟင်းကိုဦးချရာ၌လည်း ဟင်းပန်းကန်ထဲသို့ လိုသလောက် ဟင်းကို ခပ်ယူပြီးမှ ဟင်းဖတ်၊ ဟင်းရည်တို့ကို ဟင်းအိုးထဲသို့ ပြန်ထည့်ရခြင်းဖြစ်သည်။ ထမင်းပွဲ၌ ဦးချပုံလည်း ရှိသေးသည်။ ထမင်းပွဲများ ပြင်ပြီးနေပြီး အဖေကား ရေချိုး၍မပြီးသေး။ အမေကော၊ သားသမီးများပါ ဆာနေကြပြီ။

ဤတွင် အမေသည် အဖေ့ကိုစောင့်ဆိုင်းမနေတော့ဘဲ အမေသည် အဖေ့ထမင်းပန်းကန်ထဲသို့ ဟင်းပန်းကန်ထဲမှ အကောင်းဆုံးဟင်းဖတ်ကို ခပ်ထည့်လိုက်သည်။ ဤသို့ပြုခြင်းကို ပင်လျှင် 'ဦးချသည်'ဟုခေါ်သည်။ အဖေ၊ အမေ နှစ်ဦးစလုံး ထမင်းဝိုင်းသို့ မရောက်သည့်အခါတွင်ကား သားကြီး (သို့) သမီးကြီးကပင်လျှင် မိဘနှစ်ပါးပန်းကန်ထဲသို့ ဦးချလေ့ရှိကြသည်။ ဤသည်မှာ လိုက်နာသင့်၊ ပြုသင့်ပြုထိုက်သော၊ ချစ်စရာကောင်းသော မြန်မာတို့၏ ဘာသာသာသနာယဉ်ကျေးမှု ဓလေ့ထုံးစံသာလျှင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀၀)
## ဦးရှင်ကြီးတင်သည့်ဓလေ့

မြန်မာနိုင်ငံအထက်ပိုင်းတွင် ပန်းပဲမောင်တင့်တယ် (မင်းမဟာဂိရိ) အိမ်တွင်းနတ်နှင့် ကင်းသည့်အိမ် နည်းသည့်နည်းတူ မြန်မာနိုင်ငံအောက်ပိုင်း၌လည်း ဦးရှင်ကြီးမတင်သည့် အိမ်ဟူ၍ အင်မတန်မှ နည်းပါးလှသည်။ ရေငန်ရောက်သည့်ဒေသမှန်သမျှ သူအစိုးရသည်ဟု ယုံကြည်ကြသောကြောင့် 'ရေငန်ပိုင်ဦးရှင်ကြီး' နာမဝိသေသနတပ်ကာ ခေါ်ဝေါ်ခဲ့ကြလေသည်။

ဦးရှင်ကြီးနတ်သည် အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းနတ်တို့၌ မပါသော်လည်း သူတော်နတ်ဖြစ်သည်ဟု ဆိုကြသည်။ အကြောင်းမူကား သူ့အားပူဇော်ပသရသည့် ပစ္စည်းအားလုံးသည် သက်မဲ့သက်သတ်လွတ် ဖြစ်သောကြောင့်ပင်တည်း။

ဦးရှင်ကြီးကို ဝါတွင်းသုံးလမှလွဲ၍ ကျန် ၉ လစလုံး တင်မြှောက်ပသနိုင်သည်။ များသောအားဖြင့် ဝါဝင်ခါနီးတစ်ကြိမ်၊ ဝါထွက်၌တစ်ကြိမ် တင်မြှောက်ပသလေ့ရှိကြသည်။ တင်မြှောက်ပသရမည့်အချိန်သည် နံနက်စောစောဖြစ်စေ၊ ညဦးတွင်ဖြစ်စေ တင်မြှောက်ပသနိုင်သည်။ တင်မြှောက်ရာတွင် အိမ်ထဲ၌ မပြုလုပ်ရပေ။ အိမ်ခြံဝင်းအတွင်း အိမ်ရှေ့တံစက်မြိတ်နှင့် လွတ်သည့်နေရာ

BURMESE CLASSIC .com



တွင် တင်မြှောက်ပသရသည်။ ထို့အပြင် ဦးရှင်ကြီးတင်ရန် ကွန်းစင် ဆောက်လုပ်ရသည်။

ယခုအခါ၌ကား ဦးရှင်ကြီးတင်သည့် လေးတိုင်စင်ကို အချို့အိမ်များတွင် သစ်သားဖြင့် ကျကျနန ပြုလုပ်ထားတတ်ကြသည်။ ဦးရှင်ကြီးတင်ရာတွင် ပါဝင်ရမည့်ပစ္စည်းများမှာ ကောက်ညှင်းပေါင်း၊ အုန်းသီးဆန်၊ အုန်းရည်၊ အခွံခွာပြီးသည့် ငှက်ပျောသီးနှင့် ကွမ်းယာ၊ လက်ဖက်တို့ပင် ဖြစ်သည်။ လက်ဖက်နှင့် ကောက်ညှင်းပေါင်းတို့တွင် ဆီ၊ ဆား မထည့်ရ။ ကောက်ညှင်းပေါင်းမရပါက မုန့်ဆန်းကို အစားထိုးအသုံးပြုနိုင်သည်။ ဤသည်မှာ အရိုးဆုံးနှင့်အရှင်းဆုံး တင်မြှောက်ပသရာတွင် ပါဝင်ရမည့် ပစ္စည်းများသာ ဖြစ်သည်။

သို့ရာတွင် ချဲ့လိုသူတို့က ချဲ့ထွင်လိုက်သည့်အခါ ကွန်းစင်၏ အထက်ပိုင်း ထောင့်လေးထောင့်တွင် အုန်းလက်နှင့် သပြေညွန့်များ စိုက်ထောင်လာကြသည်။ သည့်အပြင် အောက်ပွဲဟူ၍လည်း ပါလာပြန်သည်။ အကြောင်းပြချက်သည်ကား ဦးရှင်ကြီး၏ နောက်လိုက်နောက်ပါများ စားသောက်ရန် ဟူ၍ပင်တည်း။

မြို့ကြီးပြကြီးများတွင် အခကြေးငွေဖြင့် ဦးရှင်ကြီးတင်ပေးသူများ ရှိကြသည်။ မော်တင်ကမ်းနား၌ပင်လျှင် ''ဦးရှင်ကြီးတင်သည်'' ဟူသော ဆိုင်းဘုတ်ကို တွေ့မြင်နိုင်သေးသည်။ ဦးရှင်ကြီးတင်ဖို့ ငှားရသည့်အကြောင်းကား တင်မြှောက်ပသသည့် စာကို မရသောကြောင့် ဖြစ်သည်။

ဦးရှင်ကြီးတင်ရာတွင် 'အုန်းရည်'ကို ဦးစွာတင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်သည့်အခါ ရွတ်ရမည့် စာသည်ကား ...

"ပုလဲငွေမှို၊ သဲရေစို့၊ ပဲရွှေမြို့အပိုင်၊ အောက်ခရိုင်၌ ကျောက်တိုင်ဘက်နေမင်းအထိ၊ ရေစာရင်းညှိလိုက်တော့၊ ရေကင်း အထိပိုင်ပေသော၊ တန်ခိုးအရှင်၊ နတ်ဦးရှင်ခင်ဗျား ..."ဟု အစချီ၍ ကြွရောက်သုံးဆောင်ရန် ဖိတ်ကြားရသည်။ ထို့နောက် ကွန်းစင်ပေါ်သို့ နဘောကာရန်ပါသည့် စကားဖြင့်ပင် ကြွရောက်ပါ ရန် ပင့်သည်။ ထိုမှတစ်ဖန် စားသောက်သုံးဆောင်ရန် ...

"မိန်းမလှခေါ်ဆို၊ ကျွန်းမြတ်ညီုတွင်၊ လှုဗိုလ်အပေါင်း၊ ခဝပ်ညောင်းရသော၊ ရွှေစောင်းတော်သခင်၊ ဖြိုးဖြိုးပေသော၊ နတ်မျိုးအရှင်ဘုရား"ဟု အစချီပြီးနောက် ...

"ရသာအမြတ်၊ ဖြူစင်လတ်သည့် နတ်ကောက်ညှင်းနှင့်၊ သန့်ရှင်းသေချာ၊ အုန်းငှက်ပျောတွဲ၊ ကန်တော့ပွဲဆင်နွဲကာဖြင့်၊ ဖြူးကာပေါက်ပေါက်၊ လက်ဖက်ရွှေဖီ၊ ဆားမသီ ဆီမနှောဘဲ၊ မောက်မောက်စုပုံ။

"ရိုးရွက်မြညှာ၊ ကွမ်းနုဝါယာတော်စုံဟို့ဖြင့်၊ မွှေးထုံပျံ့သင်း ...စောင်းတော်ရတနာ ဗေလုဝ လက်တော်က ဆွဲ၍ ကြွလှမ်းကာ၊ တင်ဆွမ်းယမကာကို၊ ရှင်လန်းစွာ၊ ဘုဥ်းပေးသုံး ဆောင်တော်မူပါ"ဟူ၍ အလယ်တွင် အလှူရှင်၏အမည်ကို ထည့် သွင်းရွတ်ဆိုရသည်။ ပြီးသည်နှင့် တစ်ဆက်တည်း ဆုတောင်း သည်။ ဆုတောင်းပြီးသည်နှင့် လက်ာစာသားနှင့်ပင် ပင့်ဖိတ်ထား သည့် ဦးရှင်ကြီးကို ပြန်ပို့ရသည်။ ဤသည်မှာ ဦးရှင်ကြီးတင် မြှောက်ပသသည့် ဓလေ့ထုံးစံပင် ဖြစ်ပါလေတော့သည်။

BURMESE CLASSIC .com

## ကျမ်းကိုးစာရင်း


၁။ သမန္တစက္ခုဒီပနီ [မုံရွေးဇေတဝန်ဆရာတော်]

၂။ မုံရွေးမှတ်စု [မုံရွေးဇေတဝန်ဆရာတော်]

၃။ ဘုရားကိုးဆူပူဇော်နည်း [ကျီးသဲလေးထပ်ဆရာတော်]

၄။ ပေါရာဏိက ကထာကျမ်း [ကျီးသဲလေးထပ်ဆရာတော်

၅။ စွယ်စုံကျော်ထင်ကျမ်း [ကျီးသဲလေးထပ်ဆရာတော်]

၆။ မဟာဝင်ဝတ္ထုတော်ကြီး

၇။ တထာဂတဥဒါနဒီပနီ [ဒီပဲယင်းဆရာတော်]

၈။ သုတေသနသရုပ်ပြအဘိဓာန် [ဦးသြဘာသာဘိဝံသ]

၉။ စေတီယ ပကာသနီကျမ်း

၁၀။ ဗုဒ္ဓဘာသာဝင်များနှင့် နတ်ကိုးကွယ်မှုရှင်းတမ်း [ဒေါက်တာအရှင်ဓမ္မပီယ]

၁၁။ သီဟိုဠ်ခေတ်ပုံတော်ဝင်အရိယာများ [ဓမ္မာစရိယဦးဒွေးလှိုင်

၁၂။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ပထမတွဲ

၁၃။ ရွှေဘုံနိဒါန်း [အမတ်ကြီးဇေယ...ယာ]

၁၄။ ဦးကုလားမဟာရာဇဝင်ကြီး၊ ပထမတွဲ

၁၅။ ဝေါဟာရလီနတ္ထဒီပနီ [လေ့သင်းအတွင်းဝန်]

၁၆။ ပါဠိသက်ဝေါဟာရအဘိဓာန် [ဒဂုဏ်ဦးထွန်းမြင့်]

၁၇။ သုခမှတ်စု

၁၈။ မြန်မာ့အိမ်သူ မြန်မာ့မှု [ဦးအေးချို(မဟာဝိဇ္ဇာ)]


www.burmeseclassic.com